
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၁၆၀၀၉၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၂၆၀၁၁၁ |
| အဖုံးဒီဇိုင်း | - | L လင်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၈၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂) စံယံအော့ဖ်ဆက် ၆၇၊ စကားဝါလမ်း အုတ်ကျင်းမြို့နယ်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | နီနီ နိုင်ဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၁၂ ခုနှစ်၊ မေလ ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |

၈၉၅ ・ ၈၃

ရှင်မြတ်နိုး

မင်းရဲ့အနမ်းတွေကြားမှာ ငါ့ဘဝကိုပုံပေးမယ် / ရှင်မြတ်နိုး။ - ရန်ကုန်

စိုးမိုးစာပေ၊ ၂၀၁၂

၃၀၉ - စာ ၊ ၁၂ × ၁၈ စင်တီ။

(၁) မင်းရဲ့အနမ်းတွေကြားမှာ ငါ့ဘဝကိုပုံပေးမယ်


# အခန်း (၅)

"မြတ်တော်ဝင်ဂေဟာ"

လန်းက နှုတ်ခမ်းလှုပ်ရုံလေး ခြံတိုင်၌ကပ်ထားသည့် ကြေးဝါပြားပေါ်က အမည်ကို ဖတ်သည်။ ခြံတံခါးကြီးသည် ရွှေဝါရောင်နှင့် အနက်စပ်ထားသည့် ဘောလွဲသံပန်းတံခါးကြီးဖြစ်ပြီး ခြံတံခါးကြီးအား တစ်ယောက်က အတွင်းမှဆွဲဖွင့်ဟန်တူသည်။ ဝေါခနဲအသံပေးပြီး ပွင့်သွားတဲ့ ခြံတွင်းအပြင်အဆင်တွေက လန်းအတွက် ကတ္တီပါကားလိပ်ဖွင့်ချသည်။ ရုပ်ရှင်ကားတစ်ကား တွေ့ရသည့်နှယ် မြင်မြင်ရာက ရင်သပ်ရှုမော။ ခြံကြီးထဲကားချိုးဝင်တာနဲ့ ခြံဝမှလူက ခါးညွတ်ခေါင်းငုံ့ပြီး အရိုအသေပေးတာက လန်းစီးလာသောကားက ကျော်လာတဲ့အထိ။ လန်း စီးလာသောကားကြီးဟာ ကိုယ်ထည်အနက်ရောင်ကို အိစက်သောဆိုဖာတွေ။ ကားရှေ့ခန်း



www.burmeseclassic.com

www.burmeseclassic.com



က လေအေးစက်ကြောင့် အေးစက်သောအထိအတွေ့ကြားမှ တပ်ထားသောမှန်က အကြည်မို့ ဘေးပတ်ဝန်းကျင်အား အထင်းသား တွေ့မြင်နေရတာမျိုး။ ထို့ကြောင့် ကားဖြတ်သန်းရာလမ်းဘေးတစ်လျှောက်ရှိ စိမ်းမြသော မြက်ခင်းပြင်၊ ကျောက်ဖြူငါးကွေးကွေးကြီးရဲ့ နှုတ်သီးမှ ထွက်ကျနေသော ရေပန်းဖွားတွေ၊ တောင်ကုန်းသဖွယ်အဆင့်ကလေးများလုပ်ထားသည့် ရေတံခွန်တု။ မြက်ခင်းဘေး၌ ကြီးမားသော မှန်ကန်ကြီးထဲ ထည့်ထားသည့် ငါးရောင်စုံများ။ ရောင်အိမ်လှလှလေးထဲ ထည့်ထားသော ယုန်ဖြူလေးတွေ။ အိမ်ပုံစံ အမိုးချွန်လေးထဲ ထည့်ထားသည့် အမွေးဖွားခွေးကလေးတွေဟာ ရိပ်ခနဲဖြတ်သွားတုံး မြင်ရပေမဲ့ လန်းကလည်းပြန်လိုက်ကြည့်တာ မျက်စိတဆုံး။ လန်း ငေးလို့မဝသေးခင်မှာပဲ ကားကြီးက ကြီးမားကျယ်ပြန့်သော ဆင်ဝင်မြင့်မြင့်ကြီးအောက် ထိုးရပ်သည်။ ကားရပ်တာနှင့်တစ်ပြိုင်နက်…

"ဝေး…ဟေး…ဟေး…ဒက်ဒီပြန်လာပြီ"

"ဒီဒီပြန်လာပြီကွ"

အော်ဟစ်မြူးတူးသံတွေက ဆင်ဝင်အောက်မှ ကားနားအထိ ပြန့်ကျဲရောက်ရှိလာပြီး…

"အဟား…ဟား သားနဲ့သမီး"

ဦးကံကောင်းက ကားအောက်ဆင်းဆင်းချင်းပင် ကလေးထိန်းတွေလက်ထဲမှ ပြေးလွှားထိုးထွက်လာသည့် ကလေး





နှစ်ယောက်အား ဒူးထောက်ထိုင်ချရင်း ရင်ဖွင့်ကြိုသည်။

"ဒက်ဒီ နေကောင်းရဲ့လားဟင်၊ လူဆိုးတွေနဲ့တွေ့တယ်လို့ မားနီကပြောနေတာ၊ မေမို့က ဒက်ဒီ့ကို စိတ်ပူလို့ ညတိုင်းဘုရားမှာဆုတောင်းတာသိလား၊ ဒက်ဒီ အန္တရာယ်ကင်းပါစေလို့"

"သမီးဆုတောင်းပေးလို့ ဒက်ဒီ အခု ဘာမှမဖြစ်တာပေါ့ကွ"

ကုတ်ထောက်ဆံပင်လေးကို ဘီးကုပ်လေးနဲ့ လှန်သိမ်းတင်ထားသည့် သမီးမျက်နှာရှင်းရှင်းလေးဆီက ပါးဖောင်းဖောင်းလေးကို ဦးကံကောင်း အားပါးတရနမ်းသည်။ ပြီးမှ သူ့လည်ဝင်းအားဖက်ထားသော သားဖက် မျက်နှာလှည့်ကာ…

"ကဲ…သားကရော"

"လုလင်က ဆုမတောင်းဘူး ဒီဒီ၊ ဆုတောင်းတယ်ဆိုတာ ပျော့ညံ့သူတွေရဲ့အလုပ်"

"ဟော"

တအံ့တဩနှင့် မျက်ခုံးတပင့်ပင့် ဖြစ်သွားရသည်။ ပါးဖောင်းဖောင်းကြားထဲက ချွန်ထွက်နေသော နှာတံကော့နှင့် ထောင့်ချိုးညီ နှုတ်ခမ်းပါးရဲရဲလေးကို ဦးကံကောင်းက မချင့်မရဲကြည့်ရင်း…

"ဒါဆို ရဲရင့်သူတွေရဲ့အလုပ်ကို ပြောပါဦးသားရဲ့"

"ယုံကြည်ချက်လေ၊ လုလင်တာ ဒီဒီ့ကိုယုံပြီးသား၊ လူဆိုး



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ တွေ့လည်း ဒီဒီအနိုင်ရပြီး လုလင်တို့ဆီ ပြန်လာမှာကိုသိတယ်၊ အဲဒါ မေပျို့ကိုပြောပြနေတာ၊ မေပျို့က မယုံဘူး”

“ဟား…ဟား ဟုတ်ပါပြီဗျာ”

သဘောကျသူက ဦးကံကောင်းတင်မဟုတ် အနီး၌ရှိသော ကလေးထိန်းတွေရော အိမ်ထိန်းတွေရာ ဦးကံကောင်းရဲ့ လက်စွဲတော်တပည့်ကျော်တွေပါ ပြုံးသွားရတဲ့အထိ လုလင်တို့က စကားတတ်လွန်းသည်။

“ဒက်ဒီပြောတော့ မေပျို့တို့အတွက် ညီမလေးတစ်ယောက် ပါလာမယ်ဆို”

“အေး…ပါတယ် သမီးရဲ့”

မေပျို့အမေးကြောင့် ဦးကံကောင်းရင်ခွင်ထဲ ဝင်နေသောလုလင်က ဖျတ်ခနဲ ရုန်းထွက်ပြီး…

“ဟွန့်…မလိုချင်ပါဘူး၊ အစ်မတွေရော၊ ညီမတွေရော ရှုပ်နေတာပဲ၊ ပြီးတော့ လုလင်က မြတ်တော်ဝင်မှာ အငယ်ဆုံး၊ ထပ်ငယ်တာတွေ မလိုချင်ဘူး”

“အလကား…ဒက်ဒီသား စိတ်ပုပ်”

“မေပျို့နော် ငါ တီးထည့်လိုက်မယ်”

အပြောကနည်းနည်း လက်သီးဆုပ်က တရွယ်ရွယ်မို့ ဦးကံကောင်းမှာ မနေသာတော့ဘဲ…

“သား…မဆိုးရဘူးလေ၊ ကိုယ့်အစ်မကို”





“ခြောက်မိနစ်ပဲကြီးတာ”

ဖအေ့စကားကို မဆန့်ကျင်ပေမဲ့ စူပုပ်ပုပ်နှင့်ပြောသေးသည်။

“ဒီဒီခေါ်လာတဲ့ ညီမလေးကလည်း သားနဲ့သမီးထက် နှစ်လပဲငယ်တာ၊ ဘာပဲဖြစ်ဖြစ် ညီမလေးပဲနော် ကြားလား လုလင်”

“ဒီဒီကလည်း လုလင်ကိုပဲ”

မကျေမနပ်နှင့်ပြောပြီး ဒီဒီ့နောက် ကားပေါ် အကြည့်ရောက်သည်။ ကားမှန်အကြည်ကို ထွင်းဖောက်ပြီး စူးရှခြင်းတစ်မျိုးနှင့် အကြည့်ချင်းဆုံသွားပြီးနောက်…

“သမီးလေး…လာလေ၊ ဒါ ဒက်ဒီပြောထားတဲ့ သမီးကိုကိုနဲ့မမ၊ လာ သမီး”

ကားတံခါးဆွဲဖွင့်၍ ကိုယ်တိုင်လက်ဆွဲခေါ်သော ဦးကံကောင်းရဲ့ ကြိုဆိုမှုထံ လန်း ခြေလှမ်းအစမှာ သိမ်ငယ်ခြင်းတွေမပါတာ ထူးခြားစွာ။

• • •



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"သမီးမမနာမည်က မေပျိုတဲ့၊ ဒါက လှလင်၊ သူတို့ မောင်နှမက ခြောက်မိနစ်ပဲခြားပြီး မွေးတဲ့အမွှာလေ"

"အမွှာသာဆိုတယ် ရုပ်ချင်းလည်း သိပ်မတူဘူးနော်"

လန်း စိတ်ထဲက ထွက်သွားတဲ့ မှတ်ချက်ပါ။ နှုတ်ဖျားကတော့ ဘာစကားတစ်ခွန်းမှမဆိုဘဲ အသံတိတ် ရူးစမ်းမိတာက ကိုယ့်ကို သူတို့ဘယ်လို ကြိုဆိုမလဲဆိုတာ။ မေပျိုဆိုသူကတော့ ဂါဝန်းလေး ဝဲသွားအောင် လန်း အနားသို့ ပြေးလာရင်း...

"ဒက်ဒီပြောကတည်းက မျှော်နေတာသိလား၊ ဒက်ဒီ မမတွေဘာတွေ မခေါ်နိုင်းတော့ဘူးနော်၊ ဒီမှာကြည့်"

ပြောရင်း လန်းဘေးနား ပခုံးချင်းတိုက်ဝင်ရပ်ပြီး...

"အရပ်ချင်းအတူတူပဲ၊ နင်နဲ့ငါနဲ့ပဲပြောမယ်လေ၊ ရွယ်တူ





ညီအစ်မပေါ့"

ဆိုပြီး ပြောတဲ့ပုံစံက တကယ့်တရင်းတနှီး။ ဦးကံကောင်းကတော့ အဖော်မင်ရှာသော သမီးကိုကြည့်ရင်း သဘောတကျနှင့်

"သမီးတို့နှစ်ယောက် အဆင်ပြေရင်ပြီးတာပဲ၊ ကဲ ဒီမှာက"

"ငါက လှလင်"

ဖအေ့မိတ်ဆက်ပေးမှုကို မစောင့်ဘဲ ရှေ့ထွက်ရပ်ပြောပုံက ခပ်တင်းတင်း လက်ပိုက်၍။ လန်းက စပို့ရှပ်ဖြူနှီစပ်ကျားဂျင်းဘောင်းဘီ ဒူးဖုံးရှုံကို ရွှေရောင်သန်းဆံပင်က ထူထူလုံးလုံးလေးနှင့် ဒီကောင်လေးမျက်နှာမှာ အထူးခြားဆုံးက ပါးဖောင်းဖောင်းကြားက ချွန်စင်းနေတဲ့ နှာတံနဲ့ ထောင့်ချိုးညီတဲ့ နှုတ်ခမ်းရဲရဲတွေကို ကြည့်နေမိသည်။ လှလင်ကတော့ အသစ်ကျပ်ချွတ် ဂါဝန်တောင့်တောင့်ကြီး ဝတ်ထားပေမဲ့ ကြေးနီရောင်သန်းတဲ့ အသားရောင်။ ပခုံးကျော်ရုံဆံပင်တွေက မေပျိုလို ထူထဲနက်မှောင်တာမျိုးမရှိဘဲ အနီရောင်ပေါက်ကာ ဖွာလန်ကြဲနေတဲ့ ထိုကောင်မလေးရဲ့ အသွင်အပြင်ကိုကြည့်ရင်း ဟွန်းခနဲ အသံပေးကာ နှာခေါင်းရှုံ့သည်။ ထို့နောက် မလိုလားခြင်းများစွာ ပါဝင်သော အသံဖြင့် စကားဆက်တာက ရူပုပ်ပုပ်ဖြင့်သာ။

"ငါ့ကို ကိုကိုတွေဘာတွေ မခေါ်ပေမဲ့ ရိုသေမှုတော့ ထားရမယ် ကြားလား၊ ငါ ဒါဆိုဒါပဲ၊ အတွန့်မတက်နဲ့၊ ဒီအိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ငါကဗိုလ်''

''လုလင်ကလည်းဟယ် အခုမှရောက်တဲ့သူကို''

''နင် အသာနေစမ်းပါ''

မေပျိုကို လှည့်ဟောက်ပြီးမှ…

''နင့်နာမည်က''

''လန်းဆန်း''

''ဟာ…ဟ၊ ခေါင်းကိုက်ပျောက်ဆေးနာမည်ကြီး''

''နင်ဘာပြောတယ်၊ ငါမွေးပြီးမှ အဲဒီဆေးကပေါ်တာ၊ ငါ့အဖေအမေက ငါ့တစ်ဘဝလုံး လန်းဆန်းစေချင်တဲ့ အဓိပ္ပာယ်နဲ့ မှည့်ထားတာ''

''တော်စမ်းပါ၊ မရှိတဲ့အဖေအမေအကြောင်း ထည့်မပြောနဲ့၊ အခု နင့်အဖေအမေမရှိလို့ ငါ့ဒီဒီခေါ်လာတဲ့နောက် လိုက်လာရတာများ''

''ဘာပြောတယ် နင်''

လန်းက ရပ်နေရာမှ ချက်ချင်း ရှေ့သို့တိုးထွက်သည်။ လုလင်ကလည်း အသင့်ပြင်ထားပြီးသား တိုက်ကွက်တွေနှင့် ဆီးကြိုသည်။ ဒီတော့ ဘေးနားခွဲရပ်ပြီး စကားရည်လုပွဲကို တားရကောင်းနိုး။ လွှတ်ထားရကောင်းနိုးနှင့် ကြည့်နေရသော ဦးကံကောင်းတို့မှာ မနေသာဘဲ ကလေးနှစ်ယောက်ကြားထဲ ဝင်ရပ်လိုက်ပြီး…

''သား လုလင် အဲဒီလိုမပြောရဘူးလေ၊ လန်းက ဒီဒီ့





အသက်သခင်လို့ ပြောထားတာ၊ လန်း မကယ်ရင် ဒီဒီ လုလင်တို့ဆီ ပြန်ရောက်လာနိုင်မှာမဟုတ်ဘူးလေကွာ''

''မယုံဘူး ဒီဒီ''

လုလင်က မျက်လုံးစုံမှိတ်ပြီး ဖွတ်အော်သည်။ ပြီးမှ လန်းအား စူးစူးဝါးဝါးကြည့်ကာ…

''သူ့လို ဝိစိညှောင့်တောက်လေးက ဒီဒီ့ကို ဘယ်လိုလုပ်ကယ်နိုင်မှာလဲ''

''အဲဒီ့အကြောင်းတွေ ဒီဒီရှင်းပြမယ်၊ ဒါပေမဲ့ အခုတော့ မဟုတ်သေးဘူး၊ ဒီဒီရော လန်းရော ပင်ပန်းလာတယ်၊ နားဦးမယ်၊ လုလင်က ဒီဒီ့စကားကို နားထောင်ရမယ်၊ ဒီနေ့ ဒီအချိန်ကစပြီး လန်းက ဒီအိမ်သား၊ သူ့ကိုအနိုင်မကျင့်ရဘူး၊ ဗိုလ်မကျရဘူး၊ မေပျိုလိုပဲ သဘောထားရမယ်၊ အဲဒါ ဒီဒီ့ရဲ့ရိကွက်(စ်)''

ဦးကံကောင်းရဲ့ တောင်းဆိုချက်ကို လုလင်က မျက်တောင်ပုတ်ခတ်ပုတ်ခတ်နှင့် စဉ်းစားဟန်ပြုသည်။ ဒါပေမဲ့ မျက်နှာထက်မှာတော့ မကျေလည်ခြင်းများစွာနှင့် မှုန်ကုပ်ကုပ်။ ဦးကံကောင်းက သားဖြစ်သူကို စိတ်ရှည်လက်ရှည် စောင့်ကြည့်ရသည်။ ဒီသား ဒီသမီးအား မွေးကတည်းက သူက မိဘနှင့်သားသမီးကြား အမိန့်တွေ၊ အာဏာတွေ မသုံးဘဲ နားလည်မှုဖြင့် တည်ဆောက်ထားသည့် ချစ်ခြင်းမေတ္တာတရားဖြင့်သာ ဆက်ဆံခဲ့သည်။ ဒီအသက်အရွယ်ရောက်တဲ့အထိ သားနဲ့သမီးကို လက်များ



www.burmeseclassic.com

www.burmeseclassic.com



နှင့်ရှယ်ရန်မပြောနှင့် လေသံမာမာဖြင့်တောင် မဟာန်ခဲ့။ ထို့ကြောင့် အသိမိတ်ဆွေတွေက…

"အဲဒါကြောင့် လုလင်ကဆိုးနေတာ"

"သူ့ကို ကျူရှင်သင်တဲ့ဆရာဆိုလည်း ပြောင်းရတာ ခဏခဏ၊ ဦးကံကောင်းမွေးထားတာ ယောကျ်ားလေးဗျ၊ အဲဒီ လောက်အထိ အလိုမလိုက်နဲ့၊ ကြီးလာမှ ထိန်းမရဖြစ်ရင်"

"မဖြစ်ပါဘူး၊ သားသမီးဆိုတာ ရိုက်တိုင်း လိမ္မာတာမျိုး မှမဟုတ်တာ၊ အရေးကြီးတာ အသိတစ်ခု သူတို့ဦးနှောက်ထဲ ထည့် ပေးပြီးရင်ပြီးပြီ၊ ကျန်တဲ့အမှားက အသေးအမွှားပါ"

"ဒါပေမဲ့ မှားသမျှလွှတ်ထားရင်"

"အမှားကင်းနေရင် လူမဟုတ်ဘူးဗျ၊ များများမှားမှ အမှန် များများဖြစ်လာမှာ"

ဒါ သူ့ရဲ့လက်စွဲတော်ဆုံးမစကား။ အခုလည်း သားဟာ သူ့အပေါ် မဆန့်ကျင်ခြင်းမှာ သူပေးသော မေတ္တာတရားကို ထောက် ချင့်ခြင်းဆိုလျှင်…။

"ကဲ‥သမီး လန်းကိုနေဖို့ အခန်းစီစဉ်ပေးလိုက်"

"ဟုတ်…ဒက်ဒီ"

မေပို့က လန်းပခုံးကိုဖက်ပြီး အိမ်ထဲဆွဲခေါ်သွားတာကို လုလင်က မကျေမနပ်နှင့် ပေစောင်းစောင်းကြည့်ရင်း…

"ငါတို့အခန်းထဲ သွင်းမလာနဲ့ မေပို့၊ သူ့မျက်နှာကြည့်ရင်





ငါ အိပ်ပျော်မှာမဟုတ်ဘူး"

"အိပ်မပျော်ရအောင် ငါ့မျက်နှာက ဘာဖြစ်"

ဆတ်ခနဲ လှည့်အော်မည့်အကြံအစည်က ဆုံးခန်းမတိုင် လိုက်။ မေပို့က သူမကို အဟင်းဆွဲခေါ်သွားခြင်းကြောင့် ဖြစ်သည်။

"လာစမ်းပါဟယ်…လုလင်က အဲဒီလိုပဲ၊ နည်းနည်း ဖြစ်ဖြစ် ညစ်လိုက်ရမှ၊ ငါကတော့ သူ့လိုမဟုတ်ဘူး၊ နင်ရောက်လာ မယ်ဆိုကတည်းက ပျော်နေတာ၊ တကယ်၊ နင်နေမဲ့အခန်းကို ငါနဲ့ မားနီက ရှယ်ပြင်ပေးထားတယ်သိလား"

ပြောလည်းပြော မေပို့ဦးဆောင်ပြီး ခေါ်သွားတာက ကျွန်းနီရောင် ဖိတ်ဖိတ်တောက်နေသော လှေကားကျွေကြီးတွေကို ကျော်ဖြတ်ပြီး ခန်းမကျယ်ကြီးရဲ့ ဘေးဘက်ရှိ အခန်းလေးဆီ။ မစ်ကီးမောက်(စ်)ပုံလေး ချိတ်ထားသောအခန်းတံခါးဝ၌ ရပ်လိုက် ပြီး…

"ဒါ…နင့်အခန်း သိလား လန်း"

"နင့်အခန်းကရော"

မေပို့က သူမကို အခုမှစကားပြောဖော်ရသော လန်းအား ဝမ်းသာအားရကြည့်ရင်း…

"ငါက လုလင်နဲ့အတူနေရတာ၊ ဟိုမှာ ငါ့အခန်း"

မျက်နှာချင်းဆိုင် အခန်းတံခါးဝ၌ ကောင်းကင်ဆီ ပျံသန်း ရန်ပြင်နေသော စူပါမင်း(န်)ပုံ ချိတ်ဆွဲထားသည်။ လန်းက တစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်ရင်း…

"နှင်က စုပါမင်း(န်)ကြိုက်လို့လား"

"ဟင့်အင်း…ငါက စင်ဒရဲလားကြိုက်တာ"

"ဘာလို့ စုပါမင်း(န်)ချိတ်ထားတာလဲ"

"လုလင်က ကြိုက်တာကိုးဟဲ့၊ သူက ဒီအိမ်မှာအငယ်ဆုံး၊ ပြီးတော့ မွေးခါစက ပေါင်မပြည့်ဘူးလေ၊ မားနီပြောတာကတော့"

"မားနီဆိုတာက"

"ဩော်…ဟုတ်သားပဲ"

မေပျိုက ဟက်ခနဲရယ်ရင်း…

"ငါကမေ့သွားလို့၊ နှင်က အခုမှ ဒီအိမ်ရောက်တာပဲ၊ ဒီအိမ်ကလူအကြောင်း ဘယ်သိမလဲ၊ မားနီက ဒေါ်ဝင့်နီတဲ့၊ ငါနဲ့ လုလင်ကို နို့ဗူးတိုက်ပြီး မွေးခဲ့တာလေ၊ ငါတို့ကျန်းမာရေးလည်း မားနီပဲ အကုန်တာဝန်ယူထားတာ၊ လာပါလိမ့်မယ်၊ နောက်ဆို နှင်ပါ ခြေသည်းလက်သည်းညှပ်ပေးတာတို့၊ အားဆေးတိုက်တာတို့ကို မားနီလုပ်ပေးမှာ၊ မားနီက ဒက်ဒီ့အစ်မကြီး၊ ငါတို့ရဲ့ ကြီးတော်"

"ဩော်"

"အဲဒါကြောင့် မားနီက ငါတို့မွေးကာစ အကြောင်းတွေ အကုန်သိတာပေါ့၊ ငါက မွေးဘုံးက အရမ်းထွားပြီး လုလင်က





သေးသေးလေးတဲ့၊ သူစားမဲ့အစာတွေကို ငါက ငါ့ဆီရောက်အောင် ဆွဲယူနေခဲ့တာ ငါ့အမေဗိုက်ထဲမှာကတည်းကတဲ့"

"ဟွန့်…အခုကျတော့ သူက နှင့်ထက်တောင် ပိုပြီးထွားနေတာ၊ အရပ်လည်းပိုမြင့်သလိုပဲ"

တွေ့ခဲ့ရသော ပုံရိပ်အား ပြန်မြင်ယောင်ရင်းပြောတော့ ငြိမ်သက်စပြုနေသည့် ဒေါသက ငယ်ထိပ်မှာလာဆောင့်သည်။ မေပျိုက လန်း ဒေါသထွက်သွားတာကို ရိပ်မိဟန်နှင့် လန်း ပခုံးအားဖက်ကာ ရယ်ရင်း…

"စိတ်မဆိုးပါနဲ့ဟယ်…လုလင်ကဒီလိုပဲ၊ နောက်တော့ နှင့်အသားကျသွားမှာပါ"

တဲ့လေ။ လန်းက မထင်ပါဘူးလို့ စိတ်ထဲကပြောရင်း မေပျိုအား နှုတ်ဆက်ကာ အခန်းထဲဝင်လာခဲ့သည်။ ပန်းနုရောင် မွေ့ယာ၊ ပန်းနုရောင်မှန်တင်ခုံနှင့် တစ်ခန်းလုံး ပန်းနုရောင်သန်းသော မြင်ကွင်းက သူမနဲ့ အသားတကျမရှိနိုင်ဘဲ အသားကျနေတာဆိုလို့ လုလင်အပေါ်ထားရှိသော ဒေါသဆိုလျှင်…။

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ဆရာကိုယ်တိုင်လိုက်ဖို့ မလိုပါဘူး၊ ကျွန်တော်ဦးဆောင်တဲ့ ဒီဖောင်ဒေးရှင်းရဲ့ ကိုယ်စားလှယ်တွေချည်း သွားလို့ဖြစ်တာပဲ၊ ဟိုမှာက လျှောင်အကြီးကြီးသာ ထပ်မလွှပ်တော့တာ၊ နောက်ဆက်တွဲ အသေးလေးလျှောင်တွေ လှုပ်တုံးဆရာ၊ ခရီးလည်းကြမ်းတယ်၊ ဒီကြားထဲ ဆရာလိုက်မယ်သတင်းရလို့ ဦးသက္ကတောင် လိုက်ဖို့စိစဉ်နေတယ်"

ဦးကံကောင်းရဲ့ အပါးတော်မြဲ အစစအရာရာ မျက်နှာလွှဲစိတ်ချရတဲ့ မောင်ချိုအပြောကို လက်မခံခဲ့။

"ဒုက္ခရောက်နေသူတွေ၊ ဒီရှောင်လွှဲမရတဲ့ သဘာဝဘေးအန္တရာယ်ကြီးကြောင့် ဝမ်းနည်းပူဆွေးနေသူတွေကို ငါကိုယ်တိုင်အားပေးချင်တယ် မောင်ချို၊ ဒါကြောင့်လည်း ကံကောင်းဖောင်ဒေးရှင်းကို ထူထောင်ထားတာပေါ့ကွ"





"ဒါတော့ဒါပေါ့၊ ဒါပေမဲ့ ဦးသက္ကပါ ဒီခရီးလိုက်မှာ ကျွန်တော်တော့ ဘဝင်မကျဘူးဆရာ၊ သူက အမြတ်မရရင် ခြေတစ်လှမ်းတောင် လှမ်းတဲ့လူစားမျိုးမဟုတ်တော့"

"သူ့အကြောင်းနဲ့သူ နေမှာပေါ့"

"ဒါပေမဲ့…မြေကိစ္စ၊ လေလံပွဲကိစ္စက မပြတ်သေးတော့"

"ဟော့ကောင် အဲဒါ ငါပေးမှသူရမှာ"

"သူက အဲဒီမြေနေရာကို အရမ်းလိုချင်နေတာ"

"မင်းတော်တော်လျှာရှည်ပါလား မောင်ချို၊ အဲဒါ ငါပေးမှရမှာလို့ ပြောပြီးပြီပဲ၊ ကဲ စီစဉ်စရာရှိတာပဲပြော၊ အမိကာက လှူမဲ့ ပစ္စည်းတွေကို ငါတို့နဲ့ ရက်သိပ်မကွာဘဲ ဟိုကိုရောက်ဖို့ အရေးကြီးတယ်၊ လှူရမဲ့နေရာမှာ ဆေးရုံကိုအမိကထား၊ အဲဒီမှာ လျှောင်ကြောင့် ဒဏ်ရာရတဲ့လူတွေရှိမယ်"

ဦးကံကောင်းက အစီအစဉ်တွေဆွဲ၊ လိုအပ်တာတွေ ညွှန်ကြားပြီး ဒီအင်အားပြင်းလျှောင်လှုပ်ခတ်သွားသော ရှမ်းပြည်နယ်အထိ ကိုယ်တိုင်ခြေဆန့်ခဲ့တာပင်။ ဒီလိုသဘာဝဘေးအန္တရာယ်တွေအတွက် ရည်မှန်းပြီး ဦးကံကောင်းက ဖောင်ဒေးရှင်းတစ်ရပ်ထူထောင်ခဲ့တာ နာဂစ်မုန်တိုင်းပြီးကတည်းက။ ဒီအလုပ်ဟာလှူသမျှဒါနထဲမှာ အမွန်မြတ်ဆုံးလို့ သူယူဆသည်။ ဂိရိမုန်တိုင်းဒဏ်ခံရသူတွေကိုလည်း ကိုယ်တိုင်ကိုယ်ကျ လှူဒါန်းခဲ့သည်။ ယခု လျှောင်ဒဏ်ခံရသူတွေအတွက် လှူဒါန်းစဉ်က ဘာအခက်အခဲ



www.burmeseclassic.com

www.burmeseclassic.com



မှမရှိဘဲ လှုံ့ဒါန်းပြီး ရန်ကုန်ပြန်ရန်ရက်နီးခါမှ ဦးသက္ကက သူနှင့် တွေ့ဆုံရန် ခွင့်တောင်းလာ၏။

"သွားဖို့မသင့်ဘူးဆရာ၊ ဦးသက္ကက ဘယ်လိုလူစားဆို တာ ဆရာသိရက်နဲ့၊ မဖြစ်မနေ ဆရာသွားမယ်ဆိုရင် ကျွန်တော် အဖော်အဖြစ် လိုက်ခဲ့ပါရစေ"

"နေပါ မောင်ချိုရာ၊ ဒါ မင်းမဲ့တိုင်းပြည်မှမဟုတ်တာ၊ သူဖိတ်တဲ့နေရာကလည်း ဒီမြို့ရဲ့ အထင်ကရဟိုတယ်ပဲကို၊ ငါ့ကို သူတို့လာကြိုလိမ့်မယ်၊ မင်း ဒီကစောင့်ပြီး ရန်ကုန်ပြန်ဖို့သာစီစဉ်"

သူ လျှောတွက်ခဲ့မိသည်။ လူကြီးလူကောင်းလို့ ဦးသက္က ကို ယုံကြည်မိခြင်းက သူ့အတွက် လွဲမှားခြင်းပင်။ လာကြိုသော ကားက တကယ်ချိန်းဆိုထားသည့် ဟိုတယ်ဆီမသွားဘဲ သူ့ကိုခေါ် သွားတာ မြို့စွန်ကအိမ်အိုဟောင်းဆီ။ ထိုအိမ်မှာ အသင့်စောင့်နေသူက သက္က။

"မင်းနာမည်နဲ့ လိုက်အောင် ကံကောင်းချင်တယ်ဆိုရင် ငါ့ကမ်းလှမ်းချက်ကို လက်ခံလိုက်"

"ဒါ ဘာသဘောလဲ သက္က"

"ငါ့ညှိနှိုင်းချက်ကို လက်ခံစေချင်တဲ့သဘော"

သက္ကက စားပွဲခုံရဲ့ တစ်ဖက်စွန်းမှာထိုင်သည်။ သူက မတ်တပ်ရပ်လျက်ပေမဲ့ သူ့သဘောဘိဝဲယာမှာ သက္ကတပည့်တပန်းတွေ က ဝိုင်းရံလျက်။ အသားကဖြူသည်ထက် နီစပ်စပ်ဘက်လုနေသည့် သက္ကကတော့ သူ့ကို ဖော်ရွေစွာပြုံးပြသည်။ ဒါပေမဲ့ အပြုံးဟု





မမြင်ဘဲ ကျားတစ်ကောင် သွားဖြဲနေသလိုမျိုး။

"မင်း လေလံပွဲမှာရတဲ့ မြေနေရာမှာ ငါ့ကို ဟိုတယ် ဆောက်ခွင့်ပေး၊ အကုန်အကျကို ငါအားလုံးခံမယ်၊ ဒါပေမဲ့ ရလာတဲ့ အကျိုးအမြတ်က တစ်ဝက်စီ၊ မင်းမြတ်ပါတယ် ကံကောင်းရ၊ စီးပွားရေးလောကမှာ ဒီလိုပါတနာမျိုး မင်း ကမ္ဘာပတ်ရှာတောင် တွေ့မှာမဟုတ်ဘူး"

"မဖြစ်နိုင်ဘူး သက္က၊ ငါ စီးပွားရေးလုပ်တာ အမြတ်ရ ဖို့တစ်ခုတည်း မဟုတ်ဘူး"

"ဒါဆိုရင်လည်း မင်း ဒီလောကထဲက ထွက်လိုက် တော့"

"ငါ မထွက်ဘဲ ရပ်နေတော့ မင်းလုပ်ချင်ရာလုပ်ခွင့်မရှိ အောင်ပဲ"

"မင်း"

ဝုန်းခနဲထရပ်တာကြောင့် ထိုင်ခုံက အရှိန်နှင့် နောက်သို့ လန်ကျသွားသံက ဒိုင်းခနဲ။ စူးရဲတဲ့အကြည့်တွေထဲမှ ဒေါသအငိုး အလျှံတွေကို ဦးကံကောင်း တွေ့နေရသည်။

"မင်း…ငါ့နေရာမှာ ဟိုတယ်ဆောက်မယ်၊ အဲဒီဟိုတယ် ထဲမှာ မင်း နိုက်ကလပ်တွေထည့်မယ်၊ သရုပ်ပျက် အနောက်တိုင်း ယဉ်ကျေးမှုတွေ မင်းဟိုတယ်ထဲမှာ ဖောဖောသီသီ ဝယ်ခွင့်ရမယ်၊ အဲဒီ့အတွက် ငါက အကျိုးတူပူးပေါင်းရမတဲ့လား၊ ဆောရီးပဲ သက္က၊ ငါ စိတ်မဝင်စားဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မင်း စိတ်ဝင်စားသွားအောင် လုပ်ဖို့နည်းလမ်းတွေ ငါ့မှာရှိတယ်"

ဦးသက္ကက မျက်ရိပ်ပြတာနှင့် သူ့ဘေး၌ဝိုင်းနေသော လူတွေက အနားသို့ ရုတ်ခြည်းတိုးကပ်လာလျှင် ဦးကံကောင်းက အနီးရှိထိုင်ခုံကို ဆွဲယူပြီး ထိုလူစုဆီ ပစ်ပေါက်လိုက်သည်။ ရုတ်တရက် ဝရုန်းသုန်းကား ဖြစ်သွားတဲ့အခြေအနေမှာ ဦးကံကောင်းက အားလုံးကို ကျော်လွှားပြီး ပိတ်မထားသော တံခါးဆီမှ ခြံအပြင်ပြေးထွက်၏။

"ပြေးပြီ...လိုက်စမ်း မြန်မြန်၊ ဒီကောင်လွတ်လို့မဖြစ်ဘူး"

ရန့်လိုသော သက္က၏အသံဝါကြီးက သူ့နောက်က ကပ်ပါလာသည်။ ကားလမ်းကျဉ်းလေးအတိုင်း သူဆက်ပြေးလို့မဖြစ်တာ ဦးကံကောင်း သဘောပေါက်သည်။ သက္ကတို့ထံမှာ လူအင်အားရော၊ လိုအပ်ပါက သူ့နောက်သို့ ကားမောင်းပြီး လိုက်လာနိုင်သေးသည်။ ဆွေးနွေးပွဲက အသာတကြည်နှင့် မပြီးဆုံးသည့်အတွက် ဒီတစ်ခါထပ်ပြီး သူ့ကို ဖမ်းမိပါက ဦးကံကောင်းအတွက် ရှင်သန်ခြင်းက မရှေရာတော့။ သူ့အသက်ဆက်ရှင်ရန် လိုအပ်ပါသည်။ ဦးကံကောင်းရဲ့ အာရုံထဲ မြင်ယောင်လာတာက အရွယ်မရောက်သေးသော သားနဲ့သမီး။ စိတ်ကိုတင်း၍ လမ်းမကြီးမှ လမ်းဘေးဖွဲ့ဆင်းသည်။ ဟိုးအဝေးဆီမှာ စိမ်းစိုညို့မှောင်နေသော တောတန်းက သူ့အားဆီးကြိုလျက်။





"လိုက်ဟေ့...တောအုပ်ထဲဆင်းပြေးပြီ"

"လူစုခွဲ ဖြန့်ရှာ"

အော်သံကျယ်တွေက သူ့အပြေးနှုန်းအား ရပ်မပစ်ရန် အားပေးနေသလို။ ဆူးချုံတွေ၊ သစ်ပင်ကြီးတွေ အရိုင်းတော နေသော တောအုပ်ကြီးထဲ သူ ခွတ်ရွတ်ပြေးတာ ဘယ်ဆီရောက် မသိ။ ဘယ်သွားချင်မှန်းမသိ။ ဆန္ဒက ပြင်းပြစွာ တစ်ခုတည်း။ ယောင်ဆောင်ဘီလူးတွေ လက်ထဲမှ လွတ်မြောက်ရန်။

"ဟ...ဟာ"

သွားပြီဆိုသောအသိနှင့်အတူ ကျွံထွက်သွားသော ခြေလှမ်း ဖြန့်နှုတ်မရတော့။ အသည်းထဲမှာ လှပ်ခနဲအေးသွားပြီး လေဟာ ထဲ လူတစ်ကိုယ်လုံးက ခြေပစ်လက်ပစ်ကျသွားခဲ့သည်။ ဆုံး အသိထဲမှာ ချောက်နက်ကြီးတစ်ခုထဲ ပြုတ်ကျခဲ့ပြီကို ပြီးနောက်...

"ဝုန်း...ဘုန်း"

"အင့်"

ခနဲနေအောင် မြေမာမာ၌ သူ့ခန္ဓာကိုယ်က ဖွဲ့အိတ် တ်လို ပစ်ကျသွားပြီး ပန္နပွန့်၊ အနာဂတ်နှင့် ဆက်စပ်သော တို့သည် ကြယ်ရောင်အောက်မှာ တိမ်လွှာစီးရင်း အဝေးဆီ ပြေးသွားခဲ့ပြီ။

• • •



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"အား…ကျွတ်…ကျွတ်"

နာကျင်မှုကြောင့် လူက ပြန်လည်နိုးထလာရပေမဲ့ အသိစိတ်က ဝေဝါးဝါး။

"ဦး…ဦး သတိရလာပြီလား"

"ရေ…ရေပေးဝါ"

မပီမသတောင်းဆိုခြင်းကို လန်းက ကောင်းစွာနားလည်ပါသည်။ ထို့ကြောင့် ဝါးဆစ်ပိုင်းလေးတွေနှင့် အသင့်ခပ်ထားသောရေကို ပြေးယူရင်း လူနာဦးလေးကြီးရဲ့ နှုတ်ခမ်းဖျားနား တစ်ပေါက်ချင်းစီ ချပေးလိုက်သည်။

"အင်း…ဟင်း…ဟင်း"

နှုတ်ခမ်းဖျားတွေကို လျှာနဲ့အငမ်းမရသပ်ရင်း ဦးလေးကြီး

နို့ : မို : ၈၁၆ပ



က ရေရဲ့အေးမြခြင်းကြောင့် အင်အားတွေ ပြည့်ဝလာဟန်တူသည်။ မျက်လုံးအစုံအား ဖြည်းညှင်းစွာဖွင့်ကြည့်ရင်း…

"ကျေးဇူးပါကွယ်၊ ဒါနဲ့ ကလေးက"

"ရှူး"

နှုတ်ခမ်းပေါ် လက်ညှိုးတစ်ချောင်း ကန့်လန့်ဖြတ်တင်ကာ လန်းက ဂူပေါက်ဝအား သစ်ကိုင်းတွေနှင့် ဆွဲပိတ်ပစ်သည်။ ဦးကံကောင်းကတော့ ကိုယ့်သမီးလေးနှင့် ရွယ်တူခန့်ရှိမည့် ဒီလူမမည်ကလေးရဲ့ အပြုအမူကို နားမလည်သလို လှဲနေရာမှ ခေါင်းထောင်ပြီးကြည့်၏။ ခန္ဓာကိုယ်ရဲ့ တချို့နေရာက နာကျင်မှုတွေ ရှိနေတုံးပေမဲ့ လှုပ်ရှားမှုတော့ ပြုလုပ်နိုင်သေးသည်။

"တိတ်တိတ်နေ ဦး၊ အပေါ်မှာ လူတွေရောက်နေတယ်"

သူ့အနားသို့ တိုးတိုးကပ်၍ လေသံသဲ့သဲ့နှင့်ပြောသည်။ ထိုအခိုက်မှာပဲ ကျင်းပေါ်မှ စကားသံတွေက လေနဲ့အတူ ပျံ့လွင့်လာတာကို သူကြားရ၏။

"ဒီချောက်ထဲကျသွားတာဆို၊ အခုဘယ်မှာလဲ၊ မင်းတို့ဟာက မရေမရာနဲ့"

"အာစရိရယ်…တစ်ညလုံး ဒီချောက်ထဲကျနေမှတော့ တောကောင်ကြီးတွေက အလှထိုင်ကြည့်နေမလားဗျ၊ ဆွဲသွားလောက်ပြီပေါ့"

"ပေါ့ပေါ့လေးမပြောနဲ့ ကျော်စွာ၊ ကံကောင်းလွတ်သွား

နို့ : မို : ၈၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



ရင် ငါတို့ပါ ရာဇဝတ်မှုနဲ့ အမှုပတ်နိုင်တယ်"

"သက်သေမှမရှိတာ အာစရိရာ"

"မင်းပါ ငါ ဒီချောက်ထဲ ကန်ချမိတော့မယ်၊ သူ့ကို ဟိုတယ်ကနေ သွားခေါ်ထုတ်လာတာ ငါ့ဒရိုင်ဘာဆိုတာ အားလုံး သိတယ်၊ အဲဒီဒရိုင်ဘာကနေစစ်ရင် အားလုံး မီးခိုးကြွက်လျှောက် ဖြစ်တော့မှာ၊ အခုတောင် သူ့တပည့်တွေက လူပျောက်တိုင်ချက် စခန်းမှာ ဖွင့်ထားတာ မင်းမသိဘူးလား"

"ဒါပေမဲ့ ဦးကံကောင်းကတော့ အသက်မရှင်နိုင်တော့ ပါဘူး အာစရိရာ"

"အေး…မင်းပြောသလိုဖြစ်အောင်ပဲ ဆုတောင်းရတော့ မှာ"

သစ်ရွက်ခြောက်ကို နင်းလျှောက်သံ၊ စကားသံတွေက သူတို့နဲ့ တစ်စထက်တစ်စ ဝေးကွာသွားသည်။ ဂူထဲ အမှောင်ထု က တိုးဝင်ရန် အားယူလာ၏။ ဦးကံကောင်းက တံတောင်နှစ်ဖက် ကိုထောက်ပြီး ထထိုင်ရန် အားယူတော့ ကလေးမက ဖျာဖျာသလဲ လာတွဲထူရင်း…

"ဦးက သူတို့ရှာနေတဲ့ ဦးကံကောင်းဆိုတာလား"

သူက ဝေဒနာတွေကို စုပ်သပ်ညည်းညူရင်း ခေါင်းညိတ် ပြသည်။ ကလေးမလေးက ဂူပေါက်၌ စောစောက ဖုံးကွယ်ထား သော သစ်ကိုင်းခြောက်တွေကို ဖယ်ပစ်ရင်းက…





"လန်းက လန်းဆန်းပါ"

"ဩော်…လန်းဆန်းတဲ့လား၊ သမီးနဲ့တော့လိုက်ပါတယ်၊ လူကလည်း သွက်သွက်လက်လက်လေးပဲ၊ ဒါနဲ့ သမီးက ဒီမှာ တစ်ယောက်တည်း ဘာလုပ်နေတာလဲ"

ဂူအတွင်းပိုင်း သေးသေးပတ်ဝန်းကျင်အား အခုမှ သူက အကဲခတ်မိသည်။ အတွင်းနံရံထောင့်၌ ငှက်ပျောခိုင်ကြီးတစ်ခိုင်ရှိ ပြီး သေးနားမှ ငှက်ပျောရွက်ခွံတွေက ပြန့်ကျဲနေ၏။ ပြီးတော့ ရောထည့်ထားသည့် ဝါးဆစ်ပိုင်းများနှင့် ကောက်ရိုးတစ်ပုံက အိပ်ရာ ခင်းလို ဖြန့်ခင်းထားသည်။ သူ့ကျောအောက်မှာလည်း ခင်းထား သော ကောက်ရိုးတစ်ခင်းကြောင့် သူ နွေးထွေးနေခဲ့တာမဟုတ်ပါ လား။ အားရအောင် အကဲခတ်ပြီးမှ သူက

"တစ်ယောက်ယောက်ကို စောင့်နေတာလား"

"ဟုတ်…အဖေ့ကိုပါ"

"အဖေ"

ဦးကံကောင်းက မျက်ခုံးနှစ်ခုကို ထိလုနီးပါးကျုံ့ရင်းက

"အဖေက ဘယ်သွားလို့လဲ"

"အဖေ ရွာကိုပြန်သွားတာ တစ်ပတ်လောက်ရှိပြီ၊ ခါတိုင်း ဒီလောက်မကြာဘူး၊ အဲဒါကြောင့် လန်းက ဒီမှာစောင့်နေရတာ"

"သမီးအဖေနဲ့သမီးက ဒီမှာဘာလာလုပ်နေတာပဲ"

"အဖေက တောလိုက်တာ ဝါသနာပါတယ်လေ၊



www.burmeseclassic.com

www.burmeseclassic.com



အရောင်းအဝယ် အေးတဲ့ ဒီလိုလတွေဆို လန်းတို့သားအဖ တော လိုက်နေကျ"

ကလေးမလေးက ဒူးနှစ်ဖက်ကို လက်ဖြင့် သိမ်းကျုံးပွေ့ ပိုက်ကာ မျက်နှာလေးကို တစောင်းမှေးတင်ပြီး ဝူဝဆီ ခွေးခွေး လေးငေးရင်း ပြောဏ်။

"အဖေ့တောလိုက်နေကျ သေနတ်က ပျက်သွားလို့လေ၊ အိမ်မှာပြန်ယူတာ၊ ပြီးတော့ ခတ်ခဲတွေ၊ ခတ်မီးတွေပါ အပိုထပ် ယူခဲ့မယ်ပြောပြီး ထွက်သွားတာပဲ၊ ခါတိုင်းဆို မနက်သွား နေ့ခင်း ဆို ပြန်ရောက်ပြီ၊ အခုက"

"သမီးက ဒီမှာပဲ အမြဲနေနေကျလား"

ဆတ်ခနဲ ခေါင်းညိတ်ပြတော့ ပခုံးထိရှည် ကြေးနီရောင် ဆံပင်တွေ လှုပ်ခါသွားပြီ။ နဝိုက ဖြူဝင်းသော အသားအရေပေါ် နေမထိလေမထိရသည့်ကြားထဲ ဖုန်မှုန့်တွေကြောင့် ညစ်ထုပ်ထပ် ဖြစ်နေသည်။ အိမ်ကထွက်လာကတည်းက ဝတ်လာဟန်တူသော အဝါရောင် ဒူးကျဂါဝန်ဟာ အရောင်တောင် မပေါ်တော့။ ဂါဝန် အောက်မှာ ဂျင်းဘောင်းဘီရှည် ထပ်ဝတ်ထားသဖြင့် အမြင်မှာ ကို့ရိုကားယားနိုင်လွန်းသည်။ လန်းဆန်းဆိုသူကတော့ သူ့အမေး ကို ခေါင်းညိတ်ဖြေရင်း…

"အဖေနဲ့ အမဲလိုက်ထွက်တိုင်း ဒီဂူထဲမှာ နေတာလေ၊ ချောက်ကြီးရဲ့နံရံဘေးက ဂူဆိုတော့ သားကောင်ကြီးတွေတော့ မလာနိုင်ဘူးတဲ့၊ သမီးသတိထားရမှာ မြွေတွေ၊ တခြားအကောင်





ရှည်တွေရဲ့ ရန်ပဲလို့ အဖေကပြောဖူးတယ်"

ကြားရသမျှက စိတ်ဝင်စားစရာတွေချည်းပဲမို့ ဦးကံကောင်း က ရထားသောဒဏ်ရာတွေကိုပါ မေ့ပျောက်သွားသည်။ တောကြီး ထဲ ချောက်ဘေးနံရံ၌ သဘာဝအလျောက် ဖြစ်ပေါ်နေသည့် ဂူထဲ ၌ ပဟေဠိဆန်သော သားအဖနှင့် လာဆုံနေရသည်မဟုတ်ပါလား။ သူ့မှာ ဒီကလေးမနှင့်ရွယ်တူ သားသမီးရှိ၍ ကိုယ်ချင်းစာစိတ်နှင့် နားထောင်သည်။ ပြီးတော့ လန်းဆန်း၏ မျက်ဝန်းထဲမှ အရိပ်တွေ ကို သူထူးဆန်းနေမိ၏။ ရဲရင့်ခြင်း၊ သတ္တိရှိခြင်းတွေအပြင် မာန်မာန ရောင်တစ်မျိုးက အရာရာကို ရင်ဆိုင်ကျော်ဖြတ်ရန် အသင့်ပြင်ထား တာမျိုး။

"ဦးကိုတွေ့တော့ ဒီချောက်ထဲပြုတ်ကျလာတာ၊ ဒါပေမဲ့ ဦးကျတဲ့နေရာက လန်းရဲ့ဂူလနဲ့နီးတယ်၊ အဲဒါကြောင့် ဟိုလူတွေ မတွေ့ခင် လန်း ဦးကို ဖက်ထားနိုင်တာပေါ့"

"ကျေးဇူးတင်ပါတယ် သမီးရယ်"

တလိုက်တလှဲပြောမိရင်းက ဦးကံကောင်းမှာ ကလေးမ လေးကိုကြည့်ရင်း အတွေးက ရိပ်ခနဲ ရင်ထဲဖြတ်ပြေးသည်။ သိလို စိတ်ကြောင့် ထိုအတွေးကို သူ မထိန်းချုပ်နိုင်ဘဲ…

"သမီးက အဖေနဲ့အမြဲလိုက်နေကျဆိုတော့ သမီးမေမေ ကရော"

လန်းရဲ့မျက်လွှာတွေက ဝင့်ခနဲ သူ့ထံရောက်လာသည်။ ရှည်လျားကော့ညွတ်သော မျက်တောင်တွေကို ဖျတ်ခနဲ ခတ်တော့



www.burmeseclassic.com

www.burmeseclassic.com



စောစောက တွေ့နေရသည့် ရဲရင့်ခြင်းရောင်စဉ်တွေက ပျောက်ကွယ်သွားပြီ။

"လန်း…မေမေက လန်းကိုမွေးပေးပြီးကတည်းက ဆုံးသွားတာ"

"ဪ…ကွယ်"

ရင်ကိုဘောင်ဘင်ခတ်တက်လာသော ကရုဏာတရားများကြောင့် ကျောက်ဂူလေးအတွင်း ခေတ္တတိတ်ဆိတ်သွား၏။ ဦးကံကောင်းက စိတ်မကောင်းခြင်းတွေဖြင့် နင့်သီးနေသော သူ့ရင်ဘတ်အား ပင့်သက်တစ်ရှိုက်နှင့် လွတ်လပ်ခွင့်ပေးပြီးမှ…

"ဦးဒဏ်ရာတွေ သက်သာသွားမှ ဒီချောက်ကြီးရဲ့အပေါ်တက်ဖို့ လမ်းရှာကြမယ်လေ၊ ပြီးရင် သမီးရဲ့ဖေဖေသွားတဲ့နေရာကိုပြော ဦး လိုက်ရှာပေးပါ့မယ်"

"အပေါ်တက်တဲ့လမ်းကို သိပါတယ်၊ ဒါပေမဲ့ အဖေ့ကိုတော့ ဦးရှာလို့တွေ့တော့မှာမဟုတ်ဘူး"

"ဘာဖြစ်လို့လဲ သမီးရဲ့"

"လန်းတို့ရွာနားမှာ အင်အားပြင်းတဲ့ ငလျင်တစ်ခုလှုပ်သွားတယ်တဲ့"

လန်းဆန်းက ကျောက်ဂူထောင့်နားလေး၌ ထောင်ထားသော ငွေမှင်ရောင်ခတ်ခဲရေဒီယိုလေးကို ထုတ်ပြသည်။

"သေဆုံးတဲ့သူတွေ အများကြီးပဲတဲ့၊ အဖေသွားတဲ့နေ့ပဲ လှုပ်သွားတာဆိုတော့"





"ဪ…ကလေးရယ်"

အရွယ်နဲ့မလိုက်အောင် ဒီကလေးက ခံစားမှုကို ထိန်းချုပ်နိုင်ပေမဲ့ ဦးကံကောင်းကတော့ စိတ်မကောင်းကြီးစွာနဲ့ ကလေးမလေးအား ရင်ခွင်ထဲ ဆွဲ၍ပွေ့ပိုက်ထားမိသည်။ လန်းကတော့ မရင်းနှီးသော သူစိမ်းတစ်ယောက်ရဲ့ ရင်ခွင်ထဲမှာ မစိမ်းသော မျက်ရည်တွေနှင့် တသိမ့်သိမ့်ရှိုက်ရင်း…

"လန်း…မငိုဘူး၊ မငိုတော့ဘူး ဦး၊ အဖေကပြောဖူးတယ်၊ ငိုတယ်ဆိုတာ အရှုံးပေးတာပဲတဲ့၊ ဝမ်းနည်းစရာတွေ တွေ့လာရင် တစ်ခါပဲအရှုံးပေးပါတဲ့၊ ထပ်ခါထပ်ခါ အရှုံးမခံဘဲ ပြန်တွန်းလှန်နိုင်အောင် ကြိုးစားတဲ့၊ အဲဒါကြောင့် အဖေပြန်မလာနိုင်တာကို လန်း ဝမ်းနည်းတယ်၊ ဒါပေမဲ့ ခဏခဏမငိုဘူး"

"ကလေးရယ်"

ဆို့နင့်ခြင်းဖြင့် သူပါ မျက်ရည်တွေ ဝေသီနေခဲ့တာ သူ အသိဆုံး။ ဒီလိုသဘာဝဘေးအန္တရာယ်တွေ ကြားထဲမှာ စတေးခံရသည့် ကလေးငယ်တွေရဲ့ နှလုံးသားပေါင်း မည်မျှရှိမည်နည်း။ မေးခွန်းကိုဖြေဖို့ ကြိုးစားရင်း ကြေကွဲခြင်းက ရင်ထဲ မှန်တိုင်းထန်နေခဲ့သည်။ ထိုညက ကျောက်ဂူလေးထဲသို့ တိုးဝင်လာသော သဘာဝရဲ့ အအေးဓာတ်ကြားထဲမှာ သူ အံတုကြိမ်းဝါးမိတာက…

ဒီကလေးကို သူ့မေတ္တာရိပ်နဲ့ နွေးထွေးစေရမယ်ဆိုတာ အတိအကျ။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"တကယ်ပြောတာ လန်းရဲ့၊ ဒက်ဒီပြောပြတုံးကဆို ငါ့မှာ ရင်ဘတ်ဖိပြီး နားထောင်ရတာသိလား၊ မျက်စိထဲမှာ နင့်ကိုမမြင် ဘဲ တာဇံပဲမြင်ယောင်လာသလိုလိုနဲ့"

"ဟယ်...တာဇံကြီးတော့ မဖြစ်ချင်ပါဘူး"

လန်းက လှောင်အိမ်ကိုဖွင့်ပြီး ယုန်လေးတွေရဲ့ ရေခွက် ကို ရေလှယ်ပေးရင်း ပခုံးတွန့်ပြီးပြောသည်။ မေပို့က လန်းမျက်နှာ မူရာဘက်သို့ ကိုယ်ကိုပါ တစောင်းလိုက်လှည့်ရင်း...

"ဘာလို့မဖြစ်ချင်တာလဲ"

"နင့်တာဇံက မလုံမခြုံနဲ့၊ ငါ ဟိုပေါ်ဒီပေါ်ဖြစ်နေမှာပေါ့ ဟဲ့"

"ဟား...ဟား လန်းရယ် နင်ကတော့တကယ်ပဲ၊ ပြော

နို : မို : ၈၁၆၀



လည်းပြောတတ်တယ်"

"ဒါပေမဲ့ အဝတ်အစားမရှိတာက တော်သေးတယ်ဟာ"

"ဘာကမတော်တာလဲ"

လန်းမျက်နှာကို လိုက်ငုံ့ကြည့်ရင်း မေးသည်။ လန်းက စကားလည်းအပြောမပြတ်။ လက်ကလည်း လှုပ်ရှားလျက် ယုန် အစာခွက်တွေပါ ဆေးကြောသန့်စင်ရင်း အစာသစ်ထည့်ပေးသည်။ ယုန်လေးတွေနားအထိ အစာခွက်ကို တိုးပေးပြီးမှ မေပို့နှင့် မျက်နှာ ချင်းဆိုင်ကာ မြက်ခင်းပေါ်ထိုင်ချပြီး...

"ထမင်းပေါ့၊ ထမင်းမစားရတာ တော်တော်ဆိုးတယ်၊ ငါ့မှာ အဖေ့ကိုစိတ်လည်းပူ၊ ဗိုက်ဆာတိုင်း ငှက်ပျောသီးတွေ ခူးစားတာ၊ ရေသောက်နဲ့၊ ဒီကြားထဲ ရေဒီယိုက သတင်းကြားတော့ နိုးရတာနဲ့ပဲ"

"ဟွန်း...အဲဒါကြောင့် ငါတို့အိမ်ရောက်လာတော့ ထမင်းတွေစွတ်ရွတ်ပြီး စားတာကိုး"

မေပို့ရော လန်းပါ ဆတ်ခနဲဖြစ်သွားသည်။ နောက်လှည့် ကြည့်တော့ ဂျစ်တစ်တစ်မျက်နှာနဲ့ လုလင်။ လက်ထဲမှာ လေးခွ တစ်လက်ကိုင်ထားကာ ရန်လိုခြင်းတွေဖြင့် လန်းအား မှုန်ကုပ်ကုပ် ကြည့်သည်။ လန်းကလည်း ထိုင်ရာမှ မကျေမနပ်နှင့် ဆတ်ခနဲ ထရပ်တော့ ဆံပင်တွေရော ဂါဝန်တိုလေးတွေပါ ဝဲခနဲခါသွား၏။ နှစ်ယောက်ကြားက ရာသီဥတုအခြေအနေက လေဖိအားနည်း

နို : မို : ၈၁၆၀

www.burmeseclassic.com

www.burmeseclassic.com



ရပ်ဝန်းလို။ နောက် အင်အားကြီးလာလျှင် မုန်တိုင်းတွေဘာတွေ ဖြစ်လာကိန်းရှိတာမို့ နှစ်ယောက်သား ကြားဝင်ရပ်ရင်း…

"လုလင်ရယ် ရန်မစစမ်းပါနဲ့"

"ငါစတာမဟုတ်ဘူး၊ သူ့အရင်စတာ၊ ဟိုနေ့က ငါဖမ်းထားတဲ့ ငှက်တွေကို သူလွှတ်ပစ်တာ"

"အောင်မာ…ဒါဆို ငါ့ကြောင်ကို နင့်ခွေးနဲ့ ရှူးတိုက်တာကရော"

လန်းကလည်း ဆတ်ဆတ်ထိမခံ ပြန်အော်သည်။ မေပို့က ကြားထဲမှ ဟိုဘက်တားရမလို ဒီဘက်ပဲ ပြေးဆွဲရမလိုနှင့် ယောက်ယက်ခတ်နေသည်။

"တိုက်မှာပေါ့၊ ဘယ်ကအလေနတောမှန်းမသိ ငါ့ခြံထဲ ခေါ်သွင်းထားတာကိုး၊ နောက်တစ်ခါ ငါ့ခွေးတွေနဲ့ မလွှတ်ပေးဘူး၊ ဒီမှာတွေ့လား"

လုလင်က မေပို့ပခုံးပေါ်မှကျော်၍ လေးခွကိုမြင်အောင် ပြသည်။

"ငါ့လက်စာမိမယ်"

မကျေမနပ်နှင့် အံကြိတ်ကြိမ်းဝါးသည်။ လန်းကလည်း စကားနည်းရန်စဲဆိုပြီး ဘယ်အခါမှ နှလုံးမသွင်း။ လက်သီးနှစ်ဖက် ကျစ်နေအောင်ဆုပ်ပြီး…

"လုပ်ကြည့်လေ…ငါ့ကြောင် လောက်လေးစာမိလို့က





တော့ နင့်ကို နုတ်နုတ်စင်းပစ်မယ်"

မေပို့မျက်နှာကို ကျော်အောင် ခြေဖျားထောက်ပြီး ပြန်အော်သည်။ လန်း ဒီအိမ်ရောက်ပြီး သိပ်မကြာ တစ်ရက် နှစ်ရက်အတွင်း ကြောင်ဖြူဖြူကြီးကို တွေ့ခဲ့ခြင်းဖြစ်သည်။ နောက်ဖေးခြံစည်းရိုး၌ နေဘက်ဆို လာအိပ်နေတတ်ပြီး လန်းတို့ ထမင်းစားချိန်ပြီးလျှင် သူက တညောင်ညောင်နှင့် အသံပေးကာ အစာတောင်းသည်။ အိမ်က အကူကောင်မလေးတွေ အစာကျွေး နေတာကို တွေ့သွားသော လန်းမှာ ကြောင်ဖြူကြီးကို ချစ်မဝဖြစ် သွားပြီး…

"ဒီကြောင်ကြီးကို လန်း မွေးချင်တယ်၊ မွေးခွင့်ပေးပါ နော်"

ဒက်ဒီ့ဆီ ခွင့်တောင်းခဲ့ခြင်းဖြစ်သည်။ ဒက်ဒီကတော့ ထုံးစံအတိုင်းဘာပဲလုပ်လုပ် လိုက်လျောသောအပြုံးမျိုးနှင့်…

"မွေးပါ သမီးရဲ့၊ ဒီအိမ်လည်း သမီးအိမ်ပဲဥစ္စာ၊ ကြိုက်တာလုပ်၊ ကြိုက်တဲ့တိရစ္ဆာန် မွေးခွင့်ရှိတယ်၊ မေပို့တို့ လုလင် ကိုလိုပဲ လန်းက ဒီဒီ့သမီး"

လို့ ခေါင်းလေးပွတ်ပြီး ပြောတာကို လုလင်တွေ့ပြီးကတည်းက မကျေမနပ်နှင့်…

"တွေ့လား…ဒီဒီ့ကိုကပ်ဖားနေတာ၊ ငါ သူ့ကို ကြည့်လို့ မရဘူး၊ နေရာတကာ ဆရာကြီးစတိုင်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဒွမ်စိရေရွက်ပြီးကတည်းက မကျေလည်ခြင်း ဆက်
ရှေ့သည် လန်းနဲ့လုလင်အကြား ပိုရုပ်လုံးကြွလာတာပင်။ ဒီတို
ခွဲမှာ မေပို့က ကြားလူ။

"ငါ့ကို နုတ်နုတ်မစင်းခင် နင် ငါ့လေးခွစာမြည်းကြ
ဦး"

"ဟဲ့...မလုပ်ပါနဲ့လုလင်ရယ်၊ လန်း နင်လည်းဆေ
တော့"

"မတော်ပါဘူး၊ သူအရင်ကြိမ်းမောင်းနေတာ၊ လုပ်ကြ
လေ ဒီဒီပြန်လာရင် ငါကတိုင်မှာ"

"တိုင်ပေါ့၊ မကြောက်ဘူး၊ ငါထပ်ပြောထားမယ်၊ ဒီနှ
ငါခေါ်သလို လိုက်မခေါ်နဲ့၊ နားကြားပြင်းကတ်တယ်"

"ကတ်...ဗလတ်ပဲ၊ ဒက်ဒီခေါ်ရအောင် ငါ့အဖေအ
မှ မဟုတ်တာ"

"ဟ...နင့်ကိုမွေးစားထားတာ"

"မွေးစားအဖေမို့ ဒီဒီခေါ်တာပေါ့"

"ကျေးဇူးကန်းမ...မကြီးကျယ်နဲ့၊ နင်က မိဘမဲ့မို့
အဖေက မွေးစားထားတာ၊ ငါ့အရိပ်ခိုနေတာ၊ ငါပြောသလိုနေ

"မနေဘူး"

လန်းက ပြန်အော်ပေမဲ့ အဖျားခတ်အသံတို့က လှိုက်
တုန်ခါသွားသည်။ လုလင်အကျင့်က အမြဲအဲဒီအတိုင်းပင်။ ဘယ်





ရုပ်ဖြစ်ဖြစ် နိုင်လိုကြေးနှင့် သူတစ်ပါးအားနည်းချက်ကို ဖိပြော
လိုက်ရမှာ သူ့မှာ စားဝင်အိပ်ပျော်ရှိလေသည်။ မေပို့နှင့်လည်း
မြဲဒီအတိုင်းပင်။ စကားနှင့် အနိုင်မရလျှင် တစ်ဖက်လူ မြတ်နိုး
နိုးထားသော ပစ္စည်းတစ်ခုခုကို ဖျက်ဆီးပစ်မည့်စီမံကိန်းက
မှာအသင့်။ ဒါပေမဲ့ မေပို့ကတော့ ဘာအရေးလဲ။ သူတို့က
ဘယ့်မောင်နှမအရင်း။ ဖျန်ဖြေပေးမည့် ဖခင်အရင်းကအသင့်။
န်းကျတော့။ သိမ်ငယ်စိတ်နှင့် ဝေ့တက်လာသည့် မျက်ရည်က
က်ဝန်းထဲ အပြည့်ဖြစ်သွားသည်။ စိတ်ရှိတိုင်း လွှတ်ချပေးလိုက်
ဒီမျက်ရည်ဟာ မြက်ဂေဟာအတွင်း ချောင်းစီးသွားပေတော့
ည်။ ဒါပေမဲ့ လန်း မငိုပါ။ အထူးသဖြင့် လုလင်ရှေ့မှာ လန်းက
ရှုံးသူမဖြစ်ချင်။ ထို့ကြောင့် ဆတ်ခနဲ မျက်နှာကို ခါထုတ်တော့
က်ရည်စက်တွေပါ လွင့်ခနဲ ကြွေဆင်းသွားသည်။

"ငါ အလကားနေတာမဟုတ်ဘူး လုလင်"

"အောင်မာ...အလကားမနေတော့ နင်က ပိုက်ဆံပေး
နေတာလား"

ကြည့်စမ်း။ မဲ့ရွဲ့ပြီးမေးပုံက လှောင်သလိုလို။ မတူမတန်
သလိုနဲ့။ လန်းက နှုတ်ခမ်းဖျားကို ရအောင်ကွေးပြီးပြုံးသည်။
ထဲမှာ နာနေသောလူဟာ ဘယ်လောက်အထိ ပြုံးရခက်သလဲ
တာ ကြိုးစားကြည့်သူတိုင်း ကြုံဖူးမည်။ သို့ပေမဲ့ ဘဝ၌ အကြီး
ဆုံး ဆုံးရှုံးခြင်းနှင့် ကြုံခဲ့ရသူအတွက် ဒီရင်နာခြင်းကို ကဗျာ



www.burmeseclassic.com

www.burmeseclassic.com



ခွဲ့လိုပြီ။

"ငါ့ကို ဒီဒီက သူ့အသက်သခင် ကျေးဇူးရှင်အဖြစ် ဒီအိမ်မှာခေါ်ထားတာ၊ ငါက ဒီဒီ့ကိုကယ်ထားတဲ့လူ၊ ဒီဒီ့အပေါ်တင် ကျေးဇူးရှိရုံမကဘူး နင်တို့အပေါ်မှာပါ ငါ ကျေးဇူးရှိတယ်"

"ဘာ…ဘာပြောတယ်"

"ဟုတ်တယ်လေ…ငါ ဒီဒီ့ကိုကယ်ထားတဲ့အတွက် နင်တို့ မိဘမဲ့မဖြစ်တာ၊ နောက်တစ်ခါ ငါ့ကိုထပ်ပြီး အနိုင်မလိုချင်နဲ့၊ ငါသည်းခံမှာမဟုတ်ဘူး"

ပြောချင်ရာပြောပြီး ချာခနဲ လှည့်ထွက်သွားပုံက အနိုင်ပိုင်သွားတဲ့အတိုင်း။ လုလင်မှာ ဘာမှမတုံ့ပြန်ရသဖြင့် ဆွေ့ဆွေ့ခုန်တဲ့အထိ ဒေါသတွေထွက်ကာ…

"ကြည့်စမ်း…ကြည့်စမ်း မေပို၊ ငါ့ကိုပြောသွားတာ နင်ကြားလား၊ ရစရာတောင်မရှိဘူး၊ ငါ့အိမ်ကပ်နေပြီး ငါကဲသူ့ကို ပြန်တောင်းပန်ရမဲ့ပုံမျိုး"

"ဟုတ်သားပဲ သူပြောတာ"

"ဟင်"

ကိုယ့်ဖက်က စစ်ကူရမလား ပြောကြည့်ပါတယ်။ မေပို့တို့က လန်းဆန်းရဲ့ဘက်တော်သား။ ပြီးတော့ မကျေမနပ်နဲ့ လုလင်အား မျက်စောင်းထိုးကာ…

"နင်က သူ့အားနည်းချက်ကို သွားပြောတာကိုး"





တဲ့လေ။ လုလင်မှာ အနီးရှိသောလုံးကို ဗိတ်ကန်ပြီး မေပိုအား ရန်စောင်မယ်လုပ်တော့ အနားမှာ မေပိုကမရှိတော့။

"မေပို…နင်က ကိုယ့်မောင်ဘက်ကမပါဘဲနဲ့၊ နင်က"

လက်သီးလက်မောင်းတန်းပြီး ကျန်ခဲ့ရသောလုလင်မှာ ဒေါသတွေ ရင်ဘတ်ကြီးနဲ့အပြည့်။ လန်းဆန်းဟာ လုလင်အတွက်တော့ ခေါင်းကိုက်ပျောက်ဆေးမဟုတ်။ ဒေါသဖြစ်ဆေး။ ပေါက်ကွဲစေတတ်ခြင်းတို့ကြောင့် ဒင်းဟာ လုလင်အတွက် မလန်းဆန်းစေသောသူ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၆)

"အာ…သွားပြန်ပြီ ဒီကောင်ကွာ၊ ငါ ဆွဲထိုးမိတော့မယ်၊ ကဲ ကဲကွာ…ကဲ…ဟာ…ဟာ သေပြီပဲ၊ ကဲ…လာထား အောက်လမ်းကြောင်းကပြေး၊ ဟာ…ဟာ မရဘူး၊ သေတော့မှာပဲ၊ ရှစ်(ထ်)…ရှစ်(ထ်)ကွာ၊ မင်းတော်တော်ဆိုးနေပြီပဲ ကောင်လေး"

လန်းက ဘောပင်ကိုချပြီး နောက်ကိုခေါင်းငဲ့ကြည့်သည်။ ကုတ်ထောက်ရုံထားထားသည့် ဆံပင်ပျော့ဝဲဝဲလေးတွေကို နားရွက်နောက်ညှပ်ရင်း လှမ်းကြည့်တာက ချောလွန်းလို့ငေးတာမျိုးမဟုတ်။ စိတ်ပျက်ခြင်းများစွာနဲ့ပါ။ လုလင်ပုံစံက တမင်တကာလုပ်နေမှန်း အသိသာကြီး။ ဖုန်းထဲထည့်ထားသည့် ဂိမ်းကို ကစားနေတာ အဲဒီလောက်အထိ အသံတွေထွက်ဖို့လိုပါသလား။ အိမ်ထဲမှာလည်း သူ အဲဒီလို အော်ကြီးဟစ်ကျယ်တွေ လုပ်နေလို့ လန်း ခြံထဲဆင်း





ပြီး သချာတွက်သည်။ ခဏပဲ နားအေးလိုက်ပြီး အခု ဒင်းက လန်းနောက်က ဒန်းအဖြူပေါ် ရောက်လာပြန်ပြီ။

"ငါ သွားလေရာ နင်မလိုက်နဲ့ လုလင်"

လို့ ပြောချင်သည့်စကားက လျှာဖျားပေါ်ရောက်နေပြီ။ ပြောလည်းပြောခဲ့ဖူးပါသည်။ ထိုအခါ လုလင်က တမင်ညစ်တော့ ချည့်မျက်နှာနှင့်…

"အောင်မာ…နင်ကများ ဒါ ငါ့အိမ်၊ ငါသွားချင်တဲ့နေရာ သွားမယ်၊ ငါနေချင်တဲ့နေရာ နေမှာပေါ့၊ နင်သာ ငါနေမဲ့နေရာမှာ ကြိုမရှိစေနဲ့"

တဲ့လေ။ အပြောခံရသည့်လန်းမှာ ဒေါသကြောင့် ပူထူပြီး ချေပရန်စကားလုံးတွေ ရှားသွားတဲ့အထိ။ ပြောရင် ရမှ၊ ပြိုင်ရင်နိုင်မှ။ လုလင်ရဲ့အတွှေဟာ အဲဒီလောက်အထိကြီးမားတာက လန်းတစ်ဦးတည်းအတွက် ရည်ရွယ်သည်ဆိုလျှင်…

"ဟား…ဟား…ဟား…ဟား"

အတွေးထဲ မျောသွားသည့်လန်းမှာ ရုတ်တရက် အသံကျယ်ကြီးနဲ့ ရယ်တာကြောင့် ဆတ်ခနဲ တုန်သွားတဲ့အထိ လန့်သွားရသည်။ ဒီအတိုင်း ခေါင်းငုံ့ငြိမ်နေလို့ ဒီပြဿနာက အလိုလိုပြီးသွားနိုင်ဖွယ်ရာမရှိတာမို့ လန်းက လုလင်ဆီ လည်ပင်းလိမ်ကြည့်ရင်း

"လုလင်"

"ပြော"



www.burmeseclassic.com

www.burmeseclassic.com



ထူးပုံကိုက ဂုစ်တစ်တစ်နှင့်။ အကြည့်က လန်းထံ ရောက်မလာဘဲ ဖုန်းစတာရင်မေါ်မှာပဲရှိကာ ဂိမ်းကို စိတ်ဝင်တစားကြီးရှိနေဟန်နှင့်…

"ငါ ဒီမှာ သချာတွက်နေတယ်"

"အဲဒီတော့"

"နင့်အသံကြီးက"

"သေစမ်းကွာ…ကဲ ထပ်ရှုံးပြန်ပြီ၊ တစ်ပွဲ၊ ဟား…မှားပါတယ်၊ ဝါဒီတွေလာပွားနေတာကိုး"

အတိုအထောင်ဆံပင်တွေက ဂျဲ(လ်)အစွမ်းကြောင့် အမြဲထိုးထိုးထောင်ထောင်ရှိတာကိုပဲ လုလင်က အရှေ့ဆံပင်တစောင်းကိုဆွဲဖွသည်။ မြေကြီးကို ခြေထောက်ပြီး အရှိန်နှင့် လွှတ်ပစ်တော့ ဒန်းက ကြမ်းကြမ်းရမ်းရမ်း လွှဲခါသွားတာက သူရှုံးသွားတာပဲ လန်းကြောင့်လိုလို။ မကျေမနပ်နှင့် ဂိမ်းကိုပိတ်ပစ်ရင်း…

"ဘာလဲ…ဘာဖြစ်လဲ"

"ငါ သချာတွက်လို့မရဘူး"

ငယ်ငယ်တုံးကလို စိတ်မျိုးနဲ့ဆို နပန်းတွေဘာတွေ ဖက်လုံးပစ်မိမလားပင်။ အခုတော့ အရွယ်တွေက မငယ်တော့တဲ့အပြင် ခွန်းကြီးခွန်းငယ် ဖြစ်လျှင် အရင်စိတ်ဆင်းရဲရမှာ ဒီဒီ။ ထောက်ထားငဲ့ညှာစရာတွေကြောင့် ဒေါသကိုထိန်းရပေမဲ့ လန်းရဲ့နှုတ်ထွက်စကားတွေက အေးခဲစွာ ပြေပြစ်ခြင်းမရှိတော့။ လုလင်ကလည်း ရောင်းသူ





ဝယ်သူ အသံတူပင်။ ကုတ်ထောက်ဆံပင်ဝဲဝဲလေးတွေကို နားရွက်နောက် ညှပ်ထားသဖြင့် ဒေါသကြောင့် မီးတောက်နေသောမျက်ဝန်း။ စကားများတွေ တစ်စင်းပြီးတစ်စင်း ထွက်လာဖွယ်ရာရှိသည့် တင်းတင်းစေ့ထားသော ပန်းနုရောင်နှုတ်ခမ်းတွေကိုစိုက်ကြည့်ရင်းက မခိုးမခန့်ရယ်မိသည်။ ပြီးမှ ပခုံးနှစ်ဖက်စုံတွန့်ပြရင်း…

"အဲဒီတော့"

"နင့်အသံကိုလျှော့"

"မရဘူး"

"ဟ…နင် လူလိုနားလည်လေ၊ ငါက အပျော်ဆော့နေတာမဟုတ်ဘူး၊ စာကျက်နေတာ"

လန်းက မျက်လုံးပြူးပြီး ပေါင်ပေါ်လက်သီးနှစ်ဖက်ဆုပ်ကာ အသံကျိတ်ကျိတ်နှင့် အော်သည်။ လုလင်ကလည်း ဒန်းကိုအရှိန်မပျက်လွှဲရင်းက…

"နင်လည်း လူနားခံသာအောင်ပြောလေ၊ အမိန့်တွေရာဇသံတွေ လာလုပ်မနေနဲ့၊ ဒီမှာ ငါလည်း အပျော်ဆော့နေတာမဟုတ်ဘူး၊ ဒါ ပြိုင်ပွဲဝင်ဖို့ လေ့ကျင့်နေတာ"

"နင့်ဟာနင် လေ့ကျင့်ကျင့်မကျင့်ကျင့် ငါစိတ်မဝင်စားဘူး၊ နင့်အသံကို လျှော့ဖို့ပြောတာ"

"မလျှော့ဘူးလို့ပြောပြီးပြီပဲ၊ နင်တွက်မရရင် ကလေးဘုန်း



www.burmeseclassic.com

www.burmeseclassic.com



ကဲလို အော်တွက်၊ ဒါပဲ''

ပြောပြီးတာနှင့် လုလင်က ဂိမ်းကို ပြန်ဖွင့်သည်။ ကိုယ်က အကြည့်လွှဲပေမဲ့ လန်းက အမုန်းမီးတလှုံလှုံနဲ့ စိုက်ကြည့်နေမယ်ဆိုတာ သိသည်။ မျက်ဝန်းထောင့်မှလည်း မြင်နေရသည်။ လုလင်က ပြုံးချင်သည့် နှုတ်ခမ်းကို တင်းနေအောင်ဆွဲစေ့ရင်း နေပေါ့လို့ စိတ်ထဲကတွေးသည်။

''လူပါးကိုဝတယ်…ဟွန်း''

စိုက်ကြည့်ကာ အားပါးတရဝေဖန်သမျှကို လုလင်က ဥပေက္ခာပြုထားလိုက်သည်။ လန်းက ဆံပင်တွေဝဲသွားအောင် မျက်နှာကို တစ်ဖက်ပြန်လှည့်ရင်း သချ်ာဆက်တွက်ရန်ပြင်သည်။ ဒင်းကို ဆက်ပြောနေမဲ့အစား အနီရောင်ဝမ်းဆက်ဝတ်ပြီး ကျဲရှေ့သာ လမ်းသလားပြချင်တော့သည်။ စိတ်ပျက်စွာ ဒင်းထံကထွက်လာသောအသံတွေကို မကြားချင်ယောင်ဆောင်ကာ ပုစ္ဆာဆက်တွက်မယ်လုပ်တော့ ဘောပင်(လ်)က ရေးမရတော့။

''အာ…ဘာလဲကွာ ဒါ မှင်ကုန်သွားတာလား''

နေရောင်အောက် ဘောပင်ကို ထောင်ကြည့်ပြီးမှ ဒေါသနှင့် အဝေးကို လွှင့်ပစ်လိုက်မိသည်။

''ကျစ်…အနှောင့်အယှက်က တစ်မျိုးပြီးတစ်မျိုး ဝင်နေတာပဲ''

တစ်ယောက်တည်း နှုတ်ခမ်းတွေ လုံးနေအောင် ရေရွတ်





ပြီးမှ…

''အသိန်း…အသိန်း''

''လာပြီ…လန်းရေ၊ လာပြီ''

''ထီးပါတစ်ခါကြည်းယူခဲ့၊ လမ်းထိပ်ဆိုင်မှာ ဘောပင်(န်) အကြမ်းသွားဝယ်ပေးပါဦး၊ ဒီမှာ လန်း သချ်ာတွက်ရင်းကုန်သွားလို့''

''အေး…အေး ဝယ်ပေးမယ် လန်း''

အနားရောက်လာသော လန်းတို့ လက်တိုလက်တောင်းခိုင်းသည့် အသိန်းအား ပိုက်ဆံလှမ်းပေးရင်း…

''ငါးချောင်းလောက်ဝယ်လာခဲ့ သိလား အသိန်း၊ မြန်မြန်လေးနော်''

''အေးပါ…လန်းရဲ့''

အပြေးတစ်ပိုင်းနှင့် အသိန်းက လုလင်ရှေ့က ထွက်သွားတာကို သူက လိုက်ကြည့်နေပြီးမှ အသိန်းနောက်သို့ ဖျတ်ခနဲ ထလိုက်ခဲ့သည်။ သူက ခြေလှမ်းကျဲကြီးတွေနဲ့မို့ ခြံဝနားမရောက်ခင် အသိန်းကိုမီ၏။

''အသိန်း''

''အဲ…ပလုတ်တုတ်''

ယောင်အော်ပြီး လှည့်ကြည့်တော့မှ သူ့အား မြင်သွားသော အသိန်းမှာ ချက်ချင်း အလန့်တကြားရပ်ပေါက်သွား၏။ မသိန့်လို့



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်။ ဒီအိမ်မှာ ဘဘကြီးထက် အသိန်းတို့က လုလင်ကို ပိုကြောက်ရပါသည်။ စိတ်ထဲမထင်လျှင်မထင်သလို အသိန်းကို မီးဖိုချောင်ထဲဝင်လာပြီး ဆိုပူအိုးထဲရေတောက်ထည့်တာတို့၊ ပဲငံပြာရည်ပုလင်းထဲ ငံပြာရည်တွေ ပြောင်းထည့်တာတို့နဲ့ ကမောက်ကမ အလုပ်တတ်ဆုံးလူက အစ်ကိုလေး။ ခေါ်ပုံကိုကမတူ။ မေပျိုနှင့် လန်းကို ဒီတိုင်းခေါ်ရဲပြီး သူ့ကျမှ တစ်မျိုးပြောင်းခေါ်ရသည်။ မခေါ်၍မဖြစ်။ သူ မကျေနပ်လျှင် လေ့ကားကပြေးအဆင်း ခြေထိုးခံတာတို့၊ ဝရန်တာပေါ်ကနေ ခေါင်းပေါ်ရေလောင်းချတာတို့ အလုပ်ခံရမည်လေ။

"အစ်…အစ်ကိုလေး အသိန်း ဘာလုပ်ပေးရမလဲ"

"အဲဒီပိုက်ဆံ ငါ့ကိုပေး"

"အယ်…အဲဒါက လန်းက"

"လျှာမရှည်နဲ့…ငါသိတယ်၊ နားရင်းဖြတ်အုပ်ထည့်လိုက်မယ်"

အပြောတင်မဟုတ်။ မျက်နှာနား လက်ကတရွယ်ရွယ်မို့ အသိန်းလက်ထဲက ပိုက်ဆံမှာ လုလင်လက်ထဲ နအော်တိုမစ်တစ် ရောက်သွား၏။

"ငါ့အခန်းထဲမှာ လန်းဆန်းဝယ်နိုင်းတဲ့ ဘောပင်(လ်)ရှိတယ်၊ ငါးချောင်းယူသွားပေးလိုက်"

"ဟုတ်…အစ်ကိုလေး"

"နေဦး"





လျှပ်စီးလက်တဲ့အတိုင်း သူ့ရှေ့က ထွက်ပြေးဟန်ပြင်နေတဲ့ အသိန်းရဲ့ တိုနံ့နံ့ကျစ်ဆံမြီးအား လှမ်းဆွဲထားရင်း…

"ငါ့ဆီကဝယ်တယ်လို့မပြောနဲ့ ကြားလား၊ ငါက အပိုဝင်ငွေရှာတာ"

"ဟုတ်…ဟုတ်ကဲ့ အစ်ကိုလေး"

ဆံပင်အဆွဲခံထားရ၍ ခေါင်းကြီးလန်နေသည့်ကြားမှ အသိန်းက မရရအောင် ခေါင်းညိတ်ပြသည်။ ဒီတော့မှ လုလင်က လွှတ်ပေးလိုက်ရင်း…

"အေး…ငါ့ဆီကလို့ နင်ပြောရင်တော့ ငါနဲ့တွေ့မယ်၊ ကြားလား"

"ဟုတ်…အစ်ကိုလေး"

"သွားတော့"

"ဟုတ်"

ဟုတ်ကဲ့ကို ပြည့်စုံအောင် မပြောတော့ဘဲ ပြေးသွားတာများ တကယ့်ချန်ပီယံအတိုင်း။ မျက်စိတဆုံးလိုက်ကြည့်ရင်း လုလင်က ဟက်ခနဲရယ်မိသည်။

"အလကား…ကော်တရာကပ်စေးနဲ"

လို့ ရေရွတ်မိ၏။

"ဒါ…ကပ်စေးနဲတာမဟုတ်ဘူး မေပျိုရဲ့၊ ဒီဒီက နင်တို့နဲ့ တန်းတူအခွင့်အရေးပေးထားတယ်ဆိုပေမဲ့ ပေးတိုင်းယူလို့ မကောင်းတာ၊ နင်တို့က ဒီဒီ့သားသမီးအရင်း"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်…နင်လည်း ဒီဒီသမီးပဲကို လုပ်မနေစမ်းပါနဲ့၊ အကြမ်းတွက်တာ ဗလာစာအုပ်မှာပဲ တွက်စမ်းပါ၊ အဲဒီပြက္ခဒိန်တွေ လှန်ပစ်လိုက်"

"သြော်…ဒီမှာ တစ်ဖက်လွတ်တွေအများကြီးကို၊ မနှမြောပေမဲ့ မကုန်သင့်တာမကုန်အောင်၊ ပြီးတော့ တန်ဖိုးထားရာကျအောင် စာရွက်တစ်ရွက်ဖြစ်ဖို့ ဝါးပင်တွေ စတေးရတာပဲ၊ ဒါကို ငါတို့ မဖြုန်းတီးသင့်ဘူး"

လန်းဆန်းရဲ့ ဆွယ်တရားကြောင့် မေဖျိုတောင် ပြက္ခဒိန်တွေ မလှန့်ပစ်ဘဲ တစ်ဖက်လွတ်တွေမှာ သင်္ချာတွက်တဲ့အထိ။

"ဘောပင်(န်)ဆိုလည်း ခွဲထားရမှာ၊ ကျောင်းသုံးနဲ့ အကြမ်းဆိုပြီး"

ဘာဘာညာညာနဲ့ စိစစ်ပြတော့ မေဖျိုတို့က ခေါင်းညိတ်ပြီးသား။ ဒီဒီက သိတတ်လိမ္မာသော ထိုမိန်းကလေးနှစ်ယောက်အား အမှတ်တွေပေးပြီး ချီးမွမ်းတော့ လုလင်က အလိုလိုနေရင်း အမှတ်လျော့သွားခဲ့လျှင်။

"လူမသိသူမသိအောင် နင် ဖြည့်ဆည်းလိုက်ပြန်ပြီလား"

အသံထွက်လာရာသို့ ခေါင်းလှည့်ကြည့်တော့ တစ်ဖက်ခြံစည်းရိုးနားမှာ အနီရဲဝတ်စုံနဲ့ မယောသီ။ လုလင်က ပိုက်ဆံငါးရာတန်ကို မြင်သာအောင်ထောင်ပြပြီး ဆောင်းဘီအိတ်ထဲ ထည့်သံည်။ ထိုနေရာက ထွက်ခွာရန် ခြေလှမ်းပြင်တော့…

"နေပါဦး"





မယောသီက အလျင်စလိုလှမ်းခေါ်၏။ မကြည့်တော့ဘဲ ရောက်ရာနေရာမှာ ခြေစုံရပ်ထားတာက မယောသီ့ကို ကျောခိုင်းရက်အနေအထားနှင့်။ မနေနိုင်သောသူကပဲ လုလင်ရှေ့ရောက်လာရတာမျိုး။ ပုဏ္ဏရိပ်ပင်စည်းရိုးကို ဖြတ်ကျော်ရင်း မယောသီက သူ့ရှေ့လာရပ်သည်။

"နင့်ကို နားမလည်တော့ဘူး"

"ဘာကိုလဲ"

"ဟိုနေ့က အောင်ဖြိုးက လန်းကို စာညှပ်ထည့်ထားတဲ့ စာအုပ်ပြန်ပေးတော့ နင်တမင်ဝင်တိုက်တာမဟုတ်လား၊ စာအုပ်ပြုတ်ကျသွားတော့ ရှည်းစားစာကို လန်းမြင်အောင်လို့လေ"

"ဘာတွေလာပြောနေတာလဲ"

ဆံပင်တွေကို ဖြစ်သလိုထိုးဖွရင်း လုလင်မေးပုံက အရေးပေါ်သလို။ မသိတော့သလို။

"ငါမြင်တာကို ပြောနေတာ"

မယောသီက သူ့ရှေ့မှာလက်ပိုက်ပြီး မေးဖျားပင့်ပြောပုံက ဘာကယ့်အပိုင်အနိုင်ကြီး တတ်သိနေသလိုမျိုး။

"နင်မြင်တိုင်း အမှန်မဟုတ်ဘူး"

"ငါက အမှန်ကိုသိနေတယ်ဆိုရင်ရော၊ ဟွန်း…အပေါ်ယံရုပ်ဖြစ်နေရတာကိုပဲ နင်ပျော်နေတာလား လုလင်"

"အဟွန်း"

လုလင်က ပခုံးဘွန့်ရယ်ရင်း…



www.burmeseclassic.com

www.burmeseclassic.com



"နင်ပဲပြောတတ်တယ်နော် အထူးအဆန်းတွေ၊ ရန့်ဖြစ်ရင် ပျော်သတဲ့၊ မှတ်သားလောက်ပါတယ်"

မဲ့ရွဲ့ပြောတာက ကဲ့ရဲ့တာလား။ လှောင်ပြောင်တာလား မဟောသီမသိ။ ဒါပေမဲ့ လန်းကို ကွယ်ရာမှာ ဥပေက္ခာမထားတတ်တဲ့ လုလင်အကြောင်း သူမသိနေခဲ့သည်ဆိုလျှင် မဟောသီက သူမဘေးမှထွက်သွားရန် ခြေလှမ်းပြင်နေသော လုလင်အင်္ကျီစကို အမိအရလှမ်းဆွဲရင်း…

"လုလင်…ငါ့ဒက်ဒီဝယ်ပေးထားတဲ့ဆိုင်ကယ်လေး ရောက်နေပြီသိလား၊ နင်ပဲ အစီးသင်ပေးမယ်ဆို၊ အခုသင်ရအောင်လေ"

ကိုင်ထားသောလက်ကို လုလင်က ဖယ်ချရင်း…

"ငါ စိတ်မပါသေးဘူး"

တဲ့။ ကျောခိုင်းသွားတဲ့ လုလင်ကို လိုက်ကြည့်ရင်း မကျေမနပ်နှင့် မဟောသီ ခြေဆောင့်ပစ်လိုက်သည်။ မကျေနပ်ခြင်းများစွာနှင့်သာ ခုန်ပေါက်ပစ်ရင်း ဒီကမ္ဘာမြေကြီး ပေါက်တတ်ရဲ့ သွားမလားမသိ။ လန်းရှေ့တင် ဟိုတစ်နေ့ကပြောတော့ သင်ပေးမည် ဆိုပြီး ကတိတွေဘာတွေပေးပြီးမှ…

ဟွန်း…အဲဒီနှစ်ယောက်ဟာလေ တကယ့်ကို မတည့်အတူ နေ။

• • •



## အခန်း (၇)

"နာမည်ကိုက ကြည့်ပါလား မဟောသီတဲ့"

"ဘာဖြစ်သလဲသမီးရယ်၊ သမီးကိုတောင် ဒက်ဒီက မေမို့ ပေးခဲ့တာပဲလေ"

"မေမို့နာမည်က အဓိပ္ပာယ်ရှိတယ်လေ၊ မေဆိုတာ အလေးကို ကိုယ်စားပြုတာ၊ မို့ဆိုတာ မို့မြစ်နုနယ်ခြင်းလေ၊ ဆန်းဆိုရင်ရော နာမည်ကြားရုံနဲ့ သူပါလန်းဆန်းသွားမှာ"

စကားဝိုင်းထဲ ကိုယ့်အမည်ပါလာပြီမို့ လန်းက ဘိုင်အို ရင်း မျက်လွှာပင့်ကြည့်သည်။ မေမို့ဟာ တခြားနေရာတွေမှာ ါသည်နှင့်လိုက်အောင် အသားအရေဆိုလည်း ဖြူဖျော့ဖျော့။ လည်း တိုးဖျော့ဖျော့နှင့် သိမ်မွေ့သလောက် မဟောသီနဲ့ သက်လာလျှင် အလိုလိုတင်းမာလာစမြဲ။ အခုလည်း အနီရောင်



www.burmeseclassic.com

လွှမ်းသော ပါးပြင်နှင့် အရှောင်ဖျော့နှုတ်ခမ်းပါးတွေ တရစပ် လှုပ်ရှားနေပုံက ဒေါသဆိပ်သင့်နေသည့်အတိုင်း။ ဒီဒီကတော့ သူမတို့ရဲ့ လေးထောင့်စားပွဲကြီး တစ်ဖက်ထိပ်၌ထိုင်ကာ မေ ပြောသမျှကို ပြုံး၍နားထောင်နေဆဲ။ ဒီဒီ့ဆုံးဖြတ်ချက်က ခြံချင် ကပ်ရက် အတန်းချင်းအတူတူအပြင် မိဘချင်းလည်း သိကျွမ်းပြ သား မယောသီအား လန်းတို့နှင့်အတူ စာသင်ဝိုင်းတက်စေချင်သည်

"လူများတော့ အဖော်လည်းရတယ်၊ စာသင်ရတာလည် မပျင်းတော့ဘူးပေါ့၊ မယောသီကိုယ်တိုင်ကလည်း အဲဒီလိုသင်တ ပိုသဘောကျတယ်နဲ့တူတယ် သမီးရဲ့၊ သူကိုယ်တိုင် ဒက်ဒီ့ လာခွင့်တောင်းတာ"

"ဟွန်း…သဘောကျမှာပေါ့"

မဲ့ရွဲ့ကာ မေပို့က စကားတို့ကိုဆက်ရန် လမ်းကြောင်း သည်။ ဒါကိုရိပ်မိသော လန်းကလည်း…

"တက်ပါစေ ဒီဒီ"

"ဟော…လန်းကတောင် သဘောတူနေပြီ"

"တူမှာပေါ့၊ သူက အကြောင်းစုံမသိဘူး"

မျက်စောင်းလှမ်းချိတ်ရင်း မေပို့က လန်းလက်ဖမိုး လှမ်းဆုပ်ကိုင်ထားပုံက ဘာမှထပ်မပြောရန် ဟန့်တားလိုက်သ

"မယောသီက ဒီမှာတက်ချင်မှာပေါ့ ဒက်ဒီရဲ့၊ သူ လုလင်ကို ကျိတ်ပိုးနေတာ"





"ဟော"

"မေပို့"

တအံ့တသြဖြစ်သွားတဲ့ ဒက်ဒီ့ကိုရော၊ အထိတ်တလန့် ားမြစ်ချင်တဲ့ လန်းကိုပါ မေပို့က ဥပေက္ခာပြုရင်း ပြောလက်စ တားကို ဆက်သည်။ အခြေအနေမှန်ကို ဒက်ဒီသိသွားရန် အရေး ကြီးဆုံး။

"ဟုတ်တယ် ဒက်ဒီ၊ ပြီးတော့ မယောသီလာတက်ရင် ူနဲ့လုလင်က တစ်ဖွဲ့ဖြစ်သွားပြီး လန်းကို"

"မေပို့ရယ်…တော်ပါတော့၊ ဒီဒီ နားပါစေ၊ ငါတို့ ိုင်အိုကျက်ရအောင်၊ ဆရာလာရင်မေးမှာ"

လန်းက စကားလမ်းကြောင်းပြောင်းပစ်သည်။ ဦးကံ ောင်းကလည်း ဒါကိုရိပ်မိသည်။ ကျောလယ်ခန့်ဆံပင်အရှည်နှင့် မပို့ဟာ ကလေးဘဝ လန်းကို စတွေ့ကတည်းက လန်းမှလန်း။ န်းဆန်းရဲ့ဘက်တော်သားလုံးလုံး ဖြစ်သွားရတဲ့အကြောင်းရင်းက ူကိုချစ်၍ပါတဲ့။

"ဒက်ဒီ့ကို လန်းသာကယ်မထားခဲ့ရင် ဒီအချိန်မှာ မေပို့ ်အောင်နမ ဘယ်လိုရပ်တည်ကြမလဲ၊ ဘယ်လောက်အားငယ်ကြ ဲ၊ အဲဒီလို တစ်ခါတွေးမိတိုင်း လန်းကို တစ်ခါကျေးဇူးတင် ယ်၊ ပြီးတော့ လန်းက မေပို့တို့မိသားစုရဲ့ ကျေးဇူးအပေါ် ူင်အရေးယူတတ်တဲ့စိတ် မရှိဘူးဒက်ဒီ၊ လန်းမှာ သူ့အားသူကိုး



www.burmeseclassic.com

www.burmeseclassic.com



ချင်တဲ့ မာနစိတ်ရှိတယ်''

အစရှိသဖြင့် လန်းအကြောင်းကို တချွဲတနွဲ့ ချီးကျူးတယ်ပေမဲ့ လုလင်ကတော့ ဒီလိုမဟုတ်။ ခြေတွေလက်တွေ စုံအောင် ရင်း...

''သွားစမ်းပါ၊ ရာဝင်အိုးလောက်ရှိတဲ့ မာနတွေ ရှက်လွှထားတာ၊ သေချာတယ် တစ်နေ့ကျရင် မနိုင်ဝန်ပိပြီး ဒင်း ရှေ့ကသေမှာ ဒီဒီ''

တဲ့လေ။ ဒီကလေးသုံးယောက်ကြားမှာ ဘယ်လိုမညာ ညာတဲ့ ဆက်ထုံးတွေရှိမှာလဲ ထုတ်မမေးဘဲ သိနေပေမဲ့ သိသ ကို ငြိမ်းချမ်းသွားအောင် မလုပ်ပေးနိုင်ခဲ့တာ သူ့အမှားလာ ဦးကံကောင်းက ကုတ်ထောက်ဆံဝင်အုပ်အုပ်ကလေးတွေနှင့် လ အား လှမ်းကြည့်ရင်း သက်ပြင်းကို လှိုက်လှိုက်ဖွာရှိုက်သည်။ တာ ကျေခြင်း အမျိုးအစား ဘယ်နှစ်မျိုးရှိသလဲ။ သေချာသူ့ဖ လန်းအပေါ် ရုပ်ဝတ္ထုပြည့်စုံစွာ ဖြည့်ဆည်းပေးထားရုံနဲ့ က တစ်ယောက်ရဲ့ဘဝကို ကယ်တင်ခြင်းမည်ရဲ့လား။ လန်းရဲ့စိတ် ယွင်းခြင်းတွေကို သူ ဖြည့်ဆည်းရန်က...

''ပြောပါဦး...မေပို့၊ ဒက်ဒီက တစ်နေ့တစ်နေ့ ရုံးနဲ့အိမ် ရှုပ်နေတာ၊ ဒီကြားထဲ ခရီးထွက်ရတဲ့လတွေကများတော့ အိမ် ရေးနဲ့ အဆက်အသွယ်ပြတ်နေတာ''

''အထွေအထူးပြောစရာ မေပို့မှာမရှိပါဘူး ဒီဒီ''





လန်းက အမြဲအဲဒီလိုလှုစား။ လုလင်နဲ့ ဘယ်လောက် ဖြသနာတွေဖြစ်ဖြစ် သည်းမခံနိုင်လျှင် တုံ့ပြန်ချေပမည်။ ဒက်ဒီ အား မျက်ရည်လည်ရွှဲနှင့် တိုင်တာတ်သူမဟုတ်။ မေပို့နှင့်တော့ အဲဒါတွေကွာသည်။ မေပို့တို့က ထစ်ခနဲရှိ မျက်ရည်ဝဲချင်ပြီ။ ရှိတော့သော မာမီအား တမ်းတချင်သည်။ အနည်းဆုံးတော့ ယ်ကတည်းက ထိန်းလာသည့်မားနီရင်ခွင်ထဲ ပြေးငိုရမှ။ အခု သည်း မေပို့ကဖော်ကောင်း။

''ရှိပါတယ်၊ မဟောသီကို ဒီဝိုင်းထဲဆွဲသွင်းရင် လန်းပဲ ဒုက္ခရောက်မှာ ဒက်ဒီ၊ သူတို့က နှစ်ယောက်ပေါင်းပြီး သိပ်အနိုင် ကျင့်တာ၊ ဒက်ဒီ့သားက ပိုဆိုးတယ်၊ သိပြီးသားပုစ္ဆာတွေလည်း သိဟန်ဆောင်ပြီး လန်းကို ရှင်းပြခိုင်းရတာနဲ့၊ စာကူးခိုင်းရတာနဲ့၊ အတ်ဆေးရေးခိုင်းရတာနဲ့၊ သူတို့လာပြီဆို လန်းမှာ သူ့စာသူမလုပ် ရဘူး၊ သူတို့ဝေယျာဝစ္စနဲ့ပြီးနေတာ''

''လုလင် ဇော်တော်ဆိုးနေပါလား''

ဦးကံကောင်းက ဒါပဲရေရွတ်နိုင်သည်။ ကိုယ့်သား အကြောင်း ကိုယ်အသိဆုံး။ ဟိုတစ်နေ့ကတင် လန်းနဲ့အဆင်ပြေ သားမေးတော့ ရယ်ကျဲကျဲနှင့်...

''ရာသီဥတုတောင် အမြဲတမ်း ပုံသေရှိတာမှမဟုတ်တာ ဒီလိုပါပဲ၊ ဘယ်အရာမှ ကြာရှည်မမြဲဘူး''

တဲ့။ တရားကျသလိုလို၊ တရားပြသလိုလိုနဲ့ ဖြေပုံကိုက



www.burmeseclassic.com

www.burmeseclassic.com



"လုလင်ကိုခေါ် ဒီဒီ၊ ဒီပြဿနာကိုအခုရှင်းမှ၊ အခန်းထဲမှာရှိတယ်မဟုတ်လား အသိန်း"

"မခေါ်နဲ့တော့ ဒီဒီ၊ လုလင်မရှိဘူး"

"ခဏနေရင်ပဲ ဆရာလာတော့မှာကို၊ ဆရာကိုမစောင့်ဘဲ ဒီကောင် ဘယ်တွေသွားနေတာလဲ"

လန်းကိုမေးရင်း အကြည့်က မေပျို့ထံရောက်သည်။ မေပျို့က ဖခင်အကြည့်ကို ရင်မဆိုင်ရဲဘဲ ဇက်ပုကာမျက်လွှာချရင်း…

"မေပျို့မသိဘူး ဒက်ဒီ၊ ဒက်ဒီ့သားက မေပျို့ပြောရင် ဂျက်စတင်ဘီဘာခေတ်ပုံတွေ မီးရှို့ပစ်မှာတဲ့"

"ဂျက်စတင်ဘီဘာ"

မသိလို့ရေရွတ်တာမဟုတ်။ ကမ္ဘာကျော် အသက်အငယ်ဆုံး ပေါ့(ပ်)အဆိုတော်အား ဦးကံကောင်းသိသည်။ ထိုအဆိုတော်အား သမီးဖြစ်သူ မေပျို့ အရူးအမူးစွဲလမ်းတာလည်း သိသည်။

"လန်း ပြောပြပါ့မယ် ဒီဒီ၊ သူ့ကို မပေးသိခေါ်သွားတာ"

ဦးကံကောင်းရဲ့ မျက်ခုံးနှစ်ဖက်က ဆတ်ခနဲ ပင့်တက်သွားသည်။ တာဝန်ရှိသည်ဟု ယူဆထားသော လန်းကတော့ အခြေအနေမှန်ကို တင်ပြရန် စီစဉ်ပြီးသား။ တစ်ကြိမ်နှစ်ကြိမ်မကတော့ဘဲ လုလင်က စာသင်ချိန်တွေ လွှတ်လှပြီ။ စာမေးပွဲကနီးလာပြီ။ လုလင်အပေါ် မေတ္တာရှိလွန်း၍မဟုတ်ပေမဲ့ အစစအရာရာ ဖြည့်ဆည်းပေးနေသော ဒီဒီ့ကြောင့် လုလင် မိုက်လုံးကြီးသမျှ သူမလက်ပိုက်ကြည့်မနေနိုင်။





"စာမသင်ချင်ရင် ရှောင်ထွက်သွားပြီဒီဒီ၊ တစ်အိမ်လုံးကို သူလှည့်ခြိမ်းခြောက်ထားတော့ ဒီဒီ့ကို ဘယ်သူ့မှ မပြောပြရဲဘူး၊ သူက ပြောရင်ပြောတဲ့အတိုင်း လုပ်တတ်တော့"

"သမီးကိုရော သူဘာမှမခြိမ်းခြောက်ထားဘူးလား"

ရယ်ချင်စိတ်ကို အစအနသိမ်းပြီး ဒီဒီမေးမှန်း လန်းသိသည်။ မြတ်တော်ဝင်မှာ လုလင်ကို ခေါင်းငုံ့မခံတာ လန်းတစ်ယောက်တည်းရှိသည်ဆိုလျှင် လန်းက ဆံပင်ဝဲဝဲလေးတွေကို နားရွက်နောက်ထိုးညှပ်ရင်း…

"လန်း…မကြောက်တတ်တာ သူသိတယ် ဒီဒီ"

ပြုံးပြုံးလေးဖြင့် ဖြေသည်။ ရင်ထဲမှာတော့ မကြာခင်ရောက်လာတော့မည့် အနာဂတ်ထံ ကြိမ်းဝါးသံတွေ ကြုံကြားယောင်တာက တိုက်ပွဲခေါ်သံလိုလို။

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"ရေလည်လန်းတယ်ကွာ၊ ကြည့်ရတာ မျက်စိထဲတင် မကဘူး ရင်ထဲအထိ အေးသွားတာပဲ"

"ရင်ထဲအေးတာ မင်းရင်ဘတ်တွေ ရေစိုထားလို့နေမှာ"

"အေးလေ…နွေနေပူမှာ လိမ္မော်ရောင်က မျက်စိအေးစရာ ကာလာမှမဟုတ်တာ"

အရောင်တွေဘာတွေ အတိအကျထုတ်ပြောမှတော့ ကိုယ့်ကိုပြောနေသည်ဆိုတာ လန်း သိသည်။ ထို့ကြောင့် ခြေလှမ်းကို မြန်မြန်မြှင့်ပစ်သည်။ အိမ်ကထွက်လာတုံးကတော့ ကိုယ့်အဝ နဲ့ကိုယ်မို့ အင်္ကျီအဝတ်အစားမလဲလာမိ။ လိမ္မော်ရောင်စွပ်ကျယ်နှင့် ခြေသလုံးတစ်ဝက်ခန့်ရှိမည့် အဖျားနားကြိုးစည်းဘောင်းဘီက အဖြူ ရောင်။ စိတ်ရှုပ်ပွပင်ရလျှင် မျက်ခုံးအထိထားထားတဲ့ ရှေ့ဆံပင်





တွေတောင် နဖူးပေါ်တင်ထားရဟာက တစ်ပါးသူအမြင်မှာ ကာလာဖူး ပြင်ဆင်ထားတယ်လို့ ထင်ချင်စရာ။ ဒီနေ့က သင်္ကြန် အတက်နေ့မို့ လမ်းထိပ်မဏ္ဍပ်ဟာ နေ့လယ်ခင်းအချိန်ကြီးမှာတောင် စည်ကားဆဲ။ သင်္ကြန်ဆို သောက်စားမူးယစ်ခွင့်ပါမစ် ကျထားသလို မဏ္ဍပ်နားရောက်ကတည်းက ချဉ်စုပ်စုပ်အရက်နံ့က လှူကိုမူးနောက် စေသည်။

"မင်းက ဒီအကြံနဲ့ ကားလည်တာကို မလိုက်တာလား မင်းထင်"

"ဒီကောင်က အကြံကြီးကြံနေတာ၊ သင်္ကြန်တွင်းတိုင်း ရေမထိတဲ့ မဒီလေးအတွက် ဦးဦးဖျားဖျား ရေလောင်းခွင့်"

"ဟား…ဟား ခေါင်းဖျားတော့ဘူး၊ ဒီနေ့အတက်နေ့ကွ"

"ဘာဖြစ်လဲ…သိကြားမင်းမတက်ခင်မှာ သူ့ကိုငါ ရေလောင်းလိုက်တယ်ဆိုတာ သိဖို့အဓိက"

စကားသံတွေနဲ့အတူ အရိပ်သုံးရိပ်က သူမနောက်ပါးမှာ။ လန်းက မပြေးရုံတမယ် ခြေလှမ်းကိုပိုမြှင့်သည်။ ရေစိုမှာမကြောက် ပေမဲ့ ရဲဆေးတင်ထားသည့် သူတို့နှုတ်ထွက်စကားတွေကို မကြား ဝံ့တာအမှန်။ အိမ်ကထွက်ခါနီး ဒီဒီစကား နားမထောင်မိတာလည်း အခုမှ နောင်တရလာသည်။

"အသိန်းကို အဖော်ခေါ်သွားသမီး၊ ဒါမှမဟုတ် ခေါင်းနီ ဝဲ ဝယ်နိုင်း၊ လမ်းထိပ်မဏ္ဍပ်မှာ လူစုံတယ်၊ သမီးမထွက်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



လို့ပြောတုံးက နားမထောင်မိခဲ့တာ ကိုယ့်အပြစ်နဲ့ကိုယ်။

"နေပါစေ ဒီဒီ၊ မာနီက မေမို့ကို အဝတ်အစားလဲပေးရဦးမှာ၊ အသိန်းက လက်တိုလက်တောင်းခိုင်းရအောင် ထားခဲ့တော့မယ်၊ ဆယ့်နှစ်နာရီကျော်နေပြီပဲဟာ ရေပက်တော့မယ်မထင်ပါဘူး၊ လမ်းထိပ်ဆေးဆိုင်ဖွင့်တာပဲ လန်း သွားဝယ်လိုက်မယ်"

ငွေမှင်ရောင် ထီးအကြီးကြီးဆွဲထွက်တော့ ဒီဒီလည်း မတားရှာတော့။ အိမ်ထဲမှာလည်း ရောဂါသည်းနေသူက ရှိနေသည်။ စာမေးပွဲဖြေရန်တစ်လျှောက်လုံး စိတ်ပင်ပန်းလူပင်ပန်းခံသည့်ဒဏ်ကြောင့် စာမေးပွဲပြီးတာနှင့် မေမို့မှာ ဗုန်းဗုန်းလဲတော့သည်။ သောက်နေကျဆေးတွေကို တိုက်ပေမဲ့ ပြန်ထူထောင်လိုက်၊ အနေအစားနည်းနည်းများတာနဲ့ ရောဂါက ပြန်ဖြစ်လိုက်နှင့် ဒီသကြင်္ဘန်တွင်းမှာတော့ နာလန်ထလာသည်ရယ်လို့မှမရှိဘဲ။

"နဂိုကတည်းက မွေးရာပါနှလုံးရောဂါရှိတော့ သူက အပင်ပန်းခံလို့မရတဲ့သဘောရှိတယ်၊ ဒီကြားထဲ စာမေးပွဲဆိုတာကြီးက ဖိစီးလိုက်တော့ သူ့မှာ ခံနိုင်ရည်မရှိတဲ့အခြေအနေမှာ အလစ်ချောင်းနေတဲ့ ရောဂါတွေက ဝင်လာတာမျိုးပါ၊ ဆေးပြောင်းပြီး တိုက်ကြည့်တာပေါ့၊ အဓိကကတော့ သူ့အတွက် သက်တောင့်သက်သာဘဝတစ်ခု ဖန်တီးပေးဖို့လေ၊ သူတို့လို ဝေဒနာရှင်တွေက တခြားလူတွေနဲ့ ရင်ဘောင်တန်းအလုပ်မလုပ်နိုင်တာ အမှန်ပဲ"

မိသားစုဆရာဝန်က ပြောပြီး ဆေးပြောင်းရန် အကြံပေး





သည်။ သူညွှန်ကြားသောဆေး မှန်မမှန် တစ်ခါတည်းကြည့်သွားရန် လိုအပ်သည်ဆိုတော့ ဆေးဝယ်ရန်တာဝန်က လန်းထံ အလိုလိုမြားဦးလှည့်လာ၏။ လန်းကတော့ မေမို့အတွက်ဆို ဘာမဆို မငြိုငြင်ခဲ့သည့် ထုံးစံအတိုင်း သကြင်္ဘန်တွင်း အပြင်မထွက်ဘူးဆိုသောကိုယ့်စည်းကမ်းဘောင်ကိုယ် ဖောက်ဖျက်ခဲ့သည်။

"အရေးအကြောင်းဆို အိမ်မှာအားကိုးစရာလူက မရှိ"

ဒီဒီ တဖွဖွရေရွတ်ခြင်းရဲ့ ရည်ရွယ်ခြင်းဟာ လုလင်ဖြစ်မှန်း လန်း သိပြီးသား။

"တစ်နှစ်မှတစ်ခါ၊ တစ်ခါမှလေးရက်ရယ်၊ လုလင်အိမ်မကပ်တာ အပြစ်မပြောနဲ့နော် ဒီဒီ၊ ဒါ လုလင်တို့အတွက် တရားဝင်ကဲမဲ့ပွဲ"

တဲ့။ သကြင်္ဘန်မရောက်ခင်ကတည်းက အဲဒီလိုကြေညာထားသူအား ဘယ်သူဘာပြောလို့ရပါမည်နည်း။

"ဟော့···ဖြည်းဖြည်းလျှောက်ပါကွ၊ ဒီမှာရေလောင်းမလို့"

ခွင့်တောင်းတာမမည်သော စကားသံနဲ့အတူ လည်ကုပ်စပ်ဆီမှ ကျောရိုးတစ်လျှောက် အေးခနဲ စိမ့်တက်သွားသည်။ ဆယ့်နှစ်နာရီကျော်ပြီ။ ရေလောင်းခွင့်ပိတ်ထားပေမဲ့ ဒီလိုလူတွေကို ဒီစကားပြောလို့ အသုံးဝင်မှာမဟုတ်မှန်း လန်း သိပြီးသား။ ရေလောင်းစဉ်ရော အလောင်းခံရစဉ်ရော ခြေလှမ်းကို ကျဲကျဲလှမ်း



www.burmeseclassic.com

www.burmeseclassic.com



တော့ လန်းရှေ့မှာ နှစ်ယောက်က ဝိတ်ရပ်သည်။ ထီးကိုပင့်ကိုင်ရင်း မော့ကြည့်သည့် လန်းမျက်ဝန်းတွေထဲက နေဆယ်စင်းထွက်နေမည်ဆိုတာ ကိုယ်တိုင်သိ၏။ မချိုမချဉ်မျက်နှာတွေက ဖြူးဖြဖြဖြင့် စိုက်ကြည့်ခံရတော့ ဒေါသက ပိုပြင်းလာကာ…

"ဘေးဖယ်လေ…ဒါဘာလုပ်တာလဲ"

"ခဏလေးပါ၊ ပေးစရာရှိလို့"

ရေလောင်းသူက နှစ်ယောက်ကြား ဝင်ရပ်ရင်း နီစပ်စပ်မျက်နှာမှာ အပြုံးတွေ ဖောဖောသီသီ တပ်ကာဝင်ပြောသည်။

"ကိုယ့်ရဲ့ရင်ဖွင့်စကားတွေကို ဒီ MP-3 ထဲမှာထည့်ထားတယ်၊ လက်ခံပေးပါ၊ အိုကေ"

"တောက်"

စိတ်ထဲဆူတက်လာသည့် ဒေါသတွေဟာ အရေပြားဆီထိတွေ့ပြီး ဖောက်ထွက်တော့မတတ်။ လက်တစ်ဖက်က ဆေးအိတ်။ တစ်ဖက်က ထီးအကြီးစားကိုင်ထားရ၍ လက်မအားတာကြောင့် ဒီကောင့်မျက်ခွက် သက်သာသွားတာကိုတွေးရင်း…

"လူလိုပြောရင် နားလည်နော်၊ ငါ ဘေးဖယ်လို့ပြောနေတယ်"

"ဖယ်စေချင်ရင် ဒါလေးယူ"

"အဲဒီနားမှာလဲသေလိုက်၊ ပေးတိုင်းယူတဲ့အစားထဲ ငါမပါဘူး"





"ယူပြီးနားထောင်ကြည့်ပါ၊ မင်းဟတ်(ထ်)ထိသွားမှာသေချာတယ်၊ နောက်မှာ ကိုကိုမင်းထင်ရယ်၊ ဒီစကားမျိုး အခါတစ်ရာလောက် ထပ်ကြားချင်ပါတယ်ဆိုရင်"

အရက်နီးဝေသောမျက်နှာနှင့် ကနွဲ့ကလျ လုပ်ပြောနေပုံကိုကြည့်ရင်း လန်းရင်ထဲ ဘယ်လိုမှ မထိန်းချုပ်နိုင်တော့။ နီးကပ်လွန်းသော အဲဒီမျက်နှာအား မုန်းတီးစွာကြည့်ရင်း…

"အေး…အဲဒီလိုတော့ မတောင်းဆိုဘူး၊ ငါတို့ပြန်မှာက ဒီလို ထွီ"

မျက်နှာတည့်တည့်အား တံတွေးဖြင့် ပက်ခနဲထွေးချပစ်သည်။

"ဟာ…မင်း"

ရှုတ်တရက် အငိုက်မိသွားသော ပခုံးတစ်ဖက်အား တွန်းထိုးပစ်တိုက်၍ ထွက်ခဲ့ပေမဲ့ ဝေးရာသို့ရောက်မသွားဘဲ နောက်မှ ဆောင့်ဆွဲခံလိုက်ရကာ…

"မင်း…မိုက်ရိုင်းလှချည်လား"

"ရိုင်းတော့ဘာဖြစ်လဲ၊ လွှတ်စမ်း ငါ့ကို နင်တို့အကုန်လုံး မူးယစ်ရမ်းကားမှုနဲ့ ထောင်ထဲရောက်ကုန်မယ်"

"အေး…ငါတို့ထောင်ထဲမရောက်ခင် နင်ဘာဖြစ်မလဲ တွေးကြည့်လိုက်၊ ဟေ့ကောင်တွေ ဆွဲစမ်း၊ ကောင်မ လူပါးဝလို့"

"လွှတ်…လွှတ်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်း အပြိုင်ဆွဲကြစတမ်းဆိုတော့ ယောကျ်ား ကြီးနှစ်ယောက်ရဲ့အားကို သူမ မယှဉ်သာ။ ပိုဆိုးတာက လက်နှစ် ဖက်စလုံး မအားသဖြင့် လူကထင်သလောက် အားမစိုက်နိုင်။ ထိုအခိုက် လမ်းကွေ့မှ ထွက်ပေါ်လာသော အရိပ်တစ်ခု။ လန်း ရင်ထဲ အားကိုးစိတ်က အုန်းခနဲ ပွင့်ထွက်သွားသည်။ လန်းတွေ့ရ သည့်သူကား သူမနှင့် မစိမ်းသောသူ။

"လုလင် ငါ့ကိုခေါ်ဦး၊ လုလင်"

ဝမ်းသာအားရ လှမ်းခေါ်သည်။ လုလင်ရော လန်းကို ဆွဲခေါ်နေသော ခြေလှမ်းတွေ တုံ့ခနဲရပ်သွားပြီးမှ…

"လုလင်"

"ဆောရီး"

နှုတ်ခမ်းလှုပ်ရုံ မဲ့ပြုံးတစ်ခုကို အားပါးတရပြုံးပြပြီးမှ လုလင်က ကျောခိုင်းသွားပြီး…

"ဟင်"

အံ့ဩစိတ်၊ ဝမ်းနည်းစိတ်က လူကို ရုတ်တရက် မြေမျို ခံလိုက်ရသလို အားအင်တွေဆုတ်ယုတ်ပြီး အကြောတွေ ဆိုင်းကျ တဲ့အထိ လူကမှင်သက်မိသွားသည်။ ကျောခိုင်းသွားသော ကျောပြင်ကို လည်ပြန်ငေးရင်း အငြိုးဖွဲ့ကြိမ်းဝါးသံက ပြန်ကြား ယောင်တာတောင် သာယာနာပျော်ဖွယ်မရှိ။

"နင် ငါ့ကို ဘာလို့အဝို့အထောင်လုပ်ရတာလဲ လန်းဆ

မိုး : မို : ၈၁၆ပ



ငါ ဟာငါ ဘယ်သူနဲ့သွားသွား၊ ဘာပဲလုပ်လုပ် နင် စွက်ဖက်စရာအကြောင်းမရှိဘူး"

"နင့်အကြောင်းကို စွက်ဖက်စရာမလိုဘူး၊ ဒီဒိုအပေါ် တာဝန်မကျေမှာစိုးလို့ ငါက အဆိပ်ပင်ကြီးထွားအောင် ပေါင်းသင် ရေလောင်းဖို့ ဝါသနာမပါဘူး၊ အဲဒါကြောင့်ပြောဖြစ်တာ ဘာဖြစ် သဲ၊ တခြားလူတွေလို ငါ့ကိုခြိမ်းခြောက်တာ၊ အကျပ်ကိုင်တာတွေ လုပ်ဖို့ စိတ်ကူးနေတုံးလား၊ ဒါပေမဲ့ နင့်အကြံမအောင်မြင်ဘူးပဲ မှတ်ပေါ့၊ ငါက စွဲလမ်းစိတ်၊ ကြောက်စိတ် မရှိဘူး"

"အေး…ပြီးတာပဲ၊ နင့်စကားနဲ့နင် နောက်မှဘွာမခတ် နဲ့"

အချေအတင်တွေ ဖြစ်ကြတုံးက သူနိုင်ကိုယ်နိုင် အပြိုင် ဆဲကြတာမှန်သည်။ ဒါပေမဲ့ တကယ်အရေးကြုံနေတဲ့အချိန်မှာ အခုလို မျက်နှာလွှဲသွားတာက ရက်စက်လွန်းရာကျမနေဘူးလား။

"ကဲ…အမိ ကယ်တင်ရှင်တွေ၊ အကူအညီတွေ မျှော်လင့်မနေနဲ့၊ ငါခေါ်ရာ အသာတကြည်လိုက်ပြီး ငြိမ်းချမ်းရေး ယူမယ်ပါ၊ မင်းဘဝအတွက် မက်မပြေတဲ့ အိပ်မက်တွေ ငါ ဖန်တီးပေးမှာပါ"

"လွှတ်စမ်း…နင်တို့မယုတ်မာနဲ့နော်"

"အထင်သေးလှချည်လား၊ ငါက ယုတ်မာပြီးရင် တာဝန်ယူမှာပါ၊ သားမှတ်မှတ်၊ မယားမှတ်မှတ် ပေါင်းဖို့"

မိုး : မို : ၈၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



"လွှတ်ဆို…လွှတ်"

လန်းက အားကုန်ရုန်းသည်။ ချုပ်ကိုင်ထားခြင်းတွေက ရုန်းလေ ပိုတင်းကြပ်လေ။ သူတို့ရဲ့ မှုမမှန်သော ဦးနှောက်တွေထဲမှာ အသိတရားရှိတော့ဟန်မတူ။ လန်းကို ဆွဲခေါ်တာက လူပြတ်လပ်သော ဆောက်လက်စ အဆောက်အဦးကြီးဆီ။ သီးသန့်ဆန်သော လှုနေရပ်ကွက်သည် လန်းရဲ့ ဟိုးနောက်ဘက်က တစ်ထက်တစ်စ ဝေး၍ကျန်ခဲ့ပြီ။ အားငယ်ခြင်း၊ ဝမ်းနည်းခြင်း၊ ယူကျုံးမရခြင်းတွေက လန်းထံ မျက်ရည်များအဖြစ် ရောက်ရှိလာကြသည်။ ဘုရားရေ ဒါ ရေတိမ်နစ်ခြင်းတဲ့လား။ အတွေးထဲတစ်ကိုယ်တည်း ချောက်ချားစိတ်ကြောင့် လူက မတ်မတ်ပင်မရပ်နိုင်။ ဆွဲခေါ်ရာသို့ ရုန်းရင်းကန်ရင်း ဒရွတ်တိုက်ပါသွားရတဲ့အဖြစ်

"ဝေါ…ဝရော…ဝေါ"

လီဗာကို ခပ်ပြင်းပြင်းနင်းလာသော စက်သံကြောင့် မျက်ရည်တွေ စိုလူးနေသည့်ကြားမှ လန်းက ခေါင်းငဲ့ပြီး ကြည့်တာ မျှော်လင့်တကြီးနဲ့ပါ။ သူမမြင်ရတာက ကိုယ်ထည်မြင့်မြင့်ကြီးနှင့် ဆိုင်ကယ်ကြီးတစ်စီး။

"ဟာ…ဟာ…ဒီကောင် ဘာလဲ"

"ဘာလဲလုပ်မနေနဲ့ မင်းထင်၊ ငါတို့ဆီ တည့်တည့်လာနေကွ"

သူမကို ချုပ်ထားသောလက်တွေ ချက်ချင်းအားလျော့





သည်။ ဖြူနီစပ်ကြား ဆိုင်ကယ်ကြီးက ရှေ့ဘီးထောင်ဦးမော့ပြီး သူမတို့လေးယောက်နှင့် တစ်စထက်တစ်စ နီးလာပြီ။ ဆိုင်ကယ်ပေါ်၌ ဟဲ(လ်)မက် အနက်၊ ဂျာကင်အနက်နှင့်လူကို တွေ့ရသည်။ ထိုလူရဲ့ ဦးတည်ချက်က လန်းတို့ထံ။

"ဟ…ပြေး…ပြေးကွ၊ ငါတို့ကို တိုက်တော့မှာ"

ကစဉ့်ကလျား ထွက်ပြေးသူတွေထံမှ မင်းထင်နောက်ကိုသာ ဆိုင်ကယ်က ဦးတည်ပြေးလွှားသွားတာမို့ လန်းမှာ တိုယ့်အဖြစ်ကိုယ် မေ့ကာ ထိုမြင်ကွင်းအား ကြည့်နေမိသည်။ မြွေလိမ်မြွေကောက်လို ပြေးနေသူထံ ဆိုင်ကယ်နှင့်လူက တရကြမ်းလိုက်ရင်း…

"ဝုန်း"

"အား"

ငယ်သံပါအော်သံကြီးနှင့်အတူ မင်းထင်က အရှိန်နှင့် ဘေးသားမြက်တောစပ်ဆီ ဒလိမ့်ခေါက်ကွေး ပစ်ကျသွား၏။

"ဟာ…မင်းထင်ကို တိုက်မိသွားပြီ"

"ဟေ့ကောင်…နံပါတ်မှတ်"

ငရဲပွက်သံအလား အော်ဟစ်သံတွေကြားမှာ ဆိုင်ကယ်က ရှေ့ထိုးရပ်ပြီး နောက်ခုံဆီ မေးဆတ်ပြ၏။ အခုချိန်အထိ ကြောင်ယောင်အမှားမှားဖြစ်ဆဲ လန်းက ဆိုင်ကယ်ခုံပေါ်တက်ပြီးမှာတော့ ဝေါခနဲမြည်သံပေးကာ မောင်းထွက်တာက အမြန်။



www.burmeseclassic.com

www.burmeseclassic.com



ပြင်းပြင်းနဲ့မို့။

"အမေ့"

ကြောက်လန့်တကြား တိုးကပ်မိသွားတာက ဆိုင်ကယ်

မောင်းသူရဲ့ ကျောပြင်နဲ့ သူမပါးပြင်။ တစ်ခါမှ မစီးဖူးတာရော

စောစောက လန့်ခဲ့ရသည့် ကြောက်စိတ်တွေနှင့် လန်းက ထွေးလုံး

ရစ်ပတ်ရင်း ဆိုင်ကယ်မောင်းသူရဲ့ခါးကို ဖက်ထားမိတာ

ရှက်စိတ်ကင်းမဲ့သည့်သူလို။ အခက်အခဲ အကျပ်အတည်းကြား

က ကယ်ထုတ်ပေးခဲ့သော မောင်မင်းကြီးသား အသက်ရာကျော်

ရှည်ပါစေလို့ အခုန်ပြင်းသောရင်ဘတ်အား တိုင်တည်ဆုတောင်

ရင်း…

တကယ်ဆို မင်းက ငါ့ရဲ့ကယ်တင်ရှင်။

♦ ♦ ♦

ဝိုး : မိုး : ၈၁၆ပ

## အခန်း (၄)

"ဟယ်…ဆက်ပြောလေ၊ ကောင်းခန်းရောက်မှ"

"ဘာဆက်ပြောရမှာလဲ"

"လန်းနော်"

မေပျိုက မျက်စောင်းရွယ်တော့ လန်းက တဟားဟား

အော်ရယ်ကာ ရေစိုဝတ်ကလေးနှင့် မေပျိုမျက်နှာအား ဖွဖွသုတ်

ဆေးရင်း…

"လူမမာအတွက် ဒီလိုဓာတ်စာရှိမှန်းသိရင် ဆေးသွား

ဝယ်ပါဘူး၊ အစောကြီးကတည်းက လုပ်ကြံဓာတ်လမ်းထွင်ပြီး

ပြောပစ်တယ်"

"အံမာ…နင့်မှာ အဲဒီလိုလုပ်ကြံစရာ မရှိဘဲနဲ့များ ပွန်း

ငါ့အတွက် ဆေးသွားဝယ်လို့ တွေ့ခဲ့ရတာကို၊ နင်ကျေးဇူးတင်ရမဲ့

ဝိုး : မိုး : ၈၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



အထဲမှာ မင်းထင်တို့က ရှေ့ဆုံးက”

“တော်စမ်းပါ အဲဒီနာမည်ကြားရင် ကော်ကလိဆန်လွ
လို့၊ ဆိုင်ကယ်သမားဝင်တိုက်တုံးကလေ ငါဖြင့် တက်တောင်ကျိ
စေချင်တာသိလား၊ အလကား လူယုတ်မာ”

“နင်ကလည်း သူပေးတဲ့ MP-3 ယူလာရင်ပြီးရောကို”

“နေးပါသေး…ဒင်းက အဲဒီ့အထဲမှာ ဘာတွေပြောထ
မှန်းမသိဘဲနဲ့”

“ကဲ…ဒါနဲ့ဆက်ဝါဦး၊ ဆိုင်ကယ်သမားကို ပြင်ကျေ
တင်စကားပြောလိုက်တယ်မဟုတ်လား၊ သူ့နာမည်က ဘာတဲ့
ချောရောချောရဲ့လား၊ ဟဲ့ ဂျက်စတင်ဘီဘာနဲ့တူသလား”

“အရေးထဲ”

လန်းက မေပို့ကို ရေဖတ်တိုက်ခြင်းအလုပ်အား လက်
သတ်ရင်းက ဘီးလှမ်းယူကာ မေပို့ဆံပင်တွေအား ရှင်းပေးမိသည်
မေပို့ကတော့ ဖက်လုံးကြီးကို ပေါင်ပေါ်ကန့်လန့်ဖြတ်ဆွဲတင်ထ

“ပြောပါ လန်းရဲ့၊ ကောင်းခန်းကျရင် ဆက်တင့်ပွဲ
ကိုရိုးယားကားကျနေတာပဲ”

“အေး…အဲဒီ့ကောင်းခန်းကို ငါဘယ်လိုဆက်ပြောရမ
မသိဘူး မေပို့ရဲ့”

“ငါ့ကိုဒိုင်မလှိုနဲ့နော်၊ ဒီနေ့ နှစ်ဆန်းတစ်ရက်နေ့၊ နင်ထ
ရင် ငရဲကြီးမှာ”





“နင့်ကို ဘယ်တုံးက ငါလိမ်ဖူးလို့လဲ မေပို့ရယ်၊ အဲဒီ
ဆိုင်ကယ်သမားကို ရုပ်လည်းမမြင်လိုက်ဘူး၊ နာမည်လည်း မမေး
လိုက်ရဘူး၊ ယုတ်စွအဆုံး ကျေးဇူးတင်စကားတောင် မပြောလိုက်ရ
ဘူး”

တစ်ချိန်လုံး မျက်ခုံးကျုံ့၊ ခေါင်းညိတ်ပြီး နားထောင်နေတဲ့
မေပို့က အလန့်တကြားနှင့် သူမကိုလှည့်ကြည့်ပြီး…

“အယ်…ဘာဖြစ်လို့”

“ငါလည်းနားမလည်တော့ပါဘူး၊ ငါ့ကို ခြံဝမှာချလည်း
ပြီးရော သူက ဝေါခနဲဆိုင်ကယ်ကို မောင်းထွက်သွားတာပဲ”

“ဟဲ့…ဘယ်လိုကြီးလဲ”

“အေး…ငါလည်းမသိပါဘူးဆို”

“အတက်နေ့ဇာတ်လမ်းကလည်း မပြည့်မစုံနဲ့”

မေပို့ရဲ့ မှတ်ချက်ကို လန်းက ဘာမှဝင်မပြောဘဲ မေပို့
ဆံပင်ပျော့လေးတွေကို ကျစ်ဆံမြီးကျစ်ပေးနေမိသည်။ မနေ့ကတည်း
က ဖြစ်တည်ခဲ့သော ရင်တွင်းပဟေဠိကို ဒီနေ့အထိ လန်းမှာ
အဖြေထုတ်မရသေး။ မျက်စိထဲ ထပ်တလဲလဲပုံဖော်မိပေမဲ့ ပုံဖော်
လိုက်တိုင်း သားရေဂျာကင်အနက်ကြီးပဲ အမှတ်ရသည်။ ကျန်တာ
ဘာမှဆက်တွေးမရသော ကိုယ့်မှတ်ဉာဏ်ကိုယ် အားမရ။ ကိုယ့်ကို
ကယ်တင်ခဲ့သော အကြောင်းတရားနောက်ကွယ်မှာ ဘာရှိမည်နည်း။

“လန်း”



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

အတွေးလွန်သွား၍ မေပျိုခေါင်းလျှင်ခေါင်းချင်း အသံပြန်မပြုနိုင်တဲ့အဖြစ်။ မေပျိုက လန်းဖြစ်အင်ကို ရိပ်မိကာ ပြုံးစနဲ့ ကြည့်ရင်း...

"ကျစ်ဆံမြီးပြီးရင် ဖုန်းကိုင်လိုက်ဦး၊ အောက်ထပ်မှာ ဘယ်သူမှမရှိဘူးလေ၊ မာနီနဲ့အသိန်း ဥပုသ်စောင့်သွားတယ်၊ ဒက်ဒီ အိပ်နေရင် နိုးသွားမှာစိုးလို့"

ဒီတော့မှ မကိုင်မချင်း ဆူညံစွာအသံပေးနေတဲ့ ဖုန်းမြည်သံဆီ အာရုံရောက်သွားပြီး...

"အေး...အေး ငါကိုင်ပါ့မယ်၊ ဟဲလို"

ဖုန်းကို ကောက်ထူးသည်။ ဧည့်ခန်းထဲက ဖုန်းကို အိပ်ခန်းတွေမှာပါ လိုင်းခွဲထားတာမို့ ကိုယ်မကိုင်မချင်း တခြားအိပ်ခန်းတွေ၌ပါ ဆူညံနေမှာသေချာသည်။ ဒီဒီ အိပ်ရေးပျက်မှာလည်းစိုးရသလို မနေ့က အလည်လွန်သော ဒေါသကုမ္မာရနိုးပြီး ပြဿနာရှာမှာလည်း စိုးရသေးသည်။

"ဟုတ်ပါတယ်၊ မြတ်တော်ဝင်ကပါရှင်"

ကြားရသည့် သတင်းစကားကြောင့် ထိုင်နေရာမှ ရုတ်တရက် မတ်ခနဲဖြစ်သွားသည်။

"ဟုတ်...ဟုတ်ကဲ့၊ အခုပဲလာခဲ့ပါ့မယ်၊ ဟုတ်ကဲ့ပါ"

ဖုန်းပုခက်ပေါ် ဖုန်းခွက်ပြန်တင်တာတောင် အံမကျ





တုန်လှုပ်ခြင်းကြောင့် လူက အထိတ်ထိတ်အလန့်လန့်။

"ဘာဖြစ်တာလဲ လန်း၊ လန့်လိုက်တာဟယ်၊ ဖုန်းထဲက ဘာပြောလိုက်လဲဟင်"

"ဟင်"

အခုမှ နာလန်ထခါစ မေပျိုကို သတိရမိမှ လန်းက ကိုယ့်စိတ်ကိုယ်ပြန်ထိန်းချုပ်ရင်း...

"သြော်...အဟင်း ဘာမှမဟုတ်ပါဘူးဟဲ့၊ နင့်အတွက် ဆေးရပြီလို့ ဒေါက်တာဖုန်းဆက်လို့ပါ၊ ဟဲ့ ညက လုလင်အိမ်ပြန်မအိပ်ဘူးလား"

"မသိဘူးလေ၊ ငါလည်း ညက ဆေးအရှိန်တွေနဲ့ အိပ်ပျော်သွားတဲ့ဥစ္စာ၊ ဘာဖြစ်လို့လဲ"

လန်းတ ပြုံ့ကျပျက်ယွင်းချင်သော ကိုယ့်မျက်နှာအား ဟန်မပျက်ထိန်းနေရတာကိုက ပုရွက်ဆိတ်အကောင်များစွာ ပါးပြင်ပေါ် တရွရွတိုးတက်နေသလို ခံစားရသည်။ မှုမမှန်သော အကြည့်တို့အား ဟိုဒီလွှဲရင်း...

"ဘာမှမဖြစ်ပါဘူး၊ သူရှိရင် ဆေးသွားယူခိုင်းမလို့၊ သူမရှိတော့လည်း ငါ့ဟာငါပဲသွားယူတော့မယ်"

"သိပ်သွားချင်နေတယ်မဟုတ်လား၊ ဆိုင်ကယ်သရဲနဲ့တွေ့ဖို့ မျှော်လင့်နေတာကိုများ၊ ကြွ...ကြွ စိတ်ဖြောင့်ဖြောင့်နဲ့ ငါလည်း နေကောင်းနေပြီပဲဥစ္စာ၊ ဒက်ဒီလာရင် နင် ဆေးသွားယူတဲ့



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း ငါပြောပြလိုက်မယ်"

မေပို့ ခွင့်ပြုတာနဲ့ လန်းရဲ့ခြေလှမ်းတွေက အခန်းပြင်သို့ ဦးတည်ပြီးသား။ ဒါတောင် မေပို့က အခန်းတွင်းမှ အော်သေးတာ။

"လန်း…အိမ်နေရင်း အဝတ်အစားကြီးနဲ့ မသွားနဲ့၊ လှလှလေးဝတ်သွား"

တဲ့။ မေပို့မသိလို့ပါ။ သူမအတွက် အဲဒီလူနဲ့ထပ်ဆုံဖို့ လှရန်မလိုဘူးဆိုတာ။

♠ ♠ ♠



## အခန်း (၁၀)

"ငါတို့လည်း အစကတော့ အကြောင်းကြားဖို့ အစီအစဉ် မရှိဘူး"

"အဲဒါတော့ဟုတ်တယ်နော်…ဒီကောင်ကိုယ်တိုင်က မကြေနိုင်းဘာ၊ အိမ်ကလူတွေ စိတ်ပူမှာစိုးလို့ဆိုပြီး၊ ဒါပေမဲ့ မနေ့ ကဘာစ်ညလုံး သတိလစ်နေတယ်၊ ဒီမနက်အထိ နှင်မြင်တဲ့အတိုင်းပဲ သတိပြန်မရသေးဘူး"

"မင်းထင်တို့ဘက်က ဆိုင်ကယ်နံပါတ်မှတ်ပြီး အမှုဖွင့်ထားတယ်၊ ဝင်တိုက်မှုတွေရော၊ လူရိုက်မှုတွေရောနဲ့၊ ခက်တာက ဆိုင်ကယ်က မဟေသီဆိုင်ကယ်ဟာ၊ မဟေသီမိဘတွေသိရင် ရှော့(ခ်)ရှိတယ်ဆိုပြီး ငါတို့အကြောင်းကြားရတာ"

ဆေးရုံရောက်သွားတာနှင့် တစ်ယောက်တစ်ပေါက်



www.burmeseclassic.com

www.burmeseclassic.com



ဒိုင်းပြောကြတဲ့စကားတွေ မနည်းမနော။ ထူးဆန်းတာက ထိုစကားတွေ လန်းအာရုံ၌ တွယ်ငြိခြင်းမရှိဘဲ သွေးစွန်းနေသော ဂျာကင်အနက်ရောင်ကြီးနှင့် ခေါင်းတွင် ပတ်တီးအဖွေးသားစည်းထားသော လုလင်မျက်နှာ၌သာ အကြည့်က ဆိုက်ရောက်နေမိခြင်းပင်။ အစဉ်သဖြင့် ဂျဲ(လ်)အစွမ်းနှင့် အမြဲထောင်ထားတတ်သော ရှေ့ဆံပင်ရှည်ချွန်ချွန်တွေဟာ အခုတော့ ပတ်တီးစည်းထားသော နဖူးပြင်ပေါ် ခပ်ဝိုင်းဝိုင်းဝဲကျနေသည်။ ရန်လိုရိပ်နှင့် ကြည့်တတ်သော မျက်ဝန်းတို့ မှေးမှိတ်ထားသဖြင့် စင်းကျနေသော မျက်တောင်ထူစိပ်စိပ်နှင့် သတိလစ်နေတာတောင် အလိုမကျဟန် စုကျုံ့ထားသော မျက်ခုံးပြားကြီးတွေက "အဲဒါနင့်ကြောင့်"လို့ စွပ်စွဲနေသယောင်။ ယောကျ်ားတန်မဲ့ ထောင့်ချိုးညီ နှုတ်ခမ်းပါးတွေက တင်းတင်းမစေ့ထားလျှင် ခပ်ဟော်ဟော်လေး ဖြစ်နေတာကြောင့် ငယ်ကတည်းက လူကြီးတွေ မှတ်ချက်ပေးတိုင်း နားယဉ်နေတာက…

"စကားတတ်မဲ့ ရန့်စွာမဲ့ကလေး၊ သူများမထိလေနဲ့ ပြောမြဲပါလိမ့်မယ်၊ ချက်ကျလက်ကျ၊ စက်သေနတ်ပစ်တဲ့အတိုင်း"

မာနီတို့က သူ့နှုတ်ခမ်းလေးကို ဖွဖွလှမ်းကိုင်ကာ ချစ်စနိုးပြောတတ်သလောက် လန်းက အမြဲတမ်း အခဲမကျေစွာနှင့်…

"နှုတ်သီးကောင်းလှာပါးဆိုတာ မိန်းမတွေနဲ့ပဲ သင့်တော်တာ၊ ယောကျ်ားကြီးတန်မဲ့ ရန့်စွာ၊ စကားတတ်နေတာက ယောကျ်ားနဲ့မတူဘဲ အခြောက်ဖြစ်တော့မဲ့ ရှေ့ပြေးနိမိတ်"





လို့ ပြောတုံးက လုလင်မှာ လက်သီးလက်မောင်းတန်းကာ ဒေါသတွေထွက်ပြီး…

"ဟွန်း…ခြောက်သလား၊ စိုသလား သိချင်ရင်လာစမ်းကြည့်"

"လုလင် နင်မရိုင်းနဲ့နော်၊ လူစကားပြော"

"မိုက်ရိုင်းတာ တစ်ခွန်းမှမပါဘူး၊ နင့်ရူးစမ်းချင်စိတ်ကို ပါရမီဖြည့်ပေးတာ"

"ကြည့်စမ်း နင်က"

ကျိတ်မနိုင်ခဲမရ ဒေါသတွေနှင့် ကျောခိုင်းပစ်ရတာလည်း ရှိသည်။ လုလင်ကို တွန်းထိုးပစ်တိုက်ကာ အနားမှထွက်သွားရတာလည်းရှိသည်။ သေချာတာက လုလင်နှင့် ဖက်ပြိုင်ပြီး အနိုင်ရအောင် သူမစကားရည်မလုဖူးပါ။ လုလည်း ရှုံးမှာသေချာသည်။ အနိုင်ရဖို့ဆို လုလင်တို့ပါးစပ်ဖျားမှာ မပြောရဲသော မပြောသင့်သော ပြောမထွက်သော စကားဆိုတာမရှိပေ။ ပြိုင်တိုင်းနိုင်ရမှ။ အတ္တကို ရှေ့တန်းတင်တာက လုလင်ရဲ့သမိုင်း။ လုလင်ရဲ့ရာဇဝင်။ အခု ဒီလိုလူက သူမအတွက် အကာအကွယ်ပေးခြင်း အကြောင်းတရားတို့သည်။

"ဒီကောင်ဖြစ်တာ မင်းထင်နဲ့ဟ၊ တစ်လမ်းတည်းသားချင်းကို အရင်က ဘာရှော့(ခ်)မှမရှိဘဲနဲ့"

"အေးလေ…အဲဒီနေ့က အိမ်ခဏပြန်မယ်ဆိုပြီး ဒီကောင်



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားတာ ခဏနေကျတော့ ငါ့ဂျာကင်ငှားပြီး မဟောသီ ဆိုင်ကယ်စီးသွားတဲ့အထိ ဘာဖြစ်မှန်းမသိဘူး၊ ခဏနေမှ မင်းထင် တို့အုပ်စုထဲ ဒီကောင်တစ်ယောက်တည်း ဝင်ကြဲနေတာ"

မထင်ခဲ့တာပါ။ အတက်နေ့က ကိုယ့်ရဲ့ကယ်တင်ရှင်ဟာ လုလင်လို့ ထင်မထားခဲ့။ အခုတော့…

"အခြေအနေ ဘယ်လိုရှိလဲ သမီး"

"ဒီဒီ"

သူမ ဒီဆေးခန်းသို့ အရင်ရောက်ပြီးမှ ဒီဒီ့ကို အသိပေး လှမ်းခေါ်ရခြင်းပါ။ ဒီဒီက လန်းပခုံးကိုကျော်၍ ခုတင်ပေါ် လဲလျောင်းနေသော လုလင်အား ကဲကြည့်ရင်း မျက်မှန်ကိုချွတ်၍ မွေးပွလက်ကိုင်ပါဝါဖြင့် မျက်နှာတပြင်လုံးအား ခပ်ကြမ်းကြမ်းဆွဲ ပွတ်သည်။ အိမ်ကလူမမာ နာလန်ထ၍ ဟင်းချမယ်ကြံရုံရှိသေး နောက်တစ်ယောက်က ဆေးရုံပေါ်ရောက်နေပြီဆိုတဲ့ သတင်းဟာ ဒီဒီ့အတွက် မင်္ဂလာရှိသော သတင်းမှမဟုတ်တာ။

"သူ အခုထိသတိမရသေးဘူး ဒီဒီ၊ ဆရာဝန်ကြီးနဲ့တွေ့ ပြီးပြီလားဟင်၊ ဆရာဝန်ကြီးက ဘာပြောလဲ ဒီဒီ"

"သူ့အခြေအနေက မစိုးရိမ်ရဘူး သမီးရဲ့၊ အနာကျက် ဆေးထိုးပေးထားတော့ အဲဒီ့ဆေးဒဏ်နဲ့ သူအိပ်ပျော်နေတာမျိုးပါ ဒါပေမဲ့ တစ်ဖက်က မင်းအောင်သိုက်ကောင်လေးကတော့ နည်းနည်း ဒဏ်ရာပြင်းတယ်သမီးရဲ့ လုလင်ကွာ ဘာတွေလျှောက်လုပ်နေမှန်း





မသိဘူး၊ အခုမှ ဒီဒီက တစ်ဖက်ကိုတောင်းပန်ပြီး သေချာမေးကြည့် တာ၊ ဘာရန်ငြိုးမှမရှိဘူးတဲ့၊ တစ်လမ်းတည်းသားချင်းတွေကို သမီး နဲ့ရော မင်းထင်တို့နဲ့သိသလား"

ရင်ထဲ ဒိတ်ခနဲ သွေးဆောင့်တိုးသွားသည်။ ဖြစ်ပျက်ခဲ့ သမျှ ဒီဒီ့ကို လျှို့ဝှက်ထားခဲ့တာမျိုးမဟုတ်ပေမဲ့ အသိမပေးခဲ့တာ အမှန်။ မေပျို့ကို ပထမဆုံး သိစေခဲ့တာမင်း။ လန်းက အခုမှ အမှန်အတိုင်းဝန်ခံရမလား။ ဒီအတိုင်းဆက်နေရမလား။ တစ်ယောက် တည်း ဝေခွဲမရဖြစ်နေကာ ဝိုက်ကျလာသောဆံပင်တို့အား နားရွက် နောက်နားထပ်ကာ ထပ်ကာ ထိုးညှပ်ခြင်းပဲ အလုပ်ရှာမိသည့်အခိုက်

"အား…ကျွတ်…ကျွတ်"

"ဟာ…သတိရလာပြီ၊ အန်ကယ် လုလင်သတိရလာ ပြီ"

"ဟော့ကောင် လုလင်၊ အိုကေလား ဟော့ကောင်"

"သား…လုလင်"

အုံအုံကြွက်ကြွက်နှင့် သူ့ခုတင်နား လူတွေဝိုင်းအုံသွားတာ ထဲ လန်းက မမြင်ဖူးသူလို ဒီအတိုင်းငေးစိုက်ပြီး ကြည့်နေမိသည်။ ကလို ဒေါသနှင့် တိုက်ခိုက်ရမလား။ ညင်သာနူးညံ့စွာ ချမ်းရေးစကားဆိုရမလား။ ဝေခွဲမရသော စိတ်နှစ်သွယ်ဖြင့် က နေရာမှ တစ်လက်မတောင်မရွေ့ရဲတဲ့အဖြစ်။ လူကငြိမ် သော်မယ့် သိချင်စိတ်က ရင်တွင်းမှ လျှောင်ပြင်းပြင်းတစ်စင်းလို



www.burmeseclassic.com

www.burmeseclassic.com



ဖန်ဆင်းသည်။

"ဘယ်လိုဖြစ်ရတာလဲ သားရယ်၊ ဖြစ်ဖြစ်ချင်းလည်း အကြောင်းမကြားတော့ ဒီဒီကမထင်ဘူး၊ အတက်နေ့ တအားအပျော်လွန်ပြီး ကိုလင်းတို့အိမ်မှာပဲ အိပ်မယ်ထင်တာ၊ မင်းကွာ တစ်ခုခုဖြစ်သွားရင် ဘယ့်နှယ်လုပ်မလဲကွ"

ဒီဒီက မနှာအောင် လုလင်လက်မောင်းကို ဖွဖွပိတ်ထိုးရင်း…

"မင်း ဘာပဲလုပ်ခဲ့လုပ်ခဲ့ ဒီဖေအေက မဆူဘူးဆိုတာ သိရဲ့သားနဲ့"

စိုးရိမ်ခြင်းကြောင့် ပိုရင့်ရော်သွားသယောင်ထင်ရသော ဒီဒီအား လုလင်က ခပ်ယဲ့ယဲ့ပြုံးဖြရင်း…

"သိပါတယ်…ဒီဒီဆူမှာစိုးလို့မဟုတ်ဘူး၊ ကျွန်တော့်ကြောင့် စိတ်အရမ်းပူသွားမှာစိုးလို့"

"အောင်မာ…အခုတော့ ငါစိတ်အေးရတာကိုး၊ မင်းပြောပုံက"

"အစကလောက်တော့ မပူရတော့ဘူးလေဗျာ၊ ကျွန်တော်သတိရနေပြီပဲ၊ ကိုယ့်ကိုယ်ကိုသိပါတယ် ဒီဒီရ၊ ရတဲ့ဒဏ်ရာဟာသေလောက်တဲ့ဒဏ်ရာမဟုတ်ဘူးဆိုတာ"

သားဖြစ်သူပြောသမျှ ဦးကံကောင်းက ခေါင်းတညိတ်ညိတ်နဲ့ နားထောင်နေပြီးမှ…





"မင်းပေးတဲ့ဒဏ်ရာက တစ်ဖက်လူအတွက် တော်တော်ပြင်းသွားတယ်သားရ၊ ဒီမျက်နှာတွေက မိုးလင်းလို့ လမ်းထဲဖြတ်လျှောက်တာနဲ့ တွေ့ရမှာကိုးကွာ၊ မင်းကလည်း ထိန်းပြီးမလှုပ်ရှားဘူး"

"ဒါတောင် ကျွန်တော် စိတ်တိုင်းမကျသေးဘူး"

"ဟေ"

"လက်ကုန်မလွှတ်ရသေးခင် ဒီကောင်တွေရောက်လာလို့"

အနားရှိ အပေါင်းအသင်းတွေက အခုမှ လှုပ်လှုပ်ရှားရှားဖြစ်သွားကာ…

"မင်း ကျေးဇူးမကန်းနဲ့လုလင်၊ ငါတို့ရောက်မလာရင် မင်းဘောဘက်လေးတန် သံတိုင်ကာတဲ့အထဲ ရောက်လောက်ပြီ"

"ဟုတ်တယ် အန်ကယ်၊ ကျွန်တော်တို့ရောက်သွားတော့ ဒီကောင် မင်းထင်အပေ…ခွဲပြီး ပယ်ပယ်နယ်နယ်ထိုးနေတာ၊ မင်းထင်ဘော်ဒါက နောက်ကနေ သစ်သားချောင်းနဲ့ ဝင်ဆော်တာတောင် လက်ကျမသွားဘူး တကယ်အငြိုးတကြီးပဲ"

"အေးလေ…အဲဒီငြိုးရတဲ့အကြောင်းက ဘာရှိလို့လဲသားရဲ့"

"ကျစ်…မှတ်လောက်သားလောက် ဆုံးမတာပါ"

ပြောပြီး ခုတင်ပေါ်မှ တံတောင်ကွေးကို အားပြုထသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ လှရိပ်ကြားထဲမှ အဖြူရောင်အရိပ်ကလေးကို လုလင် တွေ့သွားသည်။ ခါးတိုတိရှပ်အဖြူရောင် ဂျင်း(န်)အပြာဖျော့ အောက်ရှုအကျပ်နှင့် ပြောင်သလင်းခါမျက်နှာပိုင်ရှင် လန်းဆန်း လုလင်မျက်နှာက ဒဏ်ရာတွေကြားမှ မဲ့ကျသွားတာ အကျည် တန်စွာ။ မျက်လုံးချင်းဆုံမိစဉ်မှာပဲ အသံတိတ် စကားများစွာပြေ နေကြပြီးမှ လုလင်က လန်းထံမှ အကြည့်မလွှဲဘဲ…

"နောက်တစ်ခါဆို မင်းထင်နဲ့ ဒင်းပတ်ဝန်းကျင်က အ အထိုင်မတတ်တဲ့ဟာတွေပါ၊ နုတ်နုတ်စင်းပစ်မယ်၊ မယုံရင်ကြည့် လိုက်"

ကြည့်စမ်း…ကြိမ်းဝါးပုံက တကယ့်စိတ်ပါလက်ပါ ရင်ထဲရှိသော ကျေးဇူးတင်ချင်စိတ်က ဘယ်ချောင်ခိုကပ်သွား မသိ။ ပြောပုံက လန်းကပဲ အနေအထိုင်မတတ်သယောင်။ ဒီဒီသ အနားမရှိရင် 'နင်လဲသေလိုက်' လို့ ပြောပစ်မှာသေချာသည်။ အ တော့ အငြိုးမပြေသော အကြည့်သာ တုံ့ပြန်ရင်းက ချာ ကျောခိုင်းပစ်သည်။ ကံကြမ္မာကို မမြင်ရပေမဲ့ ရှေ့ဆက်မဲ့မနက်ဖြ တို့၌ လန်းနှင့်သူ့အကြား ညီညွှတ်ရေးလမ်းစက အရိပ်တောင်မပြ ရတာ အသေအချာ။

♦ ♦ ♦



## အခန်း (၃၃)

"ကျစ်…ဒါ ဘာအသာလဲ"

မရည်ရွယ်ဘဲ မှထွက်သွားသောအသံကြောင့် ကားကို ခင်းကြောင်းပေါ်တင်ရန် ဘေးဘယ်ညာ မျက်စိကစားနေသော သောသီက ဖျတ်ခနဲ ငဲ့ကြည့်သည်။

"ဘာဖြစ်တာလဲ လုလင်"

"ကားကိုပြန်ကွေ့လိုက်ပါလား"

"ဘယ်သွားမလို့လဲ"

"ကျောင်းထဲပြန်ဝင်မလို့"

ဒီတော့မှ နောက်ခန်းက ငြိမ်နေတဲ့အုပ်စုက လှုပ်လှုပ်ရှား ဖြစ်လာပြီး…

"ဟော့ကောင်…အခုတင် ကျောင်းထဲကထွက်လာတာ



www.burmeseclassic.com

www.burmeseclassic.com



ဘေး ဖြစ်ပြီး ဘာသွားလုပ်မလို့လဲ''

''ကျွန်''

မိတ်ဖျက်သလို စုပ်သတ်ပြီး ခေါင်းခါတော့ မျက်ဝန်းထဲ ပါ မှိတ်ချသစ်သည်။ ဒါပေမဲ့ မြင်လိုက်ရတဲ့ မြင်ကွင်းက မျက် မှိတ်ချတိုင်း ပျောက်ပျက်သွားတာမျိုးမှ မဟုတ်တာ။ ပါးပြ တစ်ဖက်တစ်ချက်စီ ဆံပင်တွေ အုပ်ကျတဲ့အထိ ခေါင်းညိတ်လိုက် ထိုဆံပင်ဝဲဝဲလေးတွေအား လက်ငါးချောင်းနှင့် ဖြစ်သလို ထိုးသ တင်ကာ ခေါင်းမော့ရယ်မောလိုက်နှင့် ဘာတွေများ ဒီလော သဘောကျစရာပါနေလို့လဲ။

''ဇောက်''

တက်ခေါက်ပြီး ကားတံခါးဖွင့်ဆင်းတဲ့အထိ မဟော အပါအဝင် ကိုလင်းတို့က သူ ဘာဖြစ်သည်ကို မရိပ်မိကြဘဲ

''ဟောကောင်…ဒါဘယ်လဲ ငါတို့လိုက်ခဲ့ရ''

''မလိုဘူး''

ပြန်ဖြေသံနှင့် ဂျိမ်းခနဲဆောင့်ပိတ်လိုက်တဲ့ ကားတံခါးပိတ် သံက မိုးခြိမ်းသံထက်ပင် ကျယ်ပေဦးမည်။ စိတ်ထဲ ဒေါသ ရှေ့ဆောင်နေသဖြင့် မြင်မြင်ကရာ ဆွဲယူမွှေယမ်းပစ်ချင်သည် တောဆင်ရိုင်းတစ်ကောင်၏ ခြေလှမ်းမျိုးနှင့် သူ ကျောင်းဝင်း လှမ်းဝင်ခဲ့၏။ ဒီနေ့က ဆယ်တန်းအောင်စာရင်းထွက်သည့်နေ့

''ည ဆယ့်နှစ်နာရီလောက်ကတည်းက ကိုလင်းတို့အ





ရဲ့ ကျွန်တော် ကျောင်းရှေ့မှာသွားနေမှာ ဒီဒီ၊ အောင်စာရင်းကြည့်ပြီး ကျွန်တော် အိမ်ကိုဖုန်းဆက်မယ်''

ညစာထမင်းဝိုင်းမှာကတည်းက ကြေညာပြီးသား။ မေပို့ အတောင် ရင်ဘတ်တွေဘာတွေဖိပြီး…

''ရင်တုန်လိုက်တာ လုလင်ရယ်၊ ငါ အောင်မှအောင်ပါ့ လားမသိဘူး၊ သချ်ာနေ့က အမှတ်တွေ ပြန်တွက်ကြည့်တာ လေးဆယ်ရှစ်မှတ်တည်းရတာ''

မျက်နှာအပျက်ပျက်နှင့် ပြောလာတဲ့ အစ်မဖြစ်သူကို လုလင်က စေ့စေ့ကြည့်ပြီး တဟားဟားအော်ရယ်ကာ…

''နင်က လေးဆယ့်ရှစ်မှတ်ရတာ တော်သေးတာပေါ့၊ ငါဆိုတစ်ဘာသာမှ လေးဆယ်မကျော်ဘူး''

''ဟယ်…တကယ်''

လုလင်က စားလက်စကို လက်စသတ်ကာ တစ်ရှူးကို ပြီးခေါ်လွယ်ဆွဲထုတ်၍ နှုတ်ခမ်းဘေးတစ်ဝိုက် ပွတ်ဆွဲရင်း…

''တကယ်ပေါ့ဟ…ဘာဖြစ်လဲ၊ ကျတော့ရော နှစ်ထပ် မှ မှတ်မိမှာ၊ ငါက ဆယ်တန်းကျောင်းသားဘဝကို တစ်နှစ်တည်း နဲ့ မကုန်ဆုံးစေချင်ဘူး၊ နမြောလို့၊ ဟဲ ဟဲ''

ရယ်မောခြင်းဖြင့် ထမင်းစားစားပွဲမှထတော့ အထင်အမြင် သေးစွာ မဲ့ရွဲ့သွားတဲ့ နှုတ်ခမ်းတို့ကို မြင်ဖြစ်အောင်မြင်လိုက်သေး သည်။ လုလင်ကလည်း တမင်တကာပင် ထိုင်ခုံကို အသံမြည်



www.burmeseclassic.com

www.burmeseclassic.com



အောင် တွန်းထုတ်ရင်း…

"ပြောထားပြီးသားနော် ဒီဒီ၊ အောင်စာရင်းက ကလေးတုံးကလို အသာတကြည့်ကြည့်လို့ရတာမဟုတ်ဘူး၊ အတင်းတိုးချေပြီး ကြည့်ရတာမျိုး၊ ကျွန်တော် အကြောင်းကြားတာကိုသာ အိမ်ကနေ ထိုင်စောင့်"

"ဟုတ်ပါပြီ…မင်းသာ အကြောင်းကြားဖို့မေ့နေပြီး လျှောက်လိမ့်မနေနဲ့"

ဒီဒီနဲ့ သဘောတူညီမှုရထားပြီးမှ ဒင်းက ဘယ်ကဘယ်လို ကျောင်းဝင်းထဲရောက်လာရတာလဲ၊ အရုဏ်ဦးအလင်းရောင် မပိုတပီမှာ ရောက်လာသောအခါ ရှိုးအပြည့်နှင့် အဝါရောင်တောက်တောက် မိုးကာအင်္ကျီ၊ တီရှပ်အနက်နှင့် skinney က အနက်နှင့် ဟတ်(ဖ်)ရှူးက အဝါရောင်တို့ကြောင့် သူမပုံစံက ရှိရှိသမျှလူအားလုံးထဲ ထင်းလင်းတောက်ပစွာ။

"ဒီဒီကို အကြောင်းပြလာမှာပေါ့၊ အောင်စာရင်းကြည့်မယ်ဆိုပြီး ကျောင်းဝင်းထဲရောက်မှ လာအကြည်ဆိုက်နေတယ် တွေ့မယ် လန်းဆန်း နင်နဲ့ငါ ပွဲကြီးပွဲကောင်းပဲ"

အံကြိတ်၊ မျက်မှောင်ကျုံ့ရင်း အရောင်မျိုးစုံပြောင်းထဲသော ဒေါသများဖြင့် သူက လန်းဆန်းတို့အနားသို့။

♠ ♠ ♠



## အခန်း (၁၂)

"ကျေးဇူးနော်…ဥက္ကာ"

"အံမယ်…ဒီလိုကျေးဇူးဆိုပြီး လက်ပြသွားလို့ ဘယ်ဖြစ်မလဲ၊ ငါ့ကို တစ်ခုခုကျွေးဦးမှပေါ့"

"ကျွေးချင်ပါတယ်၊ ဒါပေမဲ့ ပိုက်ဆံမပါလာလို့ နောက်တစ်ခေါက်ပေါ့"

"ရပါတယ် လန်းဆန်းရ၊ ငါတို့က တက္ကသိုလ်မှာ ပြန်ဆုံဦးမှာပဲကို"

"ဆုံစရာအကြောင်းမရှိဘူး"

အနီနှင့်မီးခိုးစပ်ထားသည့် အရိပ်တစ်ရိပ်က လန်းနဲ့ဥက္ကာကြား ဖြတ်ဝင်ရပ်သည်။ ရုတ်တရက်မို့ အလန့်တကြားမော့ကြည့်တော့…



www.burmeseclassic.com

www.burmeseclassic.com



"လုလင်"

"ဘာဖြစ်တာလဲ၊ ငါ့ကိုတွေ့တာနဲ့ အထိတ်တလန့်နဲ့ လန့်မှာပေါ့၊ ခိုးထုပ်ခိုးထည်နဲ့မိတာဆိုတော့"

"ကျွစ်...နင် ဘာတွေလာပြောနေတာလဲ လုလင်"

"ဩော်...နင်လုပ်ထားတာ နင်မသိဘူးလား၊ ငါက ပြန်ရှင်းပြရဦးမှာလား"

စူးစိုက်ခြင်းနှစ်ရပ်ထဲမှာ နာလိုခံခက်ဖြစ်ခြင်း၊ ဒေါသဖြစ်ခြင်းတွေနှင့် စေ့စေ့ကြည့်ပြီးမှ လန်းက အံကြိတ်ကာ မျက်နှာလွှဲသည်။ ထို့နောက် ဒေါသသင့်သော မျက်နှာပေါ်က ကောက်ကြောင်းတွေကို အတတ်နိုင်ဆုံးလျှော့ချရင်း...

"သွားတော့မယ် ဥက္ကာ၊ ကူညီခဲ့တဲ့အတွက် ကျေးဇူး နော်၊ ငါတို့ နောက်ဆုံမှပဲ"

"လာပြန်ပြီလား"

လုလင်က လန်းစကားကို ဖြတ်အော်ရင်း ဥက္ကာဘက် လှည့်ကာ စူးရဲစွာစိုက်ကြည့်သည်။ ထို့နောက် မေးရိုးတွေ ကားထွက်အောင် အံကြိတ်ရင်း...

"မင်းသိအောင်ပြောမယ်၊ မင်းနဲ့သူ ထပ်ဆုံစရာမရှိဘူး နားလည်တယ်နော်၊ လာ သွားမယ်"

ဖိုးခနဲဇတ်ခနဲ ဖမ်းဆုပ်ဆွဲတဲ့ လက်ကောက်ဝတ်ဟာ ရုန်းမရအောင် သူဆွဲခေါ်ရာနောက် ပါသွားပြီ။ အညှာအတာကင်းမဲ့စွာ





ဆွဲခေါ်လာတာမို့ လန်းမှာ တရှွတ်တိုက်တော့မတတ် သူခေါ်ရာ ပါလာတာကိုက လမ်းပေါ်မှာ အယိမ်းယိမ်းအယိုင်ယိုင်။ ရိပ်ခနဲ ရိပ်ခနဲ ဖြတ်သွားတဲ့ ဘေးပတ်ဝန်းကျင်ရှိ လူတွေရဲ့ မျက်နှာပေါ်က အံ့ဩရိပ်တွေနဲ့ ငေးကြည့်ခြင်း ခံရတာလောက် ရှက်စရာကောင်းတာမရှိတော့။ လန်းသည် မျက်နှာကို မီးအပူဟပ်ခြင်းခံရသလို တရှိန်ရှိန် ပူနွေးလာတာကို မခံနိုင်သည့်အဆုံး။

"နင်...လွှတ်စမ်း"

လက်ကိုဆွဲကာ ခြေလှမ်းတို့ကို တုံ့ခနဲရပ်လိုက်တာ တစ်ပြိုင်တည်း။

"နင်...ဒါဘာလုပ်တာလဲ"

မီးပွင့်မတတ် အကြည့်တွေနဲ့ စူးစူးဝါးဝါးစိုက်ကြည့်ပြီး အေးတော့ ဒင်းက မခိုးမခန့်နှင့် ခေါင်းမော့ကာ ဟက်ခနဲရယ်သည်။ ပြီးမှ မီးခိုးရောင်လည်ကပ်ဆွယ်တာအင်္ကျီလက်အား ဆွဲတင်ရင်း

"ငါက နင့်ကိုမေးရမှာ၊ နင် အဲဒါတာရင်းကို အကြောင်း ဖြပြီး ချိန်းတွေ့တာလေ"

"ဘာ...ဘာပြောတယ်"

တုန်လှုပ်ခြင်းနှင့် အရောင်ရင့်သွားသော လန်းဆန်းမျက်နှာအား လုလင်က အရဲသာခံစူးစိုက်ကြည့်ရင်း...

"ငါမသိဘူးထင်ပြီး နင်လှုပ်ရှားတာပေါ့၊ ဟုတ်လား လန်းဆန်း၊ ငါ့ကို အကွက်ရွှေ့ဖို့ မစဉ်းစားနဲ့၊ မရဘူး၊ မြတ်တော်ခင်



www.burmeseclassic.com

www.burmeseclassic.com



ကို ကျေးဇူးဆပ်ဖို့ မစဉ်းစားဘဲနဲ့ နှင်တစင်ထောင်ဖို့ မကြိုးစားနဲ့"

"ဘာ…ငါက"

တဆတ်ဆတ်တုန်ရီလာသော နှုတ်ခမ်းပါးတို့ကို ကျော်လွန်၍ ဘာမကားမှထွက်မလာတော့။ ဒီပါးစပ်ဟာ မပြောရဲတာမရှိဆိုတာ သိသိကြီးနဲ့ ကိုယ်က သူ့ရှေ့မှ ဒီလိုတွေဖြစ်တတ်တာကိုက မုန်ဆိုးရှေ့ လည်စင်းပေးသည့် သားကောင်ဘဝလို။ ဒါတောင်ဒင်းက အညှာအတာမဲ့စွာ ဆက်စွဲချက်တင်ဦးမယ်ဆိုရင်…

"တော်ပြီ…လုလင် သေးဖယ်၊ ငါသွားတော့မယ်"

"နင့်ကို ဒီတိုင်းလွှတ်ပေးလို့ ဘယ်ဖြစ်မလဲ၊ လမ်းမှာထပ်ပြီး ဖယားမရှုပ်ပါဘူးလို့ ဘယ်သူအာမခံပေးမှာလဲ၊ ငါလိုက်ပို့မယ်"

"မလိုဘူး"

လှမ်းဆွဲဟန်ပြင်သော သူ့လက်ကို ပုတ်ထုတ်ရင်း လန်းက ငိုသံမပါအောင် ထိန်းအော်သည်။ လုလင်ကလည်း မလျှော့။

"လိုတယ်…နင်မြတ်တော်ဝင်မှာ နေနေသ၍ မြတ်တော်ဝင်ကလူရဲ့ စကားကို ဖယ်ရှားခွင့်မရှိဘူး"

"နင်က အာဏာရူးနေတာပဲ လုလင်"

"ငါ့ဟာငါဘာရူးရူး နင့်အပူမပါဘူး"

အချေအတင်ပြောကြခြင်းရဲ့ နောက်ဆုံးဦးတည်ချက်က နာကျင်ခြင်းတွေဆီမှာ အဆုံးသတ်လျှင်။

"လုလင်"





"လန်း…စောင့်လိုက်ရတာ၊ ငါအောင်တယ်မဟုတ်လားတင် လန်း"

ခေါ်သံနှင့် မေးခွန်းထုတ်သံတွေက လုလင်နောက်ပါးမှ ထွက်လာတာ လုလင်က ဦးထုပ်လျှာကို တစောင်းဆွဲလှည့်ရင်း လှည့်ကြည့်တော့…

"ဒီဒီ"

"သားနဲ့တွေ့နေတာကိုး၊ မင်းက အကြောင်းမကြား မေဖိုဆ သိချင်ချင်နဲ့မို့ ဒီဒီတို့လိုက်လာတာကွ၊ ဒီရောက်မှ မင်းအစ်မသတ္တိနည်းတာနဲ့ လန်းတစ်ယောက်တည်း လွှတ်လိုက်တာ"

"ဟင်…နင်က ဒီဒီပါလာတာ ဘာလို့မပြောလဲ"

ဒီဘက်လှည့်ပြီး ရန်ထောင်တော့ လန်းက မျက်ခမ်းသားတွေ ရဲရဲနီနေရာမှ သူ့အား မျက်စောင်းပိတ်ထိုးရင်း…

"နင်က နင်တင်ရာမှမပြောရရင် အသက်သေသွားနိုင်နှယ်တွေ ရှိတယ်လေ"

ခပ်ကျိတ်ကျိတ် ရန်ပြန်ဖြစ်ရင်းက…

"မေဖို…နင်အောင်တယ်သိလား၊ ဂုဏ်ထူးတစ်ခုပါဘယ်"

မေဖိုဘက်လှည့်တော့ မျက်နှာက ချက်ချင်းပြုံးအိသွားတာများ စပရိန်ကတောင် အရှုံးပေးရမည်။ ကျုံ့လိုက်ဆန့်လိုက်နှင့်ချစ်လည်းလုပ်တတ်သည့် မျက်နှာလို့ သူက ပြဲဘာပေးတုံး ဒီဒီ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ လန်းနှင့်မေပျိုကို ပခုံးတစ်ဖက်ဆီ သိုင်းဖက်ရင်း…

"သမီးသတင်းလည်း ကျောင်းဝကတည်းက ကြားပြီး သား"

"ကျောင်းထဲဝင်လာတော့ ဥက္ကာနဲ့တွေ့တယ်လေ၊ နင်က ဖိုးဒီတဲ့၊ ဒါပဲနော် လန်း နင်ဆေးကျောင်းတက်၊ ဒါမှ ငါ့ရောဂါ နင်ကုပေးလို့ရအောင်"

"အေးပါဟဲ့…ငါနဲ့ကုမှ နင့်တင်ပါးဇကာပေါက်ဖြစ်ပြီ သာမှတ်"

ခိုးခိုးခစ်ခစ်ရယ်သံတွေက နားနဲ့မဆန့်အောင် ကြားနေရသည်။ လုလင်က ဘောင်းဘီအိတ်ထဲ လက်နှိုက်ပြီး မျက်နှာလွှဲကာမဲ့တော့ ဒီဒီက မြင်ဖြစ်အောင်မြင်သွားကာ…

"ဒီဒီ…ကိုလင်းတို့နဲ့တွေ့ပြီးပြီ၊ မင်းတို့တစ်အုပ်စုလုံး"

"စာမေးပွဲပဲ ဒီဒီရာ မအောင်ရင်ကျမှာပေါ့၊ မဆန်းပါဘူး ဒါပေမဲ့ ဒီနှစ်တော့အောင်အောင်ဖြေမှာပါ"

ဒီတော့မှ လန်းတို့က ပျော်ရွှင်ခြင်းအစအနတွေကို သိမ်းကာ မျက်နှာပိုးသပ်ထားရသည်။ ကျရှုံးသူရှေ့မှာ ကိုယ့်အောင်မြင်ခြင်းအတွက် ဝံ့ကြွားနေဖို့ မသင့်တော်ဘူးဆိုတာ သိရမည်လေ။ ဦးကံကောင်းကတော့ သားဖြစ်သူအတွက် စိတ်မကောင်းဖြစ်ရင်းက ဖြေသိမ့်ရန် စကားလုံးရှာဖွေနေစဉ်မှာပဲ…

"ဒါဆို ကျွန်တော်လစ်တော့မယ် ဒီဒီ"





"အိမ်ပြန်မလိုက်ဘူးလား သား"

"အောင်တဲ့သူတွေအတွက် အောင်မြင်ခြင်းအထိမ်းအမှတ်ကိုပေါ့၊ ရှုံးတဲ့သူတွေအတွက် အရှုံးကို ထပ်တလဲလဲသတိရဖို့ အထိမ်းအမှတ်လိုတယ်လေ၊ ဟိုကောင်တွေ စောင့်နေကြပြီ"

မေးငေါ့ပြီး ညွှန်ပြရင်း ခြေလှမ်းတို့က လှစ်လှစ်ပါအောင် ပြေးပြီးသား။ ဒီတော့မှ မေပျိုက လုလင်ကျောပြင်ကိုကြည့်ရင်း…

"လုလင်…ဒီနေ့ ဓာတ်ပုံရိုက်ပြီး ပို့ရမဲ့နေ့လေ၊ ဟိုက မျှော်နေတော့မှာ"

အမောတကောအော်ရင်း ဒက်ဒီ့မျက်နှာလည်း အကဲခတ်ရသေးသည်။ မေပျိုက သတိတရရှိပြီး အလေးအနက်ထားသလောက် လုလင်က လက်တစ်ဖက်မြှောက်ပြကာ…

"ငါပြန်လာမှ"

တဲ့လေ။ တစ်ခါတစ်ခါတော့ အတွေးကိုတောင်ပံတပ်ပြီး ရောက်ရာပေါက်ရာ ရွက်လွှင့်ပေးလိုက်ချင်သည်။ မိခင်ဝမ်းကြာတိုက်ထဲ အတူတူ အချင်းတိုင်တစ်ခုတည်း အတူတူ ကြီးထွားဖွံ့ဖြိုးလာသည့် ဒီအမွှာနှစ်ယောက်မှာ မတူတာက စိတ်ဓာတ်ဆိုရင်…။

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"နင်ဘယ်သိပ္ပါမလဲနော် လန်း၊ အေးလေ နင်ရောက် [illegible] လာတာက ငါတို့အသက်ဆယ်နှစ်ကျော်မှဆိုတော့"

"နင့်ရင်ထဲမှာ ပင်ပင်ပန်းပန်း ခံစားနေရမယ်ဆို မပြော [illegible] တော့ မေပို့၊ အဲဒီအကြောင်းတွေ ငါမသိလို့ ဘာမှမဖြစ်ဘူး။ [illegible] နင့်အမေက ငါ့အတွက် အရေးမကြီးဘူးဆိုပြီး ဂရုမစိုက်တဲ့သဘော [illegible] ပြောတာမဟုတ်ဘူး မေပို့၊ ရှိနေခဲ့ရင်ကောင်းတာပေါ့၊ မရှိတဲ့အ [illegible] ကို တသသလွမ်းနေမဲ့အစား အနားမှာ ကိုယ့်ကိုအနစ်နာခံ ပြုစု [illegible] ထောင်ပေးခဲ့တဲ့ ဒီဒီကိုပဲ နှစ်ဆတိုးဂရုစိုက်ရင် ပိုမကောင်းဘူးလား [illegible] မေပို့"

"ငါ နားလည်ပါတယ်"

မေပို့က ဝရန်တာမှ စိမ်းစိုလှပသော ခြံထဲသို့ ကိုယ် [illegible] ကိုင်းကြည့်ရင်း ခေါင်းညိတ်ကာပြောသည်။ ဒီအိမ်ကြီးက သုံးထ [illegible]





ဖြစ်ပြီး အထပ်တိုင်း၌ ဝရန်တာထည့်ရသည့် ရည်ရွယ်ချက်က မေပို့ကြောင့်လို့ မားနီက မကြာခဏပြောဖူးသည်။

"ငယ်ငယ်တုံးကဆိုရင် မေပို့က သိပ်ချူချာတာ၊ အသက်ရှူကျပ်တာတို့၊ ခဏခဏအမောဖောက်တာတို့ဆိုတာ ဖြစ်နေကျထုံးစံတစ်ခုအတိုင်းလေ၊ အဲဒါကြောင့် ဆရာက မြတ်တော် ဝင်ဆောက်ခဲ့တုံးက သေသေချာချာ ဒီဇိုင်းဆွဲပေးတာ၊ သမီး စိတ်လွတ်ကိုယ်လွတ် ဖြစ်ရအောင် အထပ်တိုင်း ဝရန်တာထည့်ပေး ခဲ့လေ"

ဟုတ်တော့ဟုတ်သည်။ ဒက်ဒီစီမံရေးက မေပို့အတွက် အသုံးဝင်လှပါသည်။ အခုနေအချိန်၌ စိတ်ထဲမွန်းကျပ်လာလျှင် ဝရန်တာထွက်ပြီး အဆုံးအစမဲ့ ကောင်းကင်ကို မော့ကြည့်လိုက်တာ မျိုး။ ရွေ့လျားနေတဲ့ တိမ်တွေနှင့်အတူ ကိုယ့်စိတ်ကို ချိတ်ဆွဲပေး လိုက်တာမျိုး။ စိတ်ကူးကြည့်ရုံနဲ့ မွန်းကျပ်ခြင်းတွေ အတော်အတန် လျော့ပါးသွားတာ သူမကိုယ်တွေ့။ ထို့ကြောင့် သူမအတွက် အလေး ထား စီစဉ်ပေးတဲ့ ဒက်ဒီကို ကျေးဇူးတင်သလို ငါးနှစ်တစ်ကြိမ်မှ သတိရခွင့်ရှိတဲ့ မာမီကို..

"ဒီနေ့လိုမျိုးဆိုရင်တော့ ငါ မာမီကိုသတိရတယ်၊ လွမ်းတယ် လန်းရယ်၊ ဒက်ဒီနဲ့ ဘယ်လိုဆက်ထုံးတွေ ရှိခဲ့ရှိခဲ့ မာမီက ငါတို့ကို မွေးထုတ်ပေးထားတာဆိုပြီးတော့လေ၊ ပြီးတော့ ငါးနှစ်တစ်ကြိမ် ငါတို့မွေးနေ့ဆို လက်ဆောင်တွေ ပို့ပေးတယ်၊ လက်ဆောင်တွေ ပို့ပေးတယ်ဆိုတော့ ဒက်ဒီပြောခဲ့သလို သံယောဇဉ်



www.burmeseclassic.com

www.burmeseclassic.com



နည်းတယ်ဆိုတာ မဖြစ်နိုင်ဘူးထင်တာပဲ''

ခြံထဲကိုငေးရင်း ဆွေးဆွေးလေးပြောတဲ့ မေပျိုကိုကြည့်ပြီး လန်းမှာ စိတ်ထဲမကောင်းနိုင်ခဲ့ပါ။ လည်ပိတ်ဂါဝန်အဖြူလေးက လက်ဖျားနားအထိ အတွန့်အဖတ်လေးတွေနှင့် ခြေဖျားတိုက်ရှည်ကာ ခါးနောက်မှာ ကြိုးစည်းထားသဖြင့် ပါးလှပ်လှပ် ခန္ဓာကိုယ်လေးကို ခန့်မှန်းရလောက်အောင် မေပျိုက ဖျော့တော့လွန်းသည်။ ခြေလှမ်း လှမ်းပုံ၊ ခြေဖဝါးချပုံကအစ ညင်ညင်သာသာ နူးနူးညံ့ညံ့လေး သည့် မေပျိုက သူ့မ မိခင်အကြောင်း တဖွဲ့တနွဲ့ပြောတတ်သည့်အခါ တိုင်း စကားသံတွေ သွက်လာသည်။ နှုတ်ခမ်း၊ ပါးအို့လေးတွေ ရဲတက်လာကာ မျက်ဝန်းတွေက ရောင်စဉ်တဖျတ်ဖျတ်လက်လာ စမြဲ။

''ဒါပေမဲ့ နင်တို့ကိုမွေးပြီးပြီးချင်း''

''ဟင့်အင်း…ငါတို့တစ်လသားအရွယ်မှ မာမီထွက်သွား တာပါ''

မေပျိုက ချက်ချင်းဖြေရှင်းချက်ထုတ်ရန် ဝရန်တာ ကျော်မိုကာ သူမနှင့် မျက်နှာချင်းဆိုင်လှည့်ရပ်သည်။

''ဒီမှာလေ…ဒီထဲမှာ မာမီ့ပုံရှိတယ်''

လည်ပင်း၌ မချွတ်တမ်းဆွဲထားသည့် ဆွဲကြိုးလေး အသည်းပုံလော့ကက်သီးလေးကို ဖွင့်ပြသည်။ လော့ကက် အတွင်းဖက်၌ ပတ်(စ်)ပို့ပုံသေးသေးလေးတစ်ပုံတည်း။ အဖြူအမည်း မို့ အရာရာက မပီသတော့ပေမဲ့ စူးရဲသည့် မျက်ဝန်းနက်နက်





ပြောင့်တစ်ကြောင်းလို တင်းနေအောင်စေ့ထားသည့် နှုတ်ခမ်းပါး တွက အထင်အရှား။

''ဒက်ဒီကတော့ သူ့ပုံကို ဖြုတ်ထားလိုက်ပြီလေ၊ ဒါပေမဲ့ ဒါ ကျေနပ်ပါတယ် လန်းရဲ့၊ ဒက်ဒီ့ကို သံတိရရင် ဒီအတိုင်းကြည့် မြင်ခွင့်ရတာပဲကို မာမီကသာ''

''ဒီပုံက နင့်မာမီ ငယ်ငယ်တုံးကပုံပေါ့''

မေပျိုက ပုံသေးသေးလေးကို အားရအောင် ပြုံးကြည့်ပြီးမှ လော့ကက်ကို နေရာတကျပြန်ထားရင်း…

''အင်း…ဒက်ဒီကတော့ပြောသား၊ သမီးမာမီက အသက် ကြီးတဲ့အထိ ကျောင်းစာတွေ ကြိုးစားရတုံးဆိုတော့ ဓာတ်ပုံ းတောင် မပို့နိုင်ရှာဘူးတဲ့၊ အဲဒါကြောင့် ငါတို့မှာ မာမီ့ ည့်ခြောက်နှစ်အရွယ်ကပုံနဲ့ပဲ အလွမ်းဖြေနေရတာ''

''အဲဒါကြောင့်များ ဒီဒီကလည်း နင်တို့ပုံကို ငါးနှစ် တစ်ကြိမ်မှ ပို့ပေးတာလားမသိဘူးနော်၊ လက်စားချေတဲ့သဘောနဲ့ ''

တွေးတွေးဆဆလေး လန်းကပြောမိသည်။ ဒီဒီတို့ရဲ့ ထောင်ရေးအကြောင်းကို မာနီတို့ထံမှ တစ်စွန်းတစ်စ သိခွင့်ရ သည်။ တကယ်တမ်းဆို အချစ်ရေးမှာ ဒီဒီက ကံမကောင်းခဲ့သူ။

''တစ်ယောက်က စီးပွားရေးကို အားသွန်ခွန်စိုက်လုပ်ပြီး သားစုကို တင့်တောင်းတင့်တယ်ထားချင်တဲ့သူ၊ တစ်ယောက်က ညာမာန်နဲ့ ဘဝကိုရှက်လွှင့်ချင်တဲ့သူ၊ စကတည်းက မတူတဲ့အသွင်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စီနဲ့ဆိုတော့ အဆုံးသတ်မှာ လမ်းခွဲသွားရတာ ထုံးစံအတိုင်း လို့ပဲ မှတ်ယူရမှာပေါ့မောင်ကောင်းရယ်၊ ဘာပဲဖြစ်ဖြစ် မိဘနှစ်ပါး ရဲ့ ရိုက်ခတ်မှုကလေးတွေဆီ မရောက်အောင် တို့ထိန်းပေးရမှ တို့တာဝန်”

မားနီနဲ့ ဒီဒီ့စကားဝိုင်းက လွင့်ပျံ့လာသော ပဲ့တင်သံတွေ ကို သူစကြားဖူးသည်။ အနည်းနဲ့အများတော့ သားသမီးအပေါ် ဒီမိဘအရိပ်က သက်ရောက်မှုရှိတာပဲလို့ တွေးနေပေမဲ့ မေပျိုကတော့ သူမအပြောကို ထောက်ခံကာ…

“အေးနော်…ဖြစ်နိုင်တယ်၊ သိလား လန်း၊ ဒက်ဒီက မာမီ့ကို လက်စားချေတာ၊ သမီးတို့မှာ အမေရှိတယ်၊ ဒါလေးသိ ထားရင် တော်ပြီတဲ့၊ မကြင်နာချင်လို့ ထားခဲ့ရက်တဲ့ မိန်းမော ဒီဓာတ်ပုံတွေတွေ့လည်း နာကျင်စရာပဲ ဖြစ်ချင်ဖြစ်လာမှာတဲ့၊ ဝညာ တတ်ယောကျ်ားမဟုတ်တဲ့ သူနဲ့ သွေးနှောမိလေခြင်းဆိုပြီးတဲ့ ပြောတုံးက ဒက်ဒီ့မှာ တော်တော်နာနာကြည်းကြည်းနဲ့ဟာ၊ ကျွ

“အချစ်ကြီးလို့ အမျက်ကြီးတာနေမှာ”

မေပျိုရဲ့စကားကို လန်းက ဆက်စပ်ပေးရင်း ပခုံးချင်းတိုက် ကာ ရယ်မိသည်။ ဒီဒီ့အသက်အရွယ်အရ အချစ်တွေ၊ အမုန်းတွေ ရေရွတ်နေလို့ မသင့်တော်ပေမဲ့ နှလုံးသားခံစားချက်ဆိုတာ အရွယ် မရွေး၊ လူတန်းစားမရွေး ရှိတတ်သောအရာ။

♠ ♠ ♠



## အခန်း (၁၄)

“အချစ်ကြီးလို့ အမျက်ကြီးတာနေမှာ”

စကားစုရဲ့ နောက်ဆက်တွဲမှာ ရယ်သံတွေက သူရပ်နေ နေရာ နံရံအကွယ်လေးအထိ ပျံ့လွင့်လာသည်။ လှမ်းလက်စ ခြေလှမ်းကို ချက်ချင်း ဘရိတ်ဆွဲလိုက်၍ ခြေလှမ်းတို့က နေရာတင် နေရပ်သည်။ ထိုခြေလှမ်းတို့အား နောက်ပြန်လှည့်ရန် စိတ်တွင်း အမိန့်ပေး၏။ ဆေးဗန်းကိုင်ပြီးသူ လှေကားထိပ်အရောက်

“မောင်ကောင်း”

ကြေးပန်းအိုးကြီးနှစ်အိုးကိုင်ပြီး တက်လာသည့် ဒေါ်ဝင့်နီ။ ာတ်ပါး၌ ပန်းတွေဝေဝေပွေ့ကြီးပိုက်လာသည့် အသိန်း။ ဒေါ်ဝင့်နီ သူ့လက်ထဲမှ ဆေးဗန်းနှင့် သူ့အားကြည့်ရင်း…

“ကလေးကိုဆေးတိုက်မယ်ဆို၊ မတိုက်ရသေးဘူးလား”

“မားနီ တိုက်ပေးပါ”



www.burmeseclassic.com

www.burmeseclassic.com



"ဟော…အေး…အေး ပေး"

ယန်းအိုးကြီးကို အသိန်းထံလက်လွှဲပြီးမှ မားနီက ဆေးထ
လှမ်းယူသည်။ ဒေါဝင့်နီအား အစ်မတစ်ဝမ်းကွဲလည်းဖြစ်၊ ယော
တည်းက ကိုယ့်ကို ချိုပိုးထိန်းကျောင်းခဲ့သူမို့ မနီလို့ခေါ်ရင်း
မားနီနဲ့အမည်တွင်သွားတဲ့အဖြစ်။ ဒါကို ကလေးတွေကလည်
လိုက်ခေါ်သဖြင့် ဒေါဝင့်နီဆိုတဲ့အမည် ပျောက်ရတာ ယနေ့အထ
မားနီက မောင်ဖြစ်သူရဲ့မျက်နှာကို စေ့စေ့စပ်စပ်အကဲခတ်ရင်း

"နေကောင်းရဲ့လား မောင်ကောင်း၊ သွေးတက်နေသလား
မျက်နှာကြီးရဲပြီး နှုတ်ခမ်းကျတော့ ဖြူရော်ရော်နဲ့၊ သွေးပေါင်ချ
မလား ငါ့မောင်၊ ဒါမှမဟုတ် အသိန်းကို သံပရာရည်ဖျော်ခိုင်း
မလား"

"မားနီလည်း သူနာပြုမို့ပဲ၊ ဆရာဝန်သာဖြစ်ရင်တော
ဆေးထိုးအပ်ကိုင်ပြီး တွေ့သမျှလူကို ဆေးလိုက်ထိုးမလားပဲ၊ ရတာ
ဘာမှမဖြစ်ဘူး"

ဘုတောပြီး လှေကားကဆင်းသည်။ အစ်မဖြစ်သူ
စေတနာနှင့်ပြောတာသိပေမဲ့ ရင်ထဲပြောမပြတတ်လောက်အောင
နာနေသဖြင့် ထိုစေတနာကို လက်ခံရန်နေရာမရှိတော့။

"အချစ်ကြီးရင် အမျက်ကြီးသတဲ့"

လန်းရဲ့စကားကို ကြားယောင်ပြီး နှုတ်ခမ်းလှုပ်ရုံရေရွတ
ရင်း လှေကားအောက်အခန်းဝမှာ ခြေလှမ်းတို့ရပ်တန့်သွား
တံခါးလက်ကိုင်ဘုကို ဖြည်းညှင်းစွာ လှည့်ဖွင့်တော့ နှလုံးအိမ်





သွားသားတို့ ဖျင်းခနဲ ဆူပွက်ကုန်သည်။ ကြာခဲ့ပါပြီ။ ဒီနေရာ၊
ခန်းဆီ သူခြေဦးမလှည့်ဖြစ်ခဲ့တာ။ ဒါပေမဲ့ အပြီးတိုင်သော့ခတ်
တ်ပစ်ရန်ကျတော့လည်း နှလုံးသားက ခွင့်မပြုသေး။ ဒီမိန်းမကို
တွေ့စကတည်းက ပိုင်ဆိုင်ချင်ခဲ့သည့်စိတ်ဟာ သူ့အတွက်
အစ်သက်တာကျိန်စာလေလား။

"အဲဒါ ငါတို့ဆေးတက္ကသိုလ်ရဲ့ ကွင်း(န်)"

မိတ်ဆက်အပေးခံရတုံးကတည်းက သူမမြင်တွေ့နိုင်ခဲ့ရင်
သိကောင်းမှာ။ ရိုးရိုးမေ့ကျယူပြီး စီးပွားရှာရန် စိတ်ထက်သန်သော
သူက ထိုအချိန်ကတည်းက တယူသန်။ မိဘမျိုးရိုးလုပ်ငန်းဖြစ်သည့်
မိယာဆောက်လုပ်ရေးကို စိတ်မဝင်စားဘဲ သူလုပ်ချင်တာက
ကားတွေ စိတ်တိုင်းကျပြင်ဆင်ရောင်းဝယ်ရေးလုပ်ငန်း။ မိဘက
သည်း နောက်ကွယ်က ပံ့ပိုးခဲ့တာမို့ တက္ကသိုလ်ကျောင်းသားပေမဲ့
သူမှာ ခိုင်မာသောစီးပွားရေးက ရှိနှင့်ခဲ့ပြီးသား။ ကားစက်သံ
ဆူးထောင်ရုံနှင့် အင်ဂျင်ပိုင်းကို အကဲဖြတ်နိုင်အောင် လေ့လာခဲ့
သည်။ ကားကိုယ်ထည်ဒီဇိုင်းကို စိတ်တိုင်းကျ ကာလာစပ်ကာ
ယ်ရောင်းလုပ်တတ်၍ အချိန်တိုတိုအတွင်းမှာ ကားလောကၡ
ကောင်းဆိုသည့်အမည်က တဟုန်ထိုး တိုးထွက်လာချိန်။ အခု
သည်း ဆေးကျောင်းမှာ ကျောင်းသားက သူစီးသောကားကို
ပြန်ဝယ်ချင်သည်ဆို၍ ကားလာပြခြင်းဖြစ်သည်။ ဝယ်ချင်သူက
ကားစက်စမ်းရန် စီးသွားချိန်၌ သူက ကင်(န်)တင်းမှာ ဂဏန်းပေါင်း
တ်တစ်လုံးဖြင့် ကားအတွက် ကုန်ကျစရိတ်ကို တွက်ချက်နေချိန်



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ ဘုန်းဘုန်းရယ်၊ ဟိုကောင်က သူကြိုက်တဲ့ကား
ဈေးဆစ်မှာမဟုတ်ပါဘူးကွ၊ မင်းကြိုက်ဈေးခေါ်"

"ဆစ်လည်း ငါမကိုက်ရင် မရောင်းဘူးကွ"

"သိပါတယ်၊ မင်းက သူဌေးဈေးရောင်းပဲ၊ ငါတို့ကျော
ရောက်တုံး ငါတို့ကွင်း(န်)ကို ကြည့်ပါဆို၊ ကင်(န်)တင်းထဲရော
လာပြီကွ"

"မင်းတို့ဆေးကျောင်းက ပုလင်းဖင်မျက်မှန်ကြီးနဲ့လည
ကွင်း(န်)ပေးတာပဲလား"

သူတို့ခေတ်တုံးက မျက်မှန်ထူထူတပ်၊ ခန္ဓာကိုယ်က ပိန
လိုနှင့် ဆံပင်အတိုညှပ်ထားသော မိန်းကလေးဆို ပြေးမကြည
မောမည်။ အဲဒါ ဆေးကျောင်းသူဟု တပ်အပ်ပြောရလောက်အော
တစ်ပုံစံတည်းထွက်လေသည်။ ထို့ကြောင့် သူက လှည့်မကြည
စတမ်း ဝေဖန်လျှင် ဘေးကကောင်တွေက စားပွဲခုံလက်ဝါးနဲ့ရို
ဟာခနဲဟင်ခနဲ အသံစုံထွက်တာ သူတို့တစ်ဂိုင်းတည်းမှဖြစ်ပြီ

"မင်းတော့သွားပြီ၊ လောကကြီးကို တသမတ်တည
တွက်လို့မရဘူးကွ၊ အမြဲတစေ ပြောင်းလဲနေတာ၊ ဒီလို
ဆေးကျောင်းသူဆိုတာကလည်း"

"ကဲ…တော်ပြီ ဖော်ဝင်း၊ မင်းချီးမွမ်းခန်းက နေ့နေ
နဲ့ပဲ ကျောင်းဆင်းတော့မယ်၊ ငါလှည့်ကြည့်မယ်၊ လိုရင်းက ဒါ
မဟုတ်လား"

သူက စိတ်မရှည်သလို ဖြတ်အော်တော့ ဖော်ဝင်း





ဆရယ်ရင်း…

"အေး…ကြည့်လိုက်၊ မင်းကျောတည့်တည့်မှာ လိမ္မော်
ရောင်ဝတ်ထားတဲ့တစ်ယောက်"

ဖျတ်ခနဲ လည်ပင်းလိမ်၍ ပခုံးကိုကျော်ကြည့်သည့်ခဏ
သူ့ပတ်ဝန်းကျင်က တိခနဲ တိတ်ကျသွားသည်။ ဝန်းကျင်တစ်ခု
လုံး လိမ္မော်ရောင်သန်းသွားသလို။ အရာအားလုံးထဲမှာ ထင်ရှားစွာ
တွေ့ရတာက မျက်ဝန်းနက်သော၊ တင်းတင်းစေ့ထားသော နှုတ်ခမ်း
ပါးတစ်စုံနှင့် သူ့နှုတ်သီး။ တိုင်ပင်မထားဘဲ အကြည့်ချင်းဆုံသည့်
အတွန့်ပိုင်းလေးမှာတင် သူ့ရင်ခုန်သံတွေ ကပြောင်းကပြန်ဖြစ်အောင်
ရိုက်ပုတ်သွားသည်။ ထိုမျက်ဝန်းလေး။

"နှောင်းတဲ့၊ အဲဒါ သူ့နာမည်ပဲ"

နှောင်းဟု သိခဲ့ရချိန်မှစ၍ ယခုအချိန်ထိ သူ့ရင်ထဲမှာ
နှောင်းက မဟောင်းသွားတာ ဘာကြောင့်လဲ။

ဦးကံကောင်းက အခန်းလေးဆီ မျက်ဝန်းဝေ့ကြည့်သည်။
တစ်ယောက်အိပ်ခုတင်၊ ဘေးနားက စာကြည့်ခုံ၊ မှန်တင်ခုံ၊ ဗီရို
တို့သည် သူမရှိစဉ်ကအတိုင်း၊ တစ်ခုပဲကွာခြားသည်။ ဒီအခန်းထဲ
မှ သူမ မရှိခဲ့တာ ဆယ်နှစ်ကျော်ခဲ့ပြီဆိုပေမဲ့…

အတိတ်ကို ချန်ထားရစ်လို့မရတာ ဘာကြောင့်လဲ။

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"ဒီဒီကလည်းဗျာ"

ရွှံ့မဲ့ပြောရုံအားမရ ရင်ခွင်ထဲထည့်ပိုက်ထားသည့် ဂစ်တ
ကို ဗျင်းခနဲဆွဲချလိုက်တာကြောင့် မှုကျေနပ်ခြင်းအား ဂစ်တာသ
ပါ ဖော်ပြလိုက်သလို။ ဆက်မတီးတော့ဘဲ မျှေယာပေါ် တင်ပလ္လ
ခွေထိုင်ပြီး ဂစ်တာကို ဖက်ထားပုံကလည်း ဂျစ်တစ်တစ်။ ဒီတ
တော့ မလျှော့တော့ဘူးရယ်လို့ တင်းထားတဲ့စိတ်တွေက သားဖြ
ကို ဆက်ကြည့်နေရင် အရည်ပျော်တော့မဲ့အဖြစ်ကို သိနေတာ
ဦးကံကောင်းက ကျောနှိုင်းလှည့်ရပ်ကာ ခါးထောက်ရင်း...

"ဒီဒီတွေဘာတွေလုပ်မနေနဲ့၊ ဒါ အပေးအယူပဲ"

"ကျစ်...ကားလေးတစ်စီး ပူဆာမိပါတယ်၊ ဒီဒီ
စားပြီ"

"အောင်မာ...မင်းက ဒီဒီကိုစားနေတာ"





"အဲဒိုတွေမပြောနဲ့ ဒီဒီရာ"

ဖြစ်ချင်ရာဖြစ်ဆိုပြီး မျှေယာပေါ် နောက်ပြန်လှဲချတော့လည်း ဂစ်တာက ရင်ဝယ်မှာပိုက်ပြီးသား။ မကျေမနပ်နှင့် မျက်နှာကြက်ကိုကြည့်ရင်း...

"ကားထုတ်လုပ်တဲ့ကုမ္ပဏီကြီး ထောင်ထားတဲ့သူ့ရဲ့သားက ကားတစ်စီးမရှိတာ ရှက်စရာကြီး"

"အေးလေ...မင်းကို ဒီဒီက မဝယ်ပေးဘူးပြောလို့လား"

"ဝယ်ပေးမယ်တော့ပြောပါရဲ့၊ အဲဒီနောက်ဆက်တွဲက"

ပြောလက်စ စကားကို ဖြတ်ပြီးမှ ဝုန်းခနဲပြန်ထထိုင်ကာ

"ကျစ်...မဖြစ်ဘူး ဒီဒီ၊ သူက ကျွန်တော့်ထက်အသက်ငယ်တယ်"

"စကားကို ကပ်မပြောနဲ့၊ လဝိုင်းပဲငယ်တာ"

"ငယ်ရင် ဆရာအဖြစ် မကြည်ညိုနိုင်ဘူး၊ ဆရာဆိုတာ တပည့်ထက် အသက်ရောဝါရောကြီးမှ၊ ပြီးတော့ သူက နဝိုကတည်းကမှ ဆရာကြီးပိုက်ဆိုဒ်နဲ့"

"အေးလေ...ဘာဖြစ်လဲ၊ အဲဒါ အခုလောလောဆယ်လန်းက ဖိုးဒီနဲ့အောင်ထားတာ၊ မင်းထက်ထူးချွန်တယ်၊ ဒီတော့ သူ ဝိုက်(ဒ်)လုပ်ပေးတာ လက်ခံရင် မင်းလိုချင်တဲ့ကားရမယ်၊ ဒါပဲ"

ဦးကံကောင်းက တစ်ချက်လှတ်အမိန့် ထုတ်သည်။ ဖိုးမို့ဒီသားအကြောင်းက သူလှေ့လာစရာမလိုဘဲ အထူးတလည် နော



www.burmeseclassic.com

www.burmeseclassic.com



ကျေပြီးသား။ သင်သမ္မဆရာတွေ ဝိုက်(ဒ်)တွေဟာ လုလင်ဘာအပြစ်လုပ်လုပ် သူ့ကိုပြန်အစီရင်မခံရဲ။ ဆရာတွေတင်မဟုတ်အိမ်ရှိလူကုန်ထဲ လန်းမှလွှဲ၍ပေါ့။ လုလင် အပြိုင်ငြင်မခံရဲ။ ဒါကိုပဲကိုရွှေလုလင်တို့က ကြံဖန်ပြီး ဂုဏ်ယူတတ်တာက…

“နဂါးမျက်စောင်းလေ မကြည့်နဲ့၊ ကြည့်တာနဲ့ ပြာကျပြီမှတ်”

တဲ့။ သူ မကြုပ်မတ်နိုင်တဲ့အချိန်မှာပဲ လုလင်တို့ ရန်နှစ်ပွဲဆက်တိုက်ဖြစ်ပြီးသွားပြီ။ အောင်အောင်ဖြေပါ့မယ်လို့ ကတိပေးထားတဲ့သူက နှစ်ဝက်ကျိုးပြီ၊ ဘာကျူရှင်၊ ဘာဝိုင်းမှမတက်သေး။ ပြောပြန်တော့…

“မိုင်နာပါ၊ မနှစ်ကစာတွေပဲ၊ မကျက်ဘဲတောင် သွားဖြေလို့ရတယ်၊ အေးဆေး”

ဒီလောက်အေးဆေးနေတာ တစ်နှစ်တည်း ဘာလို့အောင်အောင်မဖြေလဲမေးတော့…

“ဆယ်တန်းကျောင်းသားဘဝကို ခံစားလို့မဝသေးလို့”

ကောင်းကြရောပဲလို့ ဟစ်သာအော်ချင်တော့သည်။ ထို့ကြောင့် လန်းနှင့် စာအတူကျက်ရန် စီမံကိန်းဆွဲပေးသောအခါ ကြိုတင်တွက်ဆထားသလိုပင် ခါးခါးသီးသီးငြင်းတာကလက်တခါခါ။ ခေါင်းတယမ်းယမ်းနှင့်။

“မဖြစ်ဘူး ဒီဒီ၊ အဲဒီလန်းဆန်းက ဝွင်ကြိုရင်ကြိုသလိုနှိပ်ကွပ်တာ၊ သူ့သာဆရာနေရာထားလို့ကတော့ သွားပြီပဲ





လေတောင်လည်ရဲမှာမဟုတ်ဘူး”

“ယောကောင်…စကားပြောရင် အညစ်ဖတ်မတွေမပါနဲ့”

ရယ်ချင်ရပ်အား အတည်ပေါက်တင်းထားကာ ထဟန့်သည်။ လုလင်ကတော့ ပြောလက်စနှင့် ပြောရန် ကြံစည်ထားသည့်အတိုင်း ထိုင်ရာမှ ဝုန်းခနဲထလာကာ ဒီဒီ့ရှေ့သွားရပ်ပြီး…

“ရန်ဖြစ်လို့ ရဲစခန်းရောက်ရတာလည်း သူ့ကြောင့်ချည်းပဲ၊ ဘာမှမလုပ်ရသေးဘူး သူက ရဲစခန်းဖုန်းခေါ်တော့ စကားများရုံနဲ့ စခန်းရောက်၊ ခံဝန်ထိုးပြီး နှစ်ဆယ့်လေးနာရီ အထိန်းသိမ်းခံရတာလေ”

“ဟား…ဟား ဒါလည်း မင်းကိုကာကွယ်တာတစ်မျိုးပေါ့၊ မင်းကရော လန်းထွက်သွားပြီဆိုရင် ဘာလို့လိုက်ချောင်းတာလဲ ကဲ ပြောပါဦး”

ဦးကံကောင်းက ခပ်စေ့စေ့ကြည့်ပြီး မေးသည်။ သားဖြစ်သူမျက်နှာပေါ်၌ ဘယ်လိုကောက်ကြောင်းမျိုး တွေ့ရမလဲဆိုပြီးတော့ပါ။ ဒါပေမဲ့ လုလင်တို့က သွေးအေးလွန်းတာလား၊ ဟန်ဆောင်ကောင်းတာလားမသိ။ တခြားလူအတွက် တုန်လှုပ်စရာမေးခွန်းက သူ့အတွက် အရေးအမောပင်မပျက်။

“ဟွန်း…ဒီဒီက ဘာသဘောနဲ့မေးတာလဲ မသိပေမဲ့ ကျွန်တော်က ကြေညာပြီးသား၊ သူ့ကို အာရုံကိုမရှိဘူး”

“ဒါနဲ့များကွာ မင်းက သူနဲ့စကားပြောမိတဲ့ ကောင်လေးတွေကို ဘာလို့ ရန်လုပ်နေရတာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ သူဘူပိတ်အောင်၊ မစွဲအောင်၊ ရှင်းရှင်းပြောရရင် ကျွန်တော့်အာဏာကို သူ့နှလုံးသားရေးရာမှာပါ ဖြန့်ကျက်ထားတာ"

"ဟော…မင်းဟာက ဘယ်လို"

ခေတ်ကို အမီလိုက်သော ဦးကံကောင်းတောင် သားဖြစ်သူနဲ့တွေ့မှ ခေတ်နဲ့ မျက်ခြေပြတ်တာ သိရတဲ့အဖြစ်။

"ဟုတ်တယ်လေ၊ ဒီဒီမွေးစားသမီးက မာနတွေ ကောင်းကင်မှာလွင့်ပြီး ကျွန်တော့်ကို ဂရုမစိုက်ဘူးဆိုတဲ့အမျိုးနဲ့"

"မဟုတ်သေးပါဘူး သားရာ"

"ဟုတ်တယ်၊ အဲဒီ့အတိုင်းပဲ၊ ကျွန်တော်ကလည်း မတေ့နပ်လို့ အခုလိုလုပ်တာ၊ လုလင် ခေါင်းခါလိုက်ရင် သူမှန်းထားတဲ့ အနာဂတ်လမ်းတောင် ပျောက်သွားစေရမယ်ဆိုတာ သိအောင်"

"လုလင်…သား အဲဒီ့စိတ်က"

"မကောင်းမှန်းသိတယ် ဒီဒီ၊ ဒါပေမဲ့ တမင်မွေးထားတာ သူဘယ်လောက် ဘုရင်မဖြစ်ချင်နေပါစေ မရဘူး၊ အချိန်တန်ရင် မိဖုရားဘဝနဲ့ ဓာတ်သိမ်းရမှာပဲ၊ အဲဒါကို သူလက်ခံရင်ရပြီ"

ဩော်…ကြီးလိုက်တဲ့အကြံရယ်လို့ ဩဘာပဲပေးရမလား မိဘအာဏာသုံးပြီး တားရမလား။ ဦးကံကောင်း မသိတော့ လုလင်ကတော့ သူ့အတွေးနဲ့သူ ဟုတ်နေရာက။

"သူ့နဲ့စာသင်မယ့်ကိစ္စလည်း ကျွန်တော်လက်ခံလိုက်တော့မယ်"

"ဟာ…နေစမ်းပါဦးကွ၊ မင်းက"



ပထမတော့ကိုက်တွန့်နေရာက အခုတော့ ဦးကံကောင်းက အင်တင်တင်။ ဒါကိုရိပ်မိသော လုလင်က ဒီဒီ့အား ပခုံးချင်းလှမ်းတိုက်ရင်း…

"ပြောပြီးသားစကား ဘွာခတ်လို့မရဘူးနော် ဒီဒီ"

"မင်းက စာမလုပ်ဘဲ ရန်ပဲတခြိမ်းခြိမ်းဖြစ်နေရင်ရော"

"အဟွန်း"

ချည်သားဘောင်းဘီပွပွထဲ လက်နှစ်ဖက်စလုံးထည့်ပြီး ခုံးတွန့်ကာရယ်သည်။ ပြီးမှ ခေါင်းမော့လာပြီး…

"သူက မငြိမ်းချမ်းရင်တော့ ကျွန်တော်က တိုက်ပွဲစပေးမှာပေါ့ ဒီဒီ၊ စကားပုံတောင်ရှိတာပဲ၊ သူတလူငါတမင်းတဲ့၊ ဒီဒီသာ ကားဝယ်ပေးတော့"

တခဏအတွင်းမှာ အပြောင်းအလဲမြန်စွာ ဆုံးဖြတ်ချက်ချပြီး အခန်းထဲကထွက်သွားတော့လည်း မြန်မြန်ဆန်ဆန်။ ဦးကံကောင်းမှာသာ ရင်လေးလေးနှင့် သက်ပြင်းရှိုက်ရင်း…

လန်းကို မွေးစားခဲ့တာဟာ လုလင်အတွက် စီမံကိန်းတွေချပြီး အလုပ်လုပ်တတ်အောင် သင်ပေးလိုက်သလိုများလား။ တစ်ယောက်က တည်ဆောက်ခြင်းကို ဝါသနာပါလျှင် တစ်ယောက်က ဖြိုခွဲရန်ဝန်မလေးတတ်ခြင်းရဲ့ အဆုံးသတ်က။ မာန်နှင့်ဒေါသချင်းပြိုင်ပြေးမဲ့ မနက်ဖြန်မှာ။

သင့်မြတ်ခြင်းတွေ ဘယ်မှာပုန်းနေသနည်း။

♦ ♦ ♦

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"သူငယ်ချင်းလေးပါတဲ့၊ သူငယ်ချင်းလေးပဲတဲ့ကွယ်"

ဖုန်းက စိုင်းစိုင်းရဲ့ Hip Hop သီချင်းသံစဉ်မြူးမြူးလေးနှင့် အော်မြည်လာသည်။ လုလင်က အခုမှ စကျက်ရန်ဖြင့်သော မှတ်စုစာအုပ်ဖွင့်ထားပြီးသားတွေကို စားပွဲတစ်ဖက်စီ တွန်းထုတ်ပစ်ရင်း လက်ပိုက်ကာ သူ့ကိုစေ့စေ့ကြည့်နေတဲ့ လမ်းကို ပခုံးတွန့်ပြရင်း...

"ဆောရီး"

ခပ်လောင်လောင်တောင်းပန်ပုံကိုက အပိုးမကျိုး။ စာသင်ရန် ဒီအခန်းထဲဝင်တာ နာရီဝက်ရှိပြီ။ အခုချိန်ထိ ဘာစာမှ ပတ်တိမကျက်ရသေး။ စာစကျက်မယ်ဆိုကတည်းက ဘောပင်ထရှာတာ ငါးကြိမ်။ ရေထသောက်တာ သုံးကြိမ်။ ရေအသောက်





များလို့ဆိုပြီး အိမ်သာဝင်တာ နှစ်ကြိမ်။ အခုလည်း ဖုန်းကဝင်လာပြန်ပြီ။ ဒါ လမ်းကို သူပညာပြတယ်ဆိုတာသိသည်။ ဒီဒီက တောင်းဆို၍ ခေါင်းညိတ်မိသော ဒီစာသင်ပေးခြင်းမှာ ဒီလိုပညာပြမှုတွေ တွေ့ကြုံရမည်ဆိုတာ လမ်း ကြိုတွေးပြီးသား။ စာသင်လည်း သူ့အခန်းထဲမှာသင်ရမည်။ စာသင်ချိန်ကလည်း သူအားသောအချိန်။ အရာအားလုံး စိတ်လျှော့ပြီး လိုက်လျောခဲ့တာ ဒီဒီ့မျက်နှာကြောင့်။ လမ်းက မျက်လွှာချပြီး ရှေ့၌ဖွင့်ထားသော အင်္ဂလိပ်စာကြောင်းတွေကို ငေးစိုက်ကြည့်နေမိတာ ကျက်သရေတုံးသော ကျောက်ဆောင်ရေစိမ်မျက်နှာကို မကြည့်ချင်လို့ပါ။ ဒါပေမဲ့ မျက်လွှာက ချထားလို့ရသည်။ နားကပိတ်ထားခွင့်မရှိတော့။

"ဟဲလို...အား...ကိုလင်း အေး ပြော"

"ငါဘာပြောရမှာလဲ လုလင်"

သေစမ်းလို့ နှုတ်ခမ်းလှုပ်ရုံ လုလင်က ဖုန်းထဲမှ ကျိန်ဆဲသည်။ အစောကြီးကတည်းက ဒီနေ့ဒီအချိန်စာသင်မည်။ ဖုန်းဆက်ပို့ ညွှန်ကြားထားတာကို ဘာပြောရမလဲတဲ့။ ကြောင်။ ပျစ်ပျစ်နှစ် ကင်ပွန်းတပ်ပေးရင်းက ဤကြွေတခွဲသားနဲ့ လမ်းဆန်းကို မျက်လွှာပင့်ကြည့်ရင်း...

"သြော်...လမ်းဆန်းလား"

ကိုယ့်နာမည်ပါလာတော့ လမ်းက ဥပေက္ခာမပြုနိုင်။ မျက်ခမဲ့ မော့ကြည့်တော့ ဒင်းက သူမပြောလိုက်သည့်အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ရှပ်တည်နှင့်။

"ခေါင်းကိုက်ရင် သောက်တာလား၊ ငါကတော့ လန်းဆန်းကိုမကြိုက်ဘူး"

ကြည့်စမ်း။ တည်တည်ကြည့်ပြီး စော်ကားနေတာ။ လက်သီးဆုပ်ကို ပေါင်ပေါ်တင်ပြီး ခံနောက်တန်း၌ မှီထားသော ကျောကို ဆတ်ခနဲမတ်တော့ သင်းက ထိုင်ရာမှထရပ်ရင်း...

"ငါက ဖလူဇာပဲသောက်တာ၊ ဟာ မင်းကလည်း လန်းဆန်းကို မကြိုက်ပါဘူးဆို၊ အေး...ငါက ဖလူဇာသောက်တာ သူက ပီပီအေမပါဘူးလေ"

"ဟော့ကောင်...ဘာတွေလျှောက်ပြောနေတာလဲ၊ မင်းအနားမှာ လန်းဆန်းရှိတယ်မဟုတ်လား"

ဖုန်းထဲမှ ကိုလင်းရဲ့အသံက အလန့်တကြား။ သူတို့က သွေးသားမတော်စပ်ကြောင်း ကိုလင်းတို့ သိပြီးသား။ ထို့ကြောင့် ပြဿနာတက်မှာစိုးရိမ်သည်။ လုလင်ကတော့ သရုပ်ဆောင်ကောင်းစွာပင် အခန်းထဲ နှစ်ပတ်လောက်လမ်းလျှောက်ရင်း...

"အေး...ရှိတယ်လေ"

"ဟာ...ရှိတာကိုမင်းပြောနေနော်၊ ဘိုးတော်နဲ့တိုင်ရင် မင်းအသစ်စက်စက်ကားလေး မစီးရဘဲနေဦးမယ်"

"ဟား...ဟား အဲဒီလောက်အထိ ကျွတ်ကျဲစရာမလိုပါ ဘူးကွာ၊ ဒီမှာ မင်း လုလင်စကားသာယုံပြီးပုံလိုက် ဖလူဇာ





သောက်၊ လန်းဆန်းက အလကားပါပဲ၊ ရှပ်ကိုက ဆရာကြီးရှပ်နဲ့"

မျက်စောင်းက မြားတစ်စင်းအလား လုလင်ထံ ဒိုင်းခနဲ ဝင်ဆောင့်သည်။ လုလင်က ပြုံးတော့မလို ရယ်ချတော့မလိုနှင့် နှုတ်ခမ်းနှစ်လွှာအား အတင်းဆွဲစေ့ကာ...

"ကြော်ငြာတဲ့လူကိုပြောပါတယ် ဆရာကြီးဝိုက်(ဒ်)ဖမ်း နေတာ၊ ရှပ်က တစ်စက်မှပုံမလာဘူး၊ ကလေးလိုလို ခွေးလိုလို၊ သူခိုးလိုလို၊ ကြမ်းပိုးလိုလို"

"လုလင်...ပေးစမ်း အဲဒီဖုန်း"

အနားသို့ရောက်လာတာ လေထက်မြန်သည်။ လှုပ်ရှားမှု က လျှပ်စီးလက်သည့်အတိုင်း။ ဖျိုးခနဲဖျတ်ခနဲနှင့် ဖုန်းကို ဆွဲယူခြင်း ခံရပြီးမှ လုလင်က သတိဝင်လာတာဖြစ်သည်။ လန်းက ဖုန်းကို ပါဝါပိတ်ချရင်း...

"စာကျက်ချိန်ပြီးမှ ဖုန်းပြောရမယ်"

"ဟ...ဘာဆိုင်လို့လဲ၊ ပေး...ငါ့ဖုန်း"

"မပေးဘူး၊ နင်စာကျက်ပြီးမှ"

ပြောပြောဆိုဆို လန်းက ဂျင်းဘောင်းဘီနောက်ဖက်အိတ် ထဲ ထိုးသွင်းသည်။ လုလင်က ဆံပင်ဘေးနှစ်ဖက်အား ခွဲစည်း ထား၍ ပါးပြင်အပြည့် ပါးကွက်ကျားလိမ်းထားသည့် လန်းရဲ့ မျက်နှာအား အပေါ်စီးမှ ဂျစ်ကန်ကန်နှင့် စီးမိုးကြည့်ရင်း...

"ဘာလဲ...ငါမယူရဲဘူးထင်နေလား"

www.burmeseclassic.com

www.burmeseclassic.com



"မထင်ပါဘူး၊ နင်က ဒါမျိုးအကြောင်းပြပြီး နာဘူး
ကျပဲ"

"ဟီတ်…နင်ဘာပြောတယ်"

"ကြားတဲ့အတိုင်းပဲ၊ အရိုက်ထိတော့ အသက်ရှူမှားသွား
ပြီလား၊ နာဘူးလို့အခေါ်မခံစေချင်ရင် စာပြီးအောင်ကျက်"

"ဆောရီးပဲ၊ ငါက အမိန့်တွေကိုမကြိုက်ဘူး"

လုလင်က မဲ့ရွဲ့ကာပြောရင်း လန်း ဘောင်းဘီအိတ်
လှမ်းနှိုက်သည်။ မျက်နှာချင်းဆိုင်ဖို့ ရင်ဘတ်ချင်း၊ မျက်နှာချင်း
နီးကပ်သွားတော့ သူ့ကိုယ်က ဆပ်ပြာနံ့သင်းသင်းတွေ၊ ဂျယ်
နံ့တွေနှင့် လန်းထံမှ သနပ်ခါးနံ့တွေက ရောထွေးသွား၏။ ဒါ
ထိုအရာတွေကို ဂရုစိုက်နေချိန်မရဘဲ လန်းက ဖုန်းပြန်မပါသွား
အတွက် ခါးနှံ့ကာ ကိုယ်ကိုယ်မိမ်းသည်။ လက်တစ်ဖက်က ဖျတ်
ဖုန်းထည့်သည့်အိတ်ပေါ် ဖိအုပ်ရင်း သူ့ရင်ခွင်ထဲကထွက်ရန် ကြိုး
သည်။

"မရဘူး လန်းဆန်း၊ ငါ့ကိုဒီလိုလုပ်လို့"

"မရလည်း လဲသေလိုက်၊ ငါကလည်း နင့်ကိုပြန်
ဘူး၊ အဲဒါသဘောပေါက်"

သူက လန်းရဲ့ပခုံးကို လက်တစ်ဖက်နဲ့ သိုင်းဖက်
ရင်ဘတ်နဲ့ ညှပ်ထားသည်။ ပြီးမှ လန်းလက်ကိုဖယ်ပြီး ဖုန်း
ယူရန်ကြိုးစား၏။ လန်းကလည်း အလျှော့မပေးဘဲ ဖုန်းကိုင်





ည့်လက်ကို မလွှတ်။ ရင်ဘတ်ချင်း တွန်းရင်း သူဖက်ထားတာ
ပြန်ရုန်းသည်။ နှစ်ယောက်သားအားပြိုင်ရင်း အရှိန်တွေလွန်ပြီး
ခုတင်ပေါ် ဖက်ရက်သားကြီး ဝုန်းခနဲပြုတ်ကျ၏။

"အား…သေပါပြီ၊ တောက် ဝက်တက်ဖိတဲ့အတိုင်းပဲ၊
ယ်စမ်း"

"ဝက်မကလို့ ဆင်ပဲဖြစ်ဖြစ် အောက်ကနင် အသက်
ချင်ရင် ပြီးတာပဲ၊ လွှတ်စမ်း ငါ့ပခုံးကို"

"နင့်ကိုဖက်ချင်လို့ ဖက်ထားတယ်များ ထင်နေလား၊
ဖုန်းပြန်ပေးစမ်း"

"နင်က ခဲယယတောင်းရင်တောင် မပေးဘူး"

"လန်းဆန်း"

"ဘာလဲ လုလင်"

အော်ရင်းဟစ်ရင်းက ရုန်းကန်တွန်းထိုးခြင်း အရှိန်ကလည်း
လျော့နိုင်ဖြစ်နေချိန်မှာပဲ…

"သားနဲ့သမီးရေ အိပ်ချင်ပြေ ကော်ဖီ"

"မောင်လေးနဲ့ညီမလေးအတွက် မအိပ်ချင်အောင်
တစ်ဖက်သုပ်"

အခန်းတံခါး ဝုန်းခနဲပွင့်သွားပြီး ရှေ့ဆင့်နောက်ဆင့်
ရောက်လာတာက မားနီနဲ့မေမို။ လန်းတို့အဖြစ်ကို မျက်လုံးကြီး
ပြူးပြဲနေအောင်ကြည့်ရင်းက တအံ့တဩနှင့်…



www.burmeseclassic.com

www.burmeseclassic.com



"ဒါက"

မေဖို့က လက်ညှိုးထိုးသည်။

"ဘာဖြစ်နေကြတာလဲ"

မားနီကာ မျက်နှာကြီးရဲကာ မေးခွန်းထုတ်သည်။ ဒီတော လန်းတို့သည် ကိုယ့်အဖြစ်ကိုယ် သတိထားမိသွားပြီး ဝှန်းခနဲထ ကာ လူချင်းခွဲရပ်တာ တစ်ပြိုင်တည်း။ မေဖို့နဲ့ မားနီကာ အခုထိ ဖွင့်ဟသောပါးစပ်တွေ မစေ့နိုင်ဘဲ လုလင်ကို တစ်လှ လန်းကိုတစ်လှည့်ကြည့်ရင်းက...

"ဘာလုပ်နေတာလဲဟင်"

ပြုံးစိစိရုပ်နှင့် မေဖို့ကမေးသည်။

"အင်း...ဟိုဟာပါ၊ ဟိုလေ"

လန်းမှာ ဖြေစရာအဖြေမရှိ။ လည်ပင်းပွတ်လိုက်၊ ခေါ ကုတ်လိုက်နှင့် ရှိနေကျ လက်နှစ်ဖက်တောင် ဘယ်နားထားရမ မသိတဲ့အဖြစ်။ အခုနလေးတင် အင်အားကြီးခဲ့သော ဒေါသတွေ မျက်လှည့်ပြခံလိုက်ရသလို။ အပ်ချလောင်းဆိုတာနှင့် အကုန်ပျေ သွားပြီ။ လက်ကျန် ကျန်ရစ်တာက တစ်ကိုယ်လုံး ရှေ့ရှေ ကြောင်း ဖြတ်ပြေးဆင်းခြင်းခံရသလို နွေးရှိန်းသော ခံစားခြင်း ရှက်စိတ်။

"အယ်...မေးတာလည်းမဖြေဘူး၊ လုလင် ဖြေ

"ဖြေမှာပေါ့"





ညစ်ကျယ်ကျယ်အသံကြောင့် အကြည့်က လုလင်ဆီ ပြေးရောက်သွားသည်။ ဒီမျက်နှာမြင်ရတော့ ဒေါသက ရှူးခနဲ ခနဲ ငယ်ထိပ်ပြေးဆောင့်သည်။

"ရုပ်ကိုက မေတ္တာထားချင်စရာကိုမရှိဘူး"

နှုတ်ခမ်းလှုပ်ရုံပြောတာကို လုလင်ကလည်း ကြားဖြစ် အောင်ကြားသည်။

"နင့်စိတ်ရင်း သိရလို့ ကျေးဇူးတင်ပါတယ် ဟွန်း"

မဲ့ရွဲ့ပြောရင်းက မေဖို့ထံလှမ်းကြည့်ကာ...

"ငါတို့နပန်းသတ်တိုင်းကစားနေတာ"

"ဘယ်သူနိုင်လဲ"

"ငါပဲပေါ့၊ နိုင်တဲ့လူတောင်းတာပေးကြေးနော်၊ အယ်"

ပစ်တိုက်တာက ဝခုံးချင်းပေမဲ့ ညင်သာခြင်းမရှိ။ လန်းကို ယိုင်ထွက်အောင် တိုက်ပစ်ရင်း...

"ဒီနေ့စာသင်ချိန် ဒီမှာပဲနားလိုက်တော့၊ ငါ့ဖုန်းပြန်ယူ ပြီ"

"ဟင်"

သတိရ၍ ကြည့်တော့ ဖုန်းက သင်းလက်ထဲမှာ။

"မြန်လိုက်တာ၊ ခါးပိုက်နှိုက်များ ဝင်စားသလားပဲ"

"နောက်တစ်ခါ ငါနှိုက်မဲ့ပစ္စည်းက နင်မဖြစ်အောင် တောင်း"



www.burmeseclassic.com

www.burmeseclassic.com



"လုလင်"

လက်သီးနှစ်ဖက်ဆုပ်ပြီး ခြေဆောင့်အော်တော့ လုလင် အခန်းထဲမှ ပြေးထွက်သွားသည်။

"တောက်"

မချိမဆန့်ဒေါသကြောင့် တက်ခေါက်သံက အကျယ်ကြီး အရှိန်မပြေသော ဒေါသကြောင့် ရင်ဘတ်က နိမ့်ချည်မြင့်ချည် ကာ အသက်ရှူပြင်းနေရသည့်ကြားထဲ မေမို့က မှတ်ချက်ပေး သည်။

"ဆော့စရာရှားလို့လန်းရယ်၊ စကားနယ်န်းကို အားကျ လား"

တဲ့လေ။ ထင်ရက်စရာလား။ ဒီအရွယ်ကြီးကို နယ် သတ်မှာတဲ့လား။ ဖြစ်ရလေခြင်းဆိုပြီး ရင်ဘတ်ထုအော်ပစ် သည်။ ခက်တာက အစိမ်းရောင်ဒေါသတွေ ပြည့်နေတဲ့ ရင်ဘတ် ကြောင့် အသက်တောင် ရဲရဲမရှူဝံ့တဲ့ဘဝ။

♦ ♦ ♦

## အခန်း (၁၇)

"နင်ဘယ်လိုဖြစ်နေတာလဲ လုလင်"

ဝင်းခနဲတက်လာသော မျက်ဝန်းတွေနှင့် နောက်လှည့် ခေါင်းမော့မေးတော့ လုလင်မေးဖျားက ကိုယ့်နဖူးမှာ လာထိနေ သည်။

"ဟ…ဘာလဲ…နင်က ဗလိုင်းကြီးရန်စွာနေပါလား"

"ရန်မစွာစေချင်ရင် နင့်နေပုံထိုင်ပုံပြင်"

"အောင်မာ..ငါ့နေပုံထိုင်ပုံကို နင်တော်တော်ဂရုစိုက်နေ ပါလား"

"ဟဲ့"

ဒေါသကြောင့် လူက ရှူးရှူးရှဲရှဲဖြစ်သွားကာ ထရပ်ဖို့ ကြိုးစားပေမဲ့ မအောင်မြင်။ လန်းရဲ့ကျောနောက်မှာ သင်းက အုပ်မိုး



www.burmeseclassic.com

www.burmeseclassic.com



ချစ်ရော့ပုံဘာ ရွေခုံကိုဝါ လက်နှစ်ဖက်နှင့် လှမ်းထောက်ထားသဖြင့် ထူထဲရင်ခွင်ကျယ်ကြီးထဲ လန်းမှာ မလူးသာမလွန့်သာ။

"နင်ဖယ်စမ်း လုလင်"

"ကျစ်…ဆက်တွက်စမ်းပါ"

"ဒီဘက်ဆောကိုလာ"

"အဲဒီကမမြင်ရဘူး၊ ဒီလိုမှ အပေါ်စီးက ရှင်းရှင်းလင်းလင်း"

"ဘာ"

ထပ်ပြီး ဝင့်ခနဲတက်လာတဲ့မျက်စောင်းက သူ့ထံမရောက်ခင်ပဲ လုလင်က ရှေ့ဆီက စာအုပ်ကို မေးဆတ်ပြကာ…

"ငါပြောတာ ပုစ္ဆာကို၊ ကဲ တွက်စမ်းပါဟာ ရန်လိုမနေနဲ့၊ ရုပ်ကဆိုးရတဲ့အထဲ ရန်စွယ်ငေါငေါနဲ့ ကြည့်ရဆိုးတယ်"

တုံ့ပြန်နေလျှင် အချေအတင် သူနိုင်ကိုယ်နိုင် ပြောကြတာနဲ့ပဲ ဒီနေ့အတွက် သင်ခန်းစာပြီးနိုင်ဖွယ်မရှိ။ လန်းက ဟင်းခနဲ သက်ပြင်းချသည့်အထဲ ဒေါသတွေပါထည့်ရင်း စိတ်လျှော့ရသည်။ စာမေးပွဲကဖြေရန် နီးလာပြီ။ ဒီဒီ့အပေါ် ပေးထားသောကတိမတည်မှာလည်း စိုးသည်။ ကိုယ့်ဘဝ၊ ကိုယ့်ပညာရေးကို အလုံးစုံတာဝန်ယူပေးထားသော ဒီဒီ့အတွက် ဒီလောက်တော့ သူမသည်းခံပေးရမည်လို့ ကိုယ့်ကိုယ်ကို အကြိမ်ကြိမ်ဆုံးမထားရသည်။

"မေပို့အတွက်က ကျွန်းမာရေးပဲပူရတော့မှာသမီး၊ ပညာရေးက အဝေးသင်ယူခိုင်းလိုက်ရင် ဘွဲ့တစ်ခုတော့ရမှာပဲ၊ ဒီဒီစိုးရိမ်တာ လုလင်ပဲသမီး၊ ပညာအမွေမပေးနိုင်တဲ့ ဖအေဆိုပြီး ပတ်ဝန်းကျင်က လက်ညှိုးထိုးမှာ ဒီဒီကြောက်တယ်"

တဲ့။ မေပို့ကတော့ ပြောရှာသား။

"အဲဒါ မာမီပဲလက်ညှိုးထိုးမှာပါ"

"အေး…အဲဒီလက်ညှိုးတစ်ချက်နဲ့တင် ဒီဒီက သေစေလောက်တယ်"

ဘယ်ကနားစွန်နားဖျားကြားလဲမသိ ဝင်ပြောသူက သူလင်။

"ငါဖြင့် ကိုယ်တိုင်ကြုံဖူးလို့သာ ယုံရတာ၊ ကိုယ့်ရင်သွေးတို့များ ပစ်သွားရတယ်လို့၊ တစ်ခါမှမကြားဖူးဘူး"

"မာမီ့မှာလည်း သူ့အကြောင်းနဲ့သူ ရှိမှာပဲလေ လုလင်ရယ်"

"ရှိရှိပေါ့…ကျောသားရင်သား ခွဲခြားတတ်ရမှာပေါ့၊ ကိုယ့်ရင်ကဖြစ်တဲ့ သွေးထက် ဘာအရေးကြီးလဲ၊ ထားပါတော့ အဲဒါကိုလိုက်ခံစားနေရင် အမေ့မေတ္တာငတ်တဲ့ကောင်လို့ ဘေးက သရော်စရာဖြစ်ဦးမယ်၊ ငါကတော့ နင့်လိုမဟုတ်ဘူး မေပို့၊ ဘည့်မကြည့်စတမ်း ထွက်သွားတဲ့ ကျောပြင်ကိုငေးပြီး တရှုံ့ရှုံ့ငိုမဲ့အစား အရိပ်မိုးပေးထားတဲ့ ရင်ခွင်ကို အကောင်းဆုံးဖြစ်အောင် နှမ်းမံပေးမယ်၊ အဲဒါ ငါ့ဝါဒ"







www.burmeseclassic.com

www.burmeseclassic.com



ဒီဖအေဒီမအေနဲ့ ပတ်သက်ပြီး မောင်နှမနှစ်ယောက် မသင့်မြတ်တိုင်း မျက်ရည်နဲ့ အရှုံးပေးရသူက မေပို့။ ကြားညပ်သူက လန်းပင်။

"ကမ္ဘာကို အုပ်စိုးမဲ့လက်ဆိုပြီး သွေးနားထင်ရောက်မနေနဲ့၊ အဲဒီလက်တွေက ဘယ်သူကိုအားကိုးတကြီး မှီတွယ်ခဲ့ရတယ်ဆိုတာ သတိရ"

ဆိုပြီး ဘာဘာညာညာတွေပြောကာ သူတို့ယောကျ်ားအကောင်းစားတွေအဖြစ် ပြောတတ်သေးသည်။ လန်းကတော့ မေပို့လို မျက်ရည်တစ်ဖက်၊ နှာတရှုံ့ရှုံ့နဲ့ ကျန်ခဲ့သူမဟုတ်ဘဲ။

"ဘာ…ယောကျ်ားအကောင်းစားလဲ၊ အလကားယောကျ်ားသူတောင်းစား"

"ဟော့…ဟော့ နင်စကားပြောတာ ဆင်ခြင်နော်၊ ဘာသူတောင်းစားလဲ၊ ဒီအိမ်မှာ ဒီဒီလည်းယောကျ်ား၊ နင်မမိုက်ရိုင်းနဲ့"

"အဲဒါပဲ၊ အသိအမြင်နည်းတဲ့သူတွေများ ကျွဲနွံလူးနေတာပြရင်တောင် နွားကြီးဗွက်ထဲ ချော်လဲနေတယ်လို့ထင်ကြတာပဲ၊ အေးပေါ့လေ ကိုယ်သန်ရာကိုယ်ပြောတာပဲ"

"နေစမ်းပါဦး…နင်က သူတောင်းစားပြောပြီး ရိုင်းတာကို ဘာထန်းလက်နဲ့ကာဦးမလို့လဲ"

"ထန်းလက်နဲ့ကာလည်း လုံတာမှတ်လို့၊ မလုံမဲ့အတူတူတော့ မကာဘူး၊ သူတောင်းစားဆိုတာနဲ့ နင်က ခွက်စုတ်လေးပဲ





ပြေးမြင်တာကိုး၊ ငါပြောတာက ယောကျ်ားတွေများ မိန်းကလေးတွေဆီက အချစ်ကို ခယယနဲ့တောင်းပြီး ရလည်းရရော စားပစ်လိုက်တာလေ၊ ဟွန်း…အချစ်က နေ့မြင်ညပျောက်ကဲ၊ မစင်နဲ့အတူရှုန်ကြတာမျိုး"

လန်းက အဲဒီလို ချက်ကျလက်ကျ ပြောတတ်သည်။ သူနှင့်လန်းဟာ ငယ်စဉ်ကတည်းက ရင်းနှီးမှုထဲ၌ ချစ်ခင်ရင်းနှီးမှုမပါဘဲ အနိုင်ရယူလိုခြင်းရဲ့ တစ်ဖက်စီမှာ လွန်ဆွဲနေခဲ့ရတာမျိုး။ အခုလည်း ပုစ္ဆာကို အဆင့်လိုက်တွက်ပြပြီးတာနှင့်…

"ပုံစံတူသုံးပုဒ်…ငါမေးခွန်းရေးပေးထားတယ်၊ တစ်ခါတည်းတွက်"

"ထားလိုက်စမ်းပါ၊ ညကျမှတွက်မယ်"

"မရဘူးလုလင်၊ တစ်နေ့စာတစ်နေ့ပြီးအောင်"

"နင် လျှာမရှည်စမ်းပါနဲ့"

ပြောရုံနဲ့အားမရ နားထင်တစ်ဖက်အား လက်ညှိုးနှင့် ဖိတ်ထောက်တွန်းရင်း…

"နင်အာဘာတွေသိပ်မပြန့်၊ သမ္မာအရပဲကြီးတာ၊ အသက်ကျတော့ ငါ့ထက်ပိုငယ်တယ်"

"တောက်…နင်တော်တော်လွန်နေပြီ လုလင်"

စားပွဲခြားထားသော ရှေ့ခုံ၌ လုလင်က ပစ်ဇလက်ခတ်ဝင်ထိုင်ရင်း လန်းကို ခပ်ဟာဟာရယ်ကာကြည့်သည်။ ဆံပင်ရှေ့ောင်



www.burmeseclassic.com

www.burmeseclassic.com



ယောင်မှာ နားနှစ်ဖက်လုံး နားကွင်းတွေပြည့်နှက်နေပြီး တိရှပ်အပြောရောင်ရဲ့ အရောင်ဟပ်မှုကြောင့် မျက်နှာက ပြာတာတာ။ ရှပ်က စပ်ပြဲပြဲနှင့်။ တစ်စက်ကလေးမှ အချိုးမပြေတဲ့ရှပ်လို့ လန်းက မကျေလည်ခြင်းများစွာ စစ်ခင်းရင်း စိုက်ကြည့်သည်။ လှလင်က တော့ ကြားရသူတိုင်း မုန်းလောက်သောရယ်သံနှင့် ဖျစ်ညှစ်ရယ်ကာ…

"အဟား…ငါ့ကို အသံတိတ်မေတ္တာတွေ ပို့နေပုံရတယ်"

"နင့်ကိုယ်နင်သိရင်ပြီးတာပဲ"

"မကျေနပ်ရင်လာလေ"

ဆိုပြီး တိရှပ်လက်မောင်းစကို လိပ်တင်ကာ လက်မောင်းသားအား တဖောင်းဖောင်းမြည်အောင် ရိုက်ပြရင်း…

"ရယ်ဒီပဲ…နပန်းလား၊ လက်ဝှေ့လား၊ ကြိုက်ရာရွေး"

လန်းက ဝုန်းခနဲထရပ်သည်။ ဒေါသဖြစ်တာရော ဟိုနေ့ကအဖြစ်ကို သတိရကာ ရှက်တာရောပေါင်းပြီး မျက်နှာက အဝတ်နီတစ်စလို ရဲရဲနီစွေးနေမှာ သေချာသည်။ ခုံကိုတွန်းရွှေပြီး သင်းကိုကျောခိုင်းကာ အခန်းထဲကထွက်လာတဲ့အထိ သင်းကို နှုတ်နှုတ်စဉ်းချင်တဲ့စိတ်က ပြင်းဆဲ။

♦ ♦ ♦



## အခန်း (၁၈)

"ဗျို့…ကိုသစ်"

"ဟာ…လင်းလင်း၊ လာလေကွာ ဘယ်ကလှည့်လာတာလဲ၊ ရှော့ပင်(န်)လား"

"မဟုတ်ပါဘူး၊ ဒီဆိုင်ပဲတမင်လာတာ၊ ဒီမှာ ကျွန်တော့်သူငယ်ချင်းက ကော်ဖီသရဲဗျ၊ သူက ကော်ဖီကောင်းကြိုက်တတ်လို့ ကိုသစ်ဆိုင်ကိုခေါ်လာတာ"

ကိုလင်းက သူ့ပခုံးကိုဖက်ပြီး မိတ်ဆက်ပေးသည်။ လှလင်က အသစ်ဖွင့်ထားသော ဆိုင်ရဲ့ဒက်ကရေးရှင်းကို အကြည့်တစ်ချက်ဝေ့ရင်း လှေ့လာသည်။ ရှော့ပင်းမောကြီးထဲမှာ ဖွင့်ထားသည့် ကော်ဖီဆိုင်လေး ထူးခြားချက်က တစ်ဆိုင်လုံးကို ဘားကောင်တာနှင့် သောင်ခတ်ထားပြီး ထိုင်ခုံမြင့်မြင့်တွေနဲ့ထိုင်သောက်ရတာမျိုးဖြစ်သည်။ ဆိုင်ရဲ့အလယ်၌ စာအုပ်စင်က အလယ်ခေါက်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ပါသော စင်အပိုင်းမျိုးဖြစ်ပြီး အင်္ဂလိပ်ဝတ္ထု၊ ဂျာနယ်၊ ယနေ့ခေတ်ပေါ်ရသဝတ္ထုမျိုးစုံ တင်ထားပေးသော လိုရာဘက်ဆွဲလှည့်လို့ရတဲ့ စင်အရှင်ကလေးမျိုး။

"မိတ်ဆက်ပေးရဦးမယ် ကိုသစ်၊ ဒါ ကျွန်တော့်ရဲ့ ငယ်သူငယ်ချင်း လုလင်၊ ဟောကောင် ဒါ ကိုနွေသစ်တဲ့"

"တွေ့ရတာဝမ်းသာပါတယ်"

နွေသစ်က လက်ကမ်းပေးသည်။ လုလင်က အော်တာရှယ် အဖြူကို ရင်ဘတ်ကြယ်သီးဖြုတ်ကာ ဂျင်း(န်)တစ်ထည် ဝတ်ထားသည့် နွေသစ်အား အလိုက်သင့် လက်ဆွဲနှုတ်ဆက်သည်။ သူ့တော့ လက်မှာ လက်ပတ်တွေ၊ ကြိုးတွေနဲ့ ရှုပ်ယှက်ခတ်သလောက် နွေသစ်ဆိုသူက နာရီကြီးကြီးတစ်လုံးသာ လက်ကောက် ဝတ်၌ ဝတ်ထားတာမျိုး။ ဆံပင်ကလည်း လုလင်တို့လို သေးတစ်ခြမ်းရိတ်ထိုးကာ ဂျဲ(လ်)နှင့်ထောင်ထားတာမျိုး မဟုတ် ဘဲ ခပ်တိုတိုကို သေးခွဲပြီးထားတာမို့ အသက်ထက် ဝိုက်ဆိုဒ် လူကြီးပုံဖမ်းထားသည့်အတိုင်း။

"ညီတို့ဘယ်မှာထိုင်မလဲ၊ ကိုယ့်ဝိုင်းနဲ့ကိုယ် ထိုင်ချင်ရင် အပေါ်ထပ်တက်မှရမှာ၊ အပေါ်မှာ ဝရန်တာလေးထုတ်ထားတယ်"

ညီလို့အခေါ်ခံလိုက်ရ၍ ရှုံ့မဲ့သွားချင်သော လုလင်မှာ အပေါ်ထပ်ဝရန်တာဆို၍ စိတ်ဝင်စားသွားသည်။

"အေးကွ…အပေါ်စီးကရှုစားရင် ရွှေပင်(န်)ထွက်တဲ့ အလန်းစားလေးတွေကို ငေးလို့ရမယ်၊ လာ ဟောကောင်"





"အရေးထဲ နှာဘူးဂိုဏ်းစတားက လူထူရင်ရောဂါထပြီ"

"ဟောကောင်…ဒါက အသက်ရှည်ဆေးကွ၊ ကြည့်တတ်ရင် မျက်စိကြည်တယ်၊ ငြိတတ်ရင် အမောပြေမယ်၊ အဟဲ ထိတတ်ရင်"

"ပါးရိုက်ခံရမယ်လေ"

ဘောင်းဘီအိတ်ထဲ လက်နှိုက်ပြီး ကိုလင်းနောက်က လိုက်သော လှေကားတက်ရင်း လုလင်ကပြောတော့ ကိုလင်းမှာ မအီသာကြီးနဲ့ ပါးစပ်ပိတ်သွားရ၏။ အပေါ်ထပ်ကတော့ သီးသန့်စားပွဲဝိုင်းတွေထားပြီး လမ်းမတန်းကို မှန်ချပ်ကြီးတွေက တစ်ဆင့် လှမ်းမြင်နေရတာရော၊ ရွှေပင်း(န်)မောရဲ့ ဝင်ပေါက်မိန်းလမ်းကြီးကိုပါ ကြည့်ခွင့်ရတာရောကြောင့် ဖျူးကတော့ တော်တော်မိုက်တာပင်။ ခုံမှာဝင်ထိုင်ပြီး ကော်ဖီမှာပြီးတော့မှ…

"ကိုသစ်က ငါ့အစ်ကိုနဲ့ တစ်တန်းတည်းကွ၊ ဆေးကျောင်းသားပဲ၊ အခုတော့ ဟောက်(စ်)ဆင်းနေတာပေါ့၊ မြောက်ဥက္ကလာပ ဆင်ကြားရေးဆေးရုံမှာ"

"သြော်…ဆေးကျောင်းကလား"

"အင်း…ညီကို မြင်ဖူးနေသလားလို့"

ဇဝေဇဝါဖြစ်နေသော အတွေးကို နွေသစ်က ထိန်းမထားဘဲ ဖွင့်မေးသည်။ တကယ်လည်း သူ့ ရင်းရင်းနှီးနှီး သိနေသလို ခံစားရသည်။ ခက်တာက ဘယ်မှာတွေ့ဖူးနေမှန်း သူမသိ။ ဒီကောင်လေးရဲ့ စတိုင်က ဆယ်ယောက်မှာ နှစ်ယောက်လောက်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ရှိမဲ့စတိုင်(လ်)မျိုးမို့ သူ လူတော့မမှားနိုင်။ Vest(စွပ်ကျယ်)အနက် ကို skinney အနက်နှင့် တွဲဝတ်ထားပြီး အောက်က လည်တိုရှ အကြီးစားနဲ့။ မီးခိုးနုရောင်မျက်မှန်ကို လည်ကုပ်ပေါ် ပြန်ချိတ်ထား ကာ နား၌ နားကွင်းတွေ စိန်ပွင့်တွေက တန်းစီတပ်ထားသေးသည်။ လည်ပင်း၌ ဆွဲကြိုးရှည်ရှည်မှာ Name card နှင့် လက်ကောက်ဝ မှာလည်း ကြိုးပေါင်းစုံ လက်ပတ်ပေါင်းစုံနှင့် ဒီကောင်လေး ခေတ်လူငယ်ရဲ့ ရှေ့ပြေးစတိုင်လ်အပြည့်။ အဆိုးဝါးဆုံးက ဆက် ရေးကျဲသည်လား။ မဖော်ရွေတတ်သည်လားမသိ။ သူမေးနေ ကို ချက်ချင်းပြန်မဖြေဘဲ ခုံကို ကျောကပ်မှီကာ ခပ်လျှော့လျှော့ ထိုင်ရင်း ခြေထောက်တစ်ဖက်ပေါ် နောက်တစ်ဖက်က ဒူးကွေးချိုး ပြီးမှ…

"အင်း…ရောက်တတ်ပါတယ်"

တဲ့။ လင်းလင်းမျက်နှာကြောင့် သူသည်းခံနေ လင်းလင်းအစ်ကိုက သူ့အပေါ် အကူအညီအများကြီး ပေးထား သူငယ်ချင်းမို့။ နို့မို့ ယောကျ်ားချင်း အနူးအညွတ် မိတ်ဖွဲ့စရာ ဘဲ။ သူ့ရင်ထဲက အုံ့ပွဲမှုက မညီညွတ်သော ကောက်ကြောင်း မျက်နှာပေါ် အရိပ်ထင်သည်။ ဒါကို လင်းလင်းက နှစ်ယော ကြား အကဲခတ်ရင်း ရိပ်မိသွားပုံရပြီး…

"အဟင်း…ဒီကောင်က ဆေးကျောင်းထဲရောက်မှာ သူ့ညီမ ရှိတယ်လေ"

"ဩော်"





"နောက်ပြီး ဆေးကျောင်းထဲက ဘော်ဒါတစ်ယောက်ဆို သူ့ကားဖောက်သည်"

"ကားဖောက်သည်ဆိုတော့ ညီက ဝယ်ရောင်းလား၊ ခွဲစားလား"

ဟမင်မေးပစ်တာ။ အရိုးအချိတ်ကို ကြည့်မရလို့။ လုလင် ာ ကော်ဖီကို တစ်ငုံသောက်ပြီးမှ…

"တစ်ခုမှမဟုတ်ဘူး"

"ဒါဖြင့်"

"ဖီလင်မလာတဲ့ကားကို ရောင်းတာ"

မျက်လုံးချင်းတည့်ကြည့်ပြီး ပြောပြီးမှ…

"ကျွန်တော်က ဖီလင်မလာရင် စကားတောင် ပြောချင် ာမဟုတ်ဘူး"

စိတ်ထဲရှိတဲ့အတိုင်း ပြောချပစ်တာကိုက လုလင်ရဲ့ ါသနာ။

"သူများနားဝင်ချိုဖို့ ကိုယ့်စိတ်ကိုယ်ထိန်းရမှာတော့ ဟုတ်သေးပါဘူး၊ ငါကတော့ ပြောချင်တဲ့အချိန်မှာ ပြောတတ်သလို ပြောမှာပဲ၊ ဖွဲ့နွဲ့နှုရှနေဖို့ စိတ်ကိုမကူးဘူး"

လို့ ကြွေးကြော်တတ်တာလည်း လုလင်ပါပဲ။ ကိုလင်း တော့ လုလင်ကို ခုံအောက်ကနေ ခြေထောက်လှမ်းတို့သတိပေး …

"ဒီကောင်က ကားတွေစိတ်ကြိုက်ပြင်ပြီး ပြန်ရောင်းတာ



www.burmeseclassic.com

www.burmeseclassic.com



ကိုသစ်ရ"

ပွဲကိုဝင်ထိန်းရန် ကြိုးစားသည်။ လုလင်ကတော့ ဒီနေ့သ ဆိုတဲ့လူကို စတွေ့ကတည်းက စိတ်ထဲသိပ်သဘောမတွေ့ကာ ကော်ဖီကို လက်စသိမ်းနေစဉ်မှာပဲ...

"ဟာ...ဟော့ကောင်"

ကိုလင်းရဲ့ အလန့်တကြားခေါ်သံ။ ထို့နောက်...

"လန်းတယ်ကွာ...ငါ နိုင်ငံခြားရောက်နေတဲ့အချိန်မှ သူတော်တော်လှလာတာပဲ၊ နာမည်နဲ့လူနဲ့ကွက်တိ"

မော့သောက်နေတဲ့ ကော်ဖီခွက် ကွယ်နေသဖြင့် ရှေ့မြင်ကွင်းကို ဘာမှမမြင်ရ။ ခွက်ကိုပြန်ချတော့ သူ့ရှေ့က ပုဂ္ဂိုလ် နှစ်ယောက်စလုံးက ခေါင်းတွေလှည့်ပြီး ဆိုင်ရှေ့ကို လှမ်းကြည့် သည်။

"ကျစ်"

စုတ်သပ်ပြီး မျက်မှန်တပ်ရန်ပြင်ချိန်မှာပဲ သူ့ရှေ့ မြင်ကွင်းက ရှင်းလင်းသွားတာဖြစ်၏။

"လန်းဆန်း"

တွေ့ရတာ ထူးဆန်းလွန်း၍မဟုတ်။ ခေါ်သဖြစ်သွား ခေါ်သံက နှုတ်ခမ်းနားမရောက်ခင် ကွယ်ပျောက်သည်။ ရင်ဖြ ဂါဝန်က ကုတ်ပေါ် ကြိုးတစ်ချောင်းသိုင်းထားသည့် ဒူးဖုံး အဖြူခံပေါ် အပြာအပွင့်ကျဲကြီးတွေနှင့် ရင်ဘတ်အောက်မှာ အပြ ရောင် ခါးပတ်ကြီးစည်းထားသည်။ အကာအကွယ်မဲ့သော ပခုံးသ





ကျ ရင်ဘတ်သားတွေက ဖွေးရည်ရောင် ရှန်းစိုသည်။ နားရွက် အောက်နားကျသည့် ဆံပင်တိုတိုအား နားထင်နှစ်ဖက်မှသိမ်း၍ ထိပ်စည်းထားတာကြောင့် တန်းစင်းနေသည့် နဖူးကော့ကော့။ ခင်းတစ်ချက်အခါမှာ ပခုံးထိရှည်သော နားကွင်းအပြာရောင်နှင့် ရောင်တောက်ပါးပြင်တို့က ဒီလောက်ဝေးကွာနေတာတောင် အရှား။ ရှော့ပင်(န်)ထွက်လာတာလား ဘာလားမသိ။ လွယ်အိတ်အနီရောင် လွယ်ထားကာ သူတို့ထိုင်နေသော ရှေ့မှ မိန်းကလေးသူငယ်ချင်းတစ်သိုက်နှင့် ရယ်ရယ်မောမော သွား၏။

"အဲဒါ ဒီကောင့်ညီမလေး လန်းဆန်းတဲ့၊ သူလည်း ဘာပဲ၊ ကိုသစ်မသိဘူးလား"

"အင်း...သူက ကိုယ်တို့ထက် ဂျူနီယာကျမယ်နဲ့တူ"

"ဟုတ်မယ်...ဒီကောင်က ကံကောင်းဖယ်မလီဝင်တွေ ကိုသစ် ကြားဖူးတယ်မဟုတ်လား၊ ကံကောင်း စီးပွားရေး အာရက သူတို့အဖေလေ၊ လုလင်အထက်မှာ အစ်မတစ်ယောက် အောက်မှာ ညီမတစ်ယောက်ရှိတယ်"

"ဒါဆို ဦးကံကောင်းရဲ့"

"ဟုတ်တယ်၊ အဲဒါ သူတို့အဖေ ကိုသစ်၊ သိတယ် တ်လား"

လင်းလင်းက သူသိတယ်ဆိုတော့ ဝမ်းသာအားရတွေ



www.burmeseclassic.com

www.burmeseclassic.com



ထမြင်တာ…

"ဟိုက်ဘော့(စ်)တွေလေ"

နောက်ဆက်တွဲ ကြေငြာဝင်လိုက်သေးသည်။

"အင်း…ဦးကံကောင်းက စီးပွားရေးလောကမှာ ထူး လျှမ်းတောက်ပဲ ကိုလင်းလင်းရဲ့ ကံကောင်းဖောင်ဒေးရှင်း ရှိသေးတယ်မဟုတ်လား"

"ဟုတ်တယ်၊ သဘာဝဘေးအန္တရာယ် ခံစားရသူ အတွက် ကူညီတဲ့အသင်းလေ"

သူနဲ့လင်းလင်း စကားလက်ဆုံကျနေတာကို လုလင် သတိမထားနိုင်။ ဂရုမစိုက်နိုင်တော့။ ရင်ဘတ်အပြည့် မောက် လာတဲ့ ဒေါသတွေနဲ့ သူမှာ မတွေးနိုင်မအန်နိုင်။ ညက ဒီဒီ ကူလုပ်ပေးပါနိုင်းတော့….

"ငါမအားဘူး၊ စာမေးပွဲရှိတယ်၊ စာကျက်ရမှာ" တဲ့။ အခု စာကျက်မဲ့လူက ရှော့ပင်(န်)မောထဲမှာ

"တောက်"

တက်ခေါက်ရင်း မျက်မှန်တပ်ကာ ထရပ်တော့ ကို က အလန့်တကြားမော့ကြည့်သည်။ လုလင်တို့ ဒေါသဖြစ် လျှင် စိတ်နောက်ကိုယ်ပါကာ ဟိုဒီကန်ကျောက်ချင်တာက ထပ်သော နေရာလည်း ဘရိတ်မရှိတတ်ပေ။

"ကျောင်းလစ်ပြီး ဒီမှာလာကဲနေတာ"

"အာ…မင်းကလည်း ဒီနေ့စနေလေ"





"အဲဒါဆိုလည်း အိမ်မှာစာကျက်ပေါ့၊ တောက် တွေ့မယ် ဆိုကျမှ"

"ဒီကောင်က သူ့ညီမဆို သိပ်တိုတာ ကိုသစ်ရ"

ပိတ်အော်တဲ့ လုလင်အသံကြောင့် လင်းလင်းက ဆိတ်သွားပြီး မျက်နှာငယ်လေးနဲ့ မော့ကြည့်သည်။

"မလိုတာတွေမပြောနဲ့၊ သောက်"

ကော်ဖီခွက်ကို မေးဆတ်ပြပြီးမှ…

"သွားမယ်"

အရင်ထွက်သွားတော့လည်း လုလင်က ဆိုင်အပြင်အရင် ရောက်သည်။ လင်းလင်းက ဒရောသောပါး ပြေးလိုက်ရင်း…

"ကိုသစ်…နောက်မှ အေးအေးဆေးဆေးတွေ့မယ်၊ နော်ပြီ"

နှုတ်ဆက်သွား၏။ နေ့သစ်ကတော့ ခုံမှာကျောမှီကာ ဆန့်လက်ပိုက်ရင်း ပြုံးယောင်သမ်းသော နှုတ်ခမ်းဖျားမှ…

"ကံကောင်းဖယ်မလီ၊ လုလင်၊ လန်းဆန်းတဲ့၊ အိုကေ"

လို့ ခပ်မိန့်မိန့်ပြုံးရင်းက ဖုန်းထုတ်ကာ ခလုတ်တွေကိုနှိပ် သည်။ သင့်အတွက်မနက်ဖြန်၌ နေ့သစ်က ပဒ္မလက်တချို့ဖန်တီး ဆန္ဒရှိခဲ့ပါလျှင် ကံကောင်းမည့်သူ ဘယ်သူလဲ။

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"ကြည့်စမ်း…ဒီထဲရောက်တာနဲ့ လန်းတို့ဆိုတာ မျက်

ကို တစက်ကလေးမှ အနားမပေးဘူး၊ ဘာလဲ မနေ့ကတွေ့ခဲ့တဲ့

ရှာတယ် ဟုတ်"

မေပို့က ဘေးတစောင်းမြင်ရသော လန်းမျက်နှာ

မလွှတ်တမ်း အကဲခတ်ရင်းမေးသည်။ လန်းက သွားဖြူတန်း

ဖွေးခနဲပေါ်အောင် ရယ်ရင်း…

"အဟွန်း…ဒီနေ့လည်း ရုပ်ရှင်အလကားကြည့်ရမ

လို့"

"နှစ်ရက်ဆက်တိုက်ကြီး ယတြာတော့ မချောကော

ဘူးဟဲ့"

"အေးနော်…ဒါလည်းဟုတ်တာပဲ"

လန်းက ခေါင်းညိတ်ထောက်ခံရင်း မိန်းလမ်းမဘေး





ဆိုင်ခန်းတွေကို ငေးရင်း ရှော့ပင်း(န်)မောကြီးထဲ ဝင်လာခဲ့သည်။ မနေ့ကလည်း ဒီထဲကို တစ်ခါရောက်သည်။ ကိုရီးယားရုပ်ရှင် မင်းသား မင်းသမီးတွေ လာဖွင့်ပေးသော ရှော့ပင်း(န်)မောဆိုပြီး ကျောင်းမှာနာမည်ကြီးနေသဖြင့်…

"ငါတို့မှ မရောက်ရင် ခေတ်နောက်ကျကုန်မယ်ဟေ့"

"အေးလေ…ဆေးကျောင်းသူချင်း အတူတူကို တစ်လုံး ပိုအရှုံးမခံနိုင်ဘူး"

"အေးပေါ့…ဘာမှအားမငယ်နဲ့ သူငယ်ချင်း၊ သူတို့က တစ်လုံးရှုံးရင် နင်က နှစ်လုံးရှုံး၊ ငါပိုပေါက်ပေးမယ်"

"ဟယ်…မိစု နင်အယုတ်တမာမ၊ ငါပြောတာ အဲ့ကို မဟုတ်ဘူးဟဲ့"

"အေးပါဟယ်…ငါကအလကားစတာပါ"

"အလကားစလို့မရပါဘူး"

"ဒါဖြင့် ဘယ်လိုစရမလဲ"

"ပိုက်ဆံပေး စ"

"ကြည့်စမ်း…လန်းတို့ရဲ့ အတွင်းစိတ်ရင်းတွေ ပေါ်လာပြီဟေ့၊ ဒီမိန်းမ တော်တော်ငွေမက်တယ်"

"သူ့အကြောင်းကို သားစိုးကတောင် သီချင်းလုပ်ဆိုထားတာလေ"

"ဟယ်…ဘာသီချင်းလဲ"

"ငွေမြင်ရင် လင်လုပ်မည်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



ရယ်သံတွေဝါးခနဲ။ ဆေးကျောင်းသူဘဝက အဲဒီလိုပါပဲ။ စာမေးပွဲတစ်ခု မပြီးသေးဘူး နောက်စာမေးပွဲတစ်ခု အသင့်စောင့်နေတဲ့အဖြစ်မို့ ရတဲ့အချိန်မှာ ပေါက်ကရတွေပြောလိုက်၊ အချိန်လုပြီး စာအုပ်တွေကြား မျက်နှာအပ်လိုက်နှင့် ကိုယ့်စိတ်ကိုယ် ထွက်ပေါက်ပေးရတဲ့အဖြစ်။ ထို့ကြောင့် စာမေးပွဲနည်းနည်းဝေးသော ကျောင်းပိတ်ရက်မှာ အားလုံးစုပြီး ဒီကို ရှော့ပင်(နဲ)ထွက်ခဲ့တာပါ။ အချိန်ကလည်း နည်းနည်းပဲရတာမို့ တက်သုတ်ရိုက်လျှောက်။ လိုချင်တာတွေ့ရင် ခြင်းထဲကောက်ထည့်နှင့် သူများတကာလို စိမ်ပြေနပြေရှော့ပင်(နဲ) မထွက်နိုင်တဲ့ဘဝမို့ သူမတို့ထဲမှ မျက်နှာအပြောင်ဆုံး သီရိကတော့

"ငါတို့အဖြစ်ကဟာယ်…ရှော့ပင်(နဲ)ထွက်တာနဲ့ မတူဘူး စစ်ချီတက်နေရသလို ဗုံးတွေရှောင်နေရသလိုပဲ၊ ရှေ့က အေးအေးဆေးဆေးလာသမျှလူကို ဝေ့ကာဝိုက်ကာနဲ့ ရှောင်ပြီး ခြေလှမ်းတို့အရှိန်မချရဲတဲ့ဘဝ"

တဲ့။ အချင်းချင်း တိုးတိုးကျိတ်ကျိတ်ရယ်လိုက်၊ နာကြည့်ပြီး မြန်မြန်ဝယ်ရန် တစ်ယောက်နဲ့တစ်ယောက် ဆော်သြလိုက်ရှိနေရာမှ…

"ဒီ…ဒီမှာခင်ဗျ"

ခေါ်သံကြောင့် လှည့်ကြည့်တော့လည်း အားလုံးပြိုင်တူနီးပါး။

"ဘယ်သူ့ကိုခေါ်တာလဲ"

မိစုက ခေါ်သူကိုတည့်တည့်ကြည့်ပြီး မေးသည်။





သိတယ်မဟုတ်လား။ လောကနိယာမလေ။ မီးများမီးနိုင် ရေများရေနိုင်ဆိုတာမျိုး။ ခေါ်တဲ့သူက ယောကျ်ားသားတစ်ယောက်တည်း။ နောက်ပြောင်လိုဟန်မရှိဘဲ သူမတို့ထက် အသက်အနည်းငယ်ပိုကြီးပုံရသည်။ ထိုလူက မိစုအမေးအား ပြုံးပြရင်း လန်းထံလက်ညှိုးထိုးကာ…

"သူ့ကိုခေါ်တာ"

"သူ့ကို"

"ဟုတ်ပါတယ်"

ခေါင်းညိတ်ပြတော့ နှယ်နီက ရင်ဘတ်ဖိပြီး…

"နှမြောစရာလေး"

လို့ ထအော်သည်။ ဝင့်ဝါက သူမကို ပခုံးချင်းတိုက်ရင်း လန်းနားကပ်ကာ လေသံသဲ့သဲ့ဖြင့်…

"မိန်းမ…ဒိုင်လျှိုမနေနဲ့၊ အမှန်အတိုင်းဝန်ခံ၊ သူကဘယ်သူလဲ"

"ငါလည်းမသိဘူးလေ"

"ဟင်"

"သူခေါ်တာ နင့်ကိုတဲ့"

"အေးလေ…မသိပဲခေါ်မလား"

ဟိုဘက်နားရော ဒီဘက်နားပါ မခံသာအောင် စကားသံတွေက ကျွတ်စီစီ။ နားတွေရှုပ်၊ ခေါင်းတွေရှုပ်လာတဲ့ လန်းက ဘာပြန်ဖြေရမလဲမသိခင်မှာပဲ…



www.burmeseclassic.com

www.burmeseclassic.com



"ဟို…ဒီလိုပါ၊ သူနဲ့ကျွန်တော် တစ်ခါမှမသိဖူးပါဘူး"

"မသိဘဲနဲ့"

"ဟုတ်ပါတယ်၊ ခေါ်ရတာက သူကအဖြူနဲ့အပြာဝတ်ထားလို့ပါ"

"အယ်…ထူးတွေအံ့ဩယ်ပဲ၊ အဖြူနဲ့အပြာဝတ်တဲ့လူတိုင်းရှင်ကလိုက်ခေါ်နေကျပေါ့"

"အာ…မဟုတ်ပါဘူးဗျာ"

လန်းရွှေက ပုဂ္ဂိုလ်သည် ယက်တကာကာနှင့် ငြင်းဆ
နေတာကြောင့် လန်းမှာ ကြည့်ရင်း သူ့ကိုအားနာလာရသည်။ သူ့ပုံ
က အကြောင်ရိုက်ပြီး စနောက်တတ်သော မျက်နှာမျိုးမဟုတ်သဖြ

"ကဲပါဟယ်…နင်တို့ကလည်း သူပြောတာနားထော
လိုက်ပါဦး"

လို့ဝင်ပြောမှ အသံတွေတိတ်သွားပေမဲ့ မျက်စောင်းတွေ
လန်းထံဝင်လာမစဲ တသဲသဲနှင့်။ သူစိမ်းယောကျ်ားလေးဘက်
ဝင်ကူပြောပေးတာကို မကျေမလည်ဖြစ်ကြဟန်တူသည်။

"ဒီလိုပါဗျာ…ကျွန်တော်က ဒီနေ့ အမေ့ကျန်းမာရေ
အတွက် ယတြာချေရမှာမို့ပါ၊ အဲဒါ ယတြာကလည်း ကပ်သ
ကပ်သပ်ဗျာ…ဟို"

သူက အပြောရခက်သလို လက်ဝါးချင်းပွတ်ရင်း
ဆုံးဖြတ်ချက်ချလိုက်ဟန်နှင့် နှုတ်ခမ်းနှစ်လွှာကို တင်းတင်းဖိပိ
ကာ အားယူရင်း…

နိုးနိုး၈၁၆၄



"အဖြူနဲ့အပြာဝတ်ထားတဲ့ မိန်းကလေး၊ သူ့ဘေးမှာ အဖော်ကလည်း ခြောက်ယောက်တိတိပါရမယ်တဲ့၊ အဲဒီအုပ်စုကို ကျွန်တော်က ရုပ်ရှင်လက်မှတ် ခုနစ်စောင်ပေးပြီး"

စကားတောင် ဆုံးအောင်ပြောခွင့်မရလိုက်။

"သြော်…ရုပ်ရှင်လက်မှတ်၊ အဲဒါနဲ့ယတြာချေမှာ"

"ဟယ်…ယတြာကကောင်းသားပဲ၊ ကတ်သီးကတ်သတ်မနိုင်ပါဘူး ကိုအစ္စာရဲ့"

"ဒါနဲ့…ဘယ်ရုံမှာကြည့်ရမှာလဲဟင်"

"ဘာကားလဲမသိဘူးနော်"

"ရုပ်ရှင်ချိန်ကနီးပြီလား"

"ကဲ…ရှင် ချေမယ်ဆို မြန်မြန်လေးလုပ်၊ ကျွန်မတို့က ရုပ်ရှင်ရုံသွားဖို့ အချိန်ရှိသေးတယ်ရှင့်"

လန်းမှလွဲ၍ ကျန်ခြောက်ယောက်က ပြောလိုက်ကြတဲ့ စကားတွေက ရေပက်မဝင်။ ရွှေကပုဂ္ဂိုလ်ကလည်း အခုမှ ပြုံးဖော်ရယ်ဖော်ရလာကာ ပိုက်ဆံအိတ်ထဲမှ လက်မှတ်ခုနစ်စောင်ထုတ်ပေးရင်း

"ကျေးဇူးပဲပဲဗျာ…ရုပ်ရှင်က နောက်နာရီဝက်မှစမှာ၊ တခြားသွားစရာမလိုပါဘူး၊ ဒီစင်တာထဲမှာပဲ အလန်းဇယားတဲ့"

"အလန်းဇယား"

"ဟဲ့…အဲဒီကားကနာမည်ကြီး"

နိုးနိုး၈၁၆၄

www.burmeseclassic.com

www.burmeseclassic.com



"ဝတ္တုက အကြည်တော်ဟဲ့"

တိုးတိုးကျိတ်ကျိတ် ဝေဖန်ရေးလုပ်ရင်း…

"ကျေးဇူးပဲနော်…ရှင့်အမေကျန်းမာရေး ကောင်းသွားမှာပါ"

ရုပ်ရှင်ကြည့်ချင်ဇောနှင့် အဖေတွေအမေတွေမှားပြီး ပြောတဲ့ ဝင့်ဝါအား လန်းက ခါးကိုကျိတ်လိမ်ထားရကာ…

"ကျေးဇူးပါပဲ…ဒါဆို ကျွန်မတို့ကိုခွင့်ပြုပါဦး"

မြန်မြန်နှုတ်ဆက်ရသည်။ ဆက်နေလျှင် ဆက်စကားတွေ မှားဖွယ်ရာရှိသောကြောင့်။ ထိုနေ့က မကြံစည်ဘဲ ရုပ်ရှင်ကြည့်ခဲ့ရသည့်အကြောင်း မေဖို့ကိုပြောပြတော့…

"ငါလည်း အဲဒီရှေ့ပင်း(န်)မောကြီးဆီ သွားချင်လိုက်တာ၊ အသစ်ဖွင့်တာ တီဗီထဲမှာပဲ တွေ့ရတာဟဲ့၊ ပြီးတော့ အလန်းဇယားလည်း ကြည့်ချင်တယ်"

ဟု အရေးဆိုလာခဲ့သည်။ လန်းထက်စာရင် မေဖို့က အိမ်ထဲမှာပဲနေရတာများသည်။ ယူထားတာကလည်း အဝေးသင် တက္ကသိုလ်မို့ အဆိုင်းမင့်(န်)တင်သောရက်၊ စာမေးပွဲဖြေသောရက်လောက်ပဲ အပြင်ထွက်ရရှာတာ။ ထို့ကြောင့် လန်းက ဒီနေ့တစ်ခါ ထပ်ပြီး အပြင်ထွက်ခဲ့ရတာက မေဖို့ကြောင့်သာ။

"ဟိုး…မွေးနေတာပဲ၊ လန်းရေ ကော်ဖီကောင်သောက်ချင်လာပြီ"





မေဖို့အပြောနဲ့အတူ နှာဝ၌ ကော်ဖီရနံ့က နေရာယူလာတာမို့…

"သောက်ချင်ရင် ဝင်မယ်လေ"

"အချိန်ရသေးႇ ပို့လား"

လန်းက ဂါဝန်အရောင်နှင့် ဆင်တူပတ်ထားသည့် အစိမ်းရောင် ဖန်စိနာရီအကြီးစားကို လက်မြှောက်ကြည့်ရင်း…

"လိုသေးတယ်ဟာ…နာရီဝက်လောက် မနေ့ကတည်းက မြန်အထွက် ကော်ဖီဝင်သောက်မယ်လို့ တွေးထားတာ၊ ရုပ်ရှင်ဝင်ကြည့်လိုက်တော့ အချိန်တွေ တအားကုန်သွားတာနဲ့"

မေဖို့လက်ကိုဆွဲပြီး ကော်ဖီဆိုင်ထဲ လန်းက ဦးဆောင်ဝင်ကာ ဘားကောင်တာမှာပဲထိုင်ပြီး…

"နင်က မစ်(ခ်)ရှိတ်ပဲသောက်နော်၊ ကော်ဖီက"

"အမယ်လေး…မတည့်ကြောင်း နင်ဟောတဲ့တရားတွေ ငါအလွတ်ရနေပါပြီဟဲ့၊ နင်တိုက်တာပဲသောက်မှာ"

"နင်က အရမ်းလိမ္မာတာပဲ"

မေဖို့မေးဖျားလေးကို ချစ်စနိုးနဲ့ ဖျစ်ညှစ်ရင်း လန်းက ဆိုသည်။ မေဖို့ဟာ လန်းထက် လပိုင်းလောက်ကြီးတယ်ဆိုပေမဲ့ လန်းစိတ်ထဲမှာတော့ ကိုယ့်ညီမအထွေးဆုံးလေးလိုပင်။ အမြဲတမ်း ဂရုစိုက်သည်။ ငဲ့ညှာသည်။ မေဖို့ဆန္ဒရှိသောအရာဆို လန်း ဖြည့်ဆည်းပေးဖို့ ဝန်မလေးတတ်။ ဒါဟာ ရောဂါသည်လေးမို့



www.burmeseclassic.com

www.burmeseclassic.com



အလိုလိုက်တာတစ်ကြောင်း၊ စတွေ့ကတည်းက လန်းအပေါ် ငြိုငြင်ခြင်းမရှိ ကြိုဆိုခဲ့သော အကြောင်းတရားကြောင့်ဟု ဆိုရလျှင်။

"လန်း"

"ဟင်…ဘာလဲ မေပျို၊ ဘာစားဦးမလို့လဲ"

"စားမလို့မဟုတ်ပါဘူးဟဲ့၊ မေးမလို့"

"အမယ်…ထူးထူးဆန်းဆန်း၊ မေးလေ ဘာလဲ"

မေပျိုက အစိမ်းရင့်ရောင်ဂါဝန်က ဝခုံးချိတ်ရုံကြိုးတစ်ချောင်းတည်းကို အဖြူရောင်ခါးတို ကုတ်ကလေးနဲ့ ထပ်ဝတ်ထားတဲ့ လန်းကို စေ့စေ့ကြည့်ရင်း…

"နင်ကလေ…သိပ်လှတာပဲ သိလား လန်း"

"အေးပါ…မစ်(ခ်)ရှိတ်လည်းတိုက်မယ်၊ ရုပ်ရှင်လည်းပြမယ်၊ ပြီးတော့ မုန့်ဝါဝယ်ကျွေးဦးမှာ"

မေးဖျားလေးပင့်ရင်း ကျွေးဦးမှာလို့ တစ်လုံးချင်းပြောတဲ့ လန်းကို ချစ်မဝသော အကြည့်နဲ့ မေပျိုကငေးရင်း…

"ငါက မုန့်စားချင်လို့ နင့်ကိုချီးမွမ်းတာမဟုတ်ဘူး"

"ဒါဖြင့်"

"နင့်ကိုငါ ညီမတော်ချင်လို့"

"အခုလည်း တော်နေရတာပဲကို"

"ဒီလိုမဟုတ်ဘူး ဟိုလို၊ နင်နဲ့လုလင်နဲ့"

လက်ညှိုးနှစ်ချောင်းကိုယှဉ်ပြီး ပူးပြသည်။ လန်းက မေပျို



…ဲ့လက်နှစ်ဖက်ကို ဖျတ်ခနဲဆွဲခွာရင်း…

"အဲဒီလိုမဟုတ်ဘူး၊ သူနဲ့ငါက အမြဲဒီလို"

ဟိုဘက်ဒီဘက် လက်နှစ်ဖက်ကို အကွာကြီးထားပြရင်း…

"မြဲမြဲသောက် မေပျို၊ မုန့်လည်းဝယ်ရဦးမှာ၊ တော်ကြာ…လန်းဖယားလွတ်သွားမှဖြင့်"

"အေးပါဟယ်…ငါပြီးပါပြီ၊ ငါပြောတာလည်း…င်စဉ်းစားထားဦး"

မေပျိုက ပြုံးစိစိနဲ့ တိုးတိုးကပ်ပြောတော့ လန်းက…က်စောင်းရှယ်ရင်း

"ငါတို့ အဲဒီလိုဖြစ်ရင် အမြဲနပန်းသတ်နေရမှာ"

"နင်တို့က မဖြစ်ခင်ကတည်းက နပန်းသတ်နေကျပဲ"

"ဟယ်…ကြည့်စမ်း မေပျို အစုတ်ပလုတ်"

…ယ်းရင့်ရောင်သမ်းသွားတဲ့ လန်းမျက်နှာကို ကြည့်ရင်း…ပျိုမှာ သဘောတကျ ရယ်မောခြင်းအား အတောမသတ်နိုင်။…ပျိုကတော့ တကယ်သဘောတူတာပါ။ သူတို့နှစ်ယောက်က…ခဲ့ဘမ်း ရန်ဖြစ်နေကျမို့ ပြောင်းလဲစေချင်တာက အမြန်ချစ်ကြစို့။

• • •

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"လက်မှတ်ကုန်သွားပြီ အဟုတ်"

"ဟုတ်ပါတယ် အစ်မရဲ့"

လန်းနှင့်မေပျိုက လက်မှတ်ကောင်တာရှေ့ တစ်ယောက်မျက်နှာ တစ်ယောက် ဖူးတ်ခနဲငဲ့ကြည့်သည်။ စိတ် ခြင်းတွေက မေပျို့မျက်နှာအပြည့် နေရာယူတော့ လန်းက စိ ကောင်းဖြစ်သွားတာကတကယ်။ သူမခမျာ ကြည့်ချင်ပါသည် တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ရလေခြင်းလို့ တစ်ယောက်တည်း ငြီး ရင်းက…

"ဘယ်လိုဖြစ်ရတာလဲ ညီမရယ်၊ အစောကြီးရှိသေး ကို"

"ဟုတ်တယ် အစ်မ၊ ဒီနေ့က ဆန်းဒေးလေ၊ ရုံးပိတ်





င်းပိတ်ရက်ဆိုရင် မိသားစုတွေ ရှော့ပင်(နဲ့)ထွက်ရင်းက မှတ်တွေ ကြိုဖြတ်ထားကြတာ အစ်မရဲ့၊ အဲဒါကြောင့် ပွဲမစခင် ည်းက လက်မှတ်ကစောပြီး ကုန်သွားတာ၊ နောက်ပွဲအတွက် က လက်မှတ်တွေရှိတယ်လေ"

လက်မှတ်အရောင်းစာရေးမလေးက စိတ်ရှည်လက်ရှည် ပြသည်။ လန်းက စလွယ်သိုင်းလွယ်ထားတဲ့ အိတ်ရှုံ့လေးရဲ့ ကိုကိုင်ရင်း….

"နောက်ပွဲမှကြည့်မယ်လေ မေပျိုရယ်၊ ငါတို့ဒီစင်တာကြီး လျှောက်ပတ်မယ်ဟာ၊ ဘယ်လိုလဲ၊ နင်လည်း ရှော့ပင်(နဲ့)ထွက် ယ်၊ ရုပ်ရှင်လည်းကြည့်ဖြစ်တယ်လေ"

"နောက်ပွဲက ဘယ်အချိန်လဲဟင်"

မေပျို့မှာ ကိုယ့်ဟာကိုယ်လည်း မဆုံးဖြတ်တတ်ဘဲ ါက်အပိုင်းလေးထဲ ခါးကိုင်းပြီး မေးသည်။

"သုံးနာရီခွဲ အစ်မ"

"ဟယ်…အခုမှ ဆယ့်နှစ်နာရီခွဲကို၊ နောက်ထပ်သုံးနာရီ င် စောင့်ရမှာပေါ့"

"ဘာဖြစ်လဲဟယ်…ရောက်ပြီးမှတော့ စောင့်မယ်လေ ရဲ့"

ထက်ထက်သန်သန်ပင် လန်းကပြောသည်။ မေပျိုက သိအောင် သက်ပြင်းတစ်ချက်ခိုးရှိုက်ရင်း လန်းကို မော့မော့ းကာ…



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေတော့ဟာ…နောက်အပတ်မှလာမယ်လေ"

"ဟဲ့…မေပို့ ရောက်တုံးတစ်ခါတည်း"

"နင်မေ့နေပြီလား၊ သိရိုတို့အိမ်မှာ လေးနာရီခွဲ စာစုကျ
ဖို့ ချိန်းထားတယ်လေ"

လန်း မေ့နေပြီအထင်နဲ့ မေပို့က သတိပေးခြင်း
လန်းက မေပို့ပခုံးကို ဆွဲဖက်ရင်း…

"စာနဲ့ပတ်သက်ရင် ငါ ဘယ်တုံးက မေ့ဖူးလို့လဲ၊ ဒါ
ဒီနေ့ စာကျက်ချိန်လွှတ်လိုက်တော့မယ်ဟာ၊ ညကျမှ ငါ့ဟာငါ
ကျက်မယ်၊ နင်ကြည့်ချင်တဲ့ရုပ်ရှင် ကြည့်ပါဟ"

ဒါ သူမအတွက် တမင်သက်သက် လန်း အချိန်ပေး
မေပို့ သိပါသည်။ ဆေးကျောင်းသူဘဝ စာတွေများရသည့်ကြား
မေပို့ အလိုလိုက်တာကြည့်ပြီး သားရုပ်ရှင်လဲ ပြန်ကြည့်ရဦးမ
ဒီကြားထဲ အချိန်ပါထပ်စောင့်ခိုင်းရမည်ဆိုလျှင်တော့ မေပို့ မတ
ရာကျတော့မည်။ လန်းမှာ အရှားပါးဆုံးက အချိန်ဆိုတာ သ
ကြီးနဲ့ အခွင့်အရေးမယူချင်တော့။ ထို့ကြောင့် မေပို့က ဟက်
ရယ်ရင်း…

"နေပါစေတော့ဟာ…နင်က စောင့်ပေးရတာ စိတ်
ပေမဲ့ ငါက ထပ်မစောင့်ချင်တော့ဘူး၊ ပြီးတော့ ဟိုနားမတ်တ
ဒီနားမတ်တပ်နဲ့ ဆိုရင်ငါ ပိုပင်ပန်းမှာ၊ ငါ့အကြောင်းငါသိတယ်

"အေးနော်…အဲဒါတော့ဟုတ်တယ်"

မေပို့ပြောသောစကားကို လန်းက ထောက်ခံသည်





ဘျှန်းမာရေးမကောင်းရှာသော မေပို့ဟာ နည်းနည်းလေး လှုပ်လှုပ်
ရှားရှားနေမိတာနဲ့ကို မောတတ်သည်။ လူထူထူထဲလည်း အကြာကြီး
နေလို့မရ။ အသက်ရှူကြပ်တာနှင့် မူးတာနှင့်မို့ လန်းမှာ ဘာလုပ်
ရမှန်းမသိ တွေဝေနေဆဲမှာဘဲ…

"ငါတို့ရှော့ပင်(န်)နည်းနည်းထွက်ပြီး ပြန်ကြမယ် လန်း
ရာ၊ တော်ကြာ ရုပ်ရှင်ကြည့်ပြီးမှ နေထိုင်မကောင်းဖြစ်ရင် ဒက်ဒီက
တော့ ဆူမှာမဟုတ်ဘူး၊ လုလင်ကပဲ တဗျစ်တောက်တောက်
ပြောနေမှာ"

လုလင်အမည်ကို ကြားလိုက်ရလျှင် အိမ်ပြန်ရန် ဆုံးဖြတ်
ချက်က ပိုခိုင်မာသွားသလို။

"ငါက လူတစ်ယောက်ကို နတ်ပြည်ရောက်အောင်ပဲ
ပြောတတ်တယ်၊ အေး…ငရဲပြည်ရောက်သွားသလို ခံစားတတ်
အောင်လည်း နှိပ်ကွပ်တတ်တယ်"

ဆိုပြီး သူ့စကားရေးကြွယ်ပုံကို ကိုယ်တိုင်ကြွေးကြော်ထားသူ
မို့ လုလင်ကွယ်ရာမှာ လန်းတို့က…

"မဟာပါးစပ်ပိုင်ရှင်ကြီး"

ရယ်လို့ အမည်ပြောင်းပေးထားရတဲ့အထိ။ အခုတော့…

"ကဲ…တွေဝေမနေနဲ့ လန်း၊ သွားမယ်၊ နင်ပြောပြလို့
ငါ အဲဒီဇာတ်လမ်းအကြောင်းလည်း သိနေပြီးသားကို လာ"

မေပို့က တွေဝေစွာ လန်းလက်ကိုဆွဲပြီး လာလမ်းအတိုင်း
လှည့်ပြန်ရန် ခြေလှမ်းပြင်သည်။ ထိုအခိုက် သူမတို့ရဲ့ မျက်နှာမှ



www.burmeseclassic.com

www.burmeseclassic.com



ရာအရပ်၌ နံရံကို နှဲ့နှဲ့မှီရပ်နေတဲ့ လူတစ်ယောက်က လန်း
ပြုံးပြရင်း သူမတို့ထံ တည့်မတ်စွာလျှောက်လာ၏။

"လန်း"

မေပျိုက တိုးတိုးကပ်ခေါ်သည်။ ပြီးမှ…

"ရှေ့ကလူ…ဗလိုင်းကြီး၊ နင့်ကိုရယ်ပြနေတယ်"

"အေး…ငါတွေ့တယ်"

"နင်နဲ့သိလို့လား"

"မသိဘူး၊ ဒါပေမဲ့ မြင်ဖူးသလိုလိုပဲ"

နှစ်ယောက်သား ပါးစပ်ရောမျက်လုံးပါ အလစ်မ
ဘဲ တိုးတိုးကျိတ်ကျိတ် အချက်ပေးရတာအမော။ အော်တာရှပ်အ
ရင့်ကို တံတောင်ဆစ်နားအထိ လက်ခေါက်တင်ထားကာ ဂျ
အနက်နှင့် တွဲဝတ်ထားသော ထိုလူက ဘောင်းဘီအိတ်ထဲ လက်နှိ
ပြီး လျှောက်လာပုံက တကယ့်သက်တောင့်သက်သာ။ လန်းမှာသ
မသက်မသာနှင့် ခေါင်းကညွှတ်စော်နံအောင် စဉ်းစားရင်း
တဖြည်းဖြည်း နီးကပ်လာသည့်အချိန်မှာ…

"ဟင်…ယတြာ"

လန်းနှုတ်မှ အလန့်တကြား ထွက်သွားတဲ့ ခေါ်သံကြော
မေပျိုပါ ခြေလှမ်းတုံ့ပြီး လန်းလက်ကိုဖျစ်ညှစ်ကာ…

"ဟဲ့…ဘာယတြာလဲ၊ မနေက လက်မှတ်"

"အေး…ဟုတ်တယ်၊ အဲဒါ သူပဲ"

"ဟော့တော့ တိုက်တိုက်ဆိုင်ဆိုင်ပဲ၊ စတိုင်(လ်)





ဘကယ်မိတယ်နော် လန်း"

"တိုးတိုးလုပ် မေပျိုရဲ့"

ဆွေးနွေးလိုက်၊ ချီးမွမ်းလိုက် လုပ်နေချိန်မှာပဲ သူက
န်းတို့ရှေ့မှာ ခြေစုံရပ်ရင်း…

"ထပ်တွေ့ကြပြန်ပြီနော်…လန်းဆန်း"

ကိုယ့်နာမည်ကို အပီအသကြီး ခေါ်ပြီး နှုတ်ဆက်ခံရတာ
ကြောင့် လန်းမှာ မျက်ခုံးကြီးပင့်၊ မျက်လုံးတွေ ဘာတွေ ပြူးကျယ်
နရင်း…

"ရှင်…ရှင်က လန်းကိုသိတယ်"

"အဟွန်း"

ဘောင်းဘီအိတ်ထဲ လက်နှိုက်ရင်းက ပခုံးတွန့်ပြီးရယ်တော့
ညီညာစီတန်းတဲ့ သွားဖွယ်တန်းတွေကြောင့် သူ့မျက်နှာက ရင်းနှီး
င်မင်ဖွယ်ရာ သူက အောက်နှုတ်ခမ်းတို့ကို သွားဖြင့် ဖွဖွကိုက်ရင်း
န်းကိုစေ့စေ့ကြည့်ကာ…

"နောက်ထပ်သိတာတွေ ရှိသေးတယ်"

"ဘာတွေလဲ"

"လန်းဆန်းတို့ ရုပ်ရှင်ကြည့်ဖို့လာတဲ့အကြောင်း"

"ဒါက သိပ်မဆန်းပါဘူး၊ ရုပ်ရှင်ရုံထဲမှာ တွေ့တာပဲ
လေ"

လန်းက အထင်မကြီးဟန်နှင့် ဘေးပတ်ဝန်းကျင်ကို
မျက်လုံးကစားရင်း တုံ့ပြန်ပုံက ခပ်ထေ့ထေ့။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဆန်းတာပြောပြမယ်၊ နားထောင်မလား"

"နားတော့ထောင်ချင်တယ်၊ အချိန်မရှိတော့လို့ ဆောရီး"

မေမို့လက်ကိုဆွဲကာ သူ့ကိုရှောင်ထွက်ရန် ခြေလှမ်းပြင် သည်။ ဒါကို သူက တားမြစ်ခြင်းမရှိဘဲ ခြေတစ်လှမ်းဆုတ်ကာ ကိုယ်ကိုရို့ လမ်းဖယ်ပေးပြီးမှ...

"စိတ်မကောင်းစရာပဲ၊ လက်မှတ်မရမှန်းသိလို့ ကြိုဝယ် ပေးထားတဲ့ လက်မှတ်နှစ်စောင်အတွက် ဘယ်သူ့ကို ဒါနလုပ်ရ မလဲ"

ခြေလှမ်းတွေ တုံ့သွားသည်။ ခေါင်းငုံ့ကြည့်တော့ သူ့လက်ထဲမှာ ရုပ်ရှင်လက်မှတ်နှစ်စောင်။ သူက လန်းနှင့် အကြည့် ချင်းဆုံအောင် ကြည့်ပြီးမှ...

"ခက်တာက ကိုယ် ရုပ်ရှင်ကြည့်ဖို့ ဝါသနာမပါတော့"

"ငါတို့ပြန်ဝယ်မယ်လေ လန်း"

ကိုယ့်စိတ်နဲ့ကိုယ်ဆို လှည့်မကြည့်စတမ်း နေမိမှာဖြစ် မဲ့ မေမို့စကားသံကြောင့် လန်းက စိတ်လျှော့ကာ မျက်နှာပေါ်က ကောက်ကြောင်းတွေကိုပါ ပြေပြစ်ခြင်းသို့ရောက်အောင် ပြုပြင်ရ

"ရှင်...လက်မှတ်မှောင်ခိုရောင်းတဲ့သူတော့ မဟုတ် ပါဘူးနော်"

"ဟယ်...လန်းကလည်း အားနာစရာ"

မေမို့က သတိပေးပေမဲ့ လန်းကတော့ အားမနာနိုင်ဘဲ...

"ဟုတ်တယ်လေ...သူနဲ့တွေ့တိုင်း လက်မှတ်တွေ



င်းမှမကောင်းတာ"

မျက်နှာလွှဲရင်း စူပွပွပြောတော့ သူက အသံထွက်ရယ် သာ...

"စိတ်တိုင်းကျသတ်မှတ်ပါ ရတယ်၊ အရေးကြီးတာ မင်း တို့ဖြည့်ဆည်းပေးနိုင်ဖို့က အဓိက"

တဲ့လေ။ လန်းက သူ့ဘာပြောပြော ဂရုမစိုက်ဘဲ အိတ်ရှိ းကို ဖွင့်ရင်း

"လက်မှတ်ဖိုး...ဘယ်လောက်လဲ"

"မပေးပါနဲ့"

"အို...ဒီလိုလုပ်လို့ ဘယ်ရမလဲ၊ ယူပါ၊ ဒီနေ့က ရှင် တွေချေတာမှမဟုတ်တာ"

"ကိုယ်ကပဲစတမ်မာကို မေတ္တာတုံ့ပြန်တဲ့သဘောပါ"

"ရှင့်ကမ်စတမ်မာ"

ရှုပ်ထွေးခြင်းတွေနဲ့ လန်းက သူ့ကိုစိုက်ကြည့်တော့ သူက သံ့ရယ်ရင်း...

"အင်း...ကိုယ့်ဆိုင်ကကော်ဖီ မင်းတို့အားပေးထားတယ် လေ"

"ဪ...ဆို"

အသံက တစ်ပြိုင်တည်း။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်တာလည်း တစ်ပြိုင်တည်း။ ပြီးမှ သူ့ကိုတစ်ခါ ပြန်ကြည့်ကာ...

www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ခုနကကော်ဖီဆိုင်ရဲ့"

သူက ခေါင်းညိတ်ကာ…

"ကိုယ် နေ့သစ်ပါ၊ နောက်တစ်ခါ ကိုယ်ဝါဒ်ကို စား ဖို့လာရင် ကိုယ့်ကိုရှာလို့ရအောင် မိတ်ဆက်ထားတာ၊ ကဲ ရှ ချိန်နီးပြီ၊ ရုံထဲဝင်တော့"

လက်မှတ်ကို လန်း မယူရပါဘဲ အလိုလို လက်ထဲရော အောင်ထည့်ပေးပြီး သူက ကျောခိုင်းထွက်သွားသည်။ လန်းမှာ သူ့နာမည်ကို ထပ်ခါထပ်ခါ ရေရွတ် သူပြောတဲ့စကားကို အဓိ ဖော်ရင်းက စိတ်မြန်လက်မြန်နှင့်…

"ဒီမှာ…ဒီမှာရှင့်"

လှမ်းအော်တော့ သူကလှည့်ကြည့်သည်။

"ရှင်…ရှင်ကဆေးကျောင်းကလား၊ လန်းတို့အ ကတော့ မဟုတ်ပါဘူး ရှင်က"

"ဒေါက်တာ နေ့သစ်ပါ"

"အို"

အထိတ်တလန့်နှင့် နှုတ်ခမ်းဖျားကို လက်ဝါးနှင့် သည့်အဖြစ်။ ကိုယ့်ထက်စီနီယာကျသူကိုမှ လန်းက မလေး ဆက်ဆံခဲ့သည့်အဖြစ်လောက် ဆိုးရွားတာမရှိပြီ။ သေလိုက် လန်းဆန်း။ နင်တော်တော်ညံ့တယ်လို့ အပြစ်တင်မဆုံးခင်မှာပဲ ခေါင်းညွှတ်နှုတ်ဆက်ရင်း…

"သီတာဆောင်မှာ ပြန်ဆုံတာပေါ့၊ ဒီတစ်လလုံး





မောပက်တိုဝါဒ်မှာရှိတယ်"

တဲ့…ကောင်းကြပါလေရော။ ဖောမက်တု(သွေးဌာန)ဆိုတာ ဆန်းပြားပြီး အဖြစ်နည်းသောရောဂါသည်တွေ ရှိရာနေရာ။ ထိုဌာနသို့ သူမတို့ တတိယနှစ် ဆေးကျောင်းသူတွေ မကြာခဏ လှေလာရေးဆင်းရတဲ့ လက်တွေ့ခန်းဆိုလျှင်။

ထိုနေ့က မေဖို့မှာလည်း ကြည့်ချင်လွန်းတဲ့ အလန်းဇယား ကြည့်ခွင့်ရတာတောင် အာရုံအပြည့်နဲ့ မခံစားနိုင်ဘဲ…

"မဆိုးဘူး လန်း၊ ရုပ်ရည်ရော ပညာအရည်အချင်းရော အပြစ်ဆိုစရာမရှိဘူး၊ ဒီကြားထဲ ကော်ဖီဆိုင်ပိုင်ရှင်ဆိုတော့ စဉ်းစား မှဲစာရင်းထဲ ထည့်ထားလိုက်၊ ဒါပေမဲ့ ငါ့မောင်က ဦးစားပေးနံပါတ်တစ်နော်"

တဲ့။ အရေးထဲ အောင်သွယ်က သူ့ဘက်သူယက်သည့် လိပ်မျိုး။ သူ့အပြုံး သူ့အကြည့်ကို ပြန်မြင်ယောင်တော့ ကိုယ့်နှလုံးသားတွင်း ချဉ်းနင်းဝင်ရောက်လာမည့် ခြေသံကို ကြားမိသလိုလို။ ခက်တာက ရစ်ပတ်နှောင်တွယ်မည့် အချစ်မျိုးဆို နှယ်တစ်ပင် တောင် မမြင်ချင်တာမို့ လန်းက ဆိုင်းဘုတ်တစ်ခု လည်ပင်း၌ ဆွဲထားသင့်ပြီ။

အချစ်ကို ခေါ်ဆောင်မလာရ။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"လုပ်ပြန်ပြီ ဒီဒီကလဲ၊ တခြားအလုပ်ခိုင်းပါ၊ ကျွန်တော် ဘာပြောခဲ့လို့လဲ၊ အဲဒီမြွေပွေးမကိုပဲ အမြီးဆွဲခိုင်းတာ ခက်တာပဲ"

"ဟာ...မင်းကလည်း သားအဖချင်း ဒီလောက်အကူ အညီတောင်းလို့ မရဘူးလား"

"ကူညီချင်တယ်၊ တကယ်လည်း ကူညီတယ်လေ၊ ဒါပေမဲ့ အခု ဒီဒီခိုင်းတဲ့ဟာက မဖြစ်ပါဘူး၊ သူနဲ့ကျွန်တော် ဘယ်လို မှမဖြစ်ဘူး"

တကယ့်ကို ခါးခါးသီးသီးဖြစ်နေတဲ့ လုလင်ကြောင့် ဦးထံ ကောင်းက လက်(ဝ်)တော့ကို ဖိတ်ချလိုက်ရပြီး ဝေးရာသို့ တစ်ခါ တည်း တွန်းရွှေ့လိုက်ရသည်။ ဆုံလည်မှာ ကျောမှီထိုင်တော့ သက်တောင့်သက်သာဖြစ်သွားပေမဲ့ စားပွဲခုံတစ်ဖက်၌ ရပ်နေသော လုလင်နဲ့ဝေးသွားသလို။ ဒါကို လုလင်က အားမလိုအားမရဖြစ်ဟန်





ဖြင့် မှန်စားပွဲတစ်ဖက်စွန်းတွင် တင်ပါးလွှဲဝင်ထိုင်ကာ...

"အဲဒီလိုအရေးအခင်းတွေ ဖြစ်လာမှာစိုးလို့ သူ့ကို ကား တစ်စီးလုံး ရက်ရက်ရောရော ပေးထားတာတောင်"

"လန်းရဲ့ကားက မနက်ကျောင်းအသွား လမ်းမှာထိုးရပ် သွားတယ်သားရဲ၊ ဒီဒီပဲ မက္ကင်းနစ်ဆီဖုန်းဆက်ပြီး ရုံကိုဆွဲလာခိုင်း ရတာ၊ မင်းမယုံရင် သွားကြည့်"

ဒီဒီ မလိမ်ဘူးဆိုတာ လုလင် သိသည်။ ကားထုတ်လုပ် ရေးကုမ္ပဏီ ထူထောင်ထားတဲ့ ဒီဒီမှာ သူ့ကားတွေကို ဝယ်သူတွေ အတွက် အာမခံချက်ပေးရန် ကိုယ်ထုတ်သော ကားအပိုပစ္စည်းတွေ ရောင်းသည့် ရှိုးရှမ်းကြီးတွေ။ ကားဝပ်ရှော့(ပ်)တွေရှိသည်။ ဒါက ကိုယ့်ကားကုမ္ပဏီရဲ့ ထုတ်လုပ်ပြီးမှ ပြုပြင်၊ ပြင်ဆင်သည့်အပိုင်း အတွက် စီစဉ်ထားတာမျိုး။ ကားတစ်စီး အကောင်အထည်ဖော်ဖို့ ပြည်ပက ကုန်ကြမ်းပစ္စည်းတွေ တင်သွင်းရတာ စက်ကိရိယာတွေ တပ်ဆင်ရသည့်အပိုင်းမှာလည်း နားလည်ကျွမ်းကျင်သူတွေ များပေ မဲ့ ကိုယ်ကတော့ စီမံခန့်ခွဲမှုအပိုင်းကို တာဝန်ယူရတာပင်။ မေဖိုက သူ့ထက်တစ်နှစ်စော ကျောင်းပြီးသည်။ သူက ဒီနှစ်မှ ဘွဲ့ယူရမှာ ဖြစ်ပေမဲ့ ကျောင်းမပြီးသေးခင်ကတည်းက ဒီဒီ့လုပ်ငန်းထဲ သူဝင် ကူညီခဲ့သည့်အထဲမှာ သူမ ဝေယျာဝစ္စလုပ်ပေးရန်မပါ။

"ကြည့်စရာမလိုပါဘူး...ကားပျက်လည်း တက္ကစီငှား ဖြစ်ပေါ့၊ ဒါများအဆန်းတကြယ်လုပ်လို့"

"အေးပါ...မဆန်းပါဘူး၊ သူလည်း အဲဒီလိုပြောပါ


www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒါပေမဲ့ ဒီဒီက လောကွက်ချော်ပြီး လာကြိုမယ်လို့ပြောခဲ့တော့ သူတရှော်ရှော်ဖြစ်နေမှာကွ၊ ဒီဒီက ဒီမှာ ကွန်စထက်ရှင်တစ်ခုနဲ့ အပွိုင့်မန်လုပ်ထားတာကို မေ့သွားလို့"

"ဒါဆိုလည်း ဖုန်းဆက်လိုက်လေ၊ ဒီဒီကို စောင့်မနေနဲ့၊ ကိုယ့်ဟာကိုယ်ပြန်လာဆို ပြီးတာပဲ"

ဦးကံကောင်းက လုလင်ကို ဒီအတိုင်းငေးနေမိသည်။ စိတ်ဆိုးခြင်း၊ စိတ်တိုခြင်းမပါဘဲ ငေးမိငေးရာငေးခြင်းမျိုး။ ပြီးတော့ သားရဲ့ ပြင်းထန်သောတာယူသန် စိတ်ဓာတ်ကို အံ့သြ၍ ငေးခြင်းမျိုးဖြစ်သည်။ ဆံပင်က အတိုကို တခြမ်းစောင်းအထောင်။ နားကွင်းနှင့် နှုတ်ခမ်းလွှာ အနီရောင်ပါသော အဖြူရောင်တီရှပ်နှင့် ဂျင်း(န်)က ဝတ်လိုက်တိုင်း အောက်ရှူးအကျပ်မှာ ဖေါ့ကင်းရှူးအကြီးစားနဲ့မို့ လုလင်က လုပ်ငန်းခွင်ထဲ သူ့လောက်နီးပါး ကျွမ်းကျင်နှံ့စပ်နေပေမယ့် လူကြီးလူကောင်းပုံစံမပေါက်ပေ။ ဒီပုံစံက ဆယ်တန်းကျောင်းသားအရွယ်တွေရဲ့ ဝတ်စားဆင်ယင်မှုလို့ သူပြောခဲ့တုံးက။

"အဟား...အဝတ်အစားခန့်ခန့်ကြီးတွေဝတ်ပြီး လူကြီးလူကောင်းမဖြစ်တာတွေ အများကြီးလေ"

"ဒါပေမဲ့ကွာ...ကုမ္ပဏီမှာ လူရှိသေရှင်ရိုသေဖြစ်ဖို့"

"မလိုပါဘူး ဒီဒီရာ၊ လိုရင်းက ဘာလဲ၊ ကိုယ့်လုပ်ငန်းအပေါ် ကျွမ်းကျင်နှံ့စပ်ဖို့မလား၊ ကိုယ့်လက်အောက်ငယ်သားတွေကို ဟိန်းပန်ကြီးနဲ့ ဖိနှိပ်ဖို့မလိုပါဘူး၊ တကယ့်ကျွမ်းကျင်မှုနဲ့ ချုပ်ကိုင်နိုင်ရင် ရပြီ"





တဲ့။ ကိုယ့်သားပြောမှ ဟန်နဲ့ပန်နဲ့နေတဲ့ လုပ်ငန်းရှင်သူဌေးတွေကို သွားပြီး ရက်(ပ်)ပါလိုပဲ ဝတ်နိုင်းရတော့မလိုလို။ ဖွပ်ကျယ်ဝတ်ပြီး ရုံးတက်နိုင်းရတော့မလိုလိုနှင့် ဦးကံကောင်းမှာ မအီမလည်ကြီးကိုဖြစ်လို့။ ဒါပေမဲ့ ဒီသားက ပြောရင်ပြောတဲ့အတိုင်း ဖြစ်အောင်လုပ်သည်။ ကုမ္ပဏီပိုင်ရှင်ရယ်လို့ တစ်ခါတည်း သူဌေးနေရာတန်းမယူဘဲ အောက်ခြေမှစဝင်ကာ အလုပ်ကို နှံ့နှံ့စပ်စပ် လေ့လာတာ သူအသိဆုံး။ လုလင်က သူထင်ရာသူလုပ်၍ သူလုပ်သမျှအမှန်လို့ ကြွေးကြော်ချင်သော သူမျိုး။

"ကဲ...ဒီဒီ ကျွန်တော့်ကိုစိုက်ကြည့်ပြီး ဘာတွေအကြံထုတ်နေတာလဲ၊ ကျွန်တော်ပြောတဲ့အတိုင်းလုပ်ပါ၊ အိုကေသွားလိမ့်မယ်"

"မဖြစ်လို့ပေါ့ကွ...မင်းက ဖအေထက် သားတစ်လကြီးနေတယ်၊ ငါက ဖအေဖြစ်ပြီး ကြိုမယ်ပြောပြီးကာမှ အကြောင်းပြချက်ကြီးနဲ့ ငြင်းတော့ ကောင်းမလားကွ၊ သူ့ကိုယ်သူ မွေးစားသမီးလို့ဆိုပြီး ဒီလိုလုပ်တယ်ထင်သွားရင်"

"ကျစ်...ပြီးရောဗျာ၊ အဲဒါဆိုလည်း သွားကြိုပေးမယ်၊ ဒီဒီတို့ မေမို့တို့ အဲဒီလိုလုပ်နေလို့ ဒီဒီ့မွေးစားသမီးက နှန်းတက်နေတာသိလား"

မကျေမနပ်နှင့် လုလင်ကပြောရင်း ရုံးခန်းဆိုဖာ၌ လွှားတင်ထားသော ဂျာကင်ကိုယူကာ ပခုံးတစ်ဖက်ပေါ် ဖြစ်သလိုပစ်တင်သည်။ ထို့နောက် မှန်စားပွဲပေါ် တင်ထားသည့် မျက်မှန်၊



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



ကားသော့၊ ဖုန်းတွေကို တစ်ပါတည်းဆွဲယူရင်း…

“ဒီ…ညနေ မဟေသီနဲ့တွေ့ဖို့ ချိန်းထားတာတော့ ရှိတယ်”

“မဟေသီပါခေါ်သွားပေါ့ကွ၊ မိန်းကလေးချင်း အဖော် ရတာပေါ့”

“မင်းကလည်း တစ်အိမ်တည်းနေတဲ့သူ အချင်းချင်းကို ဖြစ်နေလိုက်တာ၊ ရန်သူနဲ့ သွားတွေ့ရမဲ့အတိုင်းပဲ”

“ရန်သူကမှ အလံဖြူပြရင် ငြိမ်းချမ်းရေးရသေးတယ် သူနဲ့ကျွန်တော်က”

စကားမဆက်တော့ ဒီဒီက ‘ပြော’ဆိုပြီး မေးဆတ် သည်။ လုလင်က နဖူးကချွေးကို လက်ဖဝါးနှင့် ပင့်တင်ဖွတ်သုတ် ရင်း…

“တော်ပြီ…မပြောချင်တော့ဘူး”

လို့ စကားဖြတ်ကာ မျက်မှန်တပ်၍ ရုံးခန်းထဲကထွက် သည်။ သူနှင့်သူမကြားက အမြင်မကြည်ခြင်းဟာ ကြားခံနယ်တစ် ခုက ဝိတ်ကာထားလို့လားဆိုပြီး တွေးကြည့်တော့ တရားခံ ဒေါသဆိုတာ တွေ့ရစမြဲ။ ကဲ အဲဒီဒေါသကို ဘယ်သူအရင်ဆော် ဆောင်လာတာလဲ၊ သူလား၊ သူမလား။ ရေရာခြင်းမရှိတဲ့ အဖြေ ကွန်ယက်ထဲမှာ သူကဝေ့လည်လည်။

◆ ◆ ◆



## အခန်း (၂၂)

“တားကမျက်နေတာတော့ ဟုတ်တယ် ကိုနေ့သစ်ရဲ့ ဒါပေမဲ့”

“ဘာဖြစ်လို့လဲ လန်းဆန်း၊ အိမ်သိသွားမှာစိုးလို့လား”

“အဲဒီလိုသဘောမဟုတ်ပါဘူး”

နေ့သစ်က ကားကိုယ်ထည်ကိုမှီပြီး ရပ်နေရာမှ မတ်မတ် ဖြင်ရပ်တော့ လန်းနှင့် ပိုနီးသွားသလိုမို့ သူမက ခြေတစ်လှမ်း နောက်ရွှေ့ပြီး အလှမ်းကွာစေသည်။ ဒီလူဟာ ကိုယ့်ထက် ဝါရော သမ္ဘာရောကြီးမြင့်တာ သိသိကြီးနှင့် လန်းရင်ထဲ ဘာကိုမနှစ်မြို့ မှန်းမသိ။ သူမနဲ့ နီးစပ်ရန်ကြိုးဆောင်ခြင်းများက ရုတ်တရက်ကြီး ဖြစ်လာတာလည်းပါသည်။ တကယ်ဆို သူသိသလို ကိုယ်က လည်း သူ့ကိုသိနေသင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ အချစ်ဆိုတာ ကြိုတင်ကြံစည်လို့ရတာမျိုးမှ မဟုတ်တာ၊ အရင်ကတွေ့ပေမဲ့ သူ့ရင်မခုန်ခဲ့လို့နေမှာပေါ့"

"အေးလေ...နင်ပြောတဲ့အတိုင်းဆို ချစ်သူတွေက ဆက်စပ်မှုလေးရှိမှဆိုတော့ ငယ်သူငယ်ချင်းတွေမှ ရည်းစားဖြစ်ကြရမဲ့အတိုင်း"

"မြင်မြင်ချင်း အချစ်ဆိုတာ ဘယ်နားသွားထားမလဲ"

အချစ်အကြောင်း တလေးတနက် အဓိပ္ပာယ်ဖွင့်ဆိုသော သူတွေက ရည်းစားလက်မဲ့လူတန်းစားတွေ။ ထို့ကြောင့် လန်းက ဝိုင်းဝန်းအကြံပြုနေသော သူငယ်ချင်းတွေကို ရေကြည့်ရင်း...

"အဲဒီလောက်အထိ ခေါင်းစဉ်တပ်ဖို့ မလိုသေးဘူးနဲ့တူတယ်၊ သူက ငါ့ကို ရုပ်ရှင်လက်မှတ် နှစ်ခါလေးဖူးရုံလေး"

"အမယ်လေး...ခေါင်းစဉ်တပ်ရုံမကဘူး နောက်ဆို နင့်ဘေးမှာ လူကောင်ကြီးပါလိုက်ရပ်ပြီး သက်သေပြလိမ့်မယ်၊ မျှော်လင့်ချက်မရှိဘဲ ဘယ်ယောကျာ်းလေးမှ အချိန်၊ ငွေအကုန်မခံဘူး"

မိစုစကားက ဒက်ထိကြီးမှန်လေသည်။ သူမတို့ ထမင်းစားချိန်သို့ ကင်း(န်)တင်းကစောင့်တာမျိုး။ ကျောင်းဆင်းချိန်ဆို သူမကားဘေးနားရောက်တာမျိုးနှင့် နေ့သစ်ရဲ့ခြေလှမ်းတွေ ပိုနီးလာသလောက် လန်းက အနေပိုကျုံ့လာရ၏။ ဒီနေ့ လမ်းမှာကားပျက်ကတည်းက ဝင့်ဝါက ဟောကိန်းထုတ်ပြီးသား။





"သေချာတယ်၊ ဒီနေ့ နင့်ကို သူ အိမ်လိုက်ပို့မှာ"

တဲ့။ ဒီမိန်းမတွေ အကြားအမြင်များ ရနေလေပြီလား။ ...်းက အတွေးကို လက်စသတ်ရင်း ကျောင်းဝင်းထဲ ကွေ့လာ...ည့်ကားကို တစ်ချက်လည်ဆန့်ကြည့်ကာ...

"ဒီဒီ လာကြိုမှာမို့ပါ၊ ကိုနေ့သစ်ရဲ့"

သူက တအံ့တသြနှင့် မျက်ခုံးနှစ်ဖက်ပင့်ရင်း...

"ဦးကံကောင်း ကိုယ်တိုင်"

"ဟုတ်တယ်၊ လန်းကားပျက်တာ သိလို့လေ"

"ဒါဆို ဦးကံကောင်းက လန်းကို တော်တော်ချစ်တဲ့ပုံပဲ၊ ...း ချစ်ရှာမှာပေါ့၊ သမီးအထွေးဆုံးလေးဆိုတော့ အစ်မတွေ၊ ...ကိုတွေကလည်း ဝိုင်းချစ်ကြတဲ့ပုံပဲ၊ လန်းဆန်းကို အမွှန်းတွေ ...င်သွားတာများ ဟိုနေ့ကလေ"

"ဩော်...မေမို့က အဲဒီ့အတိုင်းပါပဲ"

လက်ပိုက်ရင်း လန်းက မတတ်သာ၍ ပြောမိသည်။ ...ရှင်ကြည့်ပြီး ပြန်ထွက်တော့လည်း နေ့သစ်က ကော်ဖီဆိုင်မှာ ...ဆင့်စောင့်နေတာမို့ ကျေးဇူးတင်စကားပြောရင်း ကော်ဖီထပ် ...ဘာက်ရသည်။ ထိုနေ့က မိတ်ဆက်ကြတော့ မေမို့ကပင်...

"ဒါ...မေမို့တို့ညီမအထွေးဆုံးလေး၊ ဒက်ဒီရဲ့သမီး ...ငယ်ဆုံး"

လို့ မိတ်ဆက်ပေးခဲ့တာပင်။ လန်းကတော့ ဘဝမှန်ရ...



www.burmeseclassic.com

www.burmeseclassic.com



ဖုံးကွယ်ရန် ဆန္ဒမရှိပေ။

"မွေးစားသမီးပဲ မေပျို့ရယ်၊ ဘာဖြစ်လဲ ငါ့ဘဝအ[illegible]
က"

"တော်ပါဟယ်"

မေပျို့က အဲဒီစကားကို လုံးဝအစမခံပေ။

"ဒါ...နင့်ဘဝအမှန်ပဲလေ၊ ဒက်ဒီကရော မွေးစား[illegible] လို့ နင့်ကိုသတ်မှတ်ထားလို့လား၊ နင် ငါတို့ မြတ်တော်ဝင်[illegible] စဝင်လာကတည်းက နင်က ငါတို့ရဲ့ညီမလေးပဲ၊ အဲဒါ အ[illegible]

တယူသန်ကြီး မေပျို့က အဲဒီလိုသတ်မှတ်ခဲ့တာ။ ဒီ[illegible] လည်း လန်းမှာ မေပျို့စကားတွေကြားထဲ လူကမရှန်းသာ။

"ဒါဆိုလည်း ကိုယ် အိမ်အထိလိုက်မပို့တော့ဘူး[illegible] ဦးကံကောင်းလာတဲ့အထိ စောင့်ပေးမယ်၊ အိုကေ"

"ကိုနေ့သစ်အတွက် တကူးတကကြီး ဖြစ်နေရင်"

"ကိုယ့်ဂျူတီက ပြီးသွားပြီ"

လန်းက ခေါင်းညိတ်လိုက်မိတာဟာ သူ့ကိုစော[illegible] လက်ခံလိုက်သည့်သဘောများ ဖြစ်နေခဲ့သလား။ နေ့သစ်က[illegible] လန်းဘေးနားတွင်ရပ်ရင်း လိမ္မော်ရောင်ဝတ်စုံလေးနှင့် လ[illegible] ကားတွေကို လည်တိုင်လေးဆန့်သည့်အထိ လိုက်ကြည့်[illegible] ဒေးရင်း ရင်ခုန်သံက တထိတ်ထိတ်မြန်လာသည်။ ကိုယ်[illegible] သွယ်ပြီးပြည့်သဖြင့် ဘာအဝတ်အစားပဲ ခန္ဓာကိုယ်ပေါ်တင်[illegible]





[illegible]သည်။ လိမ္မော်ရောင်လည်ဟိုက် လက်ဖောင်းအင်္ကျီက ခါးနားမှာ [illegible]တွန့်ကလေးတွေနှင့် ကားကားလေး။ ထဘီက လိမ္မော်ရောင်ကြောင် [illegible]ကို ခြေဖမိုးနားမှာ ဇာနားတပ်ထားတာမို့ ဝင်းသောအသားဟာ [illegible]င်းနေသည်။ အမြဲတစေ တွေ့လိုက်တိုင်း ဆံပင်က နားရွက် [illegible]အောက်နားကျကျ ကုပ်ကုပ်ကလေးကို အစည်းအနှောင်မဲ့ နားရွက် [illegible]နောက်ထိုးသွင်းထားတာမို့ ဘေးတစောင်းမျက်နှာမှာ တိုစိပ်သော [illegible]မျက်တောင်။ ချွန်မြသောနှာတံနှင့် လိမ္မော်ရောင်နှုတ်ခမ်းတွေက [illegible]ချိုးညီစွာ။ ညီညွတ်ခြင်းမရှိတာက ဖရိုဖရဲ ခုန်ပေါက်နေသော [illegible]ကိုယ့်ရင်ခုန်သံများကြောင့်ဆိုရင် ဒီရင်ခုန်သံတွေကြောင့် စကားတို့ [illegible]အရှားပါးကုန်တာဖြစ်မည်။ ထိုအခိုက်မှာပင် ကျောင်းဝင်းအတွင်း [illegible] တရကြမ်းမောင်းဝင်လာသော နှစ်ခန်းတွဲ ကားမြင့်မြင့်ကြီးက [illegible]နက်ရောင် စိုလဲ့တောက်ပနေသည်။

"ဟော"

ဘေးနားက လန်း လှုပ်လှုပ်ရှားရှားဖြစ်သွားတော့ နေ့သစ် [illegible]ပါ လှမ်းကြည့်သည်။ ကားက နေရာတကျမဟုတ်ဘဲ ကွေ့ဝိုက် [illegible]ပ်ဝစ်တာကိုက ဒေါသပါနေသလို။ ကားမှန်တွေချလိုက်တော့ [illegible]ခေါင်းခန်းက မောင်းသူနေရာမှာ လုလင်နှင့် ဘေးက မိန်းကလေး [illegible]တစ်ယောက်။

"ကျစ်...ဒီဒီကလဲ"

စိတ်ပျက်စွာ မျက်နှာလွှဲမိတာက နေ့သစ်ဘက်ဆီသို့။



www.burmeseclassic.com

www.burmeseclassic.com



"လာကြိုတာ လုလင်မဟုတ်လား"

နေ့သစ်မေးတဲ့ မေးခွန်းကြောင့် လန်းက ဆတ်ခနဲ

ကြည့်ကာ...

"ကိုနေ့သစ်က လုလင်ကို သိနေတာလား"

"အင်း...ကိုယ်တို့ တစ်ခါဆုံဖူးတယ်"

အပြုံးသဲ့သဲ့ နှုတ်ခမ်းဖျားမှာချိတ်ပြီး ပြောပုံက အဓိပ္ပာယ်

တစ်ခုခု ပျော်ဝင်နေမှန်း သိပေမဲ့ လန်းက သရုပ်မခွဲနိုင်။ ကားတံခါး

ဖွင့်ပြီး အကြမ်းပတမ်းမောင်းလာတဲ့ ဒေါသကုမ္မာရအား ရင်ခိုင်

အသင့်ပြင်ထားသည်။ လုလင်ကလည်း ခြေလှမ်းကျဲကြီးနှင့် အနား

သို့ရောက်လာပြီ။ ထို့နောက် လန်းရဲ့လက်ကောက်ဝတ်ကို ခပ်ကြ

ကျိတ် လှမ်းဆွဲကာ ပေါက်ကွဲထွက်တော့မလို တင်းမာနီမြန်းသော

မျက်နှာကြီးနှင့်...

"သွားမယ်"

လန်းကလည်း သူ့လက်ကို ဆောင့်ခါကာ ဆွဲခေါ်

မလိုက်ဘဲ...

"ငါ...ဒီဒီကိုစောင့်နေတာ"

"ဒီဒီက ငါ့ကိုတာဝန်လွှဲလိုက်တာ"

"အဲဒါဆိုလည်း ဆောရီး၊ ငါ သူများအတွဲကြား ကန့်လ

မလိုက်ချင်ဘူး ကိုနေ့သစ်"

လန်းက လုလင်ပခုံးကိုကျော်ကာ နေ့သစ်ကို လှမ်းပြော





သည်။

"ပြောလေ လန်းဆန်း၊ ကျွန်တော် ဘာကူညီရမလဲ"

"လန်းကို အိမ်လိုက်ပို့ဖို့"

"မလိုဘူး"

ခပ်ကျိတ်ကျိတ်အော်ကာ အံကြိတ်တော့ မေးရိုးကြီးတွေ

ထားထွက်လာသည်။ စူးခနဲကြည့်သော လုလင်မျက်ဝန်းတွေထဲ

မီးတောက်တွေကို မမြင်ရပေမဲ့ ဆုံးဖြတ်ချက်တွေ အရောင်လက်

သွားတာ အထင်အရှား။

"မယောသီပါတာနဲ့ နင် တခြားကားပေါ်ရောက်သွားတဲ့

အကြောင်းပြချက်က မခိုင်လုံဘူး လန်းဆန်း၊ ငါလာကြိုတာ ငါနဲ့ပဲ

လိုက်ရမယ်"

အေးခဲစွာပြောရင်း လွယ်လင့်တကူ ထည့်ထားသည့်

ဘောင်းဘီအိတ်ထဲက ဖုန်းကိုထုတ်သည်။ လန်းကိုဆွဲထားသော

လက်ကိုမလွှတ်ဘဲ နေ့သစ်အား စွေစောင်းစောင်းကြည့်ကာ

ခုန်းခလုတ်တွေ နှိပ်၏။

"ကိုလင်း...အေး ငါ ဆေး(၂)ထဲလာခဲ့၊ ကားပါကင်မှာ

ယောသီကိုကြိုပြီး အိမ်ပြန်ပို့ပေးလိုက်၊ အေး ဆယ့်ငါးမိနစ်အတွင်း၊

နောက်မှ ငါပြောပြမယ်ပေါ့ကောင်၊ ဒီနားမှာ ကျားချောင်း ချောင်း

နေတဲ့ကြောင်တွေ ရှိတယ်"

ကြည့်စမ်း...ပြောချပစ်လိုက်ပုံက နေ့သစ်မျက်နှာက



www.burmeseclassic.com

www.burmeseclassic.com



ဆေးနီဖျန်းခနဲ အပက်ခံလိုက်ရသလို ရဲခနဲ။ လုလင်က ဘာဘာ ညာညာတွေ ဂရုမစိုက်ဘဲ လန်းကို ကားနားထိဆွဲခေါ်လာ မဟေသီထိုင်ရာဘက်တံခါးကို ဆွဲဖွင့်ရင်း…

"မဟေသီ…နင် ဒီမှာခဏဆင်းနေခဲ့ပေး"

ပြောတဲ့သူကပြောသည်။ နာခံသည့်သူကလည်း နာခံ ကားအောက်ဆင်းပေးတာနဲ့ လန်းကို တွန်းထိုးတင်ပစ်တာ အ တစ်ရပ်လို့။ ပုံပန်းပျက်ပြီး ကုရှင်ပေါ်ပစ်ကျသွားတာက လ အိတ်တွေရော ပစ်စလတ်ခတ်။ ကားတံခါးကို ဂျိမ်းခနဲအသံ ဆောင့်ပိတ်ရင်း ရွှေအိုရောင်လဲ့နေသော မျက်မှန်ကိုထုတ်တပ် ကားခေါင်းမှပတ်လာသည်။ မောင်းသူနေရာဝင်ထိုင်ပြီး စက်နှိုး

"ကိုလင်းရောက်လာလိမ့်မယ် စောင့်နေ"

တဲ့။ မဟေသီကို လှမ်းပြောပြီး ကားမောင်းထွက်တာ တရှိန်ထိုး။ လန်းမှာ ကုရှင်ပေါ် ပစ်အကျနာသွားသော လက်ကော ဝတ်ကြောင့် ကိုယ်ကိုပြင်ထိုင်၊ ဒဏ်ရာကိုစစ်ဆေးရင်း ဒင် ဒေါသဖြစ်ရန်က ကိုယ့်ဝေဒနာနဲ့ကိုယ် မအားမလပ်ဖြစ်နေတဲ့

◆ ◆ ◆

## အခန်း (၂၃)

"ထားခဲ့ရလို့ ကြေကွဲသွားတယ်နဲ့တူတယ် ဟုတ်စ၊ ဘော်တော်ခံစားနေရပုံပဲ၊ စကားတွေဘာတွေတောင် မပြောနိုင်ရှာ ဘာဘူး"

မဲ့ကာရွဲ့ကာ ခနဲ့တတ်ပုံက ယောကျ်ားတန်မဲ့နှင့် မိန်းကလေးတွေထက် ပြောတတ်သည့် နှုတ်သီးကောင်းလှပါး။ ကုရှင်ပေါ်ထိုင်ပုံက ဒင်းဘက် ကျောခိုင်းနေရာမှ လန်းက လှည့်ကြည့်တော့ မပြုံးဘဲ အေးခဲနေသည့် မျက်ဝန်းတွေနှင့် သူက အားရှေ့လမ်းမကိုသာ သည်းကြီးမည်းကြီးကြည့်လျက်။ လန်းက ရွှန်းခနဲ အသံပေးကာ နှုတ်ခမ်းကိုမဲ့ပစ်ရင်း…

"ခံစားနေရတာမဟုတ်ဘူး၊ အံ့သြနေတာ၊ အံ့သြပြီးတိုင်း အပြေတစ်ခါထွက်တာက နင့်လိုလူစားကို ရှုံလာတာ"




www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

ဒေါ်သကြောင့် ကားကို ဆွဲကွေ့ရင်း ဘရိတ်ပါဆောင့်နင်းပစ်တော့ ယမ်းခါမှုနှင့်ထပ်တူ ကားတွင်းရှိ လန်းပါ ဖရိုဖရဲပြိုသွားရသည်။ လန်းက ဟန်ချက်ညီအောင်ပြန်ထိန်းရင်း အပြုံးကြီး မျက်ဝန်းတွေနှင့် စူးစူးရဲရဲကြည့်ကာ...

"ဟုတ်တယ်...နင့်လုပ်ရပ်ကို ပြန်သုံးသပ်"

"ဝါသနာမပါဘူး"

"အဲဒါဆိုလည်း ဝေဖန်တာလက်ခံ၊ မေဖို့ကို ထိခိုက်ချင်တာမဟုတ်ပေမဲ့ နိုင်းပြစရာ ဒါပဲရှိတော့ နှိုင်းရမှာပဲ၊ နင် မယောသို့ကို ဘယ်လိုချိုးခဲ့သလဲ၊ နင့်မှာ အစ်မရှိတာပဲ၊ နမချင်းစာနာမှပေါ့"

တရစပ်ရန်တွေ့နေသော နှုတ်ခမ်းပါးတွေကိုကြည့်ရင်း လှလင်က ဟက်ခနဲရယ်သည်။ လိမ္မော်ရောင်ဝတ်စုံကြောင့် မျက်နှာဆီ အရောင်ဟပ်နေသလား။ ဒေါသကြောင့်ပဲ ဝတ်စုံက အရောင်တောက်လာသလားမသိအောင် နီမြန်းမြန်းဖြစ်နေသော မျက်နှာကို အားရအောင်ကြည့်ပြီးမှ စတီယာပေါ်တင်ထားသည့် လက်ကို ဆန့်၍ ကူရှင်မှာကျောမှီသည်။ မျက်တောင်များကို စင်း၍ လမ်းမဆီငေးရင်း...

"အငှားခံစားချက်တွေ ငါ့မှာမရှိဘူး၊ သေချာတာက မယောသီကို ငါ့အစ်မ မဖြစ်နေဘူး၊ ငါ့အတွက်တော့ မိန်းမဆိုတာ လိုရင်လာ မလိုရင်သွား ဒါပဲ"





"လှကြားအောင် ရှုံ့စရာတွေ ရှုတ်ပြမနေနဲ့၊ နင့်အတွေးအခေါ်တွေက တစက်မှ အထင်ကြီးစရာမရှိဘူး၊ နင့်လိုလူနဲ့ ကားတစ်စီးတည်း စီးစရာမလိုဘူး၊ ငါ့ဟာငါပြန်မယ်"

"မရဘူး"

တံခါးဆွဲဖွင့်ရန် လန်း ကြိုးစားပေမဲ့ လော့(ခ်)ချထားတာမို့ တံခါးတို့က သူ့အမိန့်နာခံသူတွေလို တုတ်တုတ်မလှုပ်။

"ဟွန်း...ခေါင်းစဉ်တွေ လမ်းကြောင်းလွှဲပြီး ရမယ်ရှာမနေစမ်းပါနဲ့၊ နင် ဟိုကောင်နဲ့မလိုက်သွားရလို့ ပေါက်ကွဲနေတာမဟုတ်လား"

"မပေါက်ကွဲသင့်ဘူးလား"

ချက်ချင်း ဒီဘက်ကို ပြန်လှည့်သည်။ ဒေါသက မှန်သည်များသည် မခံုးဖြတ်နိုင်ဘဲ ပြောချင်ရာပြောထွက်ပစ်ဖို့ အားပေးနေသယောင်။

"ဟိုက လူကြီးလူကောင်း၊ ဆရာဝန်ဆိုတဲ့ ဂုဏ်သိက္ခာလည်းရှိတယ်၊ အဆင့်အတန်းလည်းရှိတယ်၊ အဲဒီလိုလူရှေ့မှာ နင်ဘယ်လိုကလေကချေ အပြုအမူမျိုး လုပ်ခဲ့သလဲ"

လန်း စကားက အရှိက်ထိသွားသည့်နှယ်။ နီရဲတင်းမာသွားသည့်မျက်နှာကို မာန်တင်းထိန်းချုပ်လိုက်ဟန်ဖြင့် အံကြိတ်တော့ မေးရိုးတွေ ကားခနဲထွက်လာ၏။ ရီဝေရိပ်သမ်းနေသည့် မျက်ဝန်းတွေက ချက်ချင်းအရောင်တွေ စူးရဲစွာတောက်ပလာနေနှစ်စင်း အပြိုင်ထွက်သည့်အတိုင်း။



www.burmeseclassic.com

www.burmeseclassic.com



"နင် ပြောစရာကုန်ပြီလား"

"မကုန်သေးဘူး၊ ရင်ဘတ်ကြီးနဲ့အပြည့်ပဲ၊ ဒါပေမဲ့ နင့်မျက်နှာကြည့်နေရတာကိုက ရင်ထဲသနတယ်၊ နောက်တစ်ခါ ငါ့လူ့မှုရေးကိစ္စတွေမှာ နင်ဝင်မစွက်ဖက်ပါနဲ့၊ မြတ်တော်ဝင်ကြောင့် ငါ လူဖြစ်လာရတယ်ဆိုပေမဲ့ လူတစ်ယောက်ရဲ့ အခွင့်အရေးကို မြတ်တော်ဝင်က ထိန်းချုပ်ထားလို့မရဘူးဆိုတာ နင်သဘောပေါက်ရင်ရပြီ"

"ပြီးပြီလား"

တည့်တည့်စိုက်ကြည့်ပြီး လုလင်က အေးစက်စွာမေးသည်။ လန်းက မျက်ဝန်းချင်းအပြိုင်စစ်ခင်းရင်း...

"နောက်တစ်ကြိမ်ဆို ငါ သည်းခံမှာ"

"နောက်တစ်ကြိမ်မလိုပါဘူး"

"အို"

ဖျတ်ခနဲ ပခုံးနှစ်ဖက်ကကိုင်ပြီး ရင်ခွင်ထဲ ဆွဲသွင်းတော့ လန်း အငိုက်မိသွားသည်။

"လွှတ်...လွှတ်စမ်း လုလင်၊ လွှတ်လို့ ငါပြောနေတယ်နော်"

သူ့ရင်ဘတ်ကို လက်သီးနှင့်ထုတာလည်းရှိသည်။ မျက်နှာ ဆီ လှမ်းရှယ်ပြီး ကုတ်ခြစ်တာမျိုးနှင့် ရုန်းကန်ပေမဲ့ အချည်းနှီးပင် သန်မာသော ချုပ်ကိုင်မှုများထဲမှာ သူက လန်းမျက်နှာကို မေးဖျား မှ ဆွဲမော့တော့လည်း ဒီအတိုင်းပါသွားရတဲ့အဖြစ်။ ထွက်သင်





လေငွေ့နွေးနွေးက ယှန်းမျက်နှာပေါ် အဆမတန် ရိုက်ခတ်နေကာ သူ့မျက်ဝန်းတွေက တည်လျက်။ နှုတ်ခမ်းတွေမှာ လှောင်ရိပ်က ခွန်းထင်းနေသည်။ လန်းရင်ထဲတွင် တုန်လှုပ်ခြင်း၊ ချောက်ချားခြင်း နှင့် မုန်းတီးခြင်းတွေက အင်အားပြင်းလျောင်တစ်စင်းလို။ ဝုန်းခနဲ ဒိုင်းခနဲ တုန်လှုပ်နေတာ ထိန်းလို့မရ။

"ငါက နင့်ကိုထိန်းချုပ်ထားလို့မရဘူး၊ အဲဒီလို တကယ် ထင်လား"

စေ့စေ့ကြည့်ပြီး မေးရင်း မရည်ရွယ်ဘဲ ကြည့်မိတာက ထင်းမှတ်သောပါးပြင်။ ကျားပိုမလို မာန်ဖီနေသော မျက်ဝန်းတွေ နှင့် တဆတ်ဆတ်တုန်ယင်နေသော နှုတ်ခမ်းပါးများ။ ချိုမွှမ်းလိုစိတ် နှင့် ကြည့်မိတာမဟုတ်ပေမဲ့ နူမှတ်သန့်စင်သော အလှတရားများ ကြောင့် သူဝန်ခံပါသည်။ သူမတကယ်လှကြောင်း သို့ပေမဲ့ ထိုအလှ ကို ကိုးကွယ်ရန် ဆန္ဒမရှိသော သူ့နှလုံးသားကြောင့်။

"တောက်...နင် လွှတ်စမ်း၊ ငါ ပိုရွံတယ်သိလား လုလင်၊ နင်က အရိုင်းအစိုင်း အယုတ်တမာကောင်"

လုလင်က သိမ်းကျုံးပိုဖက်ရင်း မျက်နှာကို သူမအနီးသို့ ငုံ့မိုးချကာ...

"စွပ်စွဲ...ရတယ်၊ ငါက လန့်ပြီးနောက်ဆုတ်မဲ့ကောင် မဟုတ်ဘူး၊ နင်က ဒင်ဆို ငါကခေါင်၊ နင်စွပ်စွဲသမျှအတွက် သော့ကြေးအဖြစ်"

"ဟင်...နင်"



www.burmeseclassic.com

www.burmeseclassic.com



မျက်လွှာကို ဖျတ်ခနဲမှိတ်ချသည်။ ရန်အတွေ့ကောင်းလွန်းသည့် ထောင့်ချိုးညီနှုတ်ခမ်းတို့က သူ့မျက်နှာပေါ် ကျူးကျော်ရန် ငုံ့မိုးလာပြီမို့။ လောကကြီးက ခေတ္တတိတ်ဆိတ်သွားသည်။ ရှက်ရွံ့စိတ်၊ နာကြည်းစိတ်တွေက မာနနှင့် ဒေါသကြားမှာ အညှို့မခံဘဲ တွန်းလှန်ပစ်ရန် လွန်ဆွဲနေရချိန်။ ပူးခနဲ မျက်တောင်ဖျားတွေဆီ လေပူတစ်ချက် အမှုတ်ခံရပြီးနောက်…

“ဟွန်း…သိပ်ကြောက်မနေနဲ့၊ ငါက စိတ်ပါရင် ယန်းတစ်ပွင့်တည်းကိုမဟုတ်ဘူး တစ်ပင်လုံး ကြွေကျအောင် ကိုင်လှုပ်တတ်ကြောင်း သက်သေပြတာ”

အားလျော့သွားသော ရစ်နှောင်သိမ်းဖက်ခြင်းမှ လန်းက ရုန်းထွက်သည်။ လွတ်လပ်သွားသော လက်တစ်ဖက်သည် လေထဲဝဲခနဲမြောက်တက်သွားပြီး သူ့မျက်နှာဆီ အားပြင်းပြင်းနဲ့ ထိုးစိုက်ဆင်းသွားချိန်မှာပဲ သူ့မလက်က လိုရာခရီးကို မရောက်ဘဲ လုလင်က လမ်းခုလတ်တင် ဖမ်းဆုပ်ချုပ်ကိုင်ကာ…

“မရဘူး လန်းဆန်း၊ နင် ငါ့ကို တော်လှန်လို့မရဘူး။ အဲဒါ မြတ်တော်ဝင်ကို နင်ရောက်လာကတည်းက လိုက်နာရတဲ့အစဉ်အလာ”

ဝမ်းနည်း၍ မဟုတ်ဘဲ ထင်သလိုမတုံ့ပြန်ရ၍ လန်းမျက်ဝန်းထဲ မျက်ရည်ပူတွေ တရစ်ရစ်ထိုးတက်လာသည်။ မခံချင်ခြင်းကြောင့် နှလုံးသားကို ဆူးတစ်ချောင်း နက်နက်စူးဝင်သွားသည်။





နာကျင်ခြင်းဟာ ဖော်ပြမရအောင် တဆစ်ဆစ်နှင့်။ မြတ်တော်ဝင်ရဲ့ မိသားစုဝင် မဟုတ်ပါဘဲ သူလိုသလို ချိုးဖဲ့ပစ်နေပုံက လန်းမှာ ရှုံ့ရှပ်တစ်ရှပ်အလား။ လန်း တည်ဆောက်ယူခဲ့သော ပညာ၊ ဝုဏ်သိက္ခာနှင့် အလှတရား၊ မာနတို့ဟာ သူ့ရှေ့ရောက်တိုင်း လေပြင်းထဲပါသွားရသော ဖုန်မှုန့်အစအနတွေအလား ခြေရာခံမရအောင် သေးနုတ်ခဲ့ရတာ ဘာကြောင့်ပါလဲ။ လန်းသည် မျက်ရည်ပူတွေနှင့် မာနတို့ကို စစ်ပွဲဖြစ်စေလျက် မျက်ခမ်းစပ်ကျော်အောင် မကျစေဘဲ တားဆီးထိန်းချုပ်ထားရင်း…

“ငါ နင့်ကို သိပ်မုန်းတယ် လုလင်”

သိပ်သည်းဆများစွာ ပါဝင်သော အမုန်းကြော်ငြာစကားက တုန်ခါလှိုက်ဖိုရင်းက အေးစက်တင်းမာစွာ။ လုလင်ကတော့ ဝခုံးတွန့်ကာ ကားစက်နိူးရင်း…

“ကောင်းသားပဲ…နင်က လူသိရှင်ကြား ကြွေးကြော်တော့ ငါ့ရဲ့အဖျက်စီမံကိန်းကိုလည်း လူသိရှင်ကြား ရှေ့ဆက်လို့ရတာပေါ့၊ နင်ကြံစည်သမျှ ငါ ဖျက်ဆီးပြမယ်၊ အဲဒါ ယုံ”

တဲ့…ဟွန်း။ မကြေငြာလည်း နင့်ရှပ်က အဖျက်သမားချိပ်ပေါက်ပြီးသား။ ကျိန်စရာမလိုဘူးလို့ ပွဲတင်ထပ်အောင်ပြောရင်း

အမုန်းဖြင့် နီးထမည့် မနက်ဖြန်တိုင်းသည် ရွှေရောင်လွှမ်းတာ အသေအချာ။

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"ဟာ…တိုက်ပြီ"

"အိုး…လုပ်ပါဦး အင့်"

လူတစ်ကိုယ်လုံးကြီး အရှိန်နှင့် ပစ်ခတ်အတိုက်ခံရသဖြင့် မေပျိုပါ ပစ်လဲသွားတော့မလို ဖြစ်သွားတာကို လုလင်က လက်ကောက်ဝတ်အား အမိအရဖမ်းဆွဲ၍ နံရံမှာမှီကပ်ပေး၍ မောင်နှမနှစ်ယောက်စလုံး အရှိန်ထိန်း၍ရသွားသည်။ မေပျို၏ နှဖူးစည်းအနီရောင်၊ လက်ပြတ်တီရှပ်အနီ၊ ဂျင်းဘောင်းဘီနှင့် ခြေထောက်က စကိတ်ကို ငုံ့ယူနေတဲ့လုလင်ကိုကြည့်ပြီး ရင်ဘတ် လေးဖိကာ…

"လုပ်လိုက်ရင် အလန့်တကြားချည်းပဲ လုပေပ်ရေး အိမ်ထဲအထိ တောက်လျှောက်ကြီး စကိတ်စီးလာရသလားလို့"





"ဘာမှလာမပြောက်မနေနဲ့၊ ဖြစ်ကြတာအတူတူပဲ၊ နင်က ရော ဒီအကွယ်မှာ ဘာလာလုပ်နေတာလဲ၊ ဒီအပေါက်က ဘေးဘက်ခြံတံခါးနဲ့ တစ်တန်းတည်း၊ ငါလှေကျင့်ခန်းကိရိယာတွေ ထားတဲ့အခန်းထိ တောက်လျှောက်ပေါက်တာလေ၊ ငါ ကားနဲ့လာ လည်း ဒီအပေါက်ကပဲဝင်တာ၊ ဒါ ငါ့မူပိုင်တံခါးပေါက်တောင် ဖြစ်နေပြီ၊ နင်က အခုမှ ဘာအထူးအဆန်းလာလုပ်နေတာလဲ"

"ကဲ…အေးပါဟယ်၊ နင်မှန်ပါတယ်၊ တော်ပါတော့"

အတိုက်လည်းခံရသေး ဖျာဖျာသလဲ တောင်းပန်ရတာ မေပျိုပါ။ ဒီ မြတ်တော်ဝင်မှာ ဂိတ်တံခါးနှစ်ခုရှိသည်။ ပထမတစ်ခု က အိမ်ကြီးရဲ့ မျက်နှာစာရှေ့မှာ ပေါ်တီကိုအောက်တန်းရောက်သော ဂိတ်တံခါးနှင့် ဒုတိယဂိတ်တံခါးက အိမ်ရဲ့ဘေးဘက်မှ ကားဂိုထောင်ကိုကျော်၍ ထမင်းစားခန်းဆီ တန်းရောက်သောတံခါး။ ဘေးတံခါးကို လုလင်ပဲ အမြဲတမ်းသုံးသည်။ ထို့ကြောင့် သူ့အတွက် သီးသန့်လိုဖြစ်သွားခြင်းမျိုး။ ဒက်ဒီအပါအဝင် လန်းတို့ က အရှေ့ဂိတ်မှ အဝင်များသည်လေ။ မေပျိုက တောင်းပန်ပြီးတာ နှင့် ဘေးဘက်တံခါးမှကွယ်၍ ခြံထဲသို့ ချောင်းကြည့်သည်။ ထမင်း စားခန်းဆိုပေမဲ့ ဒီနေရာက လှမ်းကြည့်လျှင် ငါးရေပန်းကြီးရော၊ ရေကူးကန်ရောပါ ရှုခင်းအစုံပါအောင် ဒက်ဒီက ဆောက်လုပ်စေခဲ့ ခြင်းဖြစ်သည်။ လုလင်က ဟိုကုန်းဒီကွနှင့် ချောင်းနေသော မေပျို ကို အထူးအဆန်းနှင့် လိုက်ငုံ့ကြည့်ရင်း…



www.burmeseclassic.com

www.burmeseclassic.com



"မေပို့"

"ဟင်…အင်"

တွေ့လား။ ထူးပုံကိုက ကယောင်ချောက်ချားနဲ့။ စိတ်ထဲက ကောင်းချီးပေးလိုက်ပြီးမှ…

"နင် ဘာလုပ်နေတာလဲ အဲဒါ"

"ဟိုမှာကြည့်စမ်း လုလင်"

ပြောရင်း ဖျတ်ခနဲ လက်ကိုဆွဲပြီး ပခုံးပါ သိုင်းဖက်တာကြောင့် လုလင်က မေပို့ကို ကုန်းကုန်းကွကွကြီး ဖြစ်သွား၏။

"တွေ့လား လုလင်"

"ဘာကိုလဲဟ"

စိတ်မရှည်စွာ အော်ပစ်တော့ အသံက ဆောင့်ခနဲ အကျယ်ကြီးထွက်သွား၏။ ဒါကို မေပို့က သူ့လက်ဝါးသေးသေးလေးနှင့် အတင်းကြီးပါးစပ်လိုက်ပိတ်ကာ…

"ရှူး…တိုးတိုး ကြားသွားဦးမယ်၊ ဟိုမှာ ရေကူးကန်နားကိုကြည့်"

မျက်စိက ဒိုင်းခနဲရောက်သွားတာ မေပို့ လမ်းမညွှန်ခင်ကတည်းက။ ရှန်ပိန်ရောင်လည်ကုတ်ကြိုးသိုင်းထားတဲ့ ဂါဝန်ရှည်ဟာ ခြေဖျားနားအထိ အရှည်ဆိုပေမဲ့ ပွယောင်းယောင်းကြီးမဟုတ်။ ကိုယ်အတိ ချပ်ကပ်နေတာမျိုးကို ခါးအောက်နားမှာ ကြိုးစည်းရုံမို့ ကားကားလေး။ ရင်ပြတ်ထားသည့် ရင်ဘတ်သားပေါ် အ…





…ရောင်ချိုင်းအောက်လောက်ရှိသည့် အပါးသားလက်ရှည် ထပ်ဝတ်…ထားတာမို့ ခေတ်မိုသော်လည်း အမြင်မရိုင်းသည့် အသွင်အပြင်…လန်းဆန်း။ ပင်(န်)ဆယ်ဟီး(လ်)က အနီရောင်မို့ အလှက…ကြွရှသည်။ အခါများစွာတိုင်း ဒီတိုင်းချထားတတ်တဲ့ ကုတ်ဝဲ…ဆံပင်အား ဖဲပြားနီကြီးနှင့် သိမ်းကျုံးစည်းထားပုံကြောင့် လည်တိုင်…တွေနှင့် ဘဲဥပုံမျက်နှာသွယ်သွယ်ဟာ ရှင်းရှင်းလင်းလင်း။

"ကဲ…ငါမပြောဘူးလား၊ လန်းက အရမ်းလှလာပါ…ယ်လို့"

"တော်ပါ"

ခါးဆန့်ပြီး ကိုယ်ကိုပြန်မတ်ဟန်ပြုတဲ့ မောင်ဖြစ်သူအား…မျိုက မရမကပြန်ဆွဲ၍ ပခုံးပြန်ဖက်ထားရင်း…

"အေး…နင်ကတော်ပါလုပ်နေ၊ မတော်နိုင်တဲ့လူက…တော်ဝင်အထိ ရောက်လာပြီး ဒက်ဒီ့ဆီက ခွင့်တောင်းထားပြီး…

"ဘယ်သူလဲ"

"ဒက်ဒီ့ဘေးမှာရပ်နေတဲ့သူ"

မြင်ကွင်းအား အခုမှ ပိုချဲ့ပစ်တာ။ လန်းဆန်းတစ်ယောက်…မြင်နေရာက အခုမှ ဒီဒီနှင့်အတူ စကားပြောနေသော ရုပ်အပြော…ကို ကော်လံတွေလက်စည်းတွေက အဖြူရောင်၊ စတိုင်(လ်)…က အနက်ရောင်နှင့် လူရှုယ်ကို သွားတွေ့လိုက်ရချိန် လုလင်



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ မျက်ခုံးတွေက တစ်ခုနဲ့တစ်ခု ပြေးချိတ်တော့မတတ် ကုတ် သွား၏။ မမှိတ်မသုန် စိုက်ကြည့်နေခြင်းမှာ သဘောကျနှစ်လို မပါကြောင်း ကိုယ်တိုင်အသိဆုံး။

"အဲဒီလူနာမည်က နွေသစ်တဲ့၊ သိလား လုလ ရှော့ပင်(န်)မောကြီးမှာ ငါနဲ့ပါ တစ်ခါဆုံဖူးတယ်၊ လန်းတို့ ရုပ်ရှင်လက်မှတ်ပေးပြီး မိတ်ဖွဲ့ခဲ့တာတဲ့၊ လန်းကိုကြည့်တဲ့ မျ အားက ပြင်းသလားမမေးနဲ့၊ သူက အခု လန်းတို့ကျောင်း ဆေးရုံမှာပဲ ဟောက်(စ်)ဆင်းတာဆိုပဲ"

"ငါမသိသေးတဲ့အကြောင်းကိုပြော မေပျို"

ဒီတစ်ခါ ခါးဆန့်ပြီး မတ်မတ်ရပ်တော့ မေပျို မျက်နှာချင်းဆိုင် ကိုယ်ကိုဆန့်ရပ်ရင်း မျက်ခုံးတပင့်ပင့်နဲ့…

"နင်က ကိုနွေသစ်ကို သိပြီးသားပေါ့၊ အဲဒီလိုလား"

"ဒီကောင်ဘာလုပ်ဖို့ ဒီအိမ်ထဲရောက်နေတာလဲ"

ခါးထောက်ပြီး မျက်နှာကပါ ဂျစ်တိဂျစ်ကန်ဖြစ်လာ လုလင်တို့ ပွဲကြမ်းတော့မည်ဆိုတာ မေပျို ရိပ်မိသွားသည်။ သောစကားက လွန်သွားတာမို့ လက်ညှိုးကို သွားနှင့်ဖွဖွကိုက် မရဲတရဲမေးမိတာက…

"နင် ဘာသွားလုပ်မလို့လဲ"

"ကျစ်…ငါမေးတာပဲဖြေ"

လုလင်တို့ တကယ်တင်းလာပြီဆိုရင် အစ်မက ကိုယ် ပေမယ့် မေပျိုက ကြောက်သည်။ နဝိုကတည်းက ခြောက်





တည်း ကွာရသည့်အထဲ ခေါသဖြစ်လာလျှင် ဟိုကန်ဒီကျောက်နှင့်။ အပြောအဆိုပါ မညက်ညောတော့တာကိုက လုလင်ရဲ့ရာဇဝင်။ လုလင် သမိုင်း။ ပြီးတော့ သူမကိုယ်တိုင်ကလည်း လန်းအပါး တခြားသူစိမ်းယောကျ်ားလေး မမြင်ချင်သည့်အတွက အရောင်ရှင် နေပြီမို့

"သူတို့သရောလန်အသင်းရဲ့ ဒင်နာတဲ့၊ လန်းကိုပါခေါ်သွား ပြီး ပါမောက္ခတွေနှင့် မိတ်ဆက်ပေးမလို့တဲ့"

မေပျိုပြောသမျှ လုလင်က နားစိုက်ထောင်နေပြီးမှ ဖြည် ထားပြီးသား စကိတ်ဖိနပ်ကြိုးကို ပြန်ချည်သည်။ စကိတ်စီးပြီး ထွက်ခဲ့ မတ်တပ်ထရပ်တော့ မေပျိုမှာ မောင်အတွက် စိုးရိမ်မကင်း ဘူးနဲ့…

"ဟဲ့…ကြည့်လုပ်နော်၊ ဒက်ဒီခွင့်ပြုပြီးသား"

ဘာစကားမှ မတုံ့ပြန်ဘဲ လုလင်က သူမအနားမှ လျှော ခဲ့ထွက်သွားတာ ရေကူးကန်ဆီ။ ကန်အရိပ်၊ ညနေနေညိုရိပ် ရောင်ပြန်တွေနဲ့ လှနေတဲ့ လန်းဆီ မေပျိုက ရင်ဘတ်ဖိကာ လှမ်း ကြည့်ရင်း ဒီတစ်ခါ ရင်ခုန်နှုန်းမြန်နေပုံက ကြောက်လို့လန့်လို့မဟုတ် ဘဲ လုလင်အတွက် ဆောင်မြင်ခြင်းတေားတီးပေးနေသလို။ ရင်ဘတ် ထဲ ဒုံးဒုံးဒိုင်းဒိုင်းနဲ့။

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"စိတ်ချပါအန်ကယ်၊ နောက်မကျစေရပါဘူး၊ ပွဲက နာရီလောက်ဆိုပြီးပါပြီ၊ ကားမောင်းပို့မှာနဲ့ဆိုတော့ ခုနစ်နာရီခွဲလော ဆို လန်းဆန်းကို အိမ်ရောက်တာမြင်ရမှာပါ"

အင်္ကျီလက်ကို ပင့်ရင်း နာရီကြည့်ကာ ခေါင်းညွတ် ပြောပုံက တလေးတစား။ သန့်ပြန့်ရည်မွန်သော ရုပ်ရည်မှာ ဝန်ဆိုသည့် ဂုဏ်ထပ်တော့ ခန့်ညားသွားတာအမှန်ပင်။ မိဘမျိုး နှင့် စီးပွားရေးအလုပ်အကိုင် တီးခေါက်ကြည့်တုံးကလည်း...

"အမေကတော့ ဆုံးသွားတာ ကျွန်တော်ဆယ်တန်း မှပါ၊ အဖေကတော့ ဖန်နှစ်ချာလုပ်ငန်းတစ်ခု တည်ထောင်ထား တယ်၊ ကျွန်းသစ်ကစပြီး ကြိတ်သားအထိပေါ့၊ အခုနောက် တော့ အိမ်တွင်းဒက်ကရေးရှင်းပါ တွဲလုပ်ထားတယ်ခ ကျွန်တော်ကလည်း ကိုယ့်ကျောင်းစာနဲ့ကိုယ် မကူနိုင်တော့ အဖေ





နိုင်တပိုင်လေးပေါ့၊ နဂိုတုံးကတော့ ကွန်ဖထရပ်ရှင်လုပ်ငန်းတွေ ပ်ဖူးသေးတယ်"

"အန်ကယ်လည်း လုပ်တယ်ကွ၊ အခုထိလည်း ဆောက် ပ်ရေးလုပ်ငန်းက ဘိုးဘွားပိုင်လို ဖြစ်နေတော့ မတိုးချဲ့ပေမဲ့ နင်အနေအထားထက် တိုးတက်အောင်လုပ်နေရတုံးကိုး"

"အန်ကယ့်လုပ်ငန်းမှန်သမျှ စီးပွားရေးလောကမှာ သရဖူ ဆောင်းတာ ကျွန်တော့်အဖေပြောလို့ သိထားပါတယ်"

"အဓိကက ရိုးသားမှုနဲ့ စေတနာပါ၊ ဒါနဲ့ မောင်ရင့်အဖေ ဘာနာမည်နဲ့ ကွန်စထရက်ရှင်ထူထောင်ဖူးတာလဲ၊ အန်ကယ်က သာကမှာ ကျင်လည်ဖူးတော့ တော်တော်များများတော့ သိတယ် ကျော်ဂရုပ်(ဖ်)တို့၊ လိုက်(တ်)မြန်မာတို့လေ"

"အာ...အဲဒီလောက်ထိ မကြီးကျယ်ပါဘူး၊ အဖေက အေးကုမ္ပဏီမှာ ရှယ်ယာဝင်ရင်း အကျိုးအမြတ်ယူတဲ့သဘောပါ၊ င်နဲးသေးသေးလေးပါ အန်ကယ်"

စကားထဲမှာ နှိမ့်ချခြင်းတွေပါနေပေမဲ့ ပြောသလောက် သေးငယ်ဘူးဆိုတာ ဦးကံကောင်း ခန့်မှန်းမိပါသည်။ စီးလာသော ကား CYGNUS၊ နေတာက ကိုးမိုင်ကွန်ဒိုမှာ။ ဝတ်ပုံစားပုံနှင့် ပြောအဆိုဟာ ညက်ညောလွန်းသဖြင့် လန်းကို ဒင်နာခေါ်သွား ခွင့်စေလို့ ခွင့်တောင်းစဉ်ကတည်းက ချက်ချင်းကြီး ခေါင်းညိတ် ာ။ လန်းကတောင် စည့်သည်ရှေ့ ဟန်မဆောင်နိုင်ဘဲ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီဒီ ခွင့်ပြုမယ်မထင်လို့ လန်း ဘာမှတောင် ပြင်ဆင်
မထားဘူး"

ပြောရတဲ့အထိ။ သမီးအတွက် မသင့်တော်သူ မဖြစ်နိုင်
တစ်ယောက်တည်း ကောက်ချက်ချမိတာ တစ်ဖက်ကလူစိမ်း ဖို
သွားမှာစိုး၍။

"ဒီဒီသမီးက အိမ်ထဲမှာချည်း ကုပ်နေတော့ ပြင်ပ
ရှုမြင်ခွင့်ပေးတဲ့သဘော၊ ပြီးတော့ သွားမှာက ဆရာဝန်အသိုင်း
အဝိုင်းလေ၊ သမီးကျင်လည်ရမဲ့ ပတ်ဝန်းကျင်ကို အခုကတည်း
သိထားတော့ သမီးအတွက် ပိုအဆင်ပြေနိုင်တာပေါ့"

လန်းကို အပြုံးနှင့် နှစ်သိမ့်ရသည်။ နေ့သစ်ကတော
လန်းအား သဲ့သဲ့ရယ်ကာ လှမ်းကြည့်ရင်း...

"သူက ကျွန်တော့်ဖိတ်ကတည်းက ရှောင်လင်သိုင်းန
ချင်တာ အန်ကယ်ရ၊ ဝိနည်းလွတ် အန်ကယ့်ဆီ လာခွင့်တောင်းနိုင်
တာလေ၊ အခု အန်ကယ်က တရားဝင်ခွင့်ပြုတော့ လန်းဆန်းတာ
က အလှဆုံးပြင်ဆင်ဖို့ပဲ ကျန်တော့တာ"

ရယ်မြူးရိပ်တွေ ပြည့်နှက်နေသော မျက်ဝန်းတွေကြော
ပဲ လန်းဟာ ဒီဒီ့ရှေ့မှာ ဆက်မနေရဲတော့ဘဲ အဝတ်အစားမြန်မြ
ခြင်းက သူနှင့်အတူ ပွဲတက်လိုတဲ့ဆန္ဒမပါရိုးအမှန်။ အခုတော
ဒီဒီ့ဟားမှ ကိုယ့်မှာ လွတ်မြောက်ခွင့်မရတဲ့ဘဝ။

"ဒါဆို ကျွန်တော်တို့ကို ခွင့်ပြုပါဦး အန်ကယ်"



"အေး...အေး ကောင်းပါပြီ"

"ဒီဒီ လန်းသွားပြီ"

"အေး...သမီး၊ အိမ်ပြန်ချင်စိတ်တွေစောပြီး ထိုင်ရာက
ကြွကြွလုပ်မနေနဲ့နော်၊ လာခေါ်တဲ့သူကိုအားနာ ကြားလား"

မွေးစားသမီးပေမဲ့ လန်းစိတ်ကို ဦးကံကောင်းက အသိ
။ ငယ်ကတည်းက အရိပ်တကြည့်ကြည့် နေခဲ့လို့လားမသိ။
ယ့်ကလေးတွေ မျက်တောင်တခတ်၊ နှုတ်ခမ်းအမဲ့မှာ ဘာအလို
ဖြစ်သလဲဆိုတာ တန်းခနဲသိသည်။ လန်းက မေမျိုးနှင့် တတွဲ
နေပေမယ့် စိတ်ဓာတ်ချင်းကျတော့ လုလင်နှင့် တစ်ထပ်တည်း။
င်းမာတာ၊ မာနကြီးတာ၊ ဆတ်ဆတ်ထိမခံ အရှုံးတိုက်ချင်တာ။
တော့ မိုလ်မထားတာ။ တစ်ခုပဲ လုလင်က ညစ်ပတ်ချင်တဲ့ဉာဉ်
ည်။ လန်းက တရားမျှတချင်သူ။ ဦးကံကောင်းက သားနဲ့သမီး
ယှဉ်ကြည့်ရင်းက အမှာစကားပြောပြီး သမီးပခုံးနှစ်ဖက်ကိုတွန်း
ရပ်စောင့်နေရှာသည့် နေ့သစ်အနားရောက်အောင် ပို့ပေးလိုက်
။

"သောကို...သောကို၊ စကိတ်မှာ ဘာရိတ်မပါဘူးနော်၊
ကို"

အော်ဟစ်သံကျယ်ကျယ်ကြောင့် ဦးကံကောင်းက လန့်ပြီး
တစ်လှမ်းနောက်အဆုတ်။ သူ့ရှေ့မှ ပိုးခနဲလေထုကိုခွင်းပြီး အရှိန်
ကိတ်သမားက ဖြတ်ပြေးသွားတာ လန်းထံတည့်တည့်ကြီး။

www.burmeseclassic.com

ဝိုး၊ မို၊ ၁၀၁၈၀
ဝိုး၊ မို၊ ၁၀၁၈၀

www.burmeseclassic.com



ဘာထဲသွားဘယ်ဝါမှန်း မခွဲခြားနိုင်ဘဲ အနီရိပ်တစ်ရိပ်ကိုယ်ထဲ တိုး
လာတာကြောင့် လန်းက ဘာလုပ်ရမှန်းမသိဘဲ…

"အမေ့"

ကြောက်လန့်တကြား အော်ကာ နေရာမှာပဲ ခြေစုံရပ်
မျက်ဝန်းတို့ကို မှိတ်ချထားမိချိန် ဖျတ်ခနဲ ခါးကိုလာဖက်ကာ လူ
လေဟာနယ်ထဲ မျောလွင့်သွားပြီး အသည်းအေးသွားကာ…

"ဗွမ်း"

လူတစ်ကိုယ်လုံးပါ အေးစက်စိုရွှဲသွားပြီးနောက်…

"အား…ဖူး…ဖလူး"

ရေကူးကန်ထဲ ပြုတ်ကျသွားပြီကို လန်းသိသည်။ အသ
တကြား ခြေကော့ထိုး၍ ရေမျက်နှာပြင်ပေါ်တက်တော့…

"ဟင်…နင် လုလင်"

ကိုယ့်ဘေးနား မချိုမချဉ်ရုပ်နဲ့ ရှိနေသူက လုလင်။

"နင် လိုက်သွားရဲလိုက်သွားကြည့် ဒီထက်ပိုဆိုးမှာ
ယုံ"

"နင်"

အံကြိတ်ပြီး ရန်တွေ့ပစ်လိုက်ဖို့ ပြင်ပေမဲ့ ဒေါသက စ
လုံးတို့အား ပိတ်ပင်တားဆီးလိုက်သလို။ ဘာသံမှ မထွက်
ပေမဲ့ ကိုယ့်မျက်နှာဟာ အပြင်းစားဒေါသတွေကြောင့် တင်းပြ
နေမှာ မှန်ကြည့်စရာမလိုဘဲ သိသည်။ ဒါ သက်သက်ဖျက်ဆီး





သို့ ရင်ထဲမှာ သိနေသယောင် နှုတ်ဖျားမှာ ဘာစွဲချက်မှ တင်ခွင့်
ရှိအောင် ဒင်းက ဟန်ဆောင်ကောင်းစွာ ရေပေါ်လက်နှစ်ဖက်
မြှောက်ရင်း…

"ဆောရီးဗျာ…ကျွန်တော်အော်သားပဲ၊ စကိတ်မှာ ဘရိတ်
ရှိပါဘူးလို့၊ သူမှမရှောင်တာ"

ဘာဘရိတ်မရှိတာလဲ။ ဒါ သက်သက်လုပ်တာ။ လန်းက
အံခဲမကျေစွာ စိုက်ကြည့်ရင်း ဒင်းကို အမွှန်ချေပစ်ချင်စိတ်က
ထိန်းမနိုင်သိမ်းမရ။ ကိုယ်ကလိုက်ချင်လွန်း၍ ပြင်ဆင်ထားတာ
ဖောက်၍ ဒီပွဲပျက်သွားလည်း ဝမ်းနည်းစရာမရှိပါ။ သို့ပေမဲ့
သူစိမ်းတစ်သောက်ရှေ့မှာ ဒီလိုရုပ်ပျက်ဆင်းပျက် လုပ်သင့်သလား။
အောက်နှုတ်ခမ်းကို ပြတ်ထွက်လုမတတ် ကိုက်၍ အဆိပ်သင့်သော
မျက်ဝန်းနှင့် လုလင်အား လိုက်ကြည့်နေပေမဲ့ သူကမသိသလို။
ရေကူးကန်လှေကားကို တွယ်တက်သွားရင်း…

"ဒီနေ့တော့ ပွဲဖျက်လိုက်တော့ ကိုနေ့သစ်၊ လန်းဆန်းက
ရေထိပြီးရင် အပြင်ထွက်တာနဲ့ ဖျားတော့တာပဲ"

မကျေလည်သလို စိုက်ကြည့်နေသည့် နေ့သစ်အား အပြုံး
မပျက်ပြောပေမဲ့ လုလင်မျက်နှာက မငြိုငြိုအောင် လိုက်ညှိတ်နေတာနဲ့
တူသည်။ ဦးကံကောင်းကတော့ ရုတ်တရက်ကြီး ဖြစ်သွားသည့်
အတွက် အံ့လည်းအံ့ဩ အားလည်းနာကာ…

"လုလင်ကွာ…လုပ်ချလိုက်ပြန်ပြီ၊ အသိန်း မာနီ လာကြ



www.burmeseclassic.com

www.burmeseclassic.com



ဦး''

''လာပြီဒက်ဒီ…မေဖျိုခေါ်ထားပြီ၊ လန်းရေ လာ…လာ၊ ငါ ဒီမှာတဘက်ယူလာတယ်၊ ရေထဲမှာစိမ်နေရင် ဖျားဦးမယ်၊ လာ အိမ်ထဲကျ နွေးနွေးထွေးထွေးနေရအောင်''

မေဖျိုက တဘက်ကြီးနှင့် ရေကူးကန်ထဲမှ တက်လာသော လန်းအား လွှမ်းခြုံပေးရင်း ရှုပုပ်ပွထနေသည့် နွေသစ်အား အပြုံးလေးနှင့် တောင်းပန်ရင်း…

''နောက်တစ်ခါပေါ့ ကိုနွေသစ်ရယ်၊ အဟွန်း လန်းက သိပ်ချူချာတာ၊ သူက ရေထိတာကြာသွားရင် ဟတ်ချိုးကစတော့တာ၊ လာ လန်း အိမ်ထဲသွားရအောင်''

အောင်မာ…အတိုင်အဖောက်တွေ ညီနေလိုက်တာ။ အမွှာဗီဇ အခုမှပြတော့တယ်လို့ ဦးကံကောင်းက မျက်ခုံးကြီးတပင့်ပင့်နှင့် လိုက်ကြည့်နေရသည်။ ပြောသွားပုံက ဖအေအရင်းတောင် မျက်စေ့လည်ရတဲ့အဖြစ်။ ဘစ်သက်လုံး တစ်ခါမှ မဖျားတဲ့လန်းကို ဆေးမပြတ်သောက်နေရတဲ့ မွေးရာပါနလုံးရောဂါသည်က ချူချာပါတယ်တဲ့။

အင်း…ဒီလေးယောက်က ဟုတ်တော့ဟုတ်နေပြီ။

• • •



## အခန်း (၂၆)

''ဟင်…ဘာ…ဘာပြောတယ်''

သူပြောတဲ့စကားက ထူးဆန်းသွား၍ပဲလား၊ သူ၀ေက အမူးလွန်နေ၍ပဲလားမသိ။ တူနှင့်ညှပ်ယူထားသည့် အသားတစ်ဖတ်က အထိတ်တလန့်နှင့် ပန်းကန်ထဲ ပြန်ခုန်ဆင်းသွားသည်။ ကိုလင်းကတော့ ခွက်တွေအားလုံးထဲ လျှော့သွားသည့် ဘီယာကို အပြင်းစားနဲ့ ရောစပ်ပေးရင်းက…

''ငါထင်သားပဲ၊ ငါတို့သုံးယောက်ဆုံရင် ဒီကောင်ရင်ဖွင့်တော့မယ်ဆိုတာ''

''ဟောကောင်…ဝါသနာမပါဘူး၊ သေရင် အဲဒီရေခဲတိုက်က လုပ်ပေးမှာ၊ အခု ငါ မင်းတို့ကိုပြောတာက နွေသစ်ဆိုတဲ့လူ အကြောင်း စုံစမ်းပေးဖို့၊ ဒါပဲ''



www.burmeseclassic.com

www.burmeseclassic.com



"အကြောင်းရင်းက"

သုဝေက ပြုတ်ကျသွားသော အသားဖတ်ကို မရမက ပြန်ညှပ်ယူရင်း ပါးစပ်ထဲထည့်ဝါးကာ ရမေးသည်။ ဒီလိုမေးခွန်း အထုတ်ခံရတော့လည်း လုလင်မှာ အဖြေရှိပေမဲ့ ထိုအဖြေကို တရားဝင် ထုတ်ပြောရန် နှုတ်စလျှာစကမသွက်။ ဒါသည်က မာန ပေပဲလား။ ခွဲခြားမသိခင်မှာပဲ တွေလာသောစိတ်ကို ဖြေရန် ကိုလင်း စပ်ပေးထားသော ခွက်ကို တရှူးထိုးမော့ချသည်။

"ဟ…ဒီကောင် ကြမ်းလှချည်လား၊ ငါနဲ့မတွေ့တဲ့ နှစ်နှစ်အတွင်း တော်တော်ပြောင်းလဲသွားတာပဲ"

သုဝေက မှတ်ချက်ချသည်။ ကိုလင်းကတော့ ဘီယာ ကို တစ်ငုံချင်းစုပ်ရင်း…

"အပြောင်းအလဲတွေက အများကြီးပဲ၊ အဲဒီ့အထဲမှာ ထူးခြားစွာပြောင်းလဲလာတာက အဟွန့်"

မရယ်ချင်ဘဲ ပြောချင်သည့်စကားကို ဖျိုးလိုက်ပြီးမှ ကိုလင်းက ယစ်ရွှေရည်ထဲ မျောနေသည့် ရေခဲတုံးလေးတွေကို ဖန်ခွက်နံရံနဲ့ထိအောင် ယမ်းခါသည်။ ပြီးမှ မျက်ကြောတွေစင်းရင်း

"လန်းဆန်းက အရမ်းလှလာတယ်"

"ဟေ…တကယ်"

"တကယ်…အေ့"

ကိုလင်းက အာလေးလျှာလေးနှင့် ခေါင်းညိတ်ကာ





တက်လာသောလေချဉ်ကြောင့် စကားစပြတ်သွားပြီးမှ…

"မိန်းကလေးတွေ လှလာရင် ဘာဖြစ်လဲ"

"အင်း…ချစ်ချင်တဲ့သူ ပေါလာတယ်"

"အေး…ဒါပဲ အဖြေက"

တစ်ယောက်က ပြောသည်။ တစ်ယောက်က ပြုံးပြုံးကြီး နှင့် ထောက်ခံသည်။ ငယ်သူငယ်ချင်းနှစ်ယောက်အား လုလင်က ခပ်စိုက်စိုက်ကြည့်ရင်း…

"မင်းတို့ပြောမှလား၊ ငါပြောရမှာလား"

"ငါဆက်ပြောမယ်"

လက်ကာကာ ကိုလင်းကတားရင်း…

"အဲဒီလိုပေါလာတာကို မင်းပေါက်ကွဲနေတယ်"

"ဟာ"

လက်ထဲကဖန်ခွက်က စားပွဲပေါ် ဆောင့်ချလိုက်သည်။ ဖယင်းရောင်ယစ်ရွှေရည်တွေက ဖန်ခွက်နှုတ်ခမ်းမှ စားပွဲပေါ် ခုန်ပေါက်ထွက်သွား၏။

"ငါပြောတာ ဆုံးအောင်နားထောင်လေ၊ မင်း မပေါက် ကွဲရင် အခု နေ့သစ်ရဲ့နောက်ကြောင်းကို ငါတို့ကို စုံစမ်းခိုင်းစရာ ရှိဘူး"

"ဟ…ဒါက"

"မင်းညီမကို ကာကွယ်တယ်ပြောမလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မကာကွယ်နဲ့၊ အဲဒါ မင်းညီမ အရင်းမှမဟုတ်တာ"

"ဟော့ကောင် သုဓေ မင်းနာခေါင်းက သွေးထပ်ထွက်ချင်ပြီနဲ့တူတယ်"

လုလင်က ထိုင်ရာမှ ဝုန်းခနဲထရပ်တော့ စားပွဲပေါ်က ဖန်ခွက်နဲ့ ပန်းကန်ပြားတွေ အချင်းချင်းထိခတ်သံ ဆူညံသွားသည်။ သူ့ ရှုးရှုးရှဲရှဲထဖြစ်တော့ ကိုလင်းက သူ့လက်ကိုဆွဲကာ ခုံမှပြန်ထိုင်ခိုင်းသည်။

"ပြောပါစေ…ဒီကောင်က မူးမှပြောရဲတာ၊ မင်းထိုးလည်း သူခံရမှာပဲ၊ သယ်ချင်း ငါတို့က နှစ်ပေါင်းများစွာဝေးပြီးမှ ပြန်ဆုံရတာ၊ ဒီတစ်လနှစ်လအတွင်း သင့်သင့်မြတ်မြတ်နေမယ်ကွာ ဒီကောင့်ကို ခွေးလွှတ်"

"ဘာ…ခွေးလွှတ်လဲ၊ ခွေးလွှတ်မှတော့ ငါကိုက်တော့မှာပေါ့ လဒရဲ့၊ မမူးသေးဘူး ခွင့်လွှတ်လို့ပြော"

"အေး…အေး ငါလျှာလိပ်သွားလို့ ခွင့်လွှတ်သယ်ချင်း"

သူ့ရင်ဘတ်ကိုပုတ်ပြီး တောင်းပန်သူကလည်း အယိုင်ယိုင်အလဲလဲ။ ဆယ်တန်းအောင်စာရင်းတွေ ထွက်ပြီးကတည်းက ကိုလင်းက အစ်မရှိရာ စင်ကာပူလိုက်သွားသည်။ သုဓေက အစ်ကိုရှိရာ အမေရိကားမှာ ကျောင်းဆက်တက်သည်။ လေးနှစ်လောက် ကွဲကွာနေပြီးမှ ကိုလင်းက အရင်ပြန်ရောက်လာပြီး သုဓေ ရောက်လာတော့မှ ဒါ သုံးယောက်ပြန်ဆုံခြင်း အထိမ်းအမှတ်ပွဲ။





ငယ်သူငယ်ချင်းတွေမို့ မဟောသီမှလွဲ၍ လန်းဆန်းဟာ သူ့ညီမအရင်းမဟုတ်မှန်း ဒီနှစ်ယောက်က အတွင်းသိ။ ငယ်စဉ်တုံးက ဒါဟာ အရေးမပါပေမဲ့ အရွယ်ကလေးတွေ ရလာသည့် ရှစ်တန်းကိုးတန်းမှာ ဒီအကြောင်းက အရေးတကြီး ဖြစ်လာခဲ့သည်။ ကိုးတန်းနှစ်မှ သုဝေက…

"မင်းရဲ့မွေးစားညီမ အရမ်းလှလာတယ် အဟီ။ သူ့ကို ကြည့်ရင်ငါ ရင်တွေခုန်လွှန်းလွှန်းလို့ စေ့စေ့တောင်မကြည့်ရဲဘူး၊ ဟော့ကောင် မင်းနဲ့ငါ အမျိုးတော်ရအောင်"

လို့ ပခုံးချင်းတိုက်ပြီး စရုံရှိသေး ခွပ်ခနဲအသံနှင့် သုဝေ ချက်နှာ နောက်သို့လန်ထွက်သွားသည်။ ထင်မှတ်မထား၍ အလယ်က ကြောင်အမ်းအမ်းဖြစ်နေတဲ့ ကိုလင်းက အဲဒီအခါမှ…

"ဟော့ကောင်…တော်ပြီ၊ သူငယ်ချင်း အချင်းချင်းကွာ"

ဝင်တားမြစ်တော့ သုဝေက နှာခေါင်းမှ သွေးထွက်သွားခဲ့ပြီ။

"အဟွန်း…အဲဒီတုံးက ငါကကလေးဆိုတော့ အတွေးမရင့်ကျက်သေးဘူးလေ၊ မွေးစားညီမလို့ပြောတာ မကြိုက်လို့ ထထိုးတယ်ထင်တာ"

"သြော်…ဟော် အခုတော့ မင်းအတွေးရင့်ကျက်ပြီပေါ့"

"အရာရာကို ထင်ထင်ရှားရှား ငါတွေ့လိုက်ရပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ပြန်တော့မယ်"

ဖျတ်ခနဲထရပ်ပြီး သူက အခန်းဝဆီ ခြေဦးလှည့်တော့လည်း နှစ်ယောက်သားက လက်ပိုက်ကြည့်မနေနိုင်။ ဝုန်းခနဲ သူ့အနားသို့ တစ်ဖက်တစ်ချက်စီ ရောက်လာပြီး…

"မင်းကလဲ"

"စတာမဟုတ်ဘူး လုလင်၊ အတည်ပြောတာ မင်းမကြိုက်လို့ ထိုးချင်ထိုး၊ ငါခံမယ်"

"ဟော့ကောင် သုဝေ"

ကိုလင်းက ခပ်ကျိတ်ကျိတ် လှမ်းဟန့်ပေမဲ့ ရေချိန်ကိုက်နေသော သုဝေက ပြောစရာကို ဘာရိတ်မထားဘဲ တရစပ်လွှတ်သည်။

"ဟုတ်တယ်လေ…ဒီကောင့်ကို အမှန်တရားရင်ဘတ်ထဲ ထည့်တတ်အောင် ပြောပြနေတာ ဟော့ကောင်၊ ဒါ မဆန်းဘူး ညီမမှမဟုတ်တာ ညီမလိုသဘောမထားနိုင်တာ မင်းအလွန်မဟုတ်ဘူး၊ ဒါ နှလုံးသားရဲ့ဖောက်ပြန်ခြင်းလည်း မဟုတ်ဘူး"

ပြောရင်းနဲ့ တစ်ယောက်တစ်ဖက် ပြန်ဆွဲလာတာ စားပွဲဝိုင်းဆီ။ လုလင်ကခုံမှာ ဝင်ထိုင်မိတာနှင့် သုဝေက သူ့အနားခုံဆွဲကပ်ထိုင်ရင်း…

"မင်းက အချစ်အပေါ် အမှန်းအကာကြီးသွားအုပ်မိတာ"

"အေး…အဲဒါ အမှန်ပဲ"





ကိုလင်းကပါ ထောက်ခံသည်။ လုလင်က မှုံးမှုံးနှင့် ပြောချင်ရာပြောနေသော နှစ်ယောက်ကို တစ်လှည့်စီကြည့်ရင်းခုံမှာ ကျောကပ်မှီကာ လက်ပိုက်ရင်း…

"အဲဒီတော့ ငါက လန်းဆန်းကို"

"ဆက်ပြောလေ"

သုဝေက ပွဲဆူအောင် စကားထောက်သည်။ ကိုလင်းက ဒိတ်ဝင်တစားနှင့် စားပွဲစွန်းနှင့် ရင်ဘတ်ထိအောင် ကိုယ်ကြီးကိုင်းရင်း…

"ငါ့ကိုစွပ်စွဲတာ မင်းသိရင် ပြောလေ၊ မင်းက ဝဏ္ဏဝုတ္တိဆွ ဝါသနာမပါတဲ့ကောင်ပဲ၊ ဒွဲပြော"

တဲ့။ ပြောဆိုမှ နှုတ်ကမရဲတော့တဲ့အဖြင့် လုလင်က ကိုယ့်ကိုယ်ကို အခုမှ ဘွားဘွားကြီးမြင်လိုက်ရသလို အမြဲတစေ စကားရှဲ့ကာ ပြောတတ်သည့် ဒီနှုတ်ခမ်းပါးတွေဟာ အခု။ ဒီဝါကျ တစ်ကြောင်းကျမှ ဘာကြောင့် ဆွတ်ဆိုင်းနေရပါသလဲ။ ပူထူနေတဲ့ ပါးနဲ့ ရှေ့က ဖန်ခွက်ကို နောက်တစ်ကြိမ်ကောက်မော့တော့ လည်ချောင်းမှတစ်ဆင့် ရင်ဘတ်တခွင်လုံး အပူစီးကြောင်းကြီး စီးသွားသည်။ အားခနဲအော်ပြီး သူက ရှုံ့တွစွာ ဖန်ခွက်ကို ချတော့ ရိသဲ့သဲ့အကြည့်တွေနှင့် တန်းတိုး၏။ သုဝေက ဖြောင်းခနဲ လက်ဝါးနှစ်ဖက်ကို အသံကျယ်အောင်တီးရင်း…

"ပွဲကပြီးသွားပြီ၊ မင်း လန်းဆန်းအပေါ် မရိုးသားဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ငါက လန်းဆန်းကို"

"မငြင်းနဲ့ လုလင်၊ သကြီ်နံတွင်းပြီး မင်းဖြစ်ခဲ့တဲ့ရှုံ
မဟောသီကိုထားပြီး လန်းဆန်းကို ဟိုလူ့ဆီက ခေါ်ထုတ်သွားတာ
ကွ"

"နောက်ဆုံး ဟိုလူ့အကြောင်းစုံစမ်းရင်း အဲဒီနှစ်ယောက်
နှစ်ပါးသွာကဖို့ ကြိုတိုင်း မင်းပွဲဖျက်ခဲ့တာတွေက"

အရက်ရှိန်ကြောင့်လား။ ပြီးခဲ့သော အတိတ်တွေ အား
ထဲ ဖြတ်ပြေးသွားခြင်းကြောင့်လား။ သူ မသိဘဲ လူကတရိပ်နှ
နှင့်။

"ဝန်ခံလိုက်…မင်း လန်းဆန်းကိုချစ်နေတယ်"

တဲ့။

"မဟုတ်ဘူး"

လို့ ခေါင်းထောင်ပြီး ငြင်းသောအခါ တစ်ခါက နမ်း
ကြိုရှုယ်ခဲ့ဖူးသော လိမ္မော်ရောင်နှုတ်ခမ်းပါး။ သွေးကြောမျှင်
ယှက်သန်းနေသည့် ပါးပြင်နုမွတ်မွတ်။ တိုစိပ်စိပ်မျက်တောင်
ကြောက်လန့်တကြား မှိတ်ချသော မျက်ခွံပြေပြေလေး။ ပြီးခဲ့
ကြာပေမဲ့ ပြန်တွေးတိုင်း ရင်ခုန်သံက မနေ့တစ်နေ့ကလို လတ်ဆ
စွာ ဆူပူသောင်းကျန်းနေတာ ဘာကြောင့်လဲ။

"နင့်ကိုငါ အရမ်းမုန်းတယ် လုလင်"

ခါးသီးသော မျက်ဝန်းနှင့် အမုန်းခိုသော နှုတ်ခမ်းပါး





သူ့အတွက် ရှေ့ရှုတ်ခဲ့သောကိုနှံစာ။ ဒါကိုပြန်မြင်ယောင်ကြားယောင်
တော့ နူးညံ့စွာ ပျော်ဝင်ချင်သော နှလုံးသားဟာ ချက်ချင်းပြောင်း
လဲသွားတာက အရိုင်းဆန်သော သတ္တဝါတစ်ကောင်ရဲ့ အသက်ရှူ
မှုန်းလို့။

အဲဒီညက သုံးယောက်တွေ့ဆုံဆွေးနွေးပွဲက ရေရာခြင်း
မရှိဘဲ အဆုံးသတ်မှာ အမူးလွန်သွားသူက လုလင်။

သူ့မှာ မြင်ယောင်လိုက်၊ ကြားယောင်လိုက်နှင့် ထိုနှစ်ရပ်
အကြား ချာချာကိုလည်။ တကယ်ဆို အမုန်းနဲ့အတိုပြီးသော နေ့ရက်
တွေထဲမှာ အချစ်ကို အခြေခံခဲ့ပါလျှင်…

မုန်းလွန်းလျှင် ချစ်သွားတတ်ပါသလား။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"ဟဲလို"

ကင်(န်)တင်းမှာ ထိုင်မယ်မှမကြာသေး။ ဖုန်းက ဆူညံ
ညံအသံပေးလာတာကြောင့် လန်းက ဖုန်းထုတ်ပြီး ထူး
လက်တစ်ဖက်က ထမင်းချိုင့်ကို ဖွင့်သည်။

"လန်းရေ…မာနီပါ"

"ဟုတ်…မာနီ ပြော"

"လန်း အခုဘယ်မှာလဲ"

ပြောစရာရှိတာ မပြောဘဲ မေးခွန်းထုတ်လာတဲ့ မာ
ကြောင့် လန်းက အသင့်ဖွင့်သွားသော ချိုင့်ထဲက ဟင်းကို ဖွန်း
နဲ့ မွှေနှောက်စူးစမ်းရင်း…

"မာနီ…လန်းကို စုံစမ်းစစ်ဆေးရေးလုပ်နေတာ





ဟုတ်ပါဘူးနော်"

"အောင်မလေး သမီးရယ်၊ မဟုတ်ရပါဘူး၊ ကားမောင်း
နေရင်း လမ်းပေါ်ရောက်နေမှာစိုးလို့"

"ဟင့်အင်း…မဟုတ်ဘူး၊ လန်း အခု ကင်(န်)တင်းမှာ
ထမင်းစားတော့မလို့၊ ကားက ဒီနေ့ လန်းမယူလာဘူးလေ၊ ဒီဒီ
ဖြန့်လာကြိုမှာ"

"အေး…အေး ဒါဆိုလည်း မာနီပြောတော့မယ်၊ အိမ်မှာ
လုလင်နဲ့မေဖျိုရယ် ရန်ဖြစ်ကြတာ အကြီးအကျယ်ပဲ"

"ဟင်"

စားလက်စဇွန်းက ပါးစပ်ထဲ ပြန်မရောက်တော့။ ဆတ်ခနဲ
ကိုယ်က မတ်သွားတာ မေဖျိုအတွက် စိုးရိမ်ခြင်းများစွာနဲ့ပါ။
လုလင်ဟာ သွေးဆူလာပြီဆိုရင် ဘာကိုမှမသိတော့သည့် လူစား
မျိုး။ စိတ်နှောက်ကိုယ်ပါကာ လက်က ဟိုရောက်ဒီရောက်။
ခြေထောက်က ဟိုကန်ဒီကန်နှင့် တကယ့်လူရမ်းကား။

"သူတို့ဘာဖြစ်ကြတာလဲ မာနီ"

"မာနီလည်း အသေအချာမသိဘူး၊ ပထမ နှစ်ယောက်
သား ကြည်ကြည်သာသာပဲ၊ အဲ ဖုန်းလာပြီး မေဖျို ဖုန်းပြောပြီးမှ
ဖြစ်ကြတာ၊ မေဖျိုက ငိုရင်းရှိုက်ရင်းပြော၊ လုလင်ကလည်း
ဒေါသတကြီးပဲ၊ အခုထိ မေဖျိုက ငိုတုံး၊ မာနီဘာမေးမေးမရဘူး၊
ဒါ သမီး"



www.burmeseclassic.com

www.burmeseclassic.com



"လန်း…အခုပဲပြန်ခဲ့မယ် မားနီ"

ပြောပြီး အိတ်ဆွဲကာထရပ်တော့ ဖုန်းယဲမှ အသံသဲ့သဲ့ နားစည်ထဲ အားပြင်းစွာ ဝင်ဆောင့်၏။

"မားနီ…ကိုကိုလေး လာပါဦး၊ ဟောဒီမှာ မေပျိုရှ ခေါ်လို့မရတော့ဘူး"

အသိန်းရဲ့အသံကို နောက်ဆုံးကြားရခြင်းဖြစ်ပြီး တစ်ဖ က ဖုန်းလိုင်းက အဆက်အသွယ်ပြတ်သွားခဲ့ပြီ။

"ဟဲလို…ဟဲလို…မားနီ"

လန်း ခေါ်လည်း အချည်းအနှီးပင်။

"ဟဲ့…ဘာဖြစ်တာလဲ လန်း"

"မထိတ်သာမလန့်သာဟယ်၊ နင့်တို့အိမ်မှာ ရှော(ခ) လို့လား"

တစ်ယောက်တစ်ပေါက် ဝိုင်းမေးသောစကားကို လန်း ပြန်မဖြေနိုင်ပါ။

"ငါ ပြန်မှဖြစ်တော့မယ်"

"ဟဲ့…နောက်တစ်ချိန်က အရေးကြီး"

"နောက်မှငါ စာပြန်ကူးမယ်"

အလျင်စလိုအိတ်ဆွဲပြီး ထွက်တော့ မိစုက ဆိုင်ထဲ လှမ်းအော်သည်။

"လန်း…နင် ဒီနေ့ကားမပါဘူးလေ"





"ငါ တက္ကစီနဲ့ပြန်မယ်"

လှည့်ပြောပြီး ဒီဘက်ပြန်လှည့်တော့ သူမရှေ့တည့်တည့် မှာ ရပ်နေသူက နေ့သစ်။ လန်းကို မရိုးနိုင်သော အပြုံးမျိုးနှင့် ပြုံးပြရင်း…

"ကိုယ်လိုက်ပို့ပါ့မယ်၊ ကျောင်းထဲကနေ ကားလမ်းမဆီ ရောက်ဖို့ အဝေးကြီးလျှောက်ရဦးမှာ၊ ကိုယ့်ကားဆို ဒီဆိုင်ရှေ့လေး တင် ရပ်ထားတာ"

လိုက်သင့်မလိုက်သင့် စဉ်းစားရန် ခေါင်းထဲမှာ နေရာ လွတ်မရှိ။ စိုးရိမ်သောကနှင့် ပူထူနေသော စိတ်အစဉ်သည် နေ့သစ် ဦးဆောင်ရာနောက်သို့။ အရေးအကြီးဆုံးက စက္ကန့်မိနစ်မဆိုင်းဘဲ သူမ မြတ်တော်ဝင်သို့ အမြန်ရောက်ရန်။

• • •



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"နင် ခေါင်းမာလွန်းတယ် မေပို့၊ ပြီးတော့ အယုံသိပ်လွယ်တယ်၊ ကိုယ်ကိုယ်တိုင် ကြုံတွေ့ခံစားဖူးရဲ့နဲ့များ၊ တောက်"

လုလင်က မြက်ခင်းပေါ် လမ်းလျှောက်နေရာမှ ခါးသီးမှုတွေကြောင့် နီးစပ်ရာပန်းအိုးတစ်အိုးကို အားရှိသရွေ့ ခြေထောက်နှင့် ပစ်ကန်သည်။ နားထဲမှာ ရှိက်သံပြင်းသော မေပို့စကားသံတွေကို ကြားယောင်ဆဲ။

"နင် တယူသန်ကြီး မစွပ်စွဲနဲ့ လုလင်ရယ်၊ အရာရာက အကြောင်းရှိလို့ အကျိုးဆိုတာ ဖြစ်လာကြတဲ့ သူတွေချည်းပါပဲ။ ငါပြောတာမလုံ့ရင်တော့ နားထောင်ပေးပါ"

"တော်စမ်း…ငါနားကို မုသားတွေနဲ့ အစွန်းအထင်းမခံနိုင်ဘူး၊ နင်ရူးနေသလား မေပို့၊ ဒါမှမဟုတ် နင့်ရဲ့တွေးခေါ်မြော်မြင်





အားတွေ ဖြူ(စ်)ပျက်ကုန်တာလား၊ ငါတို့ အခုအသက်နှစ်ဆယ်မှာ ဒါ ပထမဆုံးကြားရတဲ့ အကြောင်းပြချက်ဟာ၊ ဟား…ဟားတကယ်ရယ်ရတယ်၊ ဒီအကြောင်းပြချက်ရဖို့ အနှစ်နှစ်ဆယ်လုံးတွေးထားရတဲ့လူကို ငါ အားနာတယ်၊ ဒါပေမဲ့ ငါမယုံဘူး"

အားမလိုအားမရ ဖြစ်ခြင်းတွေနှင့် မေပို့လက်မောင်းကို ဆွဲခါတာလည်းရှိသည်။ မေပို့ရေ့ ခါးထောက်လမ်းလျှောက်ရင်း လက်ညှိုးငေါက်ငေါက်ထိုးကာ ဆူပူကြိမ်းမောင်းတာမျိုးလည်း ရှိသည်။ ဒါပေမဲ့ ရည်ရွယ်လိုခြင်းက မေပို့ကိုမဟုတ်ခဲ့တာ သူ့ကိုယ်ရဲ့သည်။ အခုတော့…

"ဆောရီး မေပို့"

လက်ဖဝါးနှစ်ဖက်ထဲ မျက်နှာအပ်၍ တိုးတိုးလေး တောင်းပန်စဉ်မှာပဲ နားထဲသို့ ကားစက်သံသဲ့သဲ့။ လုလင်က မြက်ခင်းလေးပေါ်ရှိ ခုံဖြူလေးမှာ ထိုင်နေရင်းက ခေါင်းထောင်၍ ကြည့်သည်။ ကားက နီနှစ်ရောင် CYGNUS။ မငြိမ်းသေးသော ခေါသမီးသည် သွေးကြောတွေထဲမှ ဖြိုးဖြိုးဖျပ်ဖျပ် မြည်သံပေးပြီး ခန္ဓာကိုယ်အနှံ့ဆီ ပြေးဝင်သွား၏။ ကားတံခါးဖွင့်ပြီး အရင်ဆင်းလာသူက လန်းဆန်း။ ကျောက်စိမ်းရင့်ရောင် ထက်အောက်ဆင်တူကို လည်ပိုက်လက်ဖောင်းနှင့် ရင်ဘတ်တွင် ကြိုးစည်းထားသော အကျီပုံဆန်းဖြင့်။ အကျီအရောင်နှင့်ဆင်တူ တခြား ဘာလက်ဝတ် လက်စားမှ မဝတ်တတ်ဘဲ နားရှိနှင့်နားဆွဲကသာ ကျောက်စိမ်းရင့်



www.burmeseclassic.com

www.burmeseclassic.com



ရောင်။ တစ်ဖက်ကားတံခါးမှ ဆင်းလာသူက အဖြူရောင်ရှပ်လက်ရှည်။ စတိုင်ပင်(န်)နှင့် နွေသစ်။ စိတ်ထဲမှာ ရေနွေးအိုးဆူသလို ပွလောင်ပွက်ထလာတာက ဒေါသနှင့်နွယ်သော မကျေနပ်ခြင်း။

"တောက်…ဒီလူ"

ခါးလည်လောက်အမြင့်ရှိသည့် ဗုဏ္ဏရိပ်ပန်းရုံတန်းကို လွှားခနဲ ခုန်ကျော်ပစ်သည်။ ဒေါသကြောင့် မြင်မြင်ရာတိုင်းက စိမ်းဝါနီအရောင်တွေ ပြောင်းလဲနေသလို ခြေလှမ်းတွေကို ပိုကျဲပစ်တာက ဒေါသကို ကိုယ်စားပြု၍။ စိတ်ထင်တိုင်း ပေါက်ကွဲခွင့်မရသော ဒေါသတို့သည် ဒီလူထံ အားကောင်းစွာ စိုက်ဆင်းတော့မည်ဆိုတာ ကိုယ့်ကိုယ်ကိုသိသည်။

"ကိုယ် ဝင်ကြည့်ပေးရဦးမလား လန်းဆန်း"

"ကျေးဇူးပဲ ကိုနွေသစ်၊ မားနီက ပြနေကျဆရာဝန်ခေါ်ထားမှာပါ"

"မလိုပါဘူး၊ မြတ်တော်ဝင်ထဲ ခင်ဗျား ခြေတစ်လှမ်းထပ်ချတာတောင် ကျုပ်က ခွင့်ပြုချင်တာမဟုတ်ဘူး"

အသံလာရာ ကိုယ့်ကျောဘက်ကမို့ လန်းက ချာခနဲ လှည့်ကြည့်သည်။ လန်းရဲ့နောက်မှ လုလင်။ ခါးထောက်ကာ ခပ်နွဲ့နွဲ့ရပ်နေပေမဲ့ မျက်ဝန်းတွေက မလိုလားခြင်းအမှတ်မှာ အမြင့်ဆုံးရောက်လျက်။



"လုလင်"

ကြောက်၍မဟုတ်ပေမဲ့ ပြဿနာဖြစ်မှာကိုတော့ လန်းစိုးရိမ်သည်။ မညက်ညောသော ဆက်တုံးတွေနှင့် နီမြန်းမြန်းဖြစ်နေသော လုလင်မျက်နှာက ဘာမဆို ရိုင်းစိုင်းပစ်ရန် အသင့်ဆိုတာမျိုး။ လန်းက နွေသစ်ကိုတစ်လှည့် လုလင်ကိုတစ်လှည့် ကြည့်နေစဉ်မှာပဲ လုလင်က ကားနားသို့ တစ်လှမ်းချင်း လျှောက်လာခဲ့ပြီ။

"ပြောစမ်းပါဦး…ခင်ဗျား မြတ်တော်ဝင်ကလူကို ချဉ်းကပ်နေရတဲ့အကြောင်း"

"လုလင်…နင်အဓိပ္ပာယ်မရှိတာတွေ မပြောနဲ့နော်၊ ကိုနွေသစ်က ငါ့ကိုကူညီတာ"

"နင့်ပါးစပ်ကိုပိတ်ထားလိုက်"

လန်းထံလှည့်အော်သော အသံဟာ ကျားတစ်ကောင်မာန်ဖီဟိန်းဟောက်တဲ့အတိုင်း။ လုလင်က အေးစက်စွာ သူ့အားပြန်ကြည့်နေတဲ့ နွေသစ်ရင်ဘတ်ကို ခပ်ဖွဖွပုတ်ရင်း…

"ဘာလဲ…ကျုပ် မီးနီပြတာတောင် ခင်ဗျားက မရပ်ဘူးဆိုတော့ မီးနီက မထင်ရှားတာလား၊ ခင်ဗျားက ကန်းနေတာလား"

နွေသစ်က နှုတ်ခမ်းတို့ကို မဲ့ကွေးပြီး ပြုံးပေမဲ့ မျက်ဝန်းတွေက တည်သွား၏။ ခပ်ထေ့ထေ့အကြည့်တွေဟာ လုလင် တစ်ကိုယ်လုံးဆီ ထက်အောက် စုန်ဆန်ပြေးလွှားသွားပြီးမှ…

"မင်းမီးနီက ထင်ရှားပေမဲ့ ကြည့်တာမကြည့်တာ



စိုး : မိုး : ၈၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



ငါ့အပိုင်းပါ လုလင်၊ မမြင်ချင်လို့ မျက်နှာလွှဲသွားတာပဲ ဘာဖြစ်လဲ၊ ဟွန်း မင်းအစောကြီးကတည်းက သဘောပေါက်ဖို့သင့်တာ”

“အခုမှသဘောပေါက်လည်း နောက်မကျသေးပါဘူး”

ရိုပ်ခနဲဝင်လာသော လက်သီးချက်က လျှင်မြန်လွန်းသဖြင့် နေ့သစ်မှာ ရှောင်တိမ်းချိန်မရလိုက်။ ခွပ်ခနဲအသံပေး၍ နှာနှရိုးဆီမှာ ပူထူသွားပြီး မျက်လုံးတွေတောင် ပြာထွက်သွားသလို။ ချက်ချင်း ပူနွေးသောအထိအတွေ့က နှာခေါင်းဆီမှ စီးကျလာသဖြင့် ဒါ သွေးတွေလို့ သိရပေမဲ့ မွန်ထူသော ခံစားချက်ကြောင့် ကိုယ့်ကိုယ်ကို ဟန်ချက်ညီအောင် ပြန်ထိန်းနေစဉ်မှာပင်…

“ဟေ့…လုလင် တော်စမ်း၊ ရပ်စမ်း၊ အခုနောက်ဆုတ်စမ်း သား”

ကားရပ်ရပ်ချင်း တွေ့လိုက်တဲ့မြင်ကွင်းကြောင့် ဦးကံကောင်းဟာ ဖုန်းတွေအိတ်တွေ ဘာမှမယူအားဘဲ ကားပေါ်က ပြေးဆင်းလာတော့ ကားစက်တောင်မသတ်မိတဲ့ အဖြစ်။ လုလင်ကတော့ ဖအေတား၍သာ နောက်ဆုတ်လိုက်ရသည်။ အခဲမကျေခြင်းများစွာနှင့် နေ့သစ်မှတစ်ဆင့် နောက်ဘက်နားတွင် ရပ်နေသောကြောင်တက်တက်ဖြစ်နေသည့် လန်းအား လှမ်းကြည့်ကာ…

“နင်တို့မိန်းမတွေဟာ ပညာတွေအတတ်လွန်သွားရင် စာနာစိတ်တွေ စုံလုံးကန်းသွားရောပဲ၊ ကိုယ့်ပတ်ဝန်းကျင်က လူတွေရဲ့ ခံစားချက်ကို ထည့်မတွက်ဘဲ ကိုယ့်အတ္တအတွက်





ဘာဖြစ်ဖြစ် စတေးရတဲ့ စိတ်ဓာတ်ပိုင်ရှင်တွေလေ၊ ဟွန်း…ဒါမျိုးတွေများလာလို့ကတော့ ကျိန်းသေတယ်၊ ကမ္ဘာကြီးပျက်တော့မှာ”

အငြိုးတကြီး စိုက်ကြည့်ပြီး ပြောချသွားပုံက လန်းမှာ ဘာတစ်ခွန်းမှ ချေပခွင့်မရှိအောင် တရစပ်။ သူပဲဒေါသဖြစ်၊ သူပဲ တိုက်ခိုက်တာ သူတစ်ဦးတည်း ပေါက်ကွဲနေပုံက ဖြစ်နိုင်လျှင် တစ်တိုင်းပြည်လုံး ထောင်စိန်ခေါ်ပစ်ချင်သည့် အတိုင်း။ သူပြောသမျှ တုံ့ပြန်ဖို့ အခွင့်အရေးမပေးခဲ့တာဟာ လန်းရဲ့ဝဋ်ကြွေးလို့ စိတ်ဖြေရင်းနဲ့။

တကယ်ဒေါသထွက်ရမှာ ဘယ်သူလဲ။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"နေကောင်းအောင်နေ သမီး၊ တခြားဘာမှမတွေးနဲ့ သမီး နေကောင်းလာတဲ့အခါကျရင်"

"ဒက်ဒီ မာမီက ဘာလို့ သမီးတို့ကို ထားခဲ့ရတာလဲ ဟင်"

ဦးကံကောင်းရဲ့ လှုပ်ရှားမှုတွေအားလုံး ရပ်တန့်သွားသည်။ မေပျို့နှားသယ်စပ်ဆီမှ ဆံစလေးတွေကို အသာသပ်ပေးနေရာမှ ထိုဆံစပေါ်မှ လက်ကမရုတ်နိုင်။ တွေဝေငေးငိုင်သွားတဲ့ ဖခင်ဖြစ်သူကို ကြည့်ရင်း မေပျို့က ဒက်ဒီ့လက်ဖဝါးကို ဆွဲယူကာ ပါးမှာအပ်ရင်း...

"မာမီ့ကို ဒက်ဒီစိတ်နာနေသလားဟင်"

"အဲဒါတွေ နောက်မှပြောပါလား မေပျို့ရယ်၊ နင်က အခုမှ သတိရလာခါစကို မောနေပါ့မယ်ဟဲ့၊ နင့်အတွက် ကျန်းမာ





ရေးက အရေးအကြီးဆုံးလေ"

လန်းက ချွေးစေးတွေနှင့် အေးစက်စေးကပ်နေသည့် မေပျို့ လက်ဖဝါးလေးကို သတိပေးသလို ဖျစ်ညှစ်ပစ်လိုက်သည်။ တခဏ အတွင်း ယူပစ်လိုက်သလို ချုံးကျသွားသည့် မေပျို့ဟာ နုတ်ခမ်း တွေပါးတွေမှာတောင် သွေးရောင်မရှိတော့သလို ဖြူဖျော့ဖျော့နှင့်။ ဆရာဝန် မျက်စိနှင့်ကြည့်လျှင် အားရစရာမရှိသည့်ပုံစံ။ လန်းကတော့ မေပျို့ အခုလိုဖြစ်နေတာမြင်လျှင် လုလင်ဆီပြေး၍ ကျောပြင်ကိုသာ အားရှိသ၍ ဗျောတင်ပစ်ချင်သည်။ တကယ်ဆို သူ့အလျှော့ပေး ရမည်။ ရောဂါသည်နှင့် ဖက်ပြိုင်၍ သူနိုင်ကိုယ်နိုင် အပြိုင်ကြဲစရာ လား။ မေပျို့ကတော့ လန်းကို အားယူကာ ယဲ့ယဲ့ပြုံးပြရင်း...

"ငါ...ဘာမှမဖြစ်တော့ပါဘူး လန်းရဲ့၊ ဒီလိုပဲ ခဏခဏ ဖြစ်နေကျဥစ္စာ၊ ပြီးရင် ကောင်းသွားမှာ"

တပြန်နှစ်သိမ့်နေပြီးမှ...

"မေပျို့မေးတာ ဒက်ဒီမဖြေရသေးဘူးနော်၊ မာမီ့ကို စိတ်နာသလားလို့"

"သမီးရယ်... ဒါတွေက ပြီးခဲ့ပြီ၊ ကြာခဲ့ပြီပဲ၊ ဒက်ဒီပြန် တွေးချိန်မရတော့အောင် ဒီသား ဒီသမီးတွေနဲ့ စီးပွားရေးတွေကြား ထဲရှုပ်နေခဲ့တာလေ"

အပြုံးနှင့်ဖြေသော ဒက်ဒီမျက်နှာကို မေပျို့က စေ့စေ့စပ်စပ် လိုက်ကြည့်သည်။ မာမီ့အကြောင်း ပြောလိုက်တိုင်း မှိုင်းခနဲညှိုသွား တတ်တဲ့ ဒက်ဒီ့မျက်ဝန်းတွေဟာ အတိတ်ကို ပြီးပြီးရောမသွားခဲ့

www.burmeseclassic.com

www.burmeseclassic.com



နိုင်မှန်း သိသာလွန်းနေသည်။ မေပျိုက ဒက်ဒီအား ရှုန်းရှုန်းစားစား ကြည့်ရင်း…

"မာမီက ဖုန်းထဲမှာပြောတယ် သိလားဒက်ဒီ၊ ဖြစ်ခဲ့ သမျှအတွက် ဒက်ဒီကို တောင်းပန်ပါတယ်တဲ့"

ဦးကံကောင်းက သမီးပါးပြင်လေးကို လက်မနဲ့ ဖွဖွပွတ် သပ်ရင်း

"လူလင်ပြောတယ်…သမီးရဲ့"

လို့ဝန်ခံရသည်။ တကယ်တော့ လူလင်က သိစေချင်၍ ပြောပြခြင်းမျိုး မဟုတ်ပါ။ ရွှံ့ချခြင်း၊ မကျေနပ်ခြင်းများစွာနဲ့ ရင်ဖွင့် ခြင်းမျိုး။

"လွယ်လွယ်တောင်းပန်တိုင်း ကျေအေးပေးရအောင် ဒါက ကားချင်းပွတ်တိုက်မိတာမျိုး မဟုတ်ဘူး၊ နှလုံးသားချင်း ပွတ်တိုက်ခံရတာ၊ ပဲ့ကြွေသွားတဲ့ နှလုံးသားအတွက် ဘာနဲ့လျော် ကြေးပေးမလဲ…ဒီဒီ၊ ဒီပွဲမှာ နှလုံးသားတစ်ခုချင်းပဲ ဆုံးရှုံးခဲ့တာ မဟုတ်ဘူး ကျွန်တော်တို့ဘက်မှာ အလိုက်ပေးခဲ့ရတာက ဘဝနှင့် ဒီဒီ၊ မိခင်မဲ့တဲ့ ဘဝနဲ့ ဖြတ်သန်းခဲ့တဲ့ အချိန်တွေအတွက် တောင်း တယ်ဆိုတဲ့ စကားတစ်ခွန်းနဲ့ ပွဲသိမ်းပေးရမှာလား"

တဲ့လေ။ မပြောပါနဲ့လို့ နားချရအောင်လည်း ဒီသား ခံစားချက်မှာ အစွန်းရောက်တဲ့သူ။

"မွေးကျေးဇူးကို အသိအမှတ်ပြုပေမဲ့ တကယ်တော ကျွန်တော်တို့က အမေတားဆီးတဲ့ကြားက မရအရ ဖွတ်တိုးဝင်လာ





တာပါဒီဒီ"

ဒါတွေဟာ ကိုယ်ပြောပြခဲ့တာ မဟုတ်ပေမယ့် ယေဘုယျရဲ့ အပိုင်းအစ တချို့ဟာ ဒီသား ဒီသမီးရဲ့ ပတ်ဝန်းကျင်ကနေ ဖယ်ရှား ထုတ်ခွင့်မှ မရှိခဲ့တာ။

"ဒါဆို…လူလင်က သမီးတို့ကို မာမီပြန်ခေါ်တဲ့ အကြောင်းရော…ဒက်ဒီကို မပြောဘူးလားဟင်"

ဒီဒီမျက်နှာကို လန်းက ဖျတ်ခနဲ အကဲခတ်သည်။ ခေါင်းညိတ်ပြပေမဲ့ ဆုံးရှုံးမှုရဲ့ ပြယုဂ်ကိုတော့ ကောက်ကြောင်းထင် လာအောင် ဒီဒီမဖုံးကွယ်နိုင်။ မေပျိုကတော့ နှုတ်ခမ်းလေးဟရင်း လေကို အဆုတ်ထဲရောက်အောင် တဝကြီး ရှူရှိုက်ပြီးမှ…

"မာမီက…သမီးတို့နဲ့ တစ်ခါမှ မတွေ့ဖူးလို့တဲ့ ဒက်ဒီ ရယ်"

နေ့လည်က လေလှိုင်းထဲတွင် ကြားဖူးသော မာမ့်အသံချို လေးကို မေပျိုက မျက်ဝန်းလေးမှိတ်ရင်း ပြန်ကြားယောင်သည်။

"မာမီက သမီးနဲ့သားရဲ့ အသံကို ကြားဖူးချင်လို့ သမီးတို့ ဒီဆီ ခွင့်မတောင်းပဲ ဖုန်းဆက်မိတာ"

လို့, စကြားတုံးက မေပျိုမှာ မာမ့်အပေါ် သနားသွားတာ ရင်ထဲမထိန်းနိုင်။

"ဒက်ဒီသိရင်လည်း ခွင့်ပေးမှာပါ၊ မာမီရယ်"

"အင်း…သမီး ဒက်ဒီရဲ့စိတ်ကို မာမီသိပါတယ်၊ ဒါပေမဲ့ အားရောကျမှာစိုးတယ်…သမီးရယ်၊ တစ်နေ့နေ့တော့ သမီးဒီဒီ



www.burmeseclassic.com

www.burmeseclassic.com



ကို မာမီပြောဖြစ်မှာပါ၊ မချစ်လို့ ဒီမိသားစုကို စွန့်ပစ်ခဲ့တာ မဟုတ်ဘူးဆိုတာ"

"မာမီရယ်…ဒါဆိုလည်း မြတ်တော်ဝင်ကို ပြန်လာခဲ့ပါလားဟင်၊ မာမီနဲ့ သမီးတို့ မိသားစု"

"မဖြစ်နိုင်ဘူးသမီး၊ ဒါပေမဲ့ ဖြစ်နိုင်တာ တစ်ခုက သမီးတို့မောင်နှမ မာမီ့ဆီလိုက်လာခဲ့ပါလား၊ ဟင့်အင်း…အကြာကြီး မဟုတ်ဘူးနော် သမီး၊ တစ်ပတ်တန်သည် တစ်လတန်သည်ပါ"

မာမီနှင့် အဲဒီနေရာတင်ရှိသေးသည်။ လုလင်က သူ့အခန်းထဲ ဝင်လာကာ ဖုန်းပလပ်ကြိုးကို ဆွဲဖြုတ်ပစ်ခဲ့တာပင်။ အဲဒီနောက် သူမကငို။ လုလင်ကဆူနှင့် မြတ်တော်ဝင်တစ်ခုလုံး ပွက်ပွက်ညံသွားတာ တကယ့်ငရဲခန်း တစ်ခုအတိုင်း။ မာမီ့ရဲ့ စွန့်ခွာခြင်းနှင့် ပတ်သက်သော အကြောင်းပြချက်ကို သူမနားထောင်သလို လုလင်လည်း ကြားခဲ့ပေမည်။

"ကျိန်စာ… ဟွန်း…ဒါတွေကိုယုံတဲ့သူက နိုင်ငံတကာကပေးတဲ့ ဘွဲ့တသီကြီး ယူထားတဲ့ ဆရာဝန်မကြီးတဲ့၊ အဟား…ငါတော့ နားရှိလို့သာ ကြားရတာယ်၊ ယုန်သားစားပြီး ယုံအောင်ပြောတဲ့ ယုံတမ်းစကားလိုပဲ"

လို့ လှောင်ပြောင်ခနဲ့သေးသည်။ မှိတ်ထားသော မျက်ဝန်းထောင့်စွန်းမှ မျက်ရည်ပူတွေက မေပျိုနားထင်ဆီ ဖြတ်တိုက်လျှောဆင်းသည်။





"သမီးရယ်"

မျက်ရည်စီးကြောင်းကို ဒက်ဒီက ဖွဖွသုတ်ပေးရင်း မချိသင်ကဲ ရေရွတ်သည်။ ထိုအခိုက် အခန်းတံခါးက ရုပ်ခနဲပွင့်သွားပြီး…

"မေပျို…"

တံခါးဝမှာ ပြုံးလဲ့တော့မတတ် မျက်နှာနှင့် လုလင်။

"နင်…နေကောင်းသွားပြီလား"

"အင်း…ကောင်းသွားပါပြီ"

မေပျိုက အားယူပြုံးဖြရင်းပြောသည်။ စိတ်အခန့်မသင့်လျှင် ဆောင်နှမချင်း ဒီလိုဖြစ်နေကျလို့ မေပျိုက မှတ်ယူထားသည်။ ကြောင့် မေပျိုနေမကောင်းဖြစ်ရသည်ဆိုပြီး လုလင်ကို မခံစားချင်။

"ဆောရီး"

မေပျိုခုတင်ဘေး တင်ပါးလွှဲ ဝင်ထိုင်ရင်း တောင်းပန်ပေမဲ့ သင်မျက်နှာက အရောင်ရင့်နေတာကို ဘေးကရပ်ကြည့်သူ လန်းဆောင်မြင်နေသည်။

"ဒါပေမဲ့ ငါ…ခွင့်မပြုဘူး မေပျို…"

"သား…လုလင်၊ မေပျိုက နေမကောင်းသေးတော့"

"နေမကောင်းလည်း ဒီစကားပဲပြောရမှာ ဒီဒီ၊ နေမကောင်းလို့ ညှာမနေနိုင်ဘူး၊ ကိုယ့်ကိုယ်ကို ခံနိုင်ရည်ရှိအောင်နေမွေး"



www.burmeseclassic.com

www.burmeseclassic.com



လုလင်က ဘယ်သူ့မျက်နှာမှ မငဲ့ဘဲ ပြောချင်ရာပြော အသင့်ရှိပုံနှင့် နှုတ်ခမ်းပါးတွေ လှုပ်ရှားသွားသည်။

"ငါ...မပြောချင်ဘူး...မွေးထားတဲ့ ကျေးဇူးနဲ့ အ တဲ့ အသိတရား ရင်ထဲမှာရှိတဲ့အတွက်၊ ဒါပေမဲ့ နင်နားလ အောင်တွေး မေပျို၊ အနှစ်နှစ်ဆယ်ကျော် ငါတို့ခိုလာတဲ့ ရင်ခွင် သက်မဲ့ မဟုတ်ဘူးဆိုတာပဲ"

စကားဆုံးခန်းတိုင်သွားသည်ထင်၏။ ဖျတ်ခနဲ မတ် ရပ်ကာ လက်သီးနှစ်ဖက်ဆုပ်လျက် နှုတ်ခမ်းတွေဟာ မျဉ်းဖြ တစ်ကြောင်းလို တင်းတင်းစေ့ထားသည်။ မျက်ခမ်းစပ်တွေ န ဖျားတွေဟာ ရဲရဲနီလျက်။ မျက်ဝန်းအိမ်ထဲ တစ်ခုခုပိတ်ကာ သလို အရည်ကြည်တွေ ဝေ့နေတာကို လန်းက မမြင်ဖူး ပေးသည်။ ဟုတ်သည်လေ။ အမြဲတမ်း အနိုင်လိုခြင်းနှင့် တော သော လုလင်မျက်နှာဟာ အခုတော့ လုလင်မဟုတ်တော့ ကြေကွဲရိပ်တွေ တနင့်တပိုးကြီးနှင့်။ တစ်ခန်းလုံး လူလေးယော သည်ဟု ပြောလျှင် ယုံနိုင်ဖွယ်မရှိသော တိတ်ဆိတ်ခြင် ကြီးစိုးသွားပြီးမှ...

"ပညာတတ် မိန်းမတစ်ယောက်ရဲ့ ရွေးချယ်မှုမှာ က အပယ်ခံ၊ အဲဒါကြောင့် သိပ်တော်...သိပ်ထက်လွန်းတဲ့ တွေကို ငါမုန်းတယ်"

စကားမြွှားရဲ့ ဦးတည်ရာက ဘယ်ရပ်ဝန်းဆီလဲ မဲ့ ပစ်တဲ့သူက ပစ်လွှတ်ခဲ့ပြီးပြီ။ လုလင်က အခန်းတံခါ





လျှောက်သွားပြီးမှ ပခုံးစွန်းမှာ မေးဖျားကပ်အောင် ပြန်ကြည့်ရင်း...

"ငါ..နင့်ကို ထပ်မဆုံးရှုံးပါရစေနဲ့...မေပျို"

တံခါးကို ညင်သာစွာ ဆွဲဖွင့်ရင်း ထွက်သွားသူရဲ့ နောက် ဘွယ်မှာ ပင့်သက်ရှိုက်သံတွေနှင့်အတူ...

"မေပျို...မာမီကို သနားတယ်...ဒက်ဒီ၊ ဒါပေမဲ့ ဖွတ်တော်ဝင်ကနေ မေပျိုခွဲသွားမှာ မဟုတ်ဘူး၊ မေပျို ကတိပေး ပါတယ်"

"သမီးရယ်"

ဦးကံကောင်းက မချိတင်ကဲ ရေရွတ်ခြင်းတွေထဲမှာ မ်းသာခြင်းတွေ ရောထွေးပါသွားသည်။ မစွန့်လွှတ်နိုင်သော ချစ်ခြင်းတွေဖြင့် သူမြုပ်နှံခဲ့တာ အနှစ်နှစ်ဆယ်။ ကြိုးစားသမျှ ရာထင်ဖို့ အဓိကအကျဆုံးက ဒီသားဒီသမီးတွေအတွက်ဆိုရင်။

ခွင့်လွှတ်ပါ...နှောင်း။ မင်းကိုချစ်၍ မင်းရင်သွေးကိုငါ... ခွဲခွာရက်တာ။ ဒါ...သဘာဝ။ နှောင်းလို့ အသံထွက် ရေရွတ် ိုင်း အတိတ်ထဲ တစ်ပတ်ပြန်လျှောက်မိသောအခါ အရာရာက ိုးယခင်ကအတိုင်း။ ချစ်တဲ့စိတ်၊ ပိုင်ဆိုင်ချင်စိတ်နှင့် အရောင် ဘက်ခဲ့သော သူ့ရဲ့သက်တံ့ အတိတ်မှာ ဘုရင်မတစ်ပါး ရှိခဲ့ဖူး သသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

"ဟော့ကောင်… ကြည့်လည်းလုပ် ကံကောင်း၊ သူတို့ တစ်မျိုးတစ်ခွေလုံးက မာနကြီးတာလား၊ အစဉ်အလာကို ထိန်းတာ လား မသိဘူး အပျိုကြီးတွေဖြစ်တာများတယ်"

"ဟုတ်တယ်နော်… သူတို့မှာ ညီအစ်မသုံးယောက် အကြီးနှစ်ယောက်စလုံးက အပျိုကြီးတွေချည်းပဲ။ ပြီးတော့ သူ့အမေ အဖေက ကွဲနေသလိုလိုနဲ့…အရင်းစစ်ရင် နောင်းလှတာလေးတစ်ခုပဲ ကျန်တယ်…ဘာမှပတ်သက်စရာမရှိဘူး"

"ဒီနှစ်ယောက် ဒီလောက်ပြောမှတော့ နင်စဉ်းစားတော့ ကံကောင်း…"

အဲဒီကတည်းက အစ်မဝမ်းကွဲဖြစ်တဲ့ မာနီဟာ သူ့ရဲ့ သူငယ်ချင်းပေါင်း, ပေါင်းခဲ့တာပင်။ မွေးချင်းမရှိတဲ့ သူ့အတွက်





မာနီက တစ်ခါတစ်ရံမှာ အစ်မကြီး အမိရာ။ တစ်ခါတစ်ရံတော့ သူ့ရူပောက်သမျှခံသော ညီမထွေးလေး။ အဲဒီလို အားလုံးပိုင်းတား နေသည့်ကြားမှ သူက နောင်းရှိရာကျောင်းသို့ ချောင်းပေါက်မတတ် သွားသည်။ နောင်းရေ့ ခြေအေးဝမ်းယောင်တွေလုပ်လည်း မာန မင်းသမီးနောင်းက တုပ်တုပ်မျှပင် မလှုပ်ခဲ့။

"ငါ…မပြောဘူးလား ကံကောင်း၊ သူက အပျိုကြီးလုပ် ပါ့မယ်ဆိုပြီး သံမဏိဌာန်ချထားသူပါဆို"

"လက်လျှော့လိုက်စမ်းပါကွာ…မိန်းမချောချောတွေ ပေါပါတယ်၊ ဖစ်ဆစ်ကွင်း(န်)ဆို ရုပ်ရည်ချော၊ ဘော်ဒီစထရက်ချာ ရော ပြောစရာ မရှိဘူး၊ မင်းဆိုရင် ဟိုက မခူးခင်ကတည်းက ကြွေကျပေးချင်တဲ့သူ"

"နေပါစေ… အဲဒီလောက်လွယ်တော့လည်း ငါမကြိုက် ပြန်ဘူး၊ ငါက ခက်ခဲမှ၊ စွန့်စားရမှ"

သူကပြုံးပြုံးလေးနှင့် ပြောခဲ့တော့ ကျန်နှစ်ယောက်စလုံး ခေါင်းတယမ်းယမ်း ဖြစ်ကုန်၏။ အချစ်ရဲ့ နိယာမဟာ အဲ့ဒါပါပဲ။ ငြင်းလေပို ပိုင်ဆိုင်ချင်လေ။ သူကပြေးလျှင် ကိုယ်ကလိုက်ချင် သည်။ ချစ်တတ်စ အသည်းနှလုံးဟာ သံမဏိထက် မာကျော၏။ တားနဲ့ထိုး လှံနဲ့ပစ်တောင် မထိရှတတ်ပေမဲ့ ချစ်သူရဲ့ အမုန်းဓာပဝါ အောက်မှာ အရည်ပျော်တတ်ပြန်၏။ ကံကောင်းကတော့ ချစ်သူ့ ထံက အမုန်းမရဘဲ နှလုံးသား အရည်ပျော်တဲ့နေ့က နောင်းထံ



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခွင့်ပန်တဲ့နေ့။

"ကျွန်တော့်နာမည်…ကံကောင်းပါ"

လို့ စမိတ်ဆက်ရသည်။ သူတို့နှစ်ယောက်ကြားမှာ အောင်သွယ်ရှားပါးသည်အထိ နှောင်းထံ၌ အပေါင်းအသင်းနည်းပါးလွန်းလှ၏။ ကင်(န်)တင်းထိုင်လည်း တစ်ယောက်တည်း။ စာကြည့်တိုက်သွားလည်း တစ်ယောက်တည်း။ ကျောင်းသွား ကျောင်းပြန်လည်း တစ်ယောက်တည်းမို့ နှောင်းကို ချစ်ခွင့်ပန်ရန် အချိန်တွေ ဘာတွေရွေးစရာမလို။ နှောင်းက စာကျက်နေသည့် ခုံတန်းလေးမှ တစ်ချက်မျက်လွှာပင့်ကြည့်ရင်း…

"ဟုတ်ကဲ့…မှတ်ထားပါ့မယ်"

တဲ့…ဒါပဲ ပြီးပြီ။ ရှေ့ဆက်ရန် စကားလမ်းကြောင်းက ပြတ်ထွက်သွား၏။ သူက ဒီအတိုင်းကြီးလည်း လှည့်မပြန်ချင်၊ ထို့ကြောင့်…

"မှတ်ထားဖို့ မိတ်ဆက်တာ မဟုတ်ဘူးဗျ၊ ဟို…ကျွန်တော်က…"

"ရှင့်ကိုအားတော့နာတယ်၊ ဒီမှာစာမေးပွဲအရေးကြီးနေလို့…သိတတ်မယ်ဆိုရင် ကျွန်မကို မနှောင့်ယှက်ပါနဲ့လား"

မျဉ်းဖြောင့်တစ်ကြောင်းလို့ ထင်ရအောင် အမြဲတမ်းညီနေအောင် ထားတဲ့ နှုတ်ခမ်းပါးတွေရဲ့ အပွင့်အပိတ်ဟာ ငေးကြည့်နေသူအတွက် အသက်ရှူမှားစရာ။ ကံကောင်းက ခေါင်းညိတ်ရင်း…





ရင်း…

"နှောင့်ယှက်တာမဟုတ်ပါဘူး"

"ကျွန်မ သွားတော့မယ်"

နှောင်းက စာအုပ်တွေကို ချက်ချင်းကောက်သိမ်းတော့ သူပျာပျာသလဲ ဖြစ်သွားကာ…

"မသွားပါနဲ့… ဒီနေရာက နှောင်းနေရာပါ။ ကျွန်တော်သွားပါ့မယ်"

"ဒါဆိုလဲ ပြီးတာပဲ၊ ရှင်…သွားတော့လေ"

ပေါ်တင်ကြီး နှင်ထုတ်သည်။ သူကပဟက်ခနဲရယ်ရင်း

"သွားမှာပါ၊ နှောင်းကိုချစ်တယ်ဆိုတာလေး ပြောခဲ့ချင်လို့…"

ဝိုင်းခနဲဖြစ်သွားသည့် မျက်ဝန်းလေးကို ကျေနပ်စွာ စိုက်ကြည့်ရင်း

"နှောင်းအချစ်ကို ပိုင်ဆိုင်ခွင့်ရအောင် ကြိုးစားမယ်၊ အဲဒါပါပဲ၊ နားထောင်ပေးတဲ့အတွက် ကျေးဇူး"

ပြောပြီး ချာခနဲလှည့်ထွက်ခဲ့သည်။ အဲဒီတုံးက သူကျောပြင်၌ မျက်ဝန်းဝိုင်းလေး ကပ်ပါလာတယ်ဆိုတဲ့ အသိနဲ့… သူ့ခန္ဓာကိုယ်ဟာ နွေးထွေးသက်ဝင်စွာ။

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

"ဒါဖြင့် ဒက်ဒီတို့က ချစ်ပြီးမှလက်ထပ်ခဲ့တာပေါ့ ဟုတ်လားဟင်"

အိပ်ရာဝင်ပုံပြင်တစ်ပုဒ်လို ပြောပြရတာ တကယ့်အဖြစ်အပျက်။ လုလင်က မသိချင်ဝါဘူးလို့ တွင်တွင်ငြင်းသလောက် မေပျိုက မျှော်လင့်တကြီးမေးသည်။

"သိထားသင့်တာပေါ့ ဒက်ဒီရယ်၊ အမေအမေဆုံရက်နဲ့ အတူနေခွင့် မရှိတဲ့ဘဝမှာ သိခွင့်တော့ရှိတာပေါ့"

အိပ်ရာပေါ်မှ နှမ်းဖတ်ဖတ်လေးနဲ့ တောင်းဆိုတော့ ရင်မှာ စရာပြဇာတ်ဟာ သမီးအတွက် အပျင်းပြေစေရန် ပျော်တော်ဆက် ခဲ့ရ၏။

"ချစ်ခဲ့ရတာက တစ်ဖက်သတ်ပါ...သမီးရယ်"

အတိတ်ရဲ့အသွင်အပိုင်းထဲမှာ သူမှားခဲ့တာက မိုက်ရူးရဲ့





ဆန်ခြင်း။

"နေဝင်းက ဆရာဝန်ဖြစ်တာနဲ့ ချင်းတောင်တန်းဆီသွားဖို့ စာတင်ထားတယ်ကွ"

"အဓိက,က မင်းနဲ့ဝေးရာပြေးတဲ့သဘောပဲ"

"စိတ်မပျက်သေးဘူးလား ကံကောင်း၊ ဒီလောက်အချိန်တွေကြာတာတောင် သူကမိုင်းနပ်(စ်)ပြတုံး"

အားလုံးက သူ့ဘက်မှာရှိသည်။ ပြီးတော့ အလဲလှင့်ထားတဲ့မာနတွေနဲ့ မင်းသမီးကို သူ့ရင်ခွင်ထဲအရောက်ပို့ပေးချင်တာက မုန်းလို့မဟုတ်ပေမဲ့ မာနကိုကျိုးစေချင်တာ။ သူကတော့ ချစ်ခြင်းကို အခြေခံပြီး ပိုင်ဆိုင်ဖို့ကြိုးစားရာ၌ အမှန်နည်းကိုသာ အသုံးပြုခဲ့၏။ နေဝင်းကိုအပိုင်သိမ်းရန် သူငယ်ချင်းတွေနဲ့ တိုင်ပင်တော့ အားလုံးက အားတက်သရော။

"ချက္ကာ...မာနကြီးတဲ့ မိန်းမတွေဟာ အရှက်လည်း ကြီးတတ်ကြတာပဲကွ၊ မင်းလက်ထဲရောက်သွားရင် အရာရာ သူ့သဘောပေါက်လွယ်သွားမှာ"

"ဒီတစ်နည်းပဲရှိတော့တာလေ၊ လိုက်ခဲ့တာလေးနှစ်မှာ သူက တုတ်တုတ်မှ မလှုပ်ခဲ့ဘဲ၊ သူချင်းတောင်ရောက်သွားလို့က မင်းငုတ်တုတ်မေ့ရမှာ၊ ချသာချ၊ ငါတို့ကူညီမယ်"

ဘီယာအရှိန်ကြောင့်လားမသိ။ အားလုံးက ရဲတင်းနေကြသည့်အချိန်။ သူက အချစ်စိတ်နှင့် ရဲဝံ့နေခဲ့သည်။ နေဝင်း...ခေးရဲ့အသွားအပြန်ကို တစ်ပတ်လောက်စောင့်ကြည့်ပြီးမှ သူ့လူမှာ



www.burmeseclassic.com

www.burmeseclassic.com



ဟန်ဆောင်၍ ကားထဲမှာ လှဲနေခဲ့ရသည်။ လက်ထဲမှာ ကလိုရီ ဖောင်း စွတ်ထားသော လက်ကိုင်ပဝါသာ ကျစ်ကျစ်ဆုပ်လျက်။

"ဒါ…နှောင်းအတွက်နော်၊ ကိုယ့်ဟာကိုယ် သွေးလေ ချောက်ချားပြီး ရှုမနေနဲ့နော်၊ မင်းမေ့သွားရင် ငါတို့ကွိုင်ပြီ"

သူငယ်ချင်းတွေက ပြောသွားတော့ သူကခပ်ကျိတ်ကျိတ် ရယ်မိသည်။ ရယ်သံရဲ့အဖျားခတ်ဟာ တိုးရှတုန်ခါနေခြင်းအတွက် သူစိတ်လှုပ်ရှားနေကြောင်း ဝန်ခံပါသည်။ အချိန်မကြာလိုက်ပဲ နှောင်းနဲ့ ဟိုနှစ်ကောင် ကားဆီခပ်သုတ်သုတ် လျှောက်လာတာ သူတွေ့တာနဲ့ ကူရှင်မှာ ခပ်ကွေးကွေးလှဲလိုက်ရင်း…

"ဟော့ကောင်…မင်းရယ်ဒီနော်"

ကားမောင်းရန် တာဝန်ကျထားတဲ့ သူ့သူငယ်ချင်းက ဦးထုပ်ကို ရှေ့သို့ငိုက်ဆောင်းရင်း…

"အိုကေ"

လို့အချက်ပြသည်။ မကြာခင် ကားနောက်ခန်းထဲမှ ရှုံ့ သင်းသင်းလေးတစ်မျိုး ဝေ့ခနဲဝင်ရောက်မွှေနှောက်ပြီး

"သူလားဟင်…သတိလစ်သွားတယ်ဆိုတာ"

"ဟုတ်ပါတယ်…ဒေါက်တာ၊ အထဲဝင်ကြည့်မလား"

"ကားထဲမှာဆိုတော့ သွေးပေါင်ချိန်ရတာ ကိုးလို့ကန့်လန့် နိုင်မှာပဲ၊ ဒီနားမှာချစရာနေရာလဲ မရှိတော့ဘူး"

ကားထဲသိမ့်ခနဲဖြစ်သွားသည်။ ကံကောင်းရဲ့ ရင်ခုန်သံက





တဒုတ်ဒုတ်နှင့် ပိုမြန်ဆန်လာချိန်မှာ အပြင်ကနှစ်ယောက်က ကားတံခါးပိတ်ချလိုက်သည်။

"ရှင်က…ဒါ…ဘာလုပ်"

လှည့်ရန်တွေ့ရန် အပြင်ဘက်အလှည့်

"အို…"

ဒါပဲ…အော်နိုင်သည်။ ကံကောင်းရဲ့ မေ့ဆေးစွတ် လက်ကိုင်ပဝါဟာ သူမရဲ့ အသက်ရှူလမ်းကြောင်းအား ပိတ်ပင်ပြီးတဲ့နောက်။

"ရှင်…ရှင်တို့…"

မပီမသရေရွတ်ရင်း သူမလဲပြိုခဲ့တာ ကံကောင်းရဲ့ ရင်ခွင်ဆီ။ ခက်ခဲမယ်ထင်ထားသော အလုပ်တစ်ခုဟာ ထမင်းစားပြီး ရေသောက်သလို လွယ်လင့်တကူ ပြီးစီးသွားခဲ့ပေမဲ့ ထိုအကြောင်းက အိမ်ထောင်သည်ဘဝ၌ တစ်စတစ်စပို၍ကြီးမားလာခဲ့တာက ဘဝနှစ်ခုဆက်စပ်မရတော့တဲ့အထိ ဖြစ်သွားခဲ့လျှင်…။

သူ…အမျိုးမျိုးကြိုးစားခဲ့တာက သူမစိတ်ပြေရန်အတွက်။ ဒါပေမဲ့ စိမ်းကားနိုင်လွန်းတဲ့ သူမဟာ သူ့ကိုဥပေက္ခာပြုရင်းက အခန်းတွေဘာတွေခွဲအိပ်တဲ့အထိ ဖြစ်လာခဲ့သည်။ သို့ပေမဲ့ လက်ထပ်အပြီး သုံးလမြောက်သည့်နေ့မှာ နှောင်းက သူ့ကိုခွေးနွေးစရာရှိသည်ဆိုတော့ ကံကောင်းမှာ ပျော်လို့ရွှင်လို့။ အကြောင်းစုံမသိရသေးခင်မှာ တိုက်ပွဲခေါ်သံကို ရင်ခုန်စရာလို့ ထင်တတ်တာမှတာပင်။ တွေ့ကြတဲ့အခါ နှောင်းက သူ့မျက်နှာလည်းကြည့်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရှေ့မှာလည်းမထိုင်ဘဲ…

"ငါ့မှာ…ကိုယ်ဝန်ရှိနေပြီ ကံကောင်း"

ခပ်ပြတ်ပြတ်ပြောချသံကိုပဲ သူမှာသာယာနစ်မူးပြီး

"ဟား…တကယ်…ဝမ်းသာလိုက်တာ၊ ကိုယ်က မျှော်လင့်ထားပေမဲ့ ဖွင့်မမေးရဲဘူးလေ၊ နှောင်းအလိုမတူပဲ"

မမဲ့ဘဲ ဟွန့်ခနဲ ရယ်ပစ်တာကြောင့် ပြောလက်စ စကားတွေ ကြက်ပျောက်ငှက်ပျောက်…။ ကံကောင်းကို နှောင်းတို့က အဲဒီလောက်အထိ အနိုင်စားရခဲ့သည်။ နှောင်းက လက်ပိုက်ရင်း ကိုယ်ကိုတစောင်းရပ်ကာ

"နင့်ကို ဝမ်းသာဖို့ ငါပြောပြတာမဟုတ်ဘူး၊ ရွေးချယ်ဖို့ အသိပေးတာ"

"ရွေးချယ်ဖို့"

"ဟုတ်တယ်"

တည့်တည့်လှည့်ရပ်မှ အငြိုးကြီးစွာ အမုန်းနှင့်တောက်ပနေသော မျက်ဝန်းတို့ကို သူမြင်ခဲ့တာ။ အေးခနဲဖြစ်သွားရတဲ့ ရင်ဘတ်တစ်နေရာဟာ အန္တရာယ်ကို ကြိုသိပေမဲ့ အမုန်းစက်ကွင်းကသူ လွတ်မြောက်နိုင်ခြင်း မရှိတဲ့အခါ…

"ငါ…ဒီကလေးကိုမွေးပေးမယ်၊ အဲ့ဒီအတွက် နင်ပြန်ပေးရမှာက…"

တင်းနေအောင်ဆွဲစေ့ထားသော နှုတ်ခမ်းပါးတွေက သူ့အတွက် သေမိန့်ကို စီရင်ပေးနေသည့်အတိုင်း…





"ငါ့လွတ်လပ်ခွင့်"

"နှောင်း"

အလန့်တကြားထအော်တော့ သူမကလက်ကာတားမြစ်သည်။

"နင်…သဘောမတူရင်ရတယ်၊ ဒါပေမဲ့ ဒီကလေး သူ့လောကထဲမရောက်စေရဘူး၊ အဲဒါ…ငါ့ကျိန်စာ၊ စဉ်းစားခွင့် သုံးရက်ပေးမယ်၊ နင်…အကြောင်းပြန်"

တဲ့…။ မထင်ရက်စရာကောင်းစွာ သူမကပြတ်သားခဲ့၏။ ဆိုပြတ်သားခြင်းအောက် သူ လည်စင်းပေးခဲ့တာက ပြုသမျှခံပါ့ ညည်ဆိုတဲ့ ရည်ရွယ်ချက်နဲ့မဟုတ်။

"ဒါ…သူ့ရင်သွေး၊ ကလေးကိုမြင်ရင်တော့ နှောင်းစိတ်တွေပြောင်းလဲကောင်းပါရဲ့"

ရေနှစ်သူဟာ ကောက်ရိုးတစ်မျှင်ကို အားကိုးတကြီးဆုပ်ကိုင်တတ်သလို။ မခိုင်ခံ့သော မျှော်လင့်ကြိုးတစ်စကို ဖမ်းဆုပ်ခဲ့ပေမယ့် အင်နှင့်အားနှင့် ပြတ်ထွက်ခဲ့သော ကြိုးနှစ်စဟာ ဆန့်ကျင်ဘက်လားရာဆီ…အဝေးဆုံးမှာ။

ခက်တာက…ယနေ့တိုင် ဒီမိန်းမအပေါ် သူ့အပြစ်မြှုတစ်မှုန်တာ မမြင်ရက်ခဲ့တော့လဲ။ ဒါ…ဝဋ်ကြွေးဆိုရင်…ဒီဘဝ ဒီမှာပဲကျေပါစေ…။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

"အယ်…ကြည့်စမ်း ငါ့မှာ သူ့အခန်းထဲမှာ မတွေ့လို့ တစ်ခန်းဝင် တစ်ခန်းထွက်နဲ့ လိုက်ရှာနေတာလူကို ဖတ်ဖတ်မောရော ပဲ"

"နင်က ဒီမှာတစ်ယောက်တည်းထိုင်ပြီး ဓိမ်ကျနေတာ ပေါ့၊ ဟုတ်လား…မေပျို"

"ဓိမ်ကျတာမဟုတ်ပါဘူး၊ တရားမျှတမှုကို တွေးနေ တာ"

"ဒဿနတွေထုတ်မနေနဲ့အမိ၊ ညစာစားရောသောက်ပြီးပြီ လား"

စတီးလက်ရန်းတွေနဲ့ လခြမ်းပုံဝရန်တာကျွေးကျွေးကြီးရဲ့ ထောင့်နားကပ်ပြီးထိုင်နေတဲ့ မေပျိုနားပန်းချင်း ချိတ်မိသည်အထိ ပစ်ထိုင်သည်။ ထို့နောက် မေပျိုနှင့် ပုံစံတူဒူးနှစ်ဖက်အား လက်နဲ့





…ပိုက်ရင်း ပါးအပ်ကာ…

"ဆေးသောက်ပြီးရင် နွားနို့နွေးနွေးလေး သောက်ရမယ် …ာ် မေပျို၊ ညီတယ်တို့…ပုပ္ပကြီးမသောက်ချင်ဘူးတို့ မလုပ်နဲ့၊ …နို့က အိပ်ခါနီးသောက်တာ အကောင်းဆုံးပဲ၊ လူကိုနှစ်မြိုက်စွာ …ပ်ပျော်စေတယ်ဟဲ့"

"ငါ…နင့်ကို ဘာဖြစ်လို့ ဒီမြတ်တော်ဝင်ကို စရောက်က …ည်းက နွေးနွေးထွေးထွေးကြိုဆိုခဲ့တာလဲ သိလား…လန်း"

"ဟင်…ဘာရယ်"

မဆီမဆိုင်မေးခွန်းကြောင့် လန်းက ကောင်းကင်ကြီးကို …ကြည့်မနေတော့ဘဲ မေပျိုထံ မျက်ခုံးလှည့်ကြည့်သည်။ မေပျိုက …ာ့ သူမကို ကြည့်မနေခဲ့ပါဘဲ ရီဝေနေသော မျက်ဝန်းတွေနဲ့…

"တရားမျှတချင်လို့ပေါ့၊ နင်ရောက်မလာခင်ကတည်းက …လင်က ဒီအိမ်ရဲ့ တစ်ဦးတည်းသောဇိုလ်၊ အစ်မရင်း ငါ့အပေါ် …ာ်သလို နင့်အပေါ်ဆိုးခဲ့ရင် နင်သိမ်ငယ်စိတ်ဝင်သွားမှာကို ငါစိုးရိမ် …တာ"

"ဟဲ့…မေပျို…ငါမေးတာက"

"အဲ့ဒါကြောင့် ဘာပြဿနာပဲဖြစ်ဖြစ် မောင်နှမအရင်း …တ်က မပါဘဲ နင့်ဘက်မှာရပ်တည်ခဲ့တာလေ၊ လုလင်ကဆို …ကိုအမြဲအပြစ်တင်တယ်သိလား"

တားလို့လည်းမရ၊ မေးလည်းမမေးရပါဘဲ စိတ်ထင်ရာ …ာ်ပြောနေသည့် မေပျိုက ခေါင်းမော့ကာ ဟက်ခနဲရယ်ရင်း



www.burmeseclassic.com

www.burmeseclassic.com



မတ်တပ်ထရပ်ရန်ပြင်သည်။

"ကိုယ့်မောင်အရင်းဘက်ကမပါဘဲ သူစိမ်းဘက်
ရှိင်းပင်းတဲ့အစ်မတဲ့၊ အပွန်း...ငါတို့ငယ်ငယ်က သင်ခဲ့ရတာ
တယ်လေ၊ အားငယ်သူ အားပေးပါတဲ့"

ခြေအစုံပေါ်အားပြုပြီး မတ်တပ်ရပ်တော့ မတ်မတ်
နိုင်။ လူကယိုင်ခနဲဖြစ်သွားမှ လန်းက၊ ကပျာကယာထ၍ ယိမ်း
နေသော မေပျိုကိုထိန်းသည်။ ထို့နောက် အိမ်ထဲမှ မီးရောင်ဖြာထွ
နေရာသို့ ဆွဲခေါ်လာရင်း...

"မေပျို...နင်ဘာတွေလျှောက်လုပ်ထားတာလဲဟ
ကြည့်စမ်း...ဒါ...သာမန်မဟုတ်ဘူး၊ နင့်မျက်လုံးတွေက ပုံ
မဟုတ်ဘူး"

လန်းက အလင်းရောင်အောက်ရောက်တော့မှ စေ့စေ့ကြ
မိတာ။ သာမန်ထက်ပိုနီမြန်းနေတဲ့မျက်နှာ။ စင်းကျနေတဲ့ မျက်တော
အောက်မှာ ရီဝေတဲ့မျက်လုံးတွေ။ သူမတွဲထားသည့်ကြား
ဟန်ချက်မညီသော ခြေလှမ်းနှင့် မေပျိုကိုယ်မှထွက်သော ချဉ်
အနံ့။

"မေပျို..."

စိုးရိမ်တာရော။ ဒီဒီကြားမှာစိုးတာရောနှင့် လက်မောင်း
ဆုပ်ကိုင်ဆွဲခါရင်း ခပ်ကျိတ်ကျိတ်ခေါ်တော့...

"အဟုတ်...အဟုတ် ဟား...ဟား၊ နင်...လန့်သွား
မလား လန်း"





အောင်မာ။ သူကရယ်လို့ မောလို့။

"ဟဲ့...မေပျို နင်...ဒါဆိုအရက်တွေသောက်ထားတာ
ပေါ့"

"နိုး...နိုး မဟုတ်ဘူး၊ အဟုတ်...ဝိုင်ပါဟာ၊ ဝိုင်
သောက်တာ"

"ဝိုင်"

သေချာအောင် လန်းက ထပ်မေးသည်။ မေပျိုက ရီဝေဝေ
ငှ်ပင် ဦးခေါင်းကို ထပ်တလဲလဲ ခေါင်းညိတ်ပြသည်။ လန်းက
မေပျိုမျက်နှာအား လက်ဝါးနှစ်ဘက်နှင့်ညှပ်ယူဆွဲမော့ကာ...

"ထင်ရာတွေ လျှောက်လုပ်တာပေါ့ ဟုတ်လား မေပျို၊
နင့်က အဲဒါတွေနဲ့မတည့်ဘူးလေ"

"တည့်ပါတယ်၊ နလုံးရောဂါသမားတွေက တစ်နေ့ဝိုင်
တစ်ခွက်သောက်ရမယ်ဆိုလားပဲ"

"မေပျိုရယ်...နင်ကတော့ တကယ်ပဲ"

ထပ်ပြောနေလည်း မေပျိုတို့နားထဲဝင်မည့်ပုံမပေါ်တော့။
ကြောင့် လန်းကပဲတွဲရင်း အိပ်ခန်းဆီခေါ်လာခဲ့သည်။ ဒါတောင်
ချာက လန်းပါးကို တရွတ်ရွတ်နမ်းရင်း...

"ငါ...နင့်ကိုသိပ်ချစ်တာ သိလား...လန်း၊ နင်နဲ့အတူ
သက်လုံးနေသွားချင်လို့လေ၊ တခြားလူကို မကြိုက်နိုင်းဘဲ
လင်နဲ့အောင်သွယ်တာဟဲ့ သိလား"

"ကဲပါ မေပျိုရယ် ငါ့ကိုမရစ်စမ်းနဲ့၊ လာ...အိပ်တော့၊

www.burmeseclassic.com

www.burmeseclassic.com



ဒီည နင်…နွားနို့မသောက်လည်း ဝိုင်အရှိန်နဲ့အိပ်ပျော်မှာပါ”

“နေဦး”

လန်းက ခုတင်ပေါ်တင်ပေးပြီး မေပျိုကို ခေါင်းအုံးက… အဆင်သင့်လုပ်ပေးတာတောင် ချက်ချင်းမအိပ်တဲ့ ခေါင်းအုံးအော… လက်လျှိုသွင်းကာ တစ်ခုခုကိုရှာနေသလို။ ခဏကြာမှ ရှာတွေ့… ဟန်နှင့် နှုတ်ခမ်းတွေကော့တက်နေအောင်ပြုံးရင်း မေပျိုကလက်… ဆွဲထုတ်သည်။ လက်ထဲပါလာတာက သော့ခတ်ဒိုင်ယာရီစာအ… တွေ သုံးလေးအုပ်။

“နင်…ဒီစာအုပ်တွေကိုသိလား လန်း”

ပင့်သက်ရှိုက်ရင်း လန်းကဆံပင်ကုတ်ဝဲတွေကို … ဆယ်ချောင်းနှင့်ထိုးမွပစ်သည်။ သိပြီးသားအကြောင်းအရာတွေ… အပ်ကြောင်းထပ်အောင် မေးတတ်တာက အမူးလွန်သူတို့ရဲ့ ထုံး… ပဲလား။ လန်းက မေပျိုမွေ့ယာစပ်၌ တစ်ကိုယ်လုံးဝစ်ထိုင်…

“သိပါ့…နင်ကိုစိတ်ဖိစီးစေမဲ့ ကိစ္စတွေပေါ်လာရင် ဒီ… မှာရေးပြီးရင် သော့ခတ်ပြီး မြေကြီးထဲမြှပ်ဆိုပြီး ဒီဒီပေးထာ… စာအုပ်တွေ”

“အေး…နင် ဉာဏ်ကောင်းသားပဲ”

ပြောရုံတင်မဟုတ်။ လန်းရဲ့နားထင်ကို လက်ညှိ… ထောက်တွန်းပြီးမှ…

“ဒီစာအုပ်တွေက မြေကြီးထဲ မြှပ်စရာမလိုဘူးသိ… သုံးအုပ်လုံးမှာ ပိုင်ရှင်ရှိတယ်၊ အဲ့ဒီပိုင်ရှင်တွေကို ငါပေးခဲ့…





“အေး…အေး…ပေးမယ်ဆိုလည်း မနက်မှပေး၊ အခု …တော့ နင်အရမ်းမူးနေပြီ၊ အိပ်တော့နော် မေပျို၊ နင်ကအရမ်းလိမ္မာတာ …ဘ…ဒီမှာလှဲ ငါ…စောင်ခြုံပေးမယ်နော်”

မနည်းကြီးချော့ချော့မော့မော့နဲ့ လှဲခိုင်းပြီး စောင်ကိုမေပျို …င်ဘတ်နားအထိ လွှမ်းခြုံပေးသည်။ ထို့နောက်မေပျိုနဖူးပြင်အား …နမ်းရင်း…

“ဂွတ်နိုက်…မေပျို၊ ဆီးယူတူမောရိုး”

“ဟင့်အင်း…နိုးပါ”

အာလေးလျှာလေးနဲ့ ထငြင်းတဲ့ မေပျိုနှုတ်သီးဖျားအား …ဆ်ပွပွဆွဲကာ…

“နိုးမှာပေါ့…ဒီအမူးရှိန်နဲ့ နေ့ခင်းလောက်မှ နင်အိပ်ရာထ …မှာ”

မေပျိုအခန်းမီးပိတ်။ အဲကွန်းလျှော့ပေးပြီးမှ အခန်းတံခါး …ပိတ်ပေးခဲ့ကာ လန်းက ကိုယ့်အိပ်ခန်းဆီကူးခဲ့တာပင်။ စိတ်ထဲမှာ …တော့ ညစ်တာရော။ ရယ်ချင်တာရော ရောပြီး လူကမအိမလည်း။ …သောက်တတ်သောက်တတ်နဲ့ ဝိုင်တွေသောက်ပြီး အမူးလွန်ကာ …သူမကိုရစ်နေသော မေပျို။

“ဟွန်း…မနက်ကျမှ နင့်ရဲ့သိုင်းကွက်နင်းပုံကို ငါပြန် …သုပ်ပြမယ် မေပျို”

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

"ဒေါက်…ဒေါက် သမီးရေ၊ လန်းဆန်း…လန်းရေ"

"အင်…ရှင်"

စောင်ပုံအောက်က ခေါင်းထောင်ပြီး ထူးရပေမဲ့ လန်းဖြ မျက်လုံးတွေ ကောင်းကောင်းမဖွင့်ချင်သေး။ ညက မပျော် ချော့မော့သိပ်ရတာနဲ့ လူကအိပ်ရာဝင်နောက်ကျခဲ့သည်လေ။

"လန်း…"

"ရှင်…မားနီ"

"ထတော့လေကွယ်၊ အောက်ထပ်မှာ မောင်နေ့သ ရောက်နေပြီ"

"ရှင်"

နေ့သစ်ဆိုသောအသံကြားတာနဲ့ လူက ငေါက်ခနဲထထိုင်





တ်သား။

"ဘရိတ်ဖတ်(စ်)စားဖို့ ချိန်းထားကြတယ်ဆို"

မားနီရဲ့အသံကို အခန်းတွင်းမှ အတိုင်းသားကြားရ၏။ တ်သားပဲ။ မနေ့ကညနေမှ ဖုန်းဆက်ပြီးချိန်းခဲ့တာ။

"ဟိုတစ်ခါ…ဒင်နာကို လန်းဆန်းနဲ့ကိုယ်မသွားဖြစ်ခဲ့ဘူး သ မှတ်မိလား"

ဖုန်းထဲမှာ သူမေးတုံးက လန်းက ဟုတ်လို့ပဲ ပြန်ဖြေ သည်။ မေ့စရာကိစ္စမှ မဟုတ်တာ။ ကိုယ့်မှာအသေအချာပြင် င်ပြီးမှ ရေကူးကန်ထဲ ရေဆင်းကူးရတဲ့အဖြစ်ကို။

"ဒီတော့ လျော်ကြေးအနေနဲ့ ကိုယ့်ကို အချိန်ပြန်ပေးဘွာ"

"ဟို…ဒီရက်က…လန်းတို့စာမေးပွဲရှိတယ် ကိုနေ့သစ် "

"အင်း…ကိုယ်သိပါတယ်၊ အချိန်အများကြီးယူမှာ ဟုတ်တာပဲ၊ မနက်ခင်းပိုင်းတစ်နာရီလောက်ပဲ၊ အိပ်ရာက တစ်နာရီ ထပေးကွာ၊ ကိုယ်…ဘရိတ်ဖတ်(စ်) ဒကာခံမယ်လေ၊ OK"

သူဒကာခံမှာ မက်လွန်းလို့ မဟုတ်ပေမဲ့ လူမှုရေးအရ ငြင်းမခါသင့်တာတွေက ရှိသေးသည်။ ထို့ကြောင့် ခေါင်းညိတ် ခံခဲ့မိတာကြောင့် လန်းက မျက်လုံးမှိတ်ရက်သားနဲ့ပင်။

"ရပြီ…မားနီ လန်း နိုးပြီ၊ ခဏစောင့်ပေးပါလို့ ပြောပေး နော်၊ လန်း ရေမိုးချိုးပြီး အဝတ်အစားလဲချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



"အေးအေးဆေးဆေးလုပ်တဲ့၊ သူက လန်းဒီဒီနဲ့ စကား
ပြောနေလေရဲ့"

"ဟုတ်ကဲ့ပါ"

သံရှည်ဆွဲကာပြန်အော်ရင်း ခေါင်းအုံးဘေးကဖုန်းကိုယူ
နာရီကြည့်မိတော့ မနက်ခြောက်နာရီ။ လန်းကအပျင်းကြောဆန့်ရ

"ဟွန့်…အစောကြီးရှိသေးတာကို"

တစ်ယောက်တည်းပြောရင်း ကျုံးထတော့ ရင်ဘတ်
တစ်စုံတစ်ခုက စောင်လွှမ်းထားတဲ့ပေါင်ပေါ် ပြုတ်ကျသည်
မျက်မှောင်ကျုံ့ကြည့်တော့ မေပျိုရဲ့သော့ခတ်စာအုပ်လေး။ လ
သော့တန်းလန်းနှင့် စာအုပ်လေးကိုယူကြည့်ရင်း

"ဒေါ်မေပျို…ညကငါ့အခန်းထဲဝင်လာပြီး ထားသွား
လား၊ ငါပဲအိပ်ချင်မူးတူးနဲ့ ယူလာမိသလား"

အို…တွေးနေရှုပ်တယ်။ ဖွင့်ကြည့်မှလို့ ကိုယ့်ကိုကို
အမိန့်ပေးရင်း စာအုပ်ဖွင့်ဖို့လက်အလှမ်း။

"ဒေါက်…ဒေါက်…ဒုန်း"

တံခါးခေါက်ရုံမက။ ဒုန်းခနဲထုလိုက်သံကြောင့် လန်း
ဆတ်ခနဲတုန်သွားရသည်။

"ဒုန်း…ဒုန်း…ဒုန်း"

မဖွင့်မချင်း ဆက်ထုနေမည့်ပုံကြောင့် စာအုပ်ကို စားပွဲ
ပစ်တင်ပြီး စောင်အထွေးကြီးကို ခြေထောက်နှင့် ပစ်ကန်ကာ အ





ဝဆီပြေးသည်။ ဖျတ်ခနဲ အခန်းတံခါးဆွဲဖွင့်မှပင်…

"ဟင်…"

အလန့်တကြားနှင့် နှုတ်ခမ်းကို လက်ဝါးနှင့်အုပ်ပစ်သည်။
သူမအခန်းဝမှာ ကိုယ်အထက်ပိုင်း ဗလာကျင်းလျက် ခါးအောက်မှာ
တဘက်အကြီးစားပတ်ထားသည့် လုလင်…

"နင်…"

လက်ညှိုးတထိုးထိုးနှင့် သူမကရန်တွေ့မည့်ဟန်ပြင်တုံး။
လုလင်က ပခုံးချင်းတွန်းချိတ်ပစ်ကာ သူမအခန်းထဲဝင်ပစ်သည်။
ဒီတော့မှ လန်းဆန်းက သူ့နောက်မှ အုယားဖားယားပြေးလိုက်လာ
ရင်း

"ဟဲ့…နင်…ဘာလာလုပ်တာလဲ"

"ဘာလဲ"

ရုတ်ခနဲ ခါးထောက်ရင်း လှည့်ရပ်တော့ သူ့ရင်ဘတ်နှင့်
အရှိန်ဖြင့် အမြန်လျှောက်လာသော လန်းနဖူးပြင်က အပ်မိတော့မလို့။
လန်းက ကိုယ့်ခြေထောက်ကိုယ် ဘရိတ်အုပ်ပစ်ရင်း…

"နင်…ဘာလာလုပ်တာလဲ ငါ့အခန်းထဲကို"

"ရေချိုးမလို့"

အေးစက်စက်ပြန်ဖြေနေသော အဖြေထဲမှာ ဂျစ်တိဂျစ်ကန်
အမူအရာကပါပြီးသား။

"နင့်အခန်း နင်ချိုးပေါ့၊ ဒါ…ငါ့အခန်း"



www.burmeseclassic.com

www.burmeseclassic.com



"လာကြေငြာမနေနဲ့၊ ငါ့အခန်းက ရေမတက်လို့"

"ဟယ်…ဒါဆို တခြားအခန်း သွားချိုးပေါ့ဟဲ့"

ဒေါသနှင့်ဆောင့်အော်တော့ ကုတ်ဝဲဆံပင်လေးတွေက ဝဲခနဲခါသွားသည်။ အိပ်ရာထစမို့ထင်သည်။ မှို့အစ်နေသော မျက်ခွံဖောင်းဖောင်းလေးတွေနှင့် ဘာမှလိမ်းခြယ်မထားသော မျက်နှာပြင်က ဝင်းဝင်းမွတ်မွတ်လေးမှာ ကော့ချွန်သော နှာတံနှင့် သဘာဝအတိုင်း နီမြန်းနေသော နှုတ်ခမ်းပါးရဲ့ဝို့က စိုစိုအိအိလေးနှင့် တိမ်းမူးဖွယ်ရှိသည်။ သူမရဲ့အလှတရားအားလုံးကို တခဏချင်း ယစ်မူးပစ်ပြီးမှ လုလင်က နှာခေါင်းရှုံ့ကာ မျက်နှာလွှဲတော့…

"ဟွဲ"

လန်းက ရှေ့မှပိတ်ရပ်၍ အော်ပစ်ကာ…

"နင်…လာမညစ်နဲ့နော်…လုလင်၊ ငါ…ကျောင်းသွားရတော့မှာ၊ ရေချိုးခန်းမအားဘူး"

"မတတ်နိုင်ဘူး၊ ငါလည်း ဒီအခန်းမှာချိုးဖို့ပဲ အာရုံကကျနေတာ"

"ငါက ချေ့သည်အောက်မှာစောင့်နေတာ"

"အဲဒီချေ့သည်ကို အမြင်ကတ်လို့ တမင်လုပ်တာ"ဆိုပြီး ပြောပစ်ချင်တဲ့စကားလုံးတွေကို ပြန်မြိုချရင်း ရင်ထဲအနာအဆာတွေက ပြည်နှက်လာ၏။ လုလင်က ဘာမှထပ်မပြောချင်တော့ဘဲ သူမကိုကျော့ရှောင်ထွက်တော့တာက ရေချိုးခန်းဆီ။ ဒီကောင် အကျင့်





ယုတ်ပြီး ရေချိုးခန်းကို မောင်ပိုင်စီးထားမှာ လန်းကသိပြီးသား။ မေပျိုအခန်းဆီကူးသွားပြီး ရေချိုးလို့ရပေမဲ့ အဲ့ဒီလိုကြီးလည်း လုလင်ကို အရှုံးမပေးလိုက်ချင်။ လန်းအခန်းထဲဝင်လာသူကို လန်းကအရှုံးပေးပြီး ထွက်သွားဖို့ မာနက လက်မခံလေရာ

"လုလင်…ငါပြောနေတယ်နော်"

လှည့်မကြည့်ဘဲ လုလင်က လက်ခါပြသည်။

"နင်…မဝင်နဲ့၊ ဒါ…ငါ့ရေချိုးခန်း"

ပိုင်ဆိုင်ကြောင်းပြပြီးလျှင် လှမ်းဆွဲတာက လုလင်ရဲ့လက်ကိုဖြစ်ပေမဲ့ တကယ်မိမိရရ ဆွဲမိသွားတာက ခါး၌ပတ်ထားသော သဘက်စောင်ကြီးဖြစ်သွားခဲ့သည်။

"ဟယ်"

"ဟာ…ဟေ့…နင်"

အသံတွေပေါင်းစုံထွက်သွားပြီး လုလင်က တဘက်ကို အမိအရ ပြန်ဆွဲပတ်သည်။ လန်းကရှက်ကိုးရှက်ကန်းနှင့် မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့်အုပ်ကာ ရေချိုးခန်းဆီပြေးဝင်ကာ တံခါးကို ပိတ်၍ ကျောနှင့်မှီထားလိုက်သည်။ ကြည့်စမ်း…ကံသီပေလို့ပါလား။

"အဲ့ဒီကောင်ဟာလေ အရှက်ကိုမရှိဘူး၊ သေသေချာချာ ပတ်ထားတာ မဟုတ်ဘူး"

ပြန်တွေးတိုင်း ရင်ဘတ်ထဲက ကတုန်ကယင်ကြီးနဲ့ အရှင်း



www.burmeseclassic.com

www.burmeseclassic.com



သည်းကျောင်းတုံးမှာပဲ…

"ခုန်း…"

တံခါးရွက်ကိုဆောင့်ထုလိုက်တဲ့အသံကြောင့်

"ဘာလဲ…"

"နင်…အခုနက ဘာမြင်သွားလဲ"

"ဟင်…မမြင်ပါဘူး၊ ဘာမှမမြင်ဘူး တကယ်"

ရိုက်မစစ်ရဘဲ ဖွာဖွာသလဲပြန်ဖြေတဲ့ အသံကြောင့် လုလင်က တံခါးအပြင်၌ရပ်ကာ သူမမြင်နိုင်မှန်း သိသိကြီးနဲ့ အသံတိတ်ကျိတ်ရယ်ကာ

"နင်မြင်ချင်လည်း မမြင်ရပါဘူး၊ အထဲမှာ ဆောင်းဘီပါတယ်ဟ"

"လုလင်"

ရှက်စိတ်ဖြင့် အဖျားခတ်၍ တုန်ခါနေသောအသံဖြင့် ကျုံးအော်ရင်း…

"သွားတော့…သွား…သွား၊ နင့်ကိုလေ အဲ့ဒါမျိုးတွေကြောင့် ငါသိပ်မုန်းတာ သိလား၊ ညစ်ကောင်ရဲ့…သွား"

လုလင်က တံခါးကိုမှီရပ်နေရာမှခွာရင်း အသံထွက်ကာ သဲ့သဲ့ရယ်မိသည်။ သူမနဲ့နီးနီးကပ်ကပ်နေရတဲ့အခါမျိုးတွေ။ ဒီလိုစကားနိုင်လုပြီး စကြနောက်ကြတဲ့အချိန်မျိုးတွေမှာ သူတစ်ကိုယ်လုံးနွေးထွေးရှိန်းမြတဲ့ ခံစားချက်ဟာ ဘယ်လိုကြီးမှန်းမသိပါ။ နင့်မုန်းလည်း ငါစိတ်မညစ်ဘူး လန်းဆန်း။ ခံစားချက် ဘာတစ်ခုမှ မရှိတာထက်စာရင် မုန်းနေတာကမှကောင်းသေး။ ရင်ထဲက အသံတိတ်စကားတွေ တစ်ယောက်တည်းကြားသာအောင်ပြောရင်း သူမအခန်းထဲက ထွက်ခဲ့သည်။ အခန်းတံခါးကို အပြင်မှလော့(စ်)ချရန် ရည်ရွယ်ပြီး လက်အလှမ်း…

"အောင်မလေး…ကိုယ်ကျိုးတွေတော့နည်းကုန်ပါပြီ။ မောင်ကောင်းရေ…လာပါဦး၊ လုလင်…လန်း…လာကြပါဦး၊ ဒီမှာ မေပျိုကိုခေါ်လို့ မရတော့ဘူးဟဲ့…လာကြပါဦး"

စိခနဲကြားလိုက်ရသော မားနီရဲ့အော်သံ။ လှေခါးက ဝရန်းသုန်းကားပြေးတက်လာတဲ့ ခြေသံတွေရဲ့နောက်မှာ…

မြတ်တော်ဝင် တစ်ခုတည်းကွက်၍ ကမ္ဘာပျက်ခဲ့ခြင်းဖြစ်သည်။

♠ ♠ ♠







www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

"ခွမ်း"

ရေအိုးခွဲသံဟာ နားစည်ထဲ အရှိန်ပြင်းစွာ ဝင်လာသည်။ ဆို့တက်လာတဲ့ ဝမ်းနည်းစိတ်ထဲမှာ မေပျို့နှင့် ဒီတစ်သက် ဘယ်တော့မှ ပြန်မဆုံရဘူးဆိုတဲ့အသိလေ။ ရင်ထဲက တစ်စုံတစ်ရာကို ဆွဲထုတ်ဖဲ့ယူခဲ့ရသလို နာကျင်လာ၏။ မျက်စိရှေ့မှာတင် မေပျို့ကို ထည့်ထားသည့် မှန်ခေါင်းတလားကို ဆွဲမသယ်သွားပြီ။ အရာအားလုံးက ပြီးဆုံးခဲ့ပေမဲ့ မနေ့တစ်နေ့ကလို လန်းကနေရာတင် တောင့်တောင့်ကြီး ရပ်နေပေမဲ့ စိတ်တွေယောက်ယက်ခတ်ပြေးလွှားသွားတာက ပိုင်တွေသောက်ပြီး အမူးလွန်နေတဲ့ မေပျို့ရဲ့ နောက်ဆုံးည။

"ငါက နင့်ကိုသိပ်ချစ်တာ...အဲ့ဒါသိလား လန်း"

ဆိုပြီး မေပျို့နမ်းခဲ့တဲ့ပါးပြင်လေးဟာ အခုထိ ပူနွေးဆဲ။





မဟုတ်ပါဘူး။ ဒါ...သူမမျက်ရည်တွေကြောင့် နွေးနေတာပါ။

"မာမီ့ကိုချစ်ပေမဲ့ မာမီ့နားနေခွင့်မရဘူး၊ မာမီ့ကျိန်စာတွေ မေပျို့ယူပြီး တခြားတနေရာကို ထွက်သွားမယ်၊ မာမီ မြတ်တော် ဝင်မှာ ပြန်လာနေပါ"

မှန်တင်ခုံမှန်၌ နောက်ဆုံးရေးခဲ့သည့် မေပျို့ဆန္ဒစာတန်းများ။ သူမခြုံပေးခဲ့သည့် စောင်ခြုံလေးအောက်မှာ အိပ်နေတဲ့အတိုင်း အသက်ရှူခြင်း စွန့်လွှတ်ခဲ့သည့်မေပျို့။ အိပ်ရာဘေး၌ ဘူးအခွံသာကျန်တော့သည့် အိပ်ဆေးပုလင်း။

"မေပျို့"

အသံအကျယ်ကြီးနဲ့ အော်ပစ်လိုက်ချင်ပေမဲ့ လည်ချောင်းဝမှာ အသံတို့က ဆို့နင့်ချောက်ကွယ်ကုန်သည်။ တအိအိသယ်ဆောင်သွားသော လူတန်းကြီးရဲ့ရှေ့မှာမေပျို့။ ဟင့်အင်း အဲ့ဒီလိုမခေါ်သွားပါနဲ့၊ နင်...ငါ့ကိုချစ်တယ်ဆို။ ငါနဲ့တစ်သက်လုံးအတူတူနေချင်တာဆို။ နေပါဦး...နေကြပါဦး။

လန်းက လူတွေကြားထဲ အတင်းတိုးဝှေ့ပြီး ဝင်ပြေးကာ မားနီလက်ထဲမှ...

"ဟဲ့...ဟဲ့...လန်းကိုထိန်းကြပါဦး၊ လန်း ပြေးထွက်သွားပြီ"

မားနီက အလန့်တကြားအော်သည်။ လုလင် ဖျတ်ခနဲ လှည့်ရှာတော့ လူအုပ်ကြားထဲမှ အတင်းတိုးဝှေ့ပြေးလာသော အနက်



www.burmeseclassic.com

www.burmeseclassic.com



ရောင်အရိပ်လေး။

"လန်းဆန်း"

သူမရှေ့မှ လမ်းပိတ်ပြီးရပ်တော့ လန်းက သူ့ရင်ဘတ်ကို အားရှိသ၍ ပိတ်တွန်းကာ...

"ဖယ်စမ်း...ငါမေပျို့နဲ့ စကားပြောမလို့၊ နင်တို့ မေပျို့ကို မခေါ်သွားနဲ့ဦး၊ သူသေတာဟုတ်ချင်မှဟုတ်မှာ၊ ငါသိတယ်၊ မေပျိုက ငါ့ကို ကတိပေးထားတယ်၊ သူ...သူ...ငါနဲ့အတူနေမှာ တဲ့"

"လန်း...လန်း..."

ပခုံးနှစ်ဖက်ကို ခပ်ကြမ်းကြမ်းဆွဲခါပြီးခေါ်ပစ်မှ မော့လာသော မျက်နှာလေးသည် သူ့ရင်ထဲရှိ အစိတ်အပိုင်းအားလုံး တဝုန်းဝုန်းပြိုကျသွားလောက်အောင် ကြေကွဲမှုကူးစက်စေသည့် ကရုဏာသက်ချင်စရာ မျက်နှာလေး။ မျက်ရည်တွေ စိုလူးပူးကပ်နေတဲ့ မျက်တောင်ဖျားတွေ။ မမဲ့ဘဲ ပြည့်နှက်လာတဲ့ မျက်ရည်ကြည်တွေက နီရဲနေသော မျက်ခမ်းသားစပ်မှာ တွဲခိုနေ၏။ ငိုရလွန်း၍ နှာသီးဖျားတွေက ရဲရဲနီလျက်။

"လုလင်"

အမြဲတမ်းတိုက်ခိုက်ရန် အသင့်ဖြစ်ခဲ့သော သူမမာနတို့သည် ဝမ်းနည်းခြင်း၊ ယူကျုံးမရခြင်းအောက်မှာ လက်နက်ချခဲ့ပြီ ဖြစ်သည်။





"ငါ...ငါ...မေပျို့ကို မကယ်နိုင်ခဲ့ဘူး၊ အဲ့ဒီညက မေပျို့နဲ့ငါအတူရှိနေရက်နဲ့ဟာ၊ ငါ တကယ်အသုံးမကျဘူး"

"တော်ပါတော့ဟာ"

ရှိုက်သံစွက်ဖွာ သူ့တားတော့ လန်းဆန်းက အင့်ခနဲရှိုက်ရင်းပြိုလဲနိုဝင်ကာ သူ့ရင်ခွင်ဆီ။ အံကြိတ်ကာ နှုတ်ခမ်းပါးတွေ တင်းတင်းစေ့ထားသလောက် ရင်ထဲမှာ ဝမ်းနည်းခြင်းက ဆောင့်ဘင်ခတ်နေတာ ရှုးသွားနိုင်သည်။

"ဟွန်း...ငါကနင်နဲ့လန်းကို ကျိတ်သဘောတူထားတာ သုလင်ရဲ့"

"ကြိုးစားစမ်းပါ၊ တခြားလူလက်ထဲပါမသွားအောင်"

ဆိုပြီး ပခုံးချင်းဖက်ကာ အောင်သွယ်လုပ်ပေးတတ်တာမျိုးသည်း ရှိသလို တစ်ခါတစ်ရံကျတော့လည်း အစ်မကြီးစတိုင် ခပ်ပြည့်နဲ့...

"ငါ...မဟောသီကို ယောင်းမ မတော်နိုင်ဘူးနော်၊ ပုံစံကိုက ဆတ်စလူး၊ ဒီမှာ ငါတို့လန်းနဲ့ယှဉ်ကြည့် ဆီနဲ့ငပြာရည်သို့ပဲ"

"ဆိုနဲ့ရေပါဟ၊ နင်ကလည်း ပြောပြီဆို ပေါက်တတ်ကရ"

"ဟဲ့...သိတယ်...ဆရာမလုပ်နဲ့၊ နင့်ထက်ငါက အကြီးဒီဆိုတာ၊ ဘာပဲချက်ချက် အသုံးဝင်တယ်၊ အရောင်အဆင်းကတစ



www.burmeseclassic.com

www.burmeseclassic.com



လှတယ်၊ ဟွန့်…ငံပြာရည်ကျတော့ အရောင်ကအစ မဲမဲသဲသဲ ဒီကြားထဲ အသုံးမတတ်ရင် ဟင်းအိုးပါ ငံတူးပြီး သုံးမရတာမျိုး ရှိတယ်"

"နင်နဲ့ငါ…ခြောက်မိနစ်တည်းကွာတာ မေပျို၊ အငြိ ပေမဲ့ ငါ့ဘဝ ငါ့ခန္ဓာက ငါ့ဆုံးဖြတ်ချက်အတိုင်း"

သူက ဂျစ်တိဂျစ်ကန်ပြောရင်တော့…

"သိပါတယ် နင့်အချိုးကို၊ ဝေဖန်တာမကြိုက်၊ သုံး တာလက်မခံနဲ့၊ ရှုလည်ရှုတတ်ကြီးလေ၊ လည်လွန်းတဲ့ဘီးခိုး သင့်မှ အမေကယ်ပါ၊ အစ်မကယ်ပါ လာမလုပ်နဲ့၊ မကယ်နိုင်မှ သင့်တဲ့ဟိုဟာပဲ စားနိုင်းမှာ"

ပြောရင်း အင်မတန်ရှုံ့ရာတတ်သော မေပျိုမှာ ချက်ချင်း မျက်နှာကြီး ရှုံ့တွတွန့်လိမ်ကာ သူ့အနားမှထပြေးရင်း

"လုလင်…နင်သိပ်ညစ်ပတ်တယ်သိလား၊ အင် ရှိသေသမှုတောင် မထားဘူး"

တဲ့။ အခု…ရှိသေပါ့မယ်။ နင်…ငါတို့နဲ့ ခွဲမသွား အော်ပစ်ချင်ပေမဲ့ အလောင်းတင်ထားသောစင်က မီးသင်္ဂြိုလ် အခန်းထဲရောက်သွားခဲ့ပြီ။ ဒီဒီရော…သူဝါလိုက်ဝင်ဖို့ ရှုပ်ရှပ် ရှား ဖြစ်သွားပေမဲ့

"နေခဲ့ ဟော့ကောင်၊ လန်းနဲ့အန်ကယ့်ပဲ ဂရုစိုက်၊ ငါ ဝင်သွားမယ်"





ကိုလင်းနဲ့ သုဝေက သူတို့သုံးယောက်ကိုဝေးရာတွန်းလွှတ် ရင်း မေပျိုကို အတွင်းခန်းဆီ ခေါ်ဆောင်သွားခဲ့ပြီ။

"ဒီဒီ"

"သမီးရယ်"

ဒီဒီက သူမကို လက်ကမ်းရင်ဖွင့်ကြိုတော့ လန်းက ပြေး ဝင်ကာ အားပါးတရ ငိုရှိုက်ရင်း…

"ဆီးယူတူမော်ရိုး…မေပျို"

လို့…သူမက ရှိုန်းဆိုနှုတ်ဆက်တော့ မေပျိုက အာလေး လျှာလေးကြီးနှင့်…

"ဟင့်အင်း…နိုး…ဝါ"

တဲ့လေ။ ငါတို့ပြန်ဆုံဖို့ကို နင်…အဲဒီကတည်းက ငြင်းခဲ့ တာပေါ့ မေပျို။ အခွင့်အရေးရှိရင် ထပ်ဆုံချင်သေးတယ်။ ဒီသံသရာ တကွေ့ကွေ့ရဲ့ ဘဝတစ်ဆစ်ချိုးမှာ…။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၅)

"နင့်ကို…လွမ်းလိုက်တာ…မေပျိုရယ်"

သော့ခတ်စာအုပ်လေးကို ရင်ခွင်မှာပိုက်ပြီး လန်းက တိုး ရှုတ်သည်။ မှန်ပြတင်းအပြင်ဘက်ဆီ၌ မြင်နေရသော ရာသီဥတု အုံ့မှိုင်းမှိုင်းမှာ တစ်ချက်ဝေ့ခနဲတိုက်သော လေထဲတွင် မိုးရနံ့တွေ သွေ့ခနဲပါလာတတ်သည်။ မေပျိုတို့ရှိစဉ်ကဆို ဒီလိုရာသီဥတုမျိုး သူမအကြိုက်။

"အဲဒါ ငပျင်းတွေရဲ့ရာသီလေ"

သွားဖြုတန်းတွေပေါ်အောင်ရယ်ရင်း ပြောတတ်သေးတာ

"မိုးအေးအေးလေးမှာ အိပ်ရာထဲကွေးပြီး စာအုပ်တွေဖ ရတဲ့ အရသာက တကယ့်နတ်သမီးစည်းစိမ်"

"ငါဖြင့် ဆက်ရက်မင်းစည်းစိမ်ပဲ ကြားဖူးပါတယ် မေ ရယ်"





သူမကဆိုတော့…

"ဆက်ရက်မင်းဆို ငါကတိရစ္ဆာန်ဖြစ်သွားမှာပေါ့"

ခါးထောက်ပြီးရန်တွေ့ပုံလေးကို အခုထိ သူမမျက်လုံးထဲ င်ယောင်ဆဲပင်။ မိုးအေးအေးမှ ကွေးနေချင်သည်ဟုပြောသော း မက ဒီလိုမိုးလေထဲ မိုးစက်ကလေးတွေပါလာတွေ့ပြန်တော့ ည်း အိမ်ထဲမှာ ငြိမ်ငြိမ်မနေနိုင်ပြန်။

"ငါတို့ မိုးရေထဲ စက်ဘီးလျှောက်စီးရအောင်လေ န်း"

အဖော်စပ်ခဲ့ရတော့သူမ။ တကယ်တမ်းထွက်ဖြစ်တော့ ယောက်ထဲမဟုတ်ပဲ လုလင်ပါ ကန့်လန့်ကန့်လန့်။ အဲဒီကတည်း မေပျိုဟာ သူမနဲ့လုလင်ကို နီးစပ်စေချင်ခဲ့တာပင်။

"မာမီ…ငါတို့ကိုပစ်သွားတဲ့စိတ် အခွဲအလမ်းက လုလင် အရိပ်မိုးနေခဲ့တာ လန်း၊ သူ့ရဲ့မသိစိတ်မှာ နင်ရှိတယ်၊ ဒါပေမယ့် စိတ်က နင့်ကိုမောင်းထုတ်တယ်၊ အဲဒီနှစ်ခွဖြစ်နေတဲ့ စိတ်ထဲမှာ မောင်လေး ခံစားနေရတာ"

တဲ့လေ။ သော့ခတ်စာအုပ်လေးထဲမှာ ခပ်သော့သော့ရေး းတဲ့ စာကြောင်းတွေကို မကျက်ရပါဘဲ အလွတ်ရနေခဲ့တာ ကြောင့်လဲ။ ပြေပြစ်ခြင်းမရှိတဲ့ မျက်နှာနဲ့ ရန်လိုမျက်ဝန်းတွေ တ်ကရှိနေမဲ့ လုလင်ရဲ့ ခံစားချက်ကို လန်းတစ်ခါမှ မတွေးမိခဲ့ ချ။ သူနိုင်ကိုယ်နိုင် လွန်ဆွဲပွဲမှာ အရောင်ရင့်ခဲ့တဲ့ အတွေ့တွေ သူမတို့နှစ်ယောက်ကြားမှာ မညက်ညောသော ဆက်ထုံးတွေ



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်ရှိနေခဲ့တာလား။

"နင်…တခြားတစ်ယောက်နောက်ပါသွားမှာ မြတ်တော်ဝင်ရဲ့…အရိပ်ကထွက်သွားမှာကို ငါ့ထက်ပိုကြောက်ခဲ့သူ လှလင်ပဲ လန်း"

စူးရှတဲ့မျက်ဝန်းတွေထဲမှာ သံသယတွေပျော်ဝင်စေလျ

"နင်…တစ်စင်ထောင်ဖို့ မကြိုးစားနဲ့"

နားဝင်ဆိုးသော စကားတွေနှင့် သူမကို ထိန်းချုပ်ခဲ့ရ အကြောင်းရင်းက

"နီးလွန်းရင် မမြင်တော့ဘူး လန်းရေ၊ အဲ့ဒီနီးစပ်ခြင်း အမုန်းတွေ၊ အချစ်တွေကို ဖြစ်စေခဲ့တာ၊ နင်…ငါ့ကိုရယ်နေ လားဟင်၊ အချစ်အကြောင်း မသိတဲ့သူက အချစ်ဋ္ဌိကာတွေ ဖွဲ့နွဲ လို့လေ၊ အချစ်ရေးမှာ ငါမသိပေမဲ့ အမွှာဖြစ်တဲ့ လှလင်ရဲ့ စိတ် ငါသိနေတယ်၊ သူ့အချစ်က နင့်ဆီမှာဆိုတာ ယုံပါ လန်းရယ်"

နောက်ဆုံးအချိန်ထိ အောင်သွယ်တော်ခဲ့ပါသည်။ ဒီတ လွန်ခဲ့သော တစ်လခန့်က မေပျိုရေးခဲ့တာဖြစ်မည်။ ဒီနေ့ဆို မြတ်တော်ဝင်က ထွက်သွားတာ တစ်လတင်းတင်းပြည့်တဲ့ ဖြစ်ခါစက အားလုံး ဆောက်တည်ရာမရ ပူဆွေးခဲ့ကြသည်။ အ မသတ်သော ကြေကွဲခြင်းတွေနှင့် မြတ်တော်ဝင်က တိတ်ဆိတ် သက်သွားတာ တစပြင်ပမာ။ ဒီဒီကရှိသမျှ အလုပ်တွေကို လု နှင့်လွှဲပြီး စစ်ကိုင်းတောင်မှာ ရိပ်သာသွားဝင်…။ လှလင်က အ နဲ့အိမ် ပြေးရင်းလွှားရင်း တစ်ခါတလေမှာ စက်ရုံမှာအိပ်တဲ့ည





လည်း ရှိသည်။ တစ်ခါတစ်ရံ ကုမ္ပဏီမှာနေတဲ့ရက်တွေရှိတဲ့အခါ မြတ်တော်ဝင်ဟာ ပိုပြီးအထီးကျန်ဆန်လာသည်။ ပိုဆိုးတာက လန်းအတွက် ကျောင်းပိတ်ထားသည့်ရက် ဖြစ်နေခြင်းပင်။

"ရှိတဲ့မိသားစုကမှ ဒါလေးကို၊ တစ်ယောက်က ခရီး ထွက်၊ ဟိုတစ်ယောက်ကလည်း နောင်ဘဝအလုပ်ကြွေးပါသွားမှာ စိုးတဲ့အတိုင်း သိမ်းကျုံးလုပ်နေတာ၊ လန်းကျောင်းပိတ်ထားလို့ပေါ့၊ နို့မို့ရင် မေပျိုကို သတိရတဲ့စိတ်၊ ဒီအိမ်ကြီးခြောက်သွေ့တာကို စိတ်မကောင်းတဲ့စိတ်နဲ့ ငါတောင် သွက်သွက်ခါရူးသွားတော့ မလား မသိဘူး"

မားနီက တလှိုက်တလှဲရွှေတ်ရင်း မျက်ရည်တစမ်းစမ်းနဲ့ ရှိပြန်သည်။ မနက်ကတော့ လပြည့်ဆွမ်းသွပ်တာမို့ လူစုံတက်စုံ။ ညီသည်စုံပေမဲ့ ပွဲပြီးတော့ အားလုံးပြန်ကြတဲ့အခါ လွမ်းတဲ့စိတ်။ သတိရမိးဟာ ဒီမိသားစုဝင်တွေကို တလှိုက်လှိုက်ကျွမ်းလောင်ဆဲ။ ဒီဒီကတော့ လန်းအတွက် ပြောပေးရှာသည်။

"ကျောင်းလည်းပိတ်ထားတာပဲ သမီးရယ်၊ စိတ်လွတ် လပ်သွားအောင် အပန်းဖြေခရီးလေးဘာလေး ထွက်ပါလား"

တိုက်တွန်းပေမဲ့ လန်း ခေါင်းခါငြင်းမိသည်။ စိတ်ထဲ မလန်းတဲ့သူဟာ အပန်းဖြေခရီးထွက်ရင် ပိုတောင်နွမ်းလာဦးမည်။ ဝမ်းနည်းခြင်း၊ ကြေကွဲခြင်း၊ ယူကျုံးမရခြင်းတွေကို ရင်ဘတ်ထဲ အပြည့် လွယ်ထားရလို့လေ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း အပြောင်းအလဲဖြစ်သွားအောင် သား ရဲ့ စက်ရုံထဲ လိုက်ကြည့်ပါလား သမီး၊ အိမ်ထဲမှာထက်စာရင်တော့ ပိုကောင်းသေးတာပေါ့"

လို့ပြောနေတုံးပဲ လုလင်က ဖိုင်တစ်ထပ်ကြီးနှင့် လက်(၆) တော့အိတ်လွယ်ကာ သူမတို့စကားဝိုင်းနား လာရပ်၏။

"ဒီဒီ…မနက်ဖြန် စစ်ကိုင်းတောင်ကို ဖြန်သွားမှာ မဟုတ် လား"

"အေး…ဟိုမှာတရားရိပ်သာထဲနေရတာ ဒီဒီ့အတွက် ဖြေသာသလားလို့၊ မင်း ဒီမှာအခြေအနေကရော"

လုလင်က စီးညိုရောင် မျက်မှန်ကို လက်တစ်ဖက်တည်းနဲ့ တပ်ရင်း…

"အဆင်ပြေပါတယ်၊ နောက်ထုတ်မဲ့ကား ဒီဇိုင်းသစ်တခု အတွက် ခေါင်းသုံးစရာတွေများတယ် ဒီဒီ၊ ဒီညစက်ရုံမှာပဲ အိပ် ဖြစ်လိမ့်မယ်၊ ကျွန်တော်တစ်ခါတည်း ဒီဒီ့ကို နှုတ်ဆက်ခဲ့တယ်နော်၊ ကျန်းမာရေးဂရုစိုက် ဒီဒီ"

စကားပြောစရာက ဒီဒီတစ်ယောက်အတွက်ပဲ ရှိလေသ လား။ လန်းထံ အကြည့်တစ်ချက်တောင် ရောက်မလာပဲ ထွက်သွား ပုံက ကျန်ရစ်သူကို မခံချိမသာ ဝေဒနာတွေ ပေးသွားသလို။ တကယ်ဆို နှစ်ယောက်တည်းကျန်ခဲ့သည့်အချိန်မှာ မပြောလည်တာ တွေရှိခဲ့တာတောင် အပြုံးထားဖို့ မသင့်ဘူး မဟုတ်လား။ သူက





တောင် ဒီလောက်အုံ့ဖွဲ့ပြီး နာကြည်းပြနေမှ…။

နေပေါ့…နင်ကကျောခိုင်းရင် ငါကလက်ပြဖို့ ဝန်မလေး ဘူး။

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

"ကိုသစ်က…လန်းကိုကပ်တာ အကြောင်းမဲ့ မဟုတ်ဘူး"

"ဘာလဲ…ငွေရှိလို့လား၊ ဒါမှမဟုတ် မြတ်တော်ဝင်ရဲ့ အရှိန်အဝါကြောင့်လား၊ အဲ့ဒါတွေအတွက်ဆိုရင်တော့ ထားလိုက်ပါ လန်းဆန်း သူ့ဘက်မပါသွားအောင် ငါ့မှာ နည်းလမ်းတွေရှိသား"

"ဟင့်အင်း…မင်းထင်ထားတာထက် ပိုလေးနက်တယ် ကိုသစ်က သူ့အဖေအတွက် ရန်ငြိုးကို လန်းနဲ့ချေဖို့ ကြိုးစားနေတာတဲ့"

"သူ့အဖေအတွက်"

လုပ်လက်စ အလုပ်တွေ ရပ်တန့်သွားတဲ့အထိ ထိုစေ

နိုးမိုး၀၁၇၆ပေ



တစ်ခွန်းပေါ်မှာ သူ့အံ့သြဘနန်းဖြစ်သွားခဲ့သည်ဆိုလျှင်…

"စီးပွားရေးကဏ္ဍတစ်ခုမှာ သူ့အဖေနဲ့ အန်ကယ်တို့ ငြိခဲ့ကြဖူးတယ်တဲ့၊ အန်ကယ်တို့ဘက်က အမှုဆင်ပြီး တရားရုံးက ပြစ်ဒဏ်ချပေးတော့ သူ့အဖေက ထောင်ကျသွားတယ်တဲ့ကွ၊ အဲ့ဒီ ထောင်ထဲမှာပဲ အောက်ပိုင်းသေသွားခဲ့တာ အခုထိပဲ၊ ငါ့အစ်ကိုနဲ့ သူနဲ့က ကော်ဖီဆိုင်တစ်ဆိုင်ကိုအတူ ရှယ်ယာလုပ်ထားတဲ့အထိ ရင်းနှီးခဲ့ကြတာမျိုးဆိုတော့ သူ့ဘဝတစ်စိတ်တစ်ပိုင်းကို ငါ့အစ်ကို သိတယ်"

"အခု…လန်းဆန်း ကိစ္စကျတော့"

"ငါ့အစ်ကိုရဲ့ တွေးထင်ချက် ရာနှုန်းပြည့်မှန်မယ်လို့ ငါထင်တယ်၊ သူသိထားတာက လန်းဆန်းက မြတ်တော်ဝင်ရဲ့ သမီးအငယ်ဆုံးဆိုပြီး"

ဒါကြောင့် ဒီလူမြတ်တော်ဝင်ထဲ ချဉ်းနင်းဝင်ရောက်လာသည့် ခြေလှမ်းတွေက တိတ်ဆိတ်သလောက် မြန်ဆန်လွန်းသည်။ ထိုသတင်းကြားကြားချင်း လုလင်က ကားအသစ်ရဲ့ ပရောဂျက်တွေကို ဂရုမစိုက်နိုင်တော့ဘဲ ကြားမှာ မြတ်တော်ဝင်ကို ပြန်ခဲ့ခြင်းမရှိပါ။ သူရောက်တော့ ညဦးယံနှစ်နာရီ။ တစ်အိမ်လုံး မီးမှောင်ကျနေပြီး မိုးကတဖွဲဖွဲနဲ့ ရွာစပြုလာပြီ။ ခြံစောင့်ကြီးက ခြံတံခါးဖွင့်ပေး၍ အိမ်ထဲရောက်ပေမယ့် အိမ်သားအားလုံး အိပ်မောကျလျှက်ရှိသည်။

"ကိုသစ်အဖေနာမည်က ဦးသဏ္ဍတဲ့၊ ရှော(န်)ဂျုံခဲ့

နိုးမိုး၀၁၇၆ပေ

www.burmeseclassic.com

www.burmeseclassic.com



ဖူးလားဆိုတာ မင်းအမေကို ပြန်မေးကြည့်ပေါ့”

ကိုလင်းက အကြံပေးခဲ့သည်။ သူကတော့ ဒီဒီကိုမေး၍ မရည်ရွယ်ပါ။ မေပျိုကိစ္စကြောင့် ဒီဒီစိတ်မော လူမောဖြစ်ခဲ့တာ သူကအသိဆုံး။ သူ့အာရုံပေါ်လာတာက ဦးချို။ လုလင်တို့ငယ်စဉ်ကတည်းက အခုချိန်ထိ ဒီဒီ့အပါးတော်မြဲအဖြစ် နေတာတဲ့။ ဦးချို ဦးချိုကိုမေး၍ အမှန်အတိုင်း သိပါပြီတဲ့။ သူဘာဆက်လုပ်မည်နည်း။

“မင်း…လန်းဆန်းကိုတော့ ဘီလူးဆိုင်းသွားတီးလို့ မဖြစ်ဘူးနော် လုလင်၊ သူက ဟိုဘက်နဲ့တကယ်ငြိနေပြီဆိုရင် မိန်းကလေးတွေက ချစ်သူဘက်က ကာကွယ်မှာပဲကွ”

“အေးလေ…သူ့အတွက် နာကြည်းစရာ နေ့သစ်အပေါ်မှာမရှိဘဲ မြတ်တော်ဝင်နဲ့ပဲ သွေးကွဲသွားနိုင်တယ်၊ အဓိက,ကမင်းပဲ၊ အပြောမတော်ရင် ဆုံးရှုံးစရာတွေ အများကြီး ဖြစ်လာနိုင်တယ်”

သုဝေနဲ့ကိုလင်းရဲ့ စကားတွေထဲက ဆုံးရှုံးစရာဆိုတာ။

“သားရော…မင်းဒီဒီရော မရှိပေမဲ့ မောင်နေ့သစ်ကတော့ နေ့တိုင်းလိုလို ရောက်တယ်ဟော့၊ ဆေးရုံကအပြန်လှည့်ဝင်လာရင်း သမီးနဲ့စကားပြော၊ လမ်းလျှောက်ထွက်နဲ့ တစ်ခါတလေ တို့အိမ်သားအကုန်လုံးကိုတောင် ကျန်းမာရေး စစ်ဆေးပေးသွားတာမျိုးရှိသေး”





မားနီက သူ…မြတ်တော်ဝင်ကို ခဏပြန်လာတိုင်း ဒီအိမ်ရဲ့ အပြောင်းအလဲမှန်သမျှ တင်ပြတတ်တာ အကျင့်လိုဖြစ်နေပြီ။

“ဒါလည်း တစ်မျိုးကောင်းတာပဲ၊ တို့အိမ်မှာ စည်စည်ကားကားလေး ဖြစ်သွားတာပေါ့၊ ကေ့ရှ္ မောင်နေ့သစ်က လန်းအပေါ် မေတ္တာမှုချင်တယ်နဲ့တူပါရဲ့၊ အင်း လန်းအတွက် အမှားမရှိနိုင်ပါဘူး၊ လူတော်လူကောင်းလေးပဲ သားရဲ့”

ဒီလိုစကားတွေကြားရတိုင်း မငြိမ်မသက်သော ဒေါသဟာ စုံလုံးကန်း၍ ခုန်ထလာတတ်တာ ဘာကြောင့်များလဲ။ သူနဲ့တွေ့လိုက်တိုင်း အေးခဲဖြစ်သွားတတ်တဲ့ မျက်ဝန်းတွေဟာ နေ့သစ်ရှေ့မှာတော့ နှုတ်ခမ်းတွေ မပြုံးဘဲ မျက်ဝန်းကချည်း ရယ်မြူးရိပ်သမ်းနေတတ်တာတွေ တွေ့ရတဲ့အခါ ရင်ဘတ်ထဲတင်းခဲ ဖြစ်သွားတတ်သည်။

လုလင်က ဒီအချိန်ဆို အိပ်မောကျနေမည့် ဦးချိုကိုလည်း အနှောင့်အယှက်မပေးချင်။ ရင်ဘတ်ထဲက ပုစ္ဆာကို အဖြေရှာချင်တာနှင့် ရေခဲသေတ္တာထဲ ဘီယာနှစ်ဗူးကို ဆွဲယူသည်။

“ဟင်…အစ်ကိုလေး”

နောက်မှခြေသံနှင့်အတူ အသိန်းက အိပ်မှုန်စုံမွှားနှင့်…

“အစ်ကိုလေး ဒီည စက်ရုံမှာ အိပ်မှာဆို၊ ပြန်လာတာလား”



www.burmeseclassic.com

www.burmeseclassic.com



"အေး"

"ဘာစားဦးမလဲ၊ အသိန်း တစ်ခုခုလုပ်ပေးရမလား"

"မလိုဘူး...ရတယ်၊ ညည်းက ဘာလို့ထလာတာလဲ"

"ဟို...မိုးရွာမယ်နဲ့တူတယ် အစ်ကိုလေးရဲ့...တံခါးတွေ စစ်ဖို့လေ"

ဘီယာနှစ်ဗူးကိုဖောက်ရင်း အပေါ်ထပ်အခန်းဆီ သူတက် ခဲ့သည်။ အခန်းဝရောက်မှ စိတ်ကူးပြောင်းသွားပြီး ညလေအေး အေးမှာ မိုးစက်တွေ ခန္ဓာကိုယ်ပေါ် ခုန်ဆင်းလာသည့် အထိအတွေ့ ကို တမ်းတလာသည်။ ထို့ကြောင့် ခြေလှမ်းတွေက အခန်းတံခါး ဆီမှ ကွေ့ကာ လခြမ်းပုံ ထပ်ဆင့်ထုတ်ထားသည့် ဝရန်တာဆီ...။

မှလောင်ပြင်းပြနေသော ရင်ဘတ်သည် စိမ်းသက်သော အချစ်ကြောင့် နွေတလင်းလို အသွင်ပြောင်းနေ၍ ဒီမိုးစက်အောက်မှာ ငြိမ်းချမ်းပါရစေ...။

• • •

## အခန်း (၃၇)

ညအမှောင်ထဲမှာ မိုးစက်တွေက ကောင်းကင်မှ ပစ်ချ လိုက်တဲ့ငွေမြှားတံတွေလို။ လေထုကိုခွင်းပြီး မြေပြင်ပေါ်ခုန်ဆင်းနေ တာကို သူတကြည့်ကောင်းကောင်းနဲ့ငေးသည်။ အဖြေရှာမည်ဟု ကြိုးဝါးပြီးမှ အတွေးထဲ မြတ်တော်ဝင်သို့ လန်းဆန်းဝင်ရောက် တာလည်းပါသည်။ အတူနေဖြစ်သည့်အထဲမှ ပဋိပက္ခတွေကို ပြန်သတိရတာလည်းပါသည်။ သူမကို ဥပေက္ခာပြုဖို့ကြိုးစားရင်း အရေးကြီးလာတော့ သူမရှေ့ရောက်သွားရသည့်အဖြစ်တွေက အများ ကြီး။

"ဒါကြောင့် မင်းကိုပြောတာပေါ့ ဝန်ခံစမ်းပါ၊ မင်း... လန်းဆန်းကို ချစ်နေတာ"

"မင်းက ကိုယ်တိုင်မချစ်ဘူးလည်း မပြောဘူး၊ သူများက





www.burmeseclassic.com

ချစ်မယ်ဆိုတော့လည်း ဒေါသက ငယ်ထိပ်တက်ဆောင့်ပြီး ဖျက်လို ဖျက်ဆီးနဲ့၊ ကိုယ်က မစံစားရင် သူများခံစားမှာ ကြည်ဖြူလိုက်"

တဲ့လေ။ အဲ့ဒီလိုကျတော့လည်း နှလုံးသားက မာနကြီးနေ ပြန်၏။ ရှုံးမှုးသောအတ္တက ခေါင်းထောင်ထလာပြန်သည်။ သူ... ဘာလုပ်ရမလဲ။ နောက်ကျလာတဲ့အတွေးကို ဆေးကြောဖို့ ဘီယာကို တစ်ရှိန်ထိုးမော့ချသည်။ ဗူးခွံကို ရောက်ရာပေါက်ရာဆိုပြီး လွှဲပစ် တော့ တစ်ဖက်အုတ်နံရံကို သွားထိပြီး ထိခတ်သံက ကျယ်ကျယ် လောင်လောင်။ ထိုအခိုက်မှာပင် ဝရန်တာဆီထွက်လာသော ကျွန်း တံခါးက ဖျတ်ခနဲဖွင့်တော့ အတွင်းမှ လူတစ်ကိုယ်စာ မီးရောင်က ထိုးထွက်လာသည်။ သို့သော် ခဏပဲဖြစ်ကာ မီးရောင်က ပြန်ပျောက် သွားပြီး တံခါးအပြင်ဘက်မှာ ကျန်နေတာက သူ့ရဲ့ရင်ဖွက်..နတ် သမီး။ လုလင်က ဝရန်တာ ဒီဘက်အစွန်းဒွဲရပ်နေတာမို့ မှောင်ရိပ် ကျသဖြင့် တော်ရုံလူ မမြင်ရချေ။ ညဝတ်ဂါဝန်က ခြေဖျားတိုင် အထိ ရှည်သည့်နိုစိမ်းရောင် ပိုးသားပျော့လေးက ပခုံးချိုက်ရုံကြိုး တချောင်းတည်းမို့ လက်မောင်းသားဝင်းဝင်းလေးတွေ။ လည်တိုင် ရှင်းရှင်းလေးတွေက ညအမှောင်အောက်မှာမို့ ပိုထင်ရှားသည်။ ခါးနောက်ကြိုးမှာစည်းထားတာကြောင့် သွယ်လျတဲ့ ခန္ဓာကိုယ် ကောက်ကြောင်းက တိမ်းမူးဖွယ်ရာအထိ။ နောက်ကအသာ လက်ပိုက်ကြည့်ရင်း လုလင်က ရင်ခုန်သံတွေကို လွှတ်လပ်ခွင့် ပေးထားလိုက်သည်။ အဟွန်း...ကိုယ်ထိန်းချုပ်နေရလည်း



ငြိမ်သက်သွားတာမျိုးမှ မဟုတ်တာ။ ဇွဲခနဲတိုက်ခိုက်လိုက်သော လေအေးထဲမှာ မိုးစက်တွေက သူမကိုဖျန်းခနဲ ဝက်ပစ်လိုက်ပါနဲ့တူ သည်။ ပခုံးလေးကျုံ့နေအောင် လက်ပိုက်ဝစ်လိုက်ရင်းက ကောင်းကင်ကြီးကို မော့ကြည့်ကာ...

"နင့်ကို...ငါ...သိပ်လွမ်းတယ်...မေပျို"

တနင့်တပိုးအလွမ်းတွေနဲ့ ပြောခြင်းကြောင့်လား မသိ။ နောက်ကကြားရသူတောင် အလွမ်းတွေကူးစက်လာကာ ရင်ထဲဆို့ နင့်ကြီး ဖြစ်လာ၏။

"ဟွန်း...နင်ကစာအုပ်ထဲမှာ ရေးသွားတယ်နော်၊ လုလင် နဲ့ငြိမ်းချမ်းရေးယူတဲ့၊ နင့်မောင်က ငါ့ကိုတစ်သက်လုံး မငြိမ်းချမ်း ဘူးဆိုပြီး ဘုရားမှာ အဓိဋ္ဌာန်ဝင်ထားသလား မသိဘူး ဒီနေ့အထိ ဈက်လုံးချင်းတစ်မိနစ်လောက်တောင် မဆုံမိဘူးလေ၊ ပြောရင် ယုံစရာမရှိဘူး...သူမှာ သူ့အလုပ်နဲ့သူ တော်တော်မအားမလပ် ဖြစ်နေပုံပဲဟဲ့ သိလား"

ပြောရင်းနဲ့မာန်ပါလာပုံရသည်။ ပါးပေါ်ဝဲကျလာတဲ့ ဆံပင်တွေကို နားရွက်နောက်ထိုးညှပ်တော့ နုတံချွန်ချွန်နှင့်အတူ ဒေါသကြောင့် လုံးနေသည့်နှုတ်ခမ်းပါးတွေပါ ချွန်ထော်နေတာ တွေ့နေရ၏။

"အိမ်ပြန်လာလည်းခဏပဲ၊ အဲ့ဒီခဏမှာတောင် စာကြည့် ခန်းထဲဝင်ပြီး လက်(ပ်)တော့(တ်)တစ်လုံးနဲ့ အငြိမ်ဖယားခွဲနေတာ





www.burmeseclassic.com

www.burmeseclassic.com



ဟဲ့၊ မဟုတ်မှလွဲရော အင်တာနက်ထဲလျှောက်မွှေပြီး မမြင်ရမကြား
ရသော သံယောဇဉ်တွေ လုပ်နေလားမှ မသိတာ”

လန်းက ကိုယ့်စကားလုံးကို ကိုယ့်ဟာကိုယ်သဘောကျ
ကာ ဟက်ခနဲရယ်မိသည်။ မေပျို့ရိုတုံးက ဒီလိုပါပဲ။ အိပ်မပျော်
သောညတွေဆို အခန်းကူးသွားပြီး ပြောမိတာပေါက်ကရာရှစ်ဆယ်။

“နင်စဉ်းစားလေ…လန်းရဲ့၊ ချက်တင်ထိုင်တယ်
ဂျိုတော့(စ်)ပြောတယ်ဆိုတာ ရုပ်လည်းမတွေ့ရ၊ စကားလည်းမပြော
ရနဲ့ အဲ့ဒီကမှ အရှိန်တွေတက်ပြီး အပြင်မှာချိန်းတွေ့ကြတာ”

“ဒါဆို…မကြားရမမြင်ရသော သံယောဇဉ်ပေါ့”

ဆိုတော့ မေပျို့က အားရဝမ်းသာထောက်ခံကာ…

“အေး…ဟုတ်တယ်”

တဲ့လေ။ လန်းက စတီးဝရန်တာပေါ် လက်ဆန့်ထောက်
ရင်း ခြံတွင်းကိုလှမ်းကြည့်သည်။ မြတ်တော်ဝင်ပဲ ညရဲ့အမှောင်
ထုကြား မိုးစက်တွေကြားမှာတောင် ဣန္ဒြေတွေကြီးစွာလှပသေး။

“သူ့ဟာသူဘာသံယောဇဉ်ပဲ လုပ်လုပ်ပါ၊ ငါ…ဂရုစိုက်
လို့ပြောတာ မဟုတ်ဘူး၊ နင့်မောင်…အလုပ်ပဲတကယ်ရှုပ်သလား
အရှုပ်တွေလုပ်နေသလားဆိုတာ သိရအောင်”

လန်းရဲ့နားထဲ၌ ရယ်သံတစ်ခု။ ပိုသေချာအောင် နားစွင့်
တော့ ကလေးရယ်သံ။ ကလေးတစ်ယောက် အားရပါးရရယ်နေ
အသံ။ ထွက်လာတာက လန်းရဲ့ကျောဘက်က။ လန်း…ရုတ်





တ် အသံလာရာဆီလှည့်ကြည့်လျှင်…

“အမေ့…”

မည်းမည်းအရိပ်တစ်ခု…လန့်ဖျတ်သွားသော ရင်ဘတ်ကို
ကာ ထိုအရိပ်အား မျက်တောင်မခတ်စတမ်း စိုက်ကြည့်သည်။
ရန်တာထောင့်စွန်း၌ ခိုရပ်နေ၍ ဒါ…သူခိုးများလား။ ညကြီး
ချိန်မတော်…ဒါမှမဟုတ် အသိန်းကြောက်တတ်သော တစ္ဆေ
ရဲဆိုတာများလား။ ပလုံစီအတွေးတွေနဲ့ ငေးစိုက်ကြည့်နေစဉ်မှာ
အရိပ်ကစတင်လှုပ်ရှားလာကာ မီးလင်းနေသောအရာတစ်ခုကို
, နားကပ်ရင်း…

“ဟဲ့လို…အေး…ကိုလင်း ပြော”

ဆိုတဲ့ ဖုန်းထူးသံနှင့်အတူ အလင်းရောင်ဖျဖျရှိရာဘက်
ို့ ထွက်ရပ်မှ…

“ဟင်…လုလင်”

အထိတ်တလန့်ခေါ်သံ ထွက်သွားသည်။ သူကဖုန်းနား
ထောင်ရင်း လန်းရှိရာဘက်သို့ ခပ်မတ်မတ်လျှောက်ထွက်လာကာ

“အေး…နားထောင်နေတယ်၊ ဟဲလို…ဟဲလို…အား
ကြားရတော့ဘူး… ဘက်ထရီခေါင်းသွားပြီနဲ့တူတယ်”

သူ့ဟာသူပြောကာ ဖုန်းကိုဝါဝါပိတ်၍ ဘောင်းဘီအိတ်ထဲ
ို့ ထိုးထည့်သည်။ ဘောင်းဘီအိတ်ထဲ လက်တစ်ဖက်နှိုက်ရက်
နဲ့ပင် လန်းအနားလာရပ်တော့…

“နင်…ဒီည စက်ရုံမှာ အိပ်မယ်ဆို”



www.burmeseclassic.com

www.burmeseclassic.com



ဝရန်တာကို တံတောင်ကွေးတင်၍ထောက်တော့ ...
ခါးညွတ်ပြီးသားဖြစ်သွားသည်။ အခုမှအရပ်ချင်းညီသွားသလို...
မေပျိုနဲ့လန်းက အရပ်အမောင်းချင်း မတိမ်းမယိမ်းပေမဲ့ သူနဲ့...
အတော်ကြီးကွာပါသည်။ ဘေးချင်းယှဉ်ရပ်လျှင် သူ့ပခုံးစွန်းလော...
ပဲ လန်းကရှိကာ တစ်ခုခုပြောမည်ကြံရွယ်တိုင်း သူ့မျက်နှာ...
မော့ကြည့်ခဲ့ရတာကို ဘယ်တော့မှမမေ့။ အခုတော့ သူနဲ့လန်း...
နီးနီးလေးဖြစ်သွားသလို...

"အင်း...ဒီနိုကိုပြောစရာရှိလို့ပြန်လာတာ"

"ပြောပြီးသွားပြီလား"

"ငါရောက်တာ နောက်ကျတယ် မနက်မှပဲ"

လန်းကခေါင်းညိတ်ပြီး လက်ဝါးလေးဖြန့်ကာ မိုးစက်...
ကို ခံကြည့်သည်။ လေကစောစောကထက် ပိုတိုက်လာသ...
လက်မောင်းသားတွေ အေးစက်နေတာ သတိထားမိမှ ကိုယ်...
ညအိပ်ဂါဝန်ကြီးနဲ့အဖြစ်ကို သတိရသည်။ အခန်းထဲဝင်ရန်သ...
လို့တွေးတော့ ခြေလှမ်းက ဖြင်ပြီးသား။

"ငါ့အတွက်ပေးသွားတဲ့ မေပျိုစာအုပ်ထဲမှာ ဘာ...
ထားလဲ...နင်မသိချင်ဘူးလား"

တိတ်ဆိတ်ခြင်းကို ဖြိုခွင်းပစ်သည့် သူ့စကား...
လှမ်းလက်စ ခြေလှမ်းတွေကို ကြာပွတ်ဖြင့် ရှမ်းခနဲရစ်ပတ်...
လိုက်သလို။ လုလင်က ဝရန်တာကို ခါးစောင်းဖြင့် မှေး...
လန်းဘက်လှည့်ရပ်တော့ လက်နှစ်ဘက်က ဘောင်းဘီအိ...





...မ်းချမ်းစွာ ထည့်ထား၏။ အတွင်းက တီရှပ်အနက်ပေါ်လည်သာ
...ကင်အနက်ရောင် ထပ်ဝတ်ထားသောကြောင့် စောစောက လန်း
...မြင်ခဲ့ခြင်းဖြစ်လိမ့်မည်။ ဒါဖြင့် လန်းပြောသမျှ သူကြားသည်ပေါ့..
...တွေးနဲ့မျက်နှာလွှဲလိုက်ပေမယ့် လုလင်က လန်းကိုကြည့်နေသည်
...တာ မျက်ဝန်းထောင့်မှာမြင်နေရသည်။

"နင့်ကို...စိတ်ရှည်သည်းခံတဲ့"

"အဟွန်း...ငါ့ကိုလည်း ဒီအတိုင်းမှာခဲ့တာပါပဲ"

"ဖြစ်သင့်ပါတယ်၊ ငါတို့ မငြိမ်းချမ်းခဲ့တဲ့လမ်းကြောင်း
...လည်း ဘာမှမည်မည်ရရမရှိပဲ"

"ဒါပေမဲ့...နင်ရန်စခဲ့တာတော့ရှိတယ်လေ"

ပက်ခနဲ လန်းကထပြောတော့ သူကဟက်ခနဲရယ်၏။
...က်ခုံးနှစ်ဖက်က ရှိသင့်တာထက်ပိုထူပြီး နက်မှောင်နေသည်။
...က်လုံးက နည်းနည်းမှေးသလိုရှိပေမဲ့ တိုစိပ်စိပ်မျက်တောင်တွေနဲ့မို့
...ည်နေည်းပြူးရင်တောင် မြှူးရိပ်တွေဖြစ်သွားတတ်တာကို လန်းက
...ကြည့်ရင်း...

"မဆိုးပါဘူး...ဒီလိုမျက်နှာကြောလျှော့တော့လဲ"

"ဘာလဲ...ချောတယ်လို့ ဝန်ခံချင်တာလား"

"အင်း...ရုပ်ကချောချင်ပါတယ်၊ ဟွန်း...မျက်နှာက
...တ်နေပြီး"

နှာခေါင်းရှုံ့ပြီး လန်းကပြောတော့ သူကရွှးရွှးရှဲရှဲထပြုံ...
...ဘ



www.burmeseclassic.com

www.burmeseclassic.com



"ဟော့··နင်အရောင်ရနံ့စတာနော်"

"ဟွန့်··နင်လည်း စိတ်မရှည် သည်းမခံနိုင်ဘူး မဟုတ်
လား"

"အာ···ဒါကတော့"

ဖြေရှင်းရန်စကားက ရှားပါးကုန်၏။ လုလင်က ကုတ်
ကိုလက်နဲ့ပွတ်ရင်း···

"ဆောရီး"

လက်နှစ်ဖက်ပိုက်ရင်း လန်းကစေ့စေ့ကြည့်ကာ နှုတ်ခမ်း
လေးတွေကော့တက်အောင်ပြုံးရင်း···

"ငါလဲ···ဆောရီး"

"စိတ်မပြေပေမဲ့ တောင်းပန်တော့လဲကျေရမှာပေါ့"

"အောင်မာ"

မျက်စောင်းရွယ်တော့ လုလင်က ထရယ်သည်။ အား
တတွေရှိခဲ့ဖူးပေမဲ့ အခုတော့ ရန်ဖြစ်ခြင်းအပေါ် ငြီးငွေ့သွားခဲ့
ဒါဟာ မိုးစက်တွေကြောင့်လား မေပျိုကြောင့်လား မသိ
နှစ်ယောက်စလုံး အလိုရှိတာက ငြိမ်းချမ်းရေးဆိုလျှင်···

"နင့်စာအုပ်ထဲမှာ နင့်အမေအကြောင်း မေပျိုရေး
ဘူးလား"

"အင်း···ပြေလည်စေချင်တာဝါမှာပေါ့"

"အန်တီနော်င်း···မြန်မာပြည်ပြန်ရောက်နေပြီ လုလ
အဆက်အစပ်မရှိပြောချသော လန်းစကားကြောင့် လု





ဆတ်ခနဲမတ်သွား၏။

"ဘယ်လို···နင်ဘယ်လိုလုပ်သိလဲ"

"ဒီကိုဖုန်းဆက်တာ"

လန်းက သက်ပြင်းရှိုက်ရင်း···

"ငါ···ဖုန်းကိုင်တော့ မေပျိုနဲ့မှားပြီး စကားတွေအများ
ကြီးပြောသွားတယ်"

"ဘာပြောသွားတာလဲ၊ ဘာတဲ့လဲ"

"အန်တီနော်င်း···ဒီကိုပြန်လာတဲ့ရည်ရွယ်ချက်က နင်တို့
နဲ့တွေ့ဖို့ပဲ လုလင်"

နှုတ်ခမ်းဖျားကို ဖွဖွကိုက်ရင်း ထိုစကားကိုပြောဖို့ လန်းက
အားယူသည်။

"မာမီမှာ အချိန်အများကြီး မကျန်တော့ဘူး သမီး···
တကယ်ပဲကျိန်စာက မာမီကိုသင့်ခဲ့ပြီ၊ ဒါပေမဲ့ မာမီပျော်ပါတယ်၊
မာမီ့သားနဲ့သမီး ဒီလောကကြီးထဲမှာ ပျော်ပျော်ရွှင်ရွှင်နဲ့ နေရစ်ခဲ့
မယ်ဆိုရင် မာမီ ခွဲထွက်ရကျိုးနပ်ပါတယ်"

မောပန်းနေသောအသံ။ ရှိုက်လေဝင်လေမကွဲပြားတော့
လူတစ်ယောက်အား ကျွန်မ မေပျို မဟုတ်ပါဘူးလို့ ပြောထွက်
ရန်အင်အား လန်းထံမရှိခဲ့ပါ။ ကောင်းကင်နဲ့အပြိုင် ညို့မှိုင်းသွား
တဲ့ လုလင်မျက်နှာကိုကြည့်ရင်း

"ငါ့စိတ်ထင်···အန်တီနော်င်းမှာ အချိန်သိပ်မကျန်တော့
ဘူးလို့ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



လုလင်က နှုတ်ခမ်းတစ်ဖက်ကို နာနာကြည်းကြည်းမဲ့ရှု သည်။ ပြီးမှ…

"ဘာထူးလဲ…ခွဲထွက်သွားလည်း အခုမေပျို့မရှိတော့ဘူး လေ အလကားပါ၊ ဘာကျိန်စာမှ ငါမယုံဘူး၊ ငါတို့မှာ အမေမဲ့ခဲ့တာ ပဲ အဖတ်တင်ခဲ့တာ၊ အခုမှတွေ့ချင်တာတွေ…တမ်းတတာတွေနဲ့ ကျုံးသွင်းမနေနဲ့၊ ငါ…စိတ်မဝင်စားဘူး လန်းဆန်း"

"ဒါပေမဲ့ ဒီဒီက စိတ်ဝင်စားတယ် လုလင်"

"ဒီဒီ…သိသွားပြီလား"

လှည့်မေးပုံက တုန်လှုပ်စွာစိုးရိမ်တကြီး။ ဒီဒီ့အတွက် သူတကယ်စိုးရိမ်ပါသည်။ စွန့်ခွာခြင်းရဲ့ဒဏ်ကို အလူးအလဲခံစား ၍ ပြေမယ်မှအချိန်မတန်သေး။ မေပျို့ရဲ့ခွဲခွာခြင်းကြောင့် ဒီခံစားချက် တွေကြား ဒီဒီနာလန်မထူမှာ လုလင်…တကယ်စိုးရိမ်ပါသည်။ ဘဝရဲ့ထိုးနှက်ချက်တွေက ဒီဒီ့အတွက်တော့ ပြင်းထန်လွန်းသည် လေ။ လန်းကသူ့အမေးကို ခေါင်းညိတ်ရင်း

"မေပျို့…ဒီဒီ့ကိုပေးသွားတဲ့စာအုပ်ထဲမှာ အန်တီနှောင်း ရောဂါအကြောင်းရော…ဘယ်နေ့မှာမြန်မာပြည် ပြန်ရောက်မယ် ဆိုတာပါ ရေးပေးသွားတယ်နဲ့တူတယ်၊ ငါပြောပြတော့ ဒီဒီက သူတို့သားအမိကြား သွေးကစကားပြောသွားပြီတဲ့"

"ငါတော့မထင်ဘူး"

"ဘာကိုလဲ"

"မေပျို့က အယုံလွယ်တော့ ကျိန်စာတွေရောဂါတွေ





ဗန်းပြပြီး ကောင်းကောင်းစည်းရုံးသွားတာပါ"

"ဟဲ့…အဲ့ဒါ…နင့်အမေနော် လုလင်၊ နင်…တယူသန် တွေးတာကိုလျှော့"

"ကျစ်…တရားလာပြမနေပါနဲ့၊ မိခင်မေတ္တာလို့ ကြွေး ကြော်နေတဲ့ သူကိုယ်တိုင်က ငါတို့ကို မေတ္တာမပေးခဲ့တော့ ငါက ဘာမှန်းကို နားမလည်တော့တာ၊ ဟွန်း…မေတ္တာလို့ပြောရင် လှုရှင် တော်ပဲမြင်ယောင်မိနေတာ မခက်ဘူးလား"

"နင်နဲ့တော့…ခက်တော့တာပဲ လုလင်ရယ်"

စိတ်လွတ်ကိုယ်လွတ် အငြင်းပွားနေတာက ခပ်စိပ်စိပ်ကျ လာတဲ့မိုးစက်တွေကို သတိမထားမိတဲ့အဖြစ်။ သူကလည်း ဒေါသ နဲ့သူ လန်းကလည်း ဖြေသိမ့်ရန် စကားလုံးရှာဖွေနေမိရာမှ…

"ဂျိမ်း…ဒလိန်း"

ဝင်းခနဲပြိုးပြက်သည့် လျှပ်စီးနှင့်မိုးခြိမ်းသံအကျယ်ကြီး နောက်မှာ အငြိုးတကြီးရွာချတဲ့မိုးစက်တွေ။

"ဟ…မိုးသည်းလာပြီ၊ ဝင်မယ် အထဲကို၊ ပြေး…ပြေး လန်း…လန်း"

လုလင်က အော်လည်းအော်သည်။ လန်းရဲ့လက်ကိုဆွဲပြီး ပြေးတာတံခါးနားအထိ။ တရစပ်ထိမှန်လာတဲ့ မိုးစက်တွေရဲ့ သွတ်ကင်းရာထင်ပြီး မျှော်လင့်တကြီးနှင့် တံခါးလက်ကိုင်ဘုလေးကို ဆွဲလှည့်သည်။ ချောက်ခနဲအသံပေး၍ လက်ကိုင်ကလည်းမလာတော့



www.burmeseclassic.com

www.burmeseclassic.com



အခါ..

"သွားပြီ"

"ဟင်...ဘာလဲ...ဘာသွားတာလဲ...လုလင်"

"အထဲကလော့(စ်)ကျသွားပြီ"

"ဒါဆို...ဘယ်လိုလုပ်မှာလဲ၊ တံခါးကိုထုကြည့်မှပဲ တစ်ယောက်ယောက်ကြားအောင်"

လန်းကအကြံရတာနဲ့ စတင်အကောင်အထည်ဖော်ကာ တံခါးကို တဒုန်းဒုန်းနဲ့ထုသည်။ သို့ပေမဲ့ သူမသာလက်တွေနာလာသည်။ ကျွန်းတံခါးကြီးက တုတ်တုတ်မလှုပ်ပဲ။ လန်းအားသွန်ရှိ ရင်ထုလေဆိုပြီး စိန်ခေါ်နေသယောင်။

"ထုမနေနဲ့၊ ထူးလာမှာ မဟုတ်ဘူး"

"ဟယ်...ဒါဆို ငါတို့ဘယ်လိုလုပ်မှာလဲ၊ မိုးကပိုသည်းလာပြီး ခိုစရာ အမိုးကလည်းမရှိ"

အဆက်မပြတ်ကျနေသော မိုးပေါက်တွေက ကြည့်နေရင်းကပိုကြီးလာသယောင်။ ဝေ့ခနဲတိုက်လိုက်သည့် လေအေးတွေက အရေပြားမှတစ်ဆင့် အရိုးထိအောင် စိမ့်သွားစေသည်။ ပိုဆိုးတာက လန်းမှာပခုံးချိတ်လက်ပြတ်လေးမို့ အကာအကွယ်မဲ့သည့်နေရာတွေမှာမိုးစက်တွေကြောင့် ရှဲ့ရှဲ့ရှိ။ လုလင်က အပေါ်ထပ်ဂျာကင်ကိုချွတ်ကာ လန်းကိုဝတ်စေရင်း...

"ငါ့ဖုန်းကလည်း ဘက်ထရီခေါင်းသွားပြီ"

မင်းရဲ့အနမ်းတွေကြားမှာ ဝိုင်ဘတ်ကိုပုံပေးမယ် ၂၆၇

မစ်ဘဲသည်းပေ့ာမည့် ကောင်းကင်အား မော့ကြည့်ရင်း

"ဘယ်တတ်နိုင်မလဲ...မိုးလင်းအထိ ဒီလိုပဲနေသွားရတော့မှာ"

သူကပြောရင်း...

"နင်...ဒီဘက်လာရပ်"

ခေါင်းလုံရုံအမိုးစွန်းကလေးထဲ လန်းကိုနေရာရွှေ့ပေးရင်း လေလာရာဘက်သို့ကျောနှင့် လုလင်ကကာထားကာ...

"ဒီလောက်ဆို...နင်အချမ်းသက်သာသွားမှာပါ"

မိုးရေတွေ ရွှဲနေသော ဆံပင်တွေကြောင့် သူ့မျက်နှာပေါ်က အလှတရားတို့က ပိုရှုံရှန်းကြွလာသည်။ တစ်ပင်နှင့်တစ်ပင်စိုလူးပူးကပ်နေသော မျက်တောင်ဝန်းရံသည့် မျက်ဝန်းတောက်လေးတွေနဲ့ သူ့ကိုမော့ငေးကာ...

"ကျေးဇူး...လုလင်"

တဲ့...အချစ်နှင့်မရင်းနှီးခဲ့သော ရင်ခွင်သည် ထိုစကားတခွန်း၊ ထိုအကြည့်တစ်ချက်မှာပဲ အင်အားပြင်းလျှော်တစ်ခု လှုပ်ခံလိုက်ရသလို။ ကတိမ်းကပါး လှုပ်လှုပ်ရှားရှားနဲ့ ရစ်(ချ်)တာစကေး ဘယ်လောက်အထိ မြင့်တက်သွားလဲ..သူ, မသိ။ ဒါပေမဲ့... ရင်ဘတ်တိုင်းက အမှန်တရားကို ခံစားတတ်ကြောင်း သူမကိုသိအောင်...သူ...ပြောပြချင်ပါသည်။

• • •



နိုး : မိုး : ၈၇၆ပ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၈)

"ဟင်…ဟင်း…"

နှုတ်ခမ်းတွေက ခြောက်သွေ့လွန်းနေသည်။ ညကတော့ ချမ်းလိုက်တာ ခိုက်ခိုက်တုန်။ အခုတော့အာခေါင်တွေခြောက်။ လည်ချောင်းတွေအတွင်း တစ်ကိုယ်လုံးပူနေတာ ခြစ်ခြစ်တောက်။ နားထဲမှာ မိုးသံလေသံတွေလည်း မကြားရတော့။ မိုးခြိမ်းသံ။ လျှပ်စီးလက်တာတွေလည်း မရှိတော့ဘဲ ကြားရတာက စကားပြော သံသဲ့သဲ့။ လုလင်…လုလင်ဖျားလား။ အတွေးနဲ့အတူ မျက်ခွံတို့ကို အားယူဖွင့်ပေမဲ့ ပွင့်မလာဘဲ ပြန်မှိတ်ကျသွားသည်။ သူမ…ဖျားနေ ပြီလား။ ဒါဆို လုလင်ကရော။ စိုးရိမ်စိတ်က တဖန်ခေါင်းထောင် လာတော့ အာရုံထဲမှာ လုလင်ကို မြင်မက်လာသည်။ ဒါ… အိပ်မက်, မဟုတ်။ တကယ့်အဖြစ်အပျက်ပါ။ ညက… မိုးကြီးလေ ကြီးထဲမှာ လုလင်…သူမအပေါ်ရိုင်းပင်းခဲ့တာ လန်းအသိဆုံး။





"နင်…အရမ်းချမ်းနေပြီလား လန်းဆန်း"

မေးတဲ့သူက နှုတ်ခမ်းတွေပြာပြီး မေးရိုက်သံက တဂက် ဂက်နှင့်။ သူက လန်းထက်ပိုချမ်းမှာပါ။ မိုးရေတွေက တစ်ကိုယ်လုံး ကို ရွှဲရွှဲစိုနေပြီး လေလာရာလမ်းကြောင်းကို ကျောပေးကာထားရ တာ။ လန်းက သူ့ရင်ခွင်ထဲ ရောက်နေသေးတာရယ် သူ့ဂျာကင် အထူကြီး ဝတ်ထားရတာရယ်တောင် မိုးရေထဲ တစ်နာရီကျော် ကျော်ရပ်နေ၍ ခြေထောက်တွေလည်း ထုံနေပြီ။ ချမ်းသည့်ဒဏ်။ မတ်တပ်ရပ်နေရ၍ ညောင်းသည့်ဒဏ်တွေအပြင် နားကွဲလုမတတ် ခြိမ်းသောမိုးခြိမ်းသံတွေကြောင့် လူကနားခိုရာ တစ်ခုခုကို အပြင်း ထန်ဆုံး တောင့်တလာရသည်။

"နင်…ဖြစ်ရဲ့လား လုလင်"

"ရပါတယ်"

"အမိုးအောက်ထဲ ဝင်ရပ်ဟယ်၊ မှုန်မှုန်တတပေါ့၊ အခုလို နေတာထက်စာရင် နည်းနည်းတော်သေးတယ်လေ"

"နေပါ၊ အဲဒီအထဲငါဝင်ရင် နင် မိုးနဲ့လေတိုက်တဲ့ဒဏ်ကို ခံနိုင်မှာ မဟုတ်ဘူး"

"ငါတို့ဒီလို ဘယ်လောက်ကြာအောင် ထပ်နေရဦးမလဲ ဟင်"

လန်းက အမိုးစွန်းက ကျနေသော မိုးစက်တွေကိုမော့ကြည့် ရင်း တုန်ခိုက်ခိုက်လေးမေးမိသည်။ အချမ်းဒဏ်ကြောင့် တခဏ ဆတ်တုန်နေသော ခြေထောက်တို့က မကြာခင် ခွေလဲတော့မယ်လို့



www.burmeseclassic.com

www.burmeseclassic.com



လူကိုအသိပေးနေသယောင်။ လုလင်က ရေစိုခံ နာရီကိုတချက်ကြည့်ရင်း

"နောက်...သုံးနာရီလောက်ဆို မိုးလင်းပါပြီ"

"နောက်...သုံးနာရီ"

မေးရင်း စိတ်ပျက်အားလျော့ခြင်းက ဖိစီးတော့ လူကမိုက်ခဲ့ ယိုင်သွားသည်။ လုလင်က စိုးရိမ်တကြီးနဲ့ သူမပခုံးတွေကို ဆွဲထိန်းထားတော့ ပြိုလဲသွားခဲ့တာ တစ်ချိန်က မနှစ်မြို့ဖူးသော ရင်ခွင်ဆီ...

"နင်...နင်အဆင်ပြေရဲ့လား လန်းဆန်း"

ချမ်းအေးခြင်းကြားထဲမှာ ရင်ချင်းအပ်သောအခါ ထွက်ပေါ်လာသော နွေးထွေးမှု။ ထိုအထိအတွေ့ကို မက်မောတာသပ်သပ်။ အရိုင်းဆန်သော ရင်ခုန်သံများ ရှုံ့ဖြစ်ရတာသပ်သပ်။ လန်းဟာ သူ့ရင်ခွင်ထဲမှာ မျက်နှာအပ်ထားမိသည်။ နွေးထွေးသော ရင်ငွေ့နဲ့ ရှုံ့သင်းသော ကိုယ်သင်းရနံ့ကြားမှာ မျက်ဝန်းတို့ကို မှိတ်ချမိတာ အားကိုးယုံကြည်၍ပါ။

"ဒေါရီး...လန်းဆန်း"

ဘာကိုတောင်းပန်မှန်းမသိပေမဲ့ သူ့ရဲ့လက်အစုံက လန်းရဲ့ ကျောပြင်ကို တင်းတင်းသိုင်းဖက်သည်။ နွေးထွေးခြင်း အမျိုးအစား ဘယ်နှစ်မျိုးရှိသလဲ...လန်း, မသိ။ ဒိန်းခဲနဲ့ ဂျိမ်းခဲ ပစ်ခွင်းသည့် မိုးခြိမ်းသံလည်း အခု လန်းကမကြားတော့။ ဝင်းခနဲလက်သည့် လျှပ်စီးကြောင်းတွေကိုလည်း သူ့ရင်ခွင်မှနေ၍ ရဲရဲအံတုကာ...။





အပြင်ဘက်ရာသီဥတုနဲ့အတူ သူမရင်ထဲ လေရောမိုးရော မစဲခဲ့တဲ့ မုန်တိုင်းငယ်တစ်ခုနှင့်အတူ ရင်ခုန်သံကမ္ဘောက်ခဲ့ပါလျှင်...

ငါ...ဒီညကို...ဘယ်တော့မှမမေ့ဘူး...လုလင်..။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၉)

"ကျေးဇူးတင်ပါတယ် မောင်နေ့သစ်ရယ်"

"အာ…အန်ကယ်ကလည်း ရပါတယ်၊ ကျွန်တော့် အတွက် အပန်းကြီးတာမဟုတ်တာ၊ ပြီးတော့ ဟိုရက်တွေတည်းက လန်းဆန်းကျန်းမာရေးကို ကျွန်တော်က သိပ်အားရတာ မဟုတ်ဘူး ကိုယ်ခံအားနည်းနေတဲ့အချိန် မိုးမိသွားတာဆိုတော့ အဖျားဝင်တာ ပါ"

"စိုးရိမ်စရာတော့မရှိဘူး မဟုတ်လား၊ အန်ကယ်က နမိုးနီးယားတွေ ဘာတွေဝင်သွားမှာစိုးလို့"

"မဝင်ပါဘူး အန်ကယ်ရဲ့၊ ရိုးရိုးအအေးမိပြီးဖျားတာပါ ညနေလောက်ဆို သက်သာသွားမှာ၊ ကျွန်တော်ညနေဂျူတီဝင်ခါနီး ဝင်ကြည့်ပေးမယ်လေ"

"မောင်နေ့သစ်ကို ဒုက္ခပေးသလိုဖြစ်နေပြီ"





"ဒုက္ခတွေ…သုခတွေဆိုတာ ခံယူသူအပေါ်မှာပဲ အဓိပ္ပါယ်ထွက်တာပဲ…အန်ကယ်"

ဘယ်အရာကို ရည်ညွှန်း၍ပြောလိုက်သလဲ။ သက်ရောက် ခြင်း အမျိုးမျိုးတွေရှိပေမဲ့ သူက ဒုက္ခလို့မခံယူရင် ဒါ…သုခပဲလို့ ရည်ရွယ်လိုက်သလို။ လန်းနှင့်ပတ်သက်သမျှ သူ့အတွက် သုခတွေ ပါပဲလို့ သွယ်ဝိုက်ဝန်ခံသည့်စကားဟာ ဘာအဓိပ္ပါယ်များလဲ။ ဒီမနက် မိုးတွေခံရန် ဝရန်တာတံခါးဖွင့်တော့မှ လုလင်ရင်ခွင်၌ အိပ်ပျော်နေသော လန်းနှင့်ဝရန်တာကို ကျောမှီကာ မျက်ဝန်းတို့ မှိတ်ထားသော လုလင်။ ဒီမြင်ကွင်းကိုတွေ့ရသည့် အံသိန်းမှာ ထုံးစံအတိုင်းအော်ကြီးဟစ်ကျယ် သတင်းပို့၍ မြတ်တော်ဝင်တစ်ခု လုံးလှုပ်လှုပ်ရှားရှား ဖြစ်သွားရသည်က မနက်ခြောက်နာရီ။ လုလင်ကတော့ ဖျတ်ခနဲနိုးတာနဲ့ အိပ်ချင်မူးတူးဖြစ်တာတောင် သတိမလွတ်ဘဲ လန်းကိုစွေ့ခနဲကောက်ပွေ့ကာ

"ဒီဒီ…ဆရာဝန်ခေါ်ပါ…လန်းဆန်းမိုးမိလို့ ဖျားနေပြီ"

မိုးရေစိုတာချင်းအတူတူ သူ့ရဲ့ စိုထိုင်းထိုင်းအဝတ်တွေကို အရင်မလဲနိုင်ဘဲ လန်းအနားမှာ ပျာယာခတ်နေသည်။ ဟိုလူအော် ဒီလူ့အမိန့်ပေးရင်း စိတ်တိုင်းမကျဖြစ်ရတာလည်း လုလင်ပင်။

"ကျစ်…မားနီ…လုပ်ပါဗျ၊ လန်းဆန်းကို အကျီလဲဖို့၊ ဟဲ့ ကောင်မလေး…ဘာလုပ်နေတာလဲ နင့်အစ်မ ဆံပင်တွေ ရေသုတ်ဖို့ သဘက်ယူလာခဲ့လေ"

"ကဲပါ…လုလင်ရယ်…မားနီတို့လုပ်ပါ့မယ်၊ မင်းလည်း



www.burmeseclassic.com

www.burmeseclassic.com



အမြန်အကျိုးသွားလဲ၊ မင်းကိုယ်ကကျတဲ့ ရေစက်တွေကြောင့် ဒီမှာ
ကော်ဇောတွေရော မွေ့ယာတွေပါ ပြန်ရှုံ့ကုန်တော့မယ်၊ သွား…
သွား အကျိုလဲ၊ ပြီးမှစိတ်မချရင် ပြန်လာခဲ့"

အတင်းနှင်ထုတ်မှ ပေစောင်းစောင်းနဲ့ အခန်းထဲက ထွက်
သွားတာမျိုး။ ဒါတောင်သူ့ကို လှမ်းအော်သေးတာ။

"ဒီဒီ ဆရာဝန်ခေါ်ပြီးပြီလား"

"ခေါ်နေပါပြီကွ…မင်းနှယ် လောလိုက်တာ"

ဖုန်းခွက်ဆီလက်အလှမ်းမှာ ဖုန်းခေါ်သံက ဆူညံစွာ မြည်
လာခြင်းဖြစ်သည်။ ဦးကံကောင်းက ဖုန်းခွက်ကို မယူရင်း…

"ဟဲလို"

"လန်းဆန်းနဲ့ တွေ့ချင်လို့ပါခင်ဗျာ"

"အင်း…ဘယ်သူလဲကွဲ့၊ သမီးကဖျားနေလို့"

"အာ…အန်ကယ် ကျွန်တော် နေသစ်ပါ၊ လန်း ဘာဖျား
ဖြစ်လို့လဲ အန်ကယ်"

"မောင်နေသစ်လား၊ အေးကွာ ဘယ်လိုဖြစ်တယ်တော့
မသိဘူး၊ လုလင်နဲ့လန်းလေ ဝရန်တာအပြင်ဘက်ထွက်နေတာ
သတိမထားမိဘဲ အထဲက တံခါးလော့(ခ်)ချမိလို့လေ၊ နှစ်ယောက်
စလုံး မိုးမိထားတာ"

"အဲဒါကြောင့် လန်းဆန်း ဖျားသွားတာနဲ့တူတယ်"

"အေး…အန်ကယ်တောင် ခုပဲ ဆရာဝန်ခေါ်တော့မလို့"

"ဒါဆိုလည်း ထူးပြီးခေါ်မနေပါနဲ့တော့ အန်ကယ်





ကျွန်တော် လာကြည့်ပါ့မယ်"

"မောင်နေသစ် အားရဲ့လား"

"ကျွန်တော်က ဒီနေ့က်ဂျူတီထွက်ပြီ"

ဖုန်းပြောပြီး မိနစ်ပိုင်းအတွင်း ရောက်ချလာတာ။ လုလင်
ကတော့ နေသစ် ဆေးအိတ်ဆွဲပြီး လန်းအခန်းထဲဝင်လာတာ
တွေ့တာနဲ့…

"ဒီဒီကိုခေါ်ခိုင်းတာ ဖယ်မလီခေါက်တာလေ၊ ခင်ဗျားက
ဘယ်လိုဖြစ်ပြီး…ကျွတ်…ဒီမိသားစုကို သူခေါက်တာနဲ့သူမှ အခင်
ခင်မှာကို"

နေသစ်ကို အေရာထိုင်ခင်းလည်း မပေးဘဲ ရောက်ရောက်
ချင်း ဆောက်နေ့တွင်းဆိုသလို ဆီးကြိုပုံက သင်းသည်။ တွန့်ကုတ်
သောသော မျက်ခုံးနှစ်ဖက်နှင့် အဖျားရှိန်ကြောင့် နှုတ်ခမ်းပါးနား
တွေ ရဲနေဟာတောင် ရန်ထောင်တုံး။ ဦးကံကောင်းက လူကြီးပီပီ
နေရာ၌ မသိချင်ယောင်ဆောင်ပေးလို့မရတော့။ ကိုယ့်သားက
တော့လည်းကာရှိလျှင် ဖငြိငြိအောင် လိုက်ရိုက်တတ်သည့် အကျင့်
ကို သိပြီးသား။ ထို့ကြောင့် ချောင်းတစ်ချက်ဟန့်ရင်း…

"မောင်နေသစ်ကို ဒီဒီခေါ်လိုက်တာ သား"

"ကျွတ်…ဒီဒီကလဲဗျာ"

မကျေနပ်ခြင်း အကြည့်တွေက နေသစ်ဝန်းပေါ်မှကျော်၍
နှုးဆံရောက်လာပြီးမှ…

"ခေါ်စရာ ဆရာဝန်ရှားလို့"



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ပြောကာ နေ့သစ်ပခုံးတစ်ဖက်ကို ပစ်ခတ်တို သွားတာက အရှိန်ပြင်းပြင်းနှင့်။ သြော်...ဒီကလေးကြောင့် ခက်ရ ဘိ။ ဦးကံကောင်းက ထိုအကြောင်းကို ပြန်တွေးတိုင်း ရှေ့ခို နေသော နေ့သစ်ကို အားနာသည့်စိတ်က မျက်နှာမှာ မီးအပူဟ သလို ခံစားရသည်။ လန်းကို နေ့သစ်က ကုသနေတုံး သား သူဝင်သွားတော့ နဖူးပေါ်လက်တင်ကာ ခုတင်ပေါ် ပက်လက်လှဲ တဲ့ လုလင်ကြောင့် ဦးကံကောင်းကပဲ...

"သား...တစ်ခါတည်း နေ့သစ်နဲ့ပြလိုက်ပါလား သူလည်း ဆရာဝန်ပဲကွ၊ မင်းဖျားချင်နေမှန်း ဒီဒီသိတယ်"

လို့ တိုက်တွန်းကြည့်တော့...

"တော်ပါ ဒီဒီရာ၊ ဒီလူ့မျက်နှာကို ဆရာဝန်အဖြ မြင်ကြည့်လို့ကိုမရဘူး၊ သူ့ကိုမြင်ရင် လက်ဝှေ့ကြိုးဝိုင်းပဲ သွားသ ရနေတယ်၊ သိတယ်မဟုတ်လား၊ ကြိုးဝိုင်းဥပဒေကိုက အလဲထိုး ဖို့ ဥပဒေရှိပြီးသား"

တဲ့။ အလဲထိုးချင်နေသည့် ရည်ရွယ်ချက်ဟာ ဘာ ဖြစ်မည်နည်း။ သွားမေးလည်း လုလင်တို့က ဖြေချင်မှဖြေမ မမေးဘဲ ထွက်လာရသည်။ ဦးကံကောင်းက ပင့်သက် အားအဖြစ် ရှိုက်သွင်းရင်း သားသမီးမကောင်း မိဘခေါင်းဆေ

"အန်ကယ် တောင်းပန်ပါတယ် မောင်နေ့သစ်"

"ဘာကိုများလဲ အန်ကယ်"

"လုလင်အတွက်ပါ၊ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်





ပါကွာ၊ ဒီကောင်က မိုက်ရူးရဲတာအားဆန်တော့ သူ့ကို မောင်နေ့သစ် အပဲ မေ့မယူဖို့"

နေ့သစ်က သောက်လက်စကော်ဖီခွက်ကို နှုတ်ခမ်းနား တေ့ပြီးမှ မသောက်ဖြစ်ဘဲ ပြန်ချရင်း....

"အဲဒါက အထူးတလည် တောင်းပန်နေဖို့မလိုပါဘူး၊ ကျွန်တော့်မှာ အစ်မတွေ ညီမတွေမရှိပေမဲ့ လုလင်ရဲ့ခံစားချက်ကို နားလည်ပါတယ်၊ သူ ကျွန်တော့်ကို မျက်နှာလည်းပူ၊ လန်းဆန်းကို ဒါ့သလည်းထွက်နဲ့၊ တကယ်တော့ သူညီမကို နှမြောတဲ့စိတ်က ယ်ထိပ်တက်ဆောင့်နေတာဖြစ်မယ် အန်ကယ်ရဲ့"

"ဘယ်လို...မောင်ရင်ပြောတဲ့ အဓိပ္ပာယ်က"

လိုက်မှီသည်။ နားလည်သည်။ သို့ပေမဲ့ ပိုထင်ရှားအောင် မေးခြင်းပါ။ နေ့သစ်က မျက်ဝန်းတွေကို မှေးစင်းကာပြုံးဝစ်ရင်း ခုံဖွဲ့သိမ်းဆည်းထားသော အတိတ်ရဲ့ရန်ငြိုးတစ်ပိုင်းတစ်စအတွက်။

"ကျွန်တော့်စကားကို အန်ကယ်လည်း မေ့မယူပါနဲ့နော်၊ ကျွန်တော်က လန်းဆန်းအပေါ်"

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၀)

"မဖြစ်ဘူး ဒီဒီ၊ ဒါ လုံးဝအဓိပ္ပာယ်မရှိဘူး"

"ဘာကိုမဖြစ်နိုင်တာလဲသား၊ လန်းကို နေ့သစ် လက်ထပ်မယ်ဆိုတာလား၊ ဒါမှမဟုတ် လန်းကိုသူ ချစ်ခွင့်ပန်မယ် ဆိုတာက အဓိပ္ပာယ်မရှိတာလား"

"နှစ်ခုစလုံးပဲ ဒီဒီ"

ဦးကံကောင်းက ခိုဖာချောမိုကို ပက်ခနဲမှီချ စိတ်ပျက်လွန်း၍ပါ။ သူ့ရှေ့မှာ ခေါင်းငုံ့အကြီးအနီရောင်ကြောင် လား။ လက်ကျန်အဖျားငွေ့ငွေ့ရဲ့ အရှိန်ကြောင့်ပဲလား မသိ။ လုလင် က မျက်နှာက နီမြန်းမြန်းဖြစ်နေရုံမကဘဲ မိုက်တိမိုက်ကန်းရုပ် ပေါက်နေသည်။ သားအဖနှစ်ယောက် ဒီအကြောင်း စဆွေးနွေး တည်းက လုလင်မှာ ထိုင်မရဘဲရေနှင့် စာကြည့်ခန်းထဲ ခေါက်တုံ့ ခေါက်ပြန် လျှောက်နေတာ ဘယ်နှစ်ပတ်မှန်းမသိ၊ ဒီကြား





ခေါသဖြစ်လာလျှင် တောက်တွေခေါက်၊ ဆိုဖာကျောမှီကို ဒိုင်းခနဲ လက်သီးတွေပစ်သွင်းတာမျိုး ရှိပြီးမှ ဖအေကို သတိရသွားကာ…

"ဆောရီး"

လုပ်တာမျိုးလည်းရှိသည်။ ဦးကံကောင်းက သားဖြစ်သူ လျှောက်ရာဆီ မျက်စိတဆုံးလိုက်ကြည့်ပြီးမှ…

"တကယ်တမ်း အဓိပ္ပာယ်မရှိတာ မင်းဖြစ်နေတာ သား"

"ဒီဒီ"

ဆတ်ခနဲ လှည့်ကြည့်သော အကြည့်တွေထဲမှာ ဆန့်ကျင် တော်လှန်လိုခြင်း အရိပ်တွေ အထင်အရှား။ ဦးကံကောင်းက သားဖြစ်သူမပြောခင် လက်ကာတားရင်း…

"လန်းနဲ့နေ့သစ် ချစ်သွားကြတော့လည်း ကောင်းတာပဲ မဟုတ်လား၊ အပျိုလူပျိုသားတွဲကိစ္စမှာ မင်းဖြစ်နေတာက ကမ္ဘာ ပျက်တော့မဲ့အကိုင်း၊ ဒီဒီ့အမြင်တော့ လန်းအတွက် နေ့သစ်က သင့်တော်ပါတယ်၊ ရုပ်ရည်၊ ပညာအရည်အချင်း အားလုံးတန်းတူ ပဲ၊ သူ့မျိုးရိုးအဆင့်အတန်းပဲ"

"အဲဒီမျိုးရိုးက အဓိကပဲ ဒီဒီ"

လုလင်က ဝင်ပြောရင်း ဒီဒီရှေ့ ဆိုဖာပဲပစ်ဝင်ထိုင်သည်။ အလယ်မှန်စားပွဲခြားနေသဖြင့် အားမရသလို မှန်စားပွဲပေါ် လက်ထောက်ပြီး ကိုယ်ကိုကိုင်းကာ…

"သူ လန်းဆန်းကို ချဉ်းကပ်တာ သွေးရိုးသားရိုးမဟုတ် ဘူး ဒီဒီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…မရှိးသားမှတော့ ဆန်းပြီပေါ့၊ လန်းအပေါ်ဆန်းလို့လည်း လက်ထပ်ခွင့်"

"အဲဒါနဲ့မဆိုင်ဘူး၊ တကယ်လို့ သူ့အဖေက ဦးသက္ကဖြစ်နေခဲ့ရင် ဒီဒီ ဘယ်လိုဆုံးဖြတ်မှာလဲ"

ထင်မထားသည့် တိုက်ကွက်ပါ။ ကျောမှီထားရာမှ ဆတ်ခနဲ ကိုယ်ကိုမတ်လိုက်တဲ့အထိ လုလင်ရဲ့မေးခွန်းက ဦးကံကောင်းအတွက် အရေးပါလေသည်။ ကွန်စတက်ရှင်တစ်ခု တည်ထောင်ဖူးသည်ဆိုသော နေ့သစ်ရဲ့စကား။ ကိုယ်ကျင့်လည်းသော ပတ်ဝန်းကျင်မှ သိချင်သိမှာ အမည်ပြောပါဆိုတော့ ငွေလည်လည်နှင့် အဖြေက အဖျားရှူးသွားခဲ့သည်။ အခုတော့ နေ့သစ်ရဲ့ အဖေဟာ သူ့အာရုံမထားခဲ့သော သက္ကဖြစ်နေပြီတဲ့လား။

"အဲဒီတုံးက ဒီဒီ့ကိုပြန်ပေးဆွဲမှု၊ ထိခိုက်ဒဏ်ရာရအောင်ညှင်းပန်းနှိပ်စက်မှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှုတွေနဲ့ ဦးသက္ကကိုတရားစွဲခဲ့တယ်ဆို"

"ဒါ ဖြစ်သင့်တဲ့သဘောပဲလေ၊ နေပါဦး သားက အဲဒီတုံးက တော်တော့်ကိုငယ်သေးတာပဲ၊ ဘယ်လိုလုပ်ပြီးသိတာလဲ"

"ဦးချို့ဆီက ကျွန်တော်မေးထားတာ"

"ဪ"

ဦးကံကောင်း နှုတ်ဆိတ်သွားရသည်။ ပြီးခဲ့ပြီဆိုကာ အတိတ်ကို အတိတ်မှာ ထားခဲ့၍မရအောင် ရစ်နွယ်လာသည့် အကြောင်းတရားများက ဒီပစ္စုပ္ပန်အထိ။ ပူပင်သောကတွေကို တရား





ရိပ်မှာ ငြိမ်းမည်လို့ တွေးထားသမျှ ဒီမနက်ပဲ စီစဉ်ထားသော ခရီးစဉ်ကို ဖျက်လိုက်ရသည်။ အမိမဲ့သားသမီးတွေကို နေထိုင်မကောင်းဖြစ်နေတာ သိသိကြီးနဲ့ ကိုယ့်မှာထားမသွားနိုင်။ အရိယာသူတော်စင်မဟုတ်သဖြင့် နောက်ဆက်တွဲအပူကြီးဖြင့် တရားရှာရပါမည်လား။ ထိုအတောအတွင်း သမီးအတောင်းခံရသည်။ သင့်တော်မည့်သူဟု စိတ်ဆုံးဖြတ်ထားကာမှ ကြားရသောသတင်းက သက်သာစရာတစ်ကွက်မှ မရှိသည့်အခါ။

"သက္ကက ဘာဖြစ်သွားလို့လဲ"

"ထောင်ထဲမှာနေရတဲ့ဒဏ်နဲ့ အောက်ပိုင်းသေသွားတယ်လို့ ကြားတာပဲ၊ အဲဒါကြောင့် ဒီဒီ လန်းဆန်းကို အဲဒီမိသားစုထဲထည့်ပေးလိုက်ရင် အကျိုးဆက်က ဘယ်လိုမှ မကောင်းနိုင်ဘူး၊ ကျွန်တော်ကတော့ ဒီဒီ့အနေနဲ့ သဘောမတူဘူးဆိုပြီး ငြင်းပစ်လိုက်စေချင်တယ်၊ အဲဒါဆို ပွဲကသိမ်းပြီး လန်းဆန်းနဲ့သူက ချစ်သူဖြစ်ပြီးတာမှ မဟုတ်တာ"

"လန်းရဲ့စိတ်ခံစားချက်ကို မင်းထည့်မတွက်တော့ဘူးလား သား"

လုလင်မှာ ပြောစရာစကားမရှိတော့။ အဲဒီစိတ်ခံစားမှုဆိုတာကို လုလင်မေ့ထားခဲ့တာကြာပြီ။ သူ့ရင်ဘတ်သူ ငုံ့မကြည့်ဖြစ်တာလည်း ကြာပြီ။ ဒါဆို လန်းဆန်းရင်ထဲက ခံစားမှု ဘာရှိမည်လဲ။ မိုးသည်းညထဲမှာ သူ့ရင်ခွင်ထဲ ခိုလှုံရင်း အိပ်ပျော်သွားသည့်သူမ။ နုမွတ်သောပါးပြင်ပေါ်က တဖျတ်ဖျတ်ခုန်လှုပ်နေသည့်



www.burmeseclassic.com

www.burmeseclassic.com



သွေးကြောစိမ်းလေးတွေ။ နီထွေးသည့်နှုတ်ခမ်းတွေက အဖျားရှိန်ကြောင့် ခြောက်သွေ့အက်ကွဲလာတာကို ဝေးရင်း တဒိုင်းဒိုင်း ခုန်နေသော ရင်ခုန်သံနှင့် သူစစ်ဖြစ်ခဲ့ရတာ သူ့ဟာသူအသိဆုံး။

"ဟင့်အင်း…ချမ်းတယ် လုလင်ရယ်၊ ငါ အရမ်းချမ်းတာပဲ၊ ငါ…ငါ ဖျားပြီထင်တာပဲ"

ပြောရင်း ရင်ခွင်ထဲ ဝိုတိုးဝင်ကပ်လာသော သူမကိုယ်လေးအား တင်းတင်းပွေ့ရင်း ညရဲ့စိတ်ရိုင်းတွေကြားမှာ သူ့နှလုံးသားက အသစ်ဖြစ်သော သွေးတို့နှင့် လတ်ဆတ်စွာ နိုးထခဲ့သည် ဆိုလျှင်။

"လန်းက ကိုယ့်သွေးသားအရင်းဆိုရင် ဘာပြဿနာမှ မရှိဘူး၊ သားပြောသလို လုပ်ပစ်လို့ရတယ်"

"ဒါဆို ဒီဒီက သွေးသားအရင်းမဟုတ်လို့ လွှတ်ချပစ်လိုက်မယ်ဆိုတဲ့သဘောလား"

"အာ…အဲဒီလိုမဟုတ်ဘူးသားရဲ့၊ ကိုယ့်သွေးသားရင်းမဟုတ်တဲ့အခါ သူ့ရဲ့စိတ်ခံစားချက်ကို ပိုဦးစားပေးရတယ်၊ မိဘအသိုင်းအဝိုင်းရဲ့ ဗီတိုအာဏာသုံးလို့ မသင့်တော်ဘူး၊ ဒါကိုပြောချင်တာ"

"ဒါဆို ဒီဒီနဲ့ ဦးသက္ကအကြောင်း လန်းဆန်းကို ပေးသိထားရင်ရော"

ဒီဒီက သူ့မျက်နှာပေါ် မျက်ဝန်းတွေ ခေါက်တုံ့ခေါက်ပြန်ပြေးလွှား အကဲခတ်တော့ လုလင်က မျက်နှာမထားတတ်သည့်





ဟိုလွဲဒီလွဲ။ တကယ်ဆို မချစ်ဖူးတဲ့အသည်းက ရိုင်းသည်။ အချစ်ခရီးမှာ မစခင် အဆုံးသတ်သွားမှာလည်း ကြောက်သည်။ ဒီဒီကတော့ သားဖြစ်သူရဲ့ အရိပ်အကဲကို သုံးသပ်ရင်းက…

"ထားလိုက်ပါ၊ သမီးနှလုံးသားမှာ ငှဲညှာမှုတွေများလာရင်လည်း အစစ်အမှန်မပေါ်နိုင်တော့ဘူး၊ မိန်းကလေးတွေအတွက် သူတို့ရွေးချယ်တဲ့အချစ်က နှလုံးသားမှာ တကယ်အရေးပါတယ်သား"

အယူခံဝင်စရာ အကြောင်းပြချက်မှမရှိတော့။ အချစ်က ချိုသည်ခါးသည်ကို စိတ်မဝင်စားခဲ့သည့်အချိန်က ပြဿနာမဟုတ်ပေမဲ့ ပြောင်းလဲလာတဲ့ နှလုံးသားကအချစ်ကို ချိုမြိန်စေချင်သည်။ အခါးနှင့်တူသော အလွမ်းတွေ မရချင်။ အငဲရဲ့သီချင်းလို အချစ်ဟာ ခါးလို့ အော်ဆိုရမှာကိုက လုလင်အတွက် ခံယဉ်းသည့်အခါ…

"ခေါက်…ခေါက် ဆရာ အထဲမှာလား"

"မောင်ချိုလားဟေ့ ဝင်ခဲ့လေ"

ခွင့်ပေးသံအဆုံးမှာ ဦးချိုက အခန်းတံခါးဖွင့်ပြီး ဝင်လာတာ ယို့ယို့လေး။ ဦးချိုဟာ ဒီဒီ့အပေါ်းနေတာ သူတို့တစ်သက်ရှိပြီ။ ဒီနေ့ဒီအချိန်အထိ ရိုသေလေးစားမှုမပျက်။ သစ္စာတရားကြီးမားဆဲ။ ထို့ကြောင့်လည်း ဒီဒီက ဦးချိုကို ညီတစ်ယောက်လို တပည့်တစ်ယောက်လို အရေးပေးခဲ့သည်သာ။

"ဘာဖြစ်လာလဲဟေ့ မောင်ချို"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်အနှောင့်အယှက်ဖြစ်ရင်တော့ ကျွန်တော်တောင်းပန်ပါတယ် ဆရာ၊ ဟို မြစ်ကြီးနားက ဖုန်းလာတယ်ဆရာ"

"မြစ်ကြီးနား"

ထိုင်ရာမှ ဝုန်းခနဲ ဒီဒီထရပ်တာကို လုလင်က အလန့်တကြားလိုက်ကြည့်သည်။ သူ့ဘဝမှာ ဒီဒီ သွေးပျက်လောက်အောင် တုန်လှုပ်တာမျိုး သူတစ်သက်တစ်ကိုယ် တစ်ခါမှ မမြင်ဖူးခဲ့တာမို့

"မြစ်ကြီးနားမှာ ဘာရှိလို့လဲ ဒီဒီ၊ ဒီဒီ့လုပ်ငန်းတွေလည်း မခွဲထားဘဲနဲ့"

"လုပ်ငန်းတော့မရှိဘူး သား၊ မြစ်ကြီးနားမှာ"

"အစ်မနှောင်းက ရောဂါသည်းနေပြီတဲ့ဆရာ၊ ဟို နောက်ဆုံးအချိန်မှာ ဆရာ့ရော သားနဲ့သမီးပါ တွေ့ချင်လို့တဲ့၊ အဲဒါ အစ်မအကြီးဆုံး မဆောင်းက ဆက်တာ"

လုလင်ခေါင်းအား မိုးကြိုးပစ်ချလိုက်တာ တစ်ပြိုင်တည်း ဆယ်စင်းလောက်ရှိမည်။ နှောင်းဆိုတဲ့အမည်ကို ကြားတာနဲ့ ဒီဒီ တုန်လှုပ်ခြင်းကို သူနားလည်သည်။ ပြီးတော့ သူ့ရင်ထဲဖြစ်လာသည့် စိုးရိမ်သောက။ နောက်ဆုံးအချိန်တဲ့။ ဘဝမှာ တစ်ခါမှ မမြင်ဖူးခဲ့သည့် မိခင်ရဲ့ နောက်ဆုံးအချိန်။

"အခု ခရီးထွက်ဖို့စီစဉ် မောင်ချို၊ လေယာဉ်လက်မှတ်ယူဖို့လုပ်"

"ဟုတ်…ဆရာ ဘယ်နှယောက်စာလဲ"





"သုံးယောက်စာ"

"ဒီဒီ"

လုလင်က နားမလည်ခြင်းများစွာနဲ့ လှမ်းခေါ်တော့ ဒီဒီက ငုံ့ကြည့်ရင်း…

"မေပို့မပါဘူးလို့ ပြောမလို့လား"

"ဟုတ်တယ်လေ၊ အဲဒါ ဟိုကအမေကို"

ဒီဒီက သူ့အနားရောက်လာရင်း သူ့ပခုံးနှစ်ဖက်ကို တင်းတင်းဆုပ်ကိုင်သည်။ အနီးကပ်မြင်ရမှ ဒီဒီ့မျက်ဝန်းထဲ၌ မျက်ရည်ကြည်တွေ ဝဲနေတာ သူတွေ့ရ၏။ ကြေကွဲခြင်းဝေဒနာအား မချိမဆန့် မျိုသိပ်ထားရသူလို။ မျက်နှာတစ်ပြင်လုံး နီရဲပြီးလဲ လျက်ရှိသည်။

"မေပို့မရှိပေမဲ့ လန်းရှိနေသေးတာပဲသားရယ်၊ သွားဖို့ပြင်ကြရအောင်၊ ဒီဒီတို့မှာ အချိန်သိပ်မရှိဘူး"

သူ့ပခုံးတစ်ဖက်ကို ဖျတ်ခနဲပုတ်ရင်း ဒီဒီက နှုံးဆော်သည်။ ထို့နောက် အခန်းထဲကထွက်သွားသော ဒီဒီ့ကျောပြင်ကို လိုက်ငေးရင်း အချစ်ဖြင့် ပွန်းနေသည့် နှလုံးသားတစ်ခုလို သူ ကိုယ်ချင်းစာတတ်ပြီ။

ချစ်တတ်လာသော နှလုံးသားသည် လက်ဖျစ်တစ်ခတ်အတွင်းမှာပဲ အရာတိုင်းချစ်သောအမြင်ဖြင့် ရှုစားတတ်ပြီ။

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၃)

"မြန်းစားကြီး လန်းတို့က ခရီးထွက်ဖို့ဖြစ်လာတော့ ကိုယ်တောင် အံ့ဩသွားတယ်၊ ဒါပေမဲ့ သွားပါ၊ ကျန်းမာရေးဂရုစိုက်၊ လန်း ပြန်လာမဲ့နေ့ကို ကိုယ်တိုင် မြစ်ကြီးနားအထိ လာကြိုမယ်၊ အဲဒီကအပြန်ကျရင်တော့ ကိုယ့်ကို အဖြေပေးရမယ်နော်"

"ဟို…လန်း သွားမှာက အပျော်ခရီးမဟုတ်တော့လေ"

"အဲဒါကြောင့် အဖြေတောင်းတာပေါ့၊ လန်းမာမီ့အတွက် ခံစားရသမျှ ပူဆွေးရသမျှ မီးသင့်နေမဲ့ နှလုံးသားကို ကိုယ့်အချစ်ရေစင်နဲ့ အေးချမ်းစေတာမျိုး၊ ဘာပဲဖြစ်ဖြစ် ငိုကြွေးဂမ်းနည်းပြီးရင် အမောပြေစရာ ဒီရင်ခွင်ရိပ်သာရှိတယ်၊ အဲဒါကိုမမေ့နဲ့"

လန်းက ရန်ကုန်မှာ အပြောခံလိုက်ရတဲ့စကားတွေကို သတိရစွာ တမ်းတနေခြင်းမျိုးမဟုတ်ပါ။





"လန်းရဲ့ဒီဒီဆီလည်း ကိုယ်ခွင့်တောင်းထားပြီးသား၊ လန်းစိတ်ချမ်းသာမယ်ဆို ဘာမဆို ခွင့်ပြုဖို့ အဆင်သင့်ပါတဲ့"

ရှေ့ခန်းမှာထိုင်နေသော ဒီဒီ့ကို လှမ်းကြည့်မိသည်။ စိုးရိမ်သောကကြောင့် ဒီဒီဟာ မနက်နဲ့နေ့လည်ပဲ အချိန်ကြာသေးသည် ရှိရင်းစွဲအသက်ထက် ပိုရင့်ရော်သွားသလို။

"ကူညီပါ သမီး၊ ဒီဒီတို့မိသားစုဝင်ဟာ သမီးပဲဆိုပေမဲ့ အခု မေပို့နေရာမှာ အစားဝင်ပေးဖို့ဆိုတာ သမီးစိတ်ထဲ စနောင့်စနင်းဖြစ်နိုင်ပေမဲ့ ရောဂါသည်းနေတဲ့လူနာကို အမှန်တွေပေးမသိစေချင်လို့ပါ၊ သူ့ရဲ့နောက်ဆုံးအချိန်မှာ အနားမှာ သူ့မိသားစုအားလုံးရှိတယ်ဆိုတဲ့ အသိလေးနဲ့ ဘဝကူးကောင်းစေချင်တာပါ"

သူ့မလက်နှစ်ဖက်ကို ဆုပ်ကိုင်ပြီး ဒီဒီ အကူအညီတောင်းတော့ လန်းက အဖျားကျစပဲရှိသေးသည်။ ဒီဒီရဲ့ ကြေကွဲခြင်းတွေနဲ့ ပြည့်နှက်နေသော မျက်နှာကို လန်း မမြင်ရက်။ ထို့ကြောင့်ပင်

"ဒီဒီက ဒီမိသားစုဝင်အဖြစ် သတ်မှတ်ရင် အန်တီနှောင်းက လန်းရဲ့အမေပါပဲဒီဒီ၊ လန်း ကူညီတာမဟုတ်ဘူး၊ နောက်ဆုံးအချိန်ရောက်နေတဲ့ အမေတစ်ယောက်ကို ဂါရဝပြုဖို့ ပြုစုယုယဖို့ လန်း လိုက်ခဲ့မှာပါ ဒီဒီ"

အားချင်းစီစဉ်ပြီး ရန်ကုန်က ထွက်ခဲ့တာပင်။ မြစ်ကြီးနားလေဆိပ်ရောက်တော့ လာကြိုသည့်ကားက အဆင်သင့်။ လာကြိုသူက တိုင်းရင်းသားဖြစ်ဟန်တူသည်။ လေဆိပ်မှာ တွေ့ကတည်းက



www.burmeseclassic.com

www.burmeseclassic.com



က မြတ်တော်ဝင်က လူတွေကို အကြိုလွှတ်လိုက်တာဆိုသည့် စကားမှလွဲ၍ ဘာတစ်ခွန်းမှ ထပ်မပြောတော့။

"နင် အဆင်ပြေရဲ့လား"

မေးခွန်းက ကိုယ့်ဘေးက။ လန်းက တရိပ်ရိပ်ကျန်ခဲ့သော မြစ်ကြီးနားမြို့ရဲ့ ရှုခင်းကို ငေးရင်းက ဒီဘက်မျက်နှာမူရင်း…

"ငါက အဖျားကျနေပြီ၊ နင့်ကိုစိုးရိမ်တာ လုလင်"

အနက်ရောင်လည်ပိတ် ဆွယ်တာပေါ် ကုတ်အနက်ထပ်ဝတ်ထားသည်။ အနက်ရောင် မှောင်လှဲနေသည်။ နေကာမျက်မှန်ကြောင့် ဖြူဝင်းသောအသားနှင့် နီမြန်းသော နှုတ်ခမ်းပါးတွေက ပိုရဲနေတာများ အဖျားသွေးကြောင့်လား။ ဝမ်းနည်းခြင်းကြောင့်လား လန်း မခန့်မှန်းတတ်ပါ။ လုလင်ကတော့ ထုံးစံအတိုင်း အေးဆေးစက်ပြုံးရင်း…

"ဖလူဇာ သောက်ထားတယ်"

တဲ့လေ။ လန်းက စိုးရိမ်မကင်းစွာ သူ့အားကြည့်နေတာကို မျက်မှန်အောက်ကမြင်သည်နှင့် တူသည်။

"ဘာလဲ…စိတ်မချရသေးရင် လန်းဆန်းတစ်လုံးလောက် ထပ်သောက်လိုက်မယ်လေ"

"လုလင်"

"ဟင်"

"နင့်ရင်ထဲမှာ ဘာမှမခံစားရဘူးလားဟင်"





ပြုံးယောင်သမ်းတဲ့ မျက်နှာဟာ ချက်ချင်းတည်သွားသည်။

"လုလင်က ခံစားချက်တွေကို အမြဲပြောင်းပြန်လုပ်ပစ်တဲ့ သူသိလား လန်း၊ သူက သိပ်ချစ်ရင် မုန်းဟန်ဆောင်တတ်တယ်၊ သူ့ဟာသူနေတဲ့အသည်း သူများလာခွဲမှ ကွဲရတာ ကာယကံရှင် အသုံးမကျလို့တဲ့လေ၊ သူ့အယူအဆက တစ်မျိုး"

မေမျိုပြောပြခဲ့သော စကားက အခုတင် နားနားကပ် အပြောခံရသလို။ လုလင်ကတော့ သူမရဲ့အကဲခတ်စက်ကွင်းက လွတ်အောင် ကားပြတင်းပေါက်ဆီ မျက်နှာမူရင်း…

"ခံစားရသမျှ ထုတ်ကြေငြာနေရလောက်အောင် ငါ သူ့ရဲ့ ဘာမကြောင်ဘူး လန်း"

"ဒါဖြင့် နင်က ခံစားရသမျှ ဘယ်သူ့ကိုမှ ဘယ်တော့မှ ထုတ်မပြတော့ဘူးပေါ့၊ အဲဒီလိုလား လုလင်"

"အဟွန့်…ဆောရီးပါလို့ နှုတ်ဆက်ပြီး လက်ပြသွားမဲ့ သူတွေကို ဒါကဒီလိုရှိပါတယ်လို့ ဒူးထောက်ပြီး နှလုံးသားကို ဘင်ပြရမှာလား လန်းဆန်း၊ ငါက ခံစားမှုရဲ့ ဒီဂရီအတိုင်း နှလုံးသားကို တန်ဖိုးမြှင့်ထားတော့"

လုလင်က ပခုံးတွန့်ကာ မဲ့ပြုံးပြုံးရင်း…

"ခံစားရသမျှ အရှိန်ပြင်းလေ၊ နှလုံးသားက မာနကြီးလေ ပဲ"

တဲ့လေ။ ထိုအခိုက် ကားဟာ ကုန်းမော့မော့လေးဆီ



www.burmeseclassic.com

www.burmeseclassic.com



အရှိန်ပြင်းပြင်းနဲ့ ဦးမော့တက်သွားသည်။ လမ်းအဆုံးမှ လှမ်းမြ… နေရတာက အချွန်အတက်တွေနဲ့ ရဲတိုက်ကြီးတစ်ခုပမာ ခန့်ခန့်ည… ညားရှိလှသော အိမ်ကြီးက လန်းဆန်းတို့အား မလန်းဆန်းစွာ ဆီး… နေ၏။ ကားက စဝင်တာနဲ့ သစ်ပင်အုပ်အုပ်ကလေးတွေကို ဖြတ်… အိမ်ကြီးရဲ့ပေါ်တီကိုအောက်မှာ ထိုးရပ်လိုက်သည်ဆိုရင်ပဲ…

"အဟွန်း…ရောက်လာကြပြီ ငါ့ညီမရေ၊ ညည်းသိ… တဲ့မိသားစု၊ ဒါပေမဲ့ နောက်ဆုံးအချိန်အထိ ကျိန်စာက ငါ့ညီမ… ပဲ ကွက်ကျားမိုးရွာသွားသလိုလေ၊ ထကြည့်ဦး နှောင်းရဲ့… အသက်စွန့်ပြီးချစ်ခဲ့တဲ့သူတွေကို"

မတိုးမကျယ်ပြောလိုက်ပေမဲ့ အော်ငိုတာထက် ပြင်း… သော ရှိုက်သံကြောင့် ကြားရတဲ့သူတိုင်းကို ရင်ဆို့သွားစေသည်… ဦးကံကောင်းက ကော်ဇောအနီခင်းထားသော လှေကားထစ်တွေ… အပြေးအလွှားတက်ရင်း…

"မမဆောင်း…နှောင်း…နှောင်းရောဟင်"

"နှောင်း မရှိတော့ဘူး ကံကောင်းရဲ့၊ နင်ချစ်ပါတယ်… နင့်ရဲ့နှောင်း မရှိတော့ဘူး"

ဆံထုံးတွေ ခေါင်းထက်တုံးဖွဲ့ထားပုံချင်းလည်း အတူ… အဖြူရောင်လက်အကား ရင်ဖုံးအင်္ကျီ ဝတ်ထားတာချင်းလ… တူပေမဲ့ လုလင်မြင်ဖူးခဲ့သော အမေ့ကို နှုတ်ခမ်းပါးမျိုး မရှိကြ… ထိုနှစ်ယောက်ဟာ မျက်ဝန်းမှ မျက်ရည်တွေကိုသုတ်ပြီး လ…





ဆးသောအခါ။

ညှော်ခန်းကိုမြင်ရသော မြင်ကွင်းက ရှင်းသွားပြီ။ ကော်ဇော နီခင်းထားသော လမ်းအဆုံး၌ စင်အမြင့်ပေါ် လှပစွာတင်ထားသော မှန်အကြည်ခေါင်းတလားတစ်လုံးနှင့် အတွင်း၌ နှင်းဆီပွင့်ဖတ်တွေ လှပစွာဖုံးအုပ်ထားသော..

"အမေ"

တိုးသဲ့စွာထွက်သွားသော ထိုအသံနောက်မှာ သူ့ရင်သည် တော်လဲသံကြီးတစ်ခုလို ဖြည်းဟည်းသွားကာ…

ဘဝ၌ ဆုံးရှုံးစရာတွေ နောက်ထပ် ဘယ်လောက်ကျန် သေးလဲ။



www.burmeseclassic.com

## အခန်း (၄၂)

"သိပ်မိုက်တဲ့ကလေး၊ အားလုံးထဲမှာ ညီမအငယ်
လည်းဖြစ်တယ်၊ ပညာရေးလည်း အကြီးနှစ်ယောက်ထက်
လို့ ငါတို့ဂုဏ်ယူခဲ့သမျှက ဆရာဝန်ဖြစ်ကာနီးမှာ ပြောရဲ
သူ လူတစ်ယောက်ကို ချစ်မိသွားပြီတဲ့"

ခွေးခွေးမြည့်မြည့် ပြောနေတဲ့ ကြီးတော်ဖြစ်သူရဲ့
ကို လုလင်က မော့ကာငေးသည်။ ဒီဒီကတော့ စရောက်က
က အမေ့ခေါင်းတလားနားမှာ ဒူးထောက်ထိုင်နေသည့်
ကိုသာ တွေ့နေရသည်။

"အဲဒီ(၁)တည်းက တားခဲ့ကြတယ်၊ ကျိန်စာဆိုတာ
ဒါတို့မျိုးရိုးစဉ်ဆက် သင့်ရမဲ့ကျိန်စာ၊ ဒါပေမဲ့ နှလုံးသားတ
ပါပြီးမှတော့ ဒီကျိန်စာကို ငါ့ညီမက မျက်ကန်းတစ္ဆေမပြ
လေ"



"ဟုတ်တယ် လူလေး၊ တို့အမေတွေ ဘဝကတည်းက
ကျိန်စာက လိုက်ခဲ့တာ"

"အဲဒါ တကယ်ပဲလားဟင် ကြီးကြီးကောင်း"

ကောင်းရယ်၊ ဆောင်းရယ်၊ နှောင်းရယ်ဆိုတဲ့ ညီအစ်မ
…ယောက်ထဲမှာ ကောင်းက အလတ်။ အမေမဆုံးခင်ကတည်းက
ညီအစ်မကို ထပ်တလဲလဲမှာခဲ့တာ အိမ်ထောင်မပြုရန်။

"အေး…ပြုခဲ့ရင်တော့ မိသားစု သားသမီးနဲ့ ခွဲခွာရတဲ့
…ဝ်ကို လိမ့်နေအောင်ခံစားရမှာပဲ၊ ဒါ တို့မျိုးနွယ်တွေရဲ့ အစဉ်
…ဆက် တည်တံ့မဲ့ကျိန်စာပဲ၊ လွန်ဆန်တာတွေ၊ မယုံကြည်တာတွေရှိ
…င် အမေမပြောချင်ဘူး၊ ဒါပေမဲ့ မယုံကြည်ခဲ့ရင် အဲဒီကျိန်စာဟာ
…တ်ခဲ့မှာပဲ၊ ကိုယ့်သမီးကို အထူးသဖြင့် ထိခိုက်မှာ"

အမေတိုးကလည်း သူမတို့ ညီအစ်မတွေနှင့် ခပ်ဝေး
…းမှာ တရားရိပ်ခိုရင်း နေခဲ့သည်။ ဆောင်းနှင့်ကောင်းတို့က
…မေ့စကားကို လိုက်နာခဲ့ပေမဲ့ မယုံကြည်ပြီး မလိုက်နာသူက
…ှောင်း။

"မချစ်သလို ဟန်ဆောင်ပြီး အသည်းကွဲရမှာထက်စာရင်
…ချစ်ပြီး အသည်းကွဲရတာ ပိုခံစားရတာကောင်းမယ်ထင်တယ် မမ
…ကြီး၊ ဘဝမှာ အမှတ်တရပေါ့"

ဆိုပြီး ဦးကံကောင်းရဲ့ အချစ်သိမ်းပိုက်ခြင်းကို လက်ခံခဲ့
…သည်။ ကိုယ်ဝန်ရတဲ့အထိ မိုက်မဲခဲ့ပြန်တော့ ဒီအစ်မနှစ်ယောက်
…မှာ မနေနိုင်ပြန်။

www.burmeseclassic.com



"အကြောင်းစုံမသိတာလည်း မဟုတ်ဘဲနဲ့ နောင်းရယ် ဒီကလေးထဲမှာ သမီးမိန်းကလေးမွေးလာရင် ဒုက္ခကြေးတွေမဖြစ်ဘဲ သံသရာလည်တော့မှာပဲ"

အမျိုးကြီးတွေက စိုးရိမ်တကြီး တဖျစ်တောက်တောက် ပြောသောအခါ နောင်းက အပြုံးတောင်မပျက်ဘဲ…

"ချစ်ရသူနဲ့ ကိုယ့်ရဲ့သွေးကို လွယ်ထားရတဲ့မိခင်ဘဝက ဘယ်လောက်ပီတိတွေ ဖြစ်ရသလဲဆိုတာ မမကြီးတို့မသိဘူး၊ သူ့ရဲ့အချစ်နဲ့ နောင်းရဲ့သစ္စာကို ယုံတယ်၊ နောင်းမွေးမှာ သား"

တဲ့လေ။ ယုံကြည်ခြင်းတွေနဲ့ တကယ်တမ်း မွေးဖွားလာသောအခါ

"ကလေးတွေ တစ်လပြည့်တဲ့နေ့မှာ နောင်းတို့စိစဉ်ထားတဲ့အတိုင်း ညီမီတွေကြမယ် မမကြီး"

"နင်တကယ်စိတ်ခိုင်ရဲ့လား နောင်းရယ်၊ ဟို ကံကောင်းကို အားလုံးနားလည်အောင် ဖွင့်ပြောပြပြီး"

"မလိုတော့ပါဘူး မလတ်ရယ်၊ သူ့အတွက် သားနဲ့သမီးကို ချန်ပေးထားပြီးပြီပဲ၊ နောင်းတို့ကျိန်စာက သမီးကလေးသိအောင် ထပ်မပါစေချင်တော့ဘူး"

"ဟဲ့…ဘာအကြောင်းမှမသိဘဲ နင်ကွာရှင်းခွင့်တောင်းရင် မောင်ကံကောင်းဘက်မှာ နာကြည်းစရာတွေ တောင်ပုံရာကျန်ခဲ့မှာ"





အဲဒီတုံးက နောင်းဟာ အစ်မနှစ်ယောက်ရဲ့ ရင်ခွင်မှာ မျက်နှာအပ်ရင်း တလှည့်စီငိုကြွေးခဲ့တာ သည်းသည်းထန်ထန်။

"နာပါစေ…သူ့အချစ်ကို ဒီအနာတွေနဲ့ ဖျက်ဆီးလို့ရမယ်ဆိုရင် သူ့အမုန်းတွေနဲ့ နောင်း သေသွားပါစေ၊ နောင်း သေရဲတယ်၊ အမိကက ကျိန်ခဲ့တဲ့ဘဝ သုံးခုစလုံး နောင်းကြောင့် မပြိုလဲဖို့ပဲ"

ကြားသမျှဟာ ထင်ထားတာနဲ့ အလွဲကြီးလွဲခဲ့ပြီ။ ခံစားချက်ကို မျိုသိပ်ခဲ့သူ။ အချစ်တို မျက်နှာလွှဲပြီး ဟန်ဆောင်ခဲ့သူဟာ တကယ်တော့ အားလုံးထက်ပိုချစ်တဲ့သူ။ လှလင်က မေးရိုးကြီးတွေ ကားထွက်လာအောင် အံကိုတ်ပြီး တင်းခံထားပေမဲ့ မျက်ရည်တွေက လွတ်လပ်ခွင့်ရသွားသလို ပါးပြင်တစ်လျှောက် လျှောတိုက်ဖြတ်ဆင်းသွားသည်။

"လှလေးငိုနေတာ မကြည့်ရက်ပေမဲ့ ဒီမှာ မင်းအမေရဲ့ ဆေအနာတွေကိုကြည့်ကြည့်ပါဦး၊ နှစ်ရှည်လများ ဒီပုံတွေကို မွေ့ပိုက်နိုင်ခဲ့ပဲ"

ဓာတ်ပုံအယ်(လ်)ဘမ်တွေ အထပ်လိုက်က သူ့ရှေ့သို့ ရောက်လာသည်။ အယ်(လ်)ဘမ်တိုင်းရဲ့ အဖုံးရှေ့မှာ ခုနှစ်သက္ကရာဇ်တွေကို ရေးပြီး ကပ်ထားသည်။ ပုံတိုင်းဟာ သူတို့ ငယ်စဉ်ဘဝရဲ့ အရိပ်များ။

"မင်းထင်နေမှာပေါ့…စွန့်ပစ်ခံခဲ့ရတာလို့၊ တကယ်တော့ ငါ့ညီမဟာ မိသားစုကို စွန့်လွှတ်ခဲ့ပေမယ့် ဥပေက္ခာမပြုခဲ့ပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲခြင်းအားလုံးထဲမှာ သူသားသူသမီးတွေရဲ့ ပြောင်းလဲခြင်းကို စိတ်ဝင်အစားဆုံးပဲ"

ပုံတိုင်းက အဖြူအစိမ်းဝတ်ဘဝမှ တက္ကသိုလ်ရောက်တဲ့အထိ။ တချို့ပုံတွေ၌ လန်းနဲ့မေဖျိုတို့ကိုတောင် တွဲရက်သားတွေ့ရတာတွေရှိသည်။ ပြီးတော့ သူ့ပုံတွေ အမြောက်အမြား။

"ဒါတွေကြည့်ပြီး သူဘယ်လောက် ကျေနပ်နေခဲ့တယ်ထင်လဲ၊ သူနားစွင့်သမျှ သူစိတ်ချမ်းသာတယ်ဆိုပြီး ငါတို့လွှတ်ထားပေးခဲ့တာဟာ အမှားကြီးပဲ၊ မေဖျိုလေး မရှိတော့တာ သူသေသွားတဲ့အချိန်မှာ"

ကြီးကြီးဆောင်းဟာ အိခနဲ ရှိုက်သည်။ အငိုမလွယ်သောသူတွေက မျက်ရည်ဖြိုင်ဖြိုင်ကျချိန်မှာ လုလင်ကတော့ အခုတိုင်အပြုံးမပျက်သော အမေ့မျက်နှာအား ငေးရင်း…

"ကျွန်တော် မငိုဘူး အမေ၊ အမေ့အချစ်ကို ဒီအချိန်မှာသိရလို့ ကျွန်တော်ဝုဏ်ယူတယ်၊ တစ်ဘဝလုံး မြှုထားတဲ့အရာအခုမှ ဖော်ထုတ်ခံရသလိုပဲ အမေချစ်တာကို သိလို့ ကျေနပ်တယ်"

အမေ့ခြေဖမိုးအား ဦးတိုက်ရင်း ပြောမိသည်။ အမေကြားမကြားမသေချာပေမဲ့ သူကတော့ ထပ်ပြောချင်ပါသည်။ အမေကျေနပ်ပါ။ ကျွန်တော်က ခံစားချက်ကို မျိုသိပ်တတ်တဲ့ အမေတူသား။

♦ ♦ ♦



## အခန်း (၄၃)

"လုလင်"

လန်းက အခန်းဝမှရပ်ခေါ်သည်။ ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်စလုံး ထည့်ထားကာ ကျောပြင်က ခပ်မတ်မတ်ဟန်နှင့် ရပ်နေတာ သူ့ရဲ့စတိုင်(လ်)ပါ။ ကြည့်နေကျ မြင်နေကျပေမဲ့ လန်းအတွက် မရိုးသောဟန်ပန်တွေထဲမှာ ဒီတစ်ခါ သူ့ကျောပြင်ကို ကြည့်ရတာ ဝမ်းအနည်းဆုံး။ လန်းတို့မြစ်ကြီးနားကို ရောက်ခဲ့တာ ဒီနေ့နဲ့ဆို ဆယ်ရက်ပြည့်ပြီ။ ဒီဒီကတော့ အန်တီနှောင်း ရှာပနကိစ္စပြီးသည်နှင့် နောက်တစ်ရက်မှာ ပြန်သွားခဲ့၏။

"သံမီးက ရှေ့တစ်ပတ်ဆို ကျောင်းဖွင့်တော့မှာမဟုတ်လား၊ သားကတော့ ဒီရက်တွေအတွင်း ပြန်ဖြစ်မယ်မထင်ဘူး၊ မောင်နှေသစ်က ဒီဒီကိုဖုန်းဆက်ပြီး လှမ်းခွင့်တောင်းထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



နွေသစ်ဆိုသော အမည်ကြား၌ လန်းက စိတ်ဝင်တစား ဖြစ်သွားခဲ့တာ နွေသစ်ကို ချစ်လွန်းလို့မဟုတ်ပါ။ ရန်ကုန်မှ မြစ်ကြီးနားအထိ လွမ်းမိုးနိုင်သော သူ့စက်ကွင်းကို အံ့ဩ၍သာ။

"သူ သမီးကိုလာကြိုချင်တယ်တဲ့၊ ဒီဒီခွင့်ပြုထားတယ်၊ သူလာကြိုမဲ့ရက်ကျတော့ သမီးပြန်ခဲ့လိုက်ပေါ့၊ ရန်ကုန်က မြတ်တော်ဝင်မှာ ဒီဒီတို့သားအဖ ပြန်ဆုံမယ် သမီး"

လို့ မှာကြားသွားခဲ့သည်။ ဒီဒီကိုယ်တိုင်လည်း ခွင့်ပြုပြီးသား။ ကျောင်းဖွင့်ရက်က နီးလာ။ ဒီကြားထဲ လုလင်က ပြန်မည့်ပုံမပေါ်သေးသည့်အချိန်မှာပဲ နွေသစ်ထံမှ ဖုန်းဝင်လာခဲ့တာပင်။

"ကိုယ် မနက်ရောက်မယ် လန်းဆန်း၊ မင်းကိုကြိုပြီးတာနဲ့ ရန်ကုန်တစ်ခါတည်း ပြန်ဆင်းမှာ၊ လေယာဉ်လက်မှတ်တောင် စီစဉ်ထားပြီးပြီ"

"အို…ချက်ချင်းကြီး၊ ဒီမှာ တစ်ရက်တလေနားပြီးမှ"

"ဟင့်အင်း…မင်းသာ အနားမှာရှိရင် ကိုယ်ဘယ်မှာမှ အနားယူစရာမလိုဘူး၊ ဟိုတ် မင်းနှလုံးသားထဲမှာလည်း ကိုယ့်ကို ပေးဖို့ အဖြေ အဆင်သင့်ရှိပြီးသားမဟုတ်လား"

တဲ့လေ။ မနေ့ကညက ဖုန်းပြောတုံးတော့ လုလင်လည်း ဧည့်ခန်းထဲမှာရှိတာမို့ လန်းတို့ပြောဆိုသမျှ သူကြားမည်သာ။ ဒါတောင် လန်း ဒီမနက်သွားမည်သိသိကြီးနဲ့ အခန်းထဲက ထွက်





မလာ။ နဂိုကလို ရန်စောင်စိတ်ကောက်ကြမည့်အချိန်မှ မဟုတ်ထဲ။ သူနဲ့လန်းက ငြိမ်းချမ်းရေးရပြီးသားကို။ လန်းက အခုထိ ဒီဘက် လှည့်မလာသေးသော ကျောပြင်ကို ကြည့်ရင်း နှုတ်ခမ်းတို့ကို စိတ်ထင်တိုင်း ဘောင်ဘင်ခတ်အောင် မဲ့ရွဲ့ပစ်ကာ…

"ဟဲ့…လုလင်၊ ဒီမှာငါခေါ်နေတယ်လေ၊ မကြားဘူး လား"

"ကြားသားပဲ"

ဂျစ်တစ်တစ်ပြန်ဖြေပြီး ဒီဘက်လှည့်တော့ မြင်ရတဲ့ အလှတရားကြောင့် ခေါ်သက ကျယ်ပြန့်ကြီးမားစွာ ထွက်လာသည်။ လုလင်က ခါးနွဲ့နွဲ့တောက်ရင်း အပင်ပန်းခံ ပြင်ဆင်ထားသော သူမအလှထံ ခေါက်တုံ့ခေါက်ပြန် အကြည့်တွေ ပြေးလွှားပေးလိုက်တာ ရူးရူးရဲရဲ။ အနီရောင်ဂါဝန်တိုတို skinney ဂျင်းအနက်နဲ့ တွဲဝတ် ကာ အပေါ်မှ ခါးအတိဂျက်ကက်က အဖြူရောင်။ လည်ပင်း၌ တစ်ပတ်ရစ်ပြီး ခါးစောင်းအထိ တွဲလောင်းချထားတဲ့ မာဖလာက အနီမို့ ကြည့်လိုက်တာနှင့် အလှတရားတို့က မြင်သာထင်သာ။ လိမ္မော်ရောင် စိုအိနေသော နှုတ်ခမ်းပါးတွေဆီ အကြည့်ရောက် တော့ မဆီမဆိုင်ဘဲ ရင်က ဆောင့်ခုန်တာ တရစပ်။ ဟွန်း… ပြောတတ်တဲ့ အဲဒီနှုတ်ခမ်းပါးတွေက ညကပြောတော့ဖြင့်…

"မတတ်သာလို့ ငါပြန်ရမှာ၊ ကျောင်းတွေဖွင့်ခါနီးပြီမို့



www.burmeseclassic.com

www.burmeseclassic.com



တော့လေ၊ ပြီးတော့ ဒီဒီကိုယ်တိုင်က သူလာကြိုမှာကို ခွင့်ပေးထားပြီးပြီတဲ့"

အားနာသမှုနဲ့ ပြန်ရသလိုလို၊ လူကြီးမိဘစကားပဲ နားထောင်တဲ့ အလိမ္မာတုံးလေးလိုလိုနဲ့၊ အခုတော့ ရှေ့လက်တွဲပြန်ရမှာ ပျော်လို့မော်လို့၊ ဒီဒီကလည်း သူ့ကို စိတ်မချစွာ ညလူခြေတိတ်ချိန်မှာ ဖုန်းတစ်ခါထပ်ဆက်ပြီးမှာပုံက…

"ဟော့…သား သမီး စိတ်လွတ်ကိုယ်လွတ်ရွေးပါစေ၊ မင်းဘာမှ ရှုံးရှုံးဒိုင်းဒိုင်းနဲ့ ပွဲဆူအောင်မလုပ်နဲ့၊ မင်းကြီးကြီးတွေကို အားနာ"

တဲ့။ ပြောရရင် ဒီကောင်က ရာဇဝင်တွင်ထားတဲ့လူရှမ်းကားဆိုတော့။ လုလင်က စိတ်တိုတို့နှင့်ပင် လန်းကို စိုက်ကြည့်သည်။ လန်းက အခန်းဝတင်ပဲရပ်ကာ…

"ဟဲ့…အောက်မှာ ရောက်နေပြီသိလား"

"ငါမြင်သားပဲ"

"အဲဒါ နင့်ကိုလာနှုတ်ဆက်တာ"

"ကြွ…ကြွ ငါက တော့တာတွေ ဘိုင့်ဘိုင်တွေ လုပ်ဖြရတာ ဝါသနာမပါဘူး"

"နင် ဒီဒီ့ဆီ ဘာမှာဦးမလဲ"

"အထွက်ကောင်းအောင် လာဖောမနေနဲ့၊ ဒီမှာ ဆက်သွယ်ရေးကိရိယာတွေ"





လုလင်က သေားစားပွဲပေါ်တင်ထားသည့် ဖုန်းတွေ ကွန်ပျူတာတွေကို မျက်စပစ်ပြရင်း…

"အကုန်ကျွန်းမာရေးကောင်းတယ်၊ နင်ရှိမှမဟုတ်ဘူး"

"ဟွန့်…ဒါဆိုလည်းပြီးတာပဲ၊ သွားပြီ"

"ကြွ"

စိတ်ပေါက်ပေါက်နှင့် အော်ပစ်ရင်း အခန်းတံခါးကို ဒုန်းခနဲဆောင့်ပိတ်သည်။ အောက်ထပ်မြင်ကွင်းကို မကြည့်ပုံတော့ဘဲ တံခါးမှာ ဒီအတိုင်းကျောမှီပြီး ထိုင်ချ၏။ ထိန်းချုပ်ထားရသော စိတ်ဟာ ဝမ်းနည်းခြင်းရေအလျှင်လို နှလုံးသားကို တတိတိတိုက်စား သည်။ မိုးသည်းညမှာ တစ်ညတာ သူ့ရင်ခွင်ထဲ ခိုဝင်ရင်း ရှိသမျှခံစားချက်တွေ ထုတ်နုတ်သိမ်းယူသွားသော မိန်းကလေး၊ မျက်ဝန်းတို့ကို မှိတ်ထားရင်းက စကားဝါရောင်ပါးပြင်၊ သန္တာရောင်နှုတ်ခမ်းတွေကို စိတ်မှန်းနဲ့ မြင်ယောင်တော့ ရင်ဘတ်က ဘယ်အစိတ်အပိုင်းမှန်းမသိဘဲ တဝုန်းဝုန်း ပြိုကျနေသလို ခံစားရသည်။

"ခင်းထင်နဲ့မင်း ရန်ပွဲဖြစ်ပြီး ဆေးရုံရောက်တော့လေ လန်းဆန်းက အရင်ဆုံးရောက်လာတာ၊ မင်းကိုစိုးရိမ်တကြီးနဲ့"

သူမပုံစံကို မမြင်ရပေမဲ့ ကြားသောစကားအရ ကိုယ့်ကို စိုးရိမ်ခြင်းအား အရသာခံ ကြည်နူးဖူးသည်။

"နင့်ကိုသိပ်မုန်းတာပဲ တကယ်"

မျက်လွှာတွေပိတ်ကျအောင် မျက်စောင်းထိုးရင်း ရှေ့တော်



www.burmeseclassic.com

www.burmeseclassic.com



သော စကားကို နားဝင်ချိုဖူးသည်။ နင်ကြိုစည်သမျှ ငါဖျက်ဆီးပြမယ်လို့ ငါက ကြိမ်းဝါးပြီး တကယ်အဖျက်ဆီးခံရတာက ငါ့နှလုံးသားဆိုတာ နင်သိရင် ဟားတိုက်ရယ်မောနေမှာလား လန်း။

နားမစွင့်ပါဘဲ ကားတံခါးပိတ်သံ။ ကားစက်နိုးပြီးထွက်ခွာသွားသံနှင့်အတူ အိမ်ကြီးတစ်အိမ်လုံးက တိတ်ဆိတ်သွား၏။ မှိတ်ထားသည့် မျက်ဝန်းထောင့်ဆီမှ ပူနွေးစိုစွတ်ခြင်းတွေက နေရာယူသွားသည်။ လုလင်က မဲ့တဲ့တဲ့ပြုံးရင်း အိပ်ရာဆီ ထလျှောက်ကာ မှေ့ရာပေါ် ဒိုင်ဗင်ပစ်ရင်း…

ယောကျ်ားလေးအသည်းကွဲရင် မငိုရဘူးလို့ ဘယ်သူပြောလဲ။

♦ ♦ ♦

# အခန်း (၄၄)

"ဒေါက်…ဒေါက်"

တံခါးခေါက်သံကြောင့် မှေးခနဲအိပ်ပျော်သွားခြင်းမှ သူနိုးထလာသည်။

"လူလေးရေ…သား လူလေး"

ဒါ ကြီးကြီးဆောင်းရဲ့အသံ။ သူ့အထဲက အသံမပြုမချင်း ဒီလိုပဲခေါ်နေဦးမှာမို့ လုလင်က မှေ့ယာပေါ် နစ်ပဟ်လောက်လိုမ့်ပစ်ပြီးမှ…

"ဗျာ"

"ဟယ်‥အိပ်နေတာလား၊ တစ်နေကုန် အိပ်နေရင် အခုပဲ နေစောင်းတော့မှာ၊ ဖျားသွားလိမ့်မယ်၊ သား ထ‥ထ ခြေလက်ဆေးပြီး ထမင်းလာစားကလေး၊ လာ အောက်ထပ်ဆင်းလာနော်"

ထချင်စိတ်မရှိသော ရင်ဘတ်ထဲ အသည်းတွေ တစ်စစီ

www.burmeseclassic.com



ကြေမွ၍ ပြည့်နှက်နေပြီထင်သည်။ တစ်မနက်လုံး ငိုထားတဲ့အရှိန်ကြောင့် မျက်ဝန်းတွေက ကောင်းကောင်းဖွင့်မရအောင် မို့အစ်နေ၏။ ဒါတောင် မျက်ရည်တွေက ရေခဲမြစ်အရည်ပျော်သလိုပင်။ လန်းဆန်းမျက်နှာကို ပြေးမြင်ယောင်တိုင်း ဝေးရပြီဆိုတဲ့ အသိနဲ့ငိုချင်တုံး။ လုလင်က အိပ်ရာပေါ်မှ ခေါင်းထောင်ထရင်း…

"မစားချင်ဘူး ကြီးကြီး၊ ကျွန်တော်အိပ်ချင်နေပြီ"

"ဟဲ့…ဒီလိုလုပ်လို့ရမလား၊ မနက်ကလည်း ဆင်းမစားဘဲနဲ့ ရောဂါမမွေးစမ်းနဲ့ လူလေးရယ်၊ ကြီးကြီးတို့မှာ မင်းတစ်ယောက်ပဲ မျိုးဆက်ကျန်တာကို"

"တကယ်မဆာလို့ပါ ကြီးကြီးရာ"

"ဒါဆိုလည်း ထမင်းမစားနဲ့၊ နေဦး ပေါင်မုန့်ကြက်ဥကြော်လေးနဲ့ နွားနို့လေး မလုတ်ကိုလာပို့ခိုင်းမယ်၊ ကြားလား၊ တံခါးကြီးလော့(ခ်)ချပြီး အိပ်မနေနဲ့နော်၊ အခုပဲ မင်းကြီးကြီးလတ်လာလိမ့်မယ်"

စကားသံပျောက်သွားပြီး အခန်းဝမှ ခြေသံတရှပ်ရှပ်ဝေးသွားသည်။ လုလင်က ကိုယ်ကိုတစ်ပတ်လှိမ့်ပြီး ပက်လက်လှန်ကာ မျက်နှာကြက်ကိုကြည့်တော့လည်း တွေ့ရတာ လန်းဆန်းမျက်နှာ။ ကိုယ်ကို တစောင်းလှည့်ပြီး နံရံပေါ်ကပ်ထားတဲ့ ရှခင်းပုံကိုကြည့်တော့လည်း ပန်းခင်းရောင်စုံတွေကြားမှ တွေ့ရတာ လန်းဆန်းရဲ့မျက်နှာ။



"တောက်"

မကျေမနပ်နဲ့ ကိုယ့်ကိုယ်ကို တက်ခေါက်ပြီး ငုတ်တုတ်ထထိုင်သည့် အချိန်မှာပဲ

"ခေါက်…ခေါက်"

"ကျစ်…သူတို့ကတစ်မျိုး"

လုလင်က ဆံပင်တွေကို လက်နဲ့သပ်တင်ရင်း ခုတင်ပေါ်က ဆင်းသည်။ ကြမ်းပြင်သို့ ခြေမချမီ တခေါက်ခေါက်နဲ့ တံခါးခေါက်သံ ထပ်ပေါ်လာတာမို့…

"လာပြီ ကြီးကြီးရေ၊ လာပြီဗျ"

အသံပြုရင်း တံခါးကို ပြေးဖွင့်ကာ ချက်ချင်းကျောခိုင်းလိုက်သည်။ ကိုယ့်မျက်နှာ မို့အစ်နေတာ ကြီးကြီးတို့မြင်လျှင် စုံစမ်းစစ်ဆေးရေးလုပ်ရင်း ဒီမှာ အသည်းကောင်းကောင်း မကွဲရဘဲ ဖြစ်သွားလိမ့်မည်။ လုလင်က ခုတင်ဆီ ပြန်လျှောက်ရင်း…

"စားပွဲပေါ်တင်ထားခဲ့တော့ ကြီးကြီး၊ ရပြီ၊ ကြီးကြီးသွားတော့မှ ကိုယ့်ဟာကိုယ်စားလိုက်မယ်"

"ပေါင်မုန့်ကြက်ဥကြော် မဟုတ်ဘူးနော်၊ ခေါက်ဆွဲပြုတ်လာတာ၊ အရင်မြည်းကြည့်ဦး"

ကျောခိုင်းထားရက်က လုလင် ဇဝေဇဝါဖြစ်သွားသည်။ ကြားလိုက်ရသော အသံကြောင့် ဆံပင်တွေဘာတွေ ထောင်သွားသလို။ ဒါ ကြီးကြီးအသံမဟုတ်ဘူး။



ဦး : မိုး : စ ၁ ၆ ပ

www.burmeseclassic.com

www.burmeseclassic.com



"ငါထားခဲ့ပြီနော်"

ချာခနဲ သူလှည့်ကြည့်တော့ ဂျက်ကက်အဖြူရောင်နဲ့ skinney ဘောင်းဘီနက် ဝတ်ထားသောကျောပြင်။ လုလင်ရင်ချမ်းသံက ဒိုင်းခနဲဆောင့်မြည်သွားသည်။

"လန်းဆန်း"

ခေါ်လည်းခေါ် ပိုသေချာစေရန် အပြေးသွားပြီး သူမရှေ့ ဝိတ်ရပ်တော့ လန်းက မျက်လွှာပင့်ကြည့်၏။

"နင်…နင် မလိုက်သွားဘူးနော်"

"ငါက ဘယ်ကိုလိုက်ရမှာလဲ"

ပြန်မေးပုံက သူမဟုတ်သလိုလို။ လုလင်က ဝမ်းသာစိတ်ကို အနိုင်နိုင်ထိန်းရင်း…

"နေ့သစ်နဲ့ မလိုက်ဘူးလား၊ ငါ့ကိုပြောတော့ လာနှုတ်ဆက်တာဆို"

"အေးလေ…နင့်ကို ကိုနေ့သစ်က ပြန်တော့မယ် နှုတ်ဆက်တာလေ၊ နင်ပဲ တာ့တာတွေ ဘိုင့်ဘိုင်တွေ လုပ်ရအော ဝါသနာမပါဘူးဆို၊ ငါပဲ တစ်ယောက်တည်း တာ့တာလုပ်လိုက်တာပေါ့"

"ဟာ…မဟုတ်ဘူး၊ ငါက နင်နဲ့သူက ဟို အတွေးပြန်မယ် ထင်ပြီး"

"ငါပြောမိလို့လား အဲဒီလို"



လန်းက မျက်လွှာပင့်မေးတော့ သူက မျက်ဝန်းညိုလေးနှင့် တန်းစင်းနေသော နှာတံလေးတွေကို စေ့စေ့စပ်စပ်စိုက်ကြည့်ရင်း…

"နင်…သူနဲ့ ဘာလို့လိုက်မသွားတာလဲ လန်းဆန်း"

"ငါ့ကို ခွတ်အတင်းအဖြေတောင်းမှာစိုးလို့၊ ပြီးတော့ ဦးသတ္တာရဲ့သားကို ငါချစ်လို့မရလို့"

"ဒါဆို ဦးကံကောင်းရဲ့သားကိုရော"

လန်းက ပြုံးချင်ချင်ဖြစ်သွားတဲ့ နှုတ်ခမ်းပါးတွေကို သွားနှင့် ဖွဖွကိုက်ကာ သူ့အား မျက်စောင်းရွယ်ရင်း…

"နင့်နှလုံးသားက မာနကြီးတယ်ဆို"

"အင်းလေ"

"ကြီးလက်စနဲ့ ဒီတိုင်းပဲနေ၊ အချစ်ဆိုတာ မေးရုံနဲ့မရဘူး၊ လိုချင်တဲ့သူက တောင်းရတာမျိုး"

ပြောပြီးတာနှင့် ခေါင်းငုံ့ချကာ လန်းက သူ့ကိုကျော်ရှောင်ရက်း ထွက်မို့ပြင်သည်။ ဒါကိုပဲ လုလင်က ကိုယ်ကိုတိမ်း၍ လမ်းလိုက်ပိတ်ကာ…

"အဲဒါဆိုလည်း ငါ့ကိုပေးခဲ့"

"ဟာ…ဟ ဘာကိုလဲ"

မရိုမချဉ်ရုပ်နှင့် လန်းကလောင်သည်။ အနီးကပ်မြင်နေရသော မျက်တောင်ကော့တွေ။ ပါးမို့ရဲရဲလေးတွေမှ အကြည့်က





www.burmeseclassic.com

www.burmeseclassic.com



ခုန်ဆင်းသွားရင်း လိမ္မော်ရောင်စိုအိနေသော သူမနှုတ်ခမ်းများမှ သူက တိမ်မွှေးစွာငေးမောရင်း..။

"နင့်ရင်ထဲက ငါ့အတွက် အုံ့ပွဲသိမ်းဆည်းထားတဲ့ ရင်ခုန်သံ သံယံဇာတတွေကို တောင်းတာ"

"အဟွန်း...ငါက ငိုတတ်တဲ့သူဆို ရင်မခုန်ချင်ဘူး"

"အို...လုလင်"

ဖျတ်ခနဲ ပခုံးနှစ်ဖက်ကဆွဲပြီး ရင်ခွင်ထဲထည့်ဖက်ပစ်၍ လန်းက အလန့်တကြားဖြစ်သွားကာ နှုတ်ဆိတ်သွားရသည်။ လုလင်က သူမဆံစတွေကြား ခေါင်းငှေ့တိုးတိုက်ရင်း...

"နင့်ကို ဆုံးရှုံးရပြီထင်ပြီး ငါ အသည်းကွဲခဲ့ရတာ၊ နင်မဲ့ ဆေးရပြီထင်ပြီး ငါငိုခဲ့ရတာ အဲဒါတွေက မှသားမဟုတ်ဘူးဆိုတာ နင်ယုံရင် ငါ နင့်ကိုချစ်တာလည်းယုံပါ"

"ဟွန့်...အခုမှ ချစ်တာတွေမေတ္တာတွေနဲ့၊ နင် ငါ့အပေါ် တစ်ချိန်လုံး ရန်လုပ်ခဲ့တာတွေကရော"

မေးဖျားကို ဆွဲမော့တော့ မကျေမနပ်နှင့် စိုက်ကြည့်နေသော မျက်ဝန်းတွေနှင့် တန်းတိုးသည်။ လုလင်က ခေါင်းစိုက်ရင်းကာ နဖူးချင်းထိကပ်ပစ်ရင်း...

"စိတ်ချ...ဒီနေ့ကစပြီး ရန်ဖြစ်ခဲ့သမျှ အတိုးချပြီး ချစ်မယ်၊ နင့်အချစ်၊ နင့်အလွမ်း၊ နင့်အနမ်းတွေကြား ငါ့ဘဝကို ပုံပေးမယ်၊ အဲဒါကိုလည်း ယုံ"





သူပဲပြောကာ သူပဲ မျက်ခွံတွေကို ဖွဖွညင်သာစွာနမ်းသည်။ ထို့မှတစ်ဆင့် အနမ်းမိုးတွေက တမ်းတမြတ်နိုးခြင်းများစွာဖြင့် ဖြန့်ခင်းလိုက်သော ပါးပြင်နှင့် နှုတ်ခမ်းပါးတို့သည် ပန်းနုရောင် ပန်းတစ်ခင်း သူမမျက်နှာပေါ် စိုက်ပျိုးခံလိုက်ရသလို။

သူပေးသော အနမ်းတွေထဲမှာ လန်းက ပေဟင်မြေပြင်မှန်းမသိ မေ့မျောစွာ ကူးခတ်ရင်း ဒီသင်ရိုးက ပုံသေနည်းတွေ မလိုပါဘဲ ထပ်တူကျသောအနမ်းသာ ရှိခဲ့ရင်...

ပန်းနုရောင် သင်ရိုးကို ဦးညွှတ်ကြပါစို့။

ရွှင်မြတ်နိုး



BURMESE CLASSIC

www.burmeseclassic.com